www.burmeseclassic.com

VIEW

# ပျိုး ကလောင်ခွဲ ဝသျှိုး

ဂန္ထဝင်အော်ပရာ

BURMESE CLASSIC .com

COVER Idea Kyaw

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** - ၅၀၀၆၃၇၀၆၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၅၀၀၇၂၃၀၆၁၀

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (ယ-၁၃၅၈) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၂၂၅)၊ (၃၂) လမ်း (အထက်)၊

ပန်းဘဲတန်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးဒီဇိုင်း**

Idea Kyaw

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

**ဖြန့်ချိရေး**

စိုးမိုးစာပေ

ဖုန်း - ၀၁- ၂၉၀၉၉၅

၈၉၅.၈၃

သျှိုး

ဂန္ထဝင်အော်ပရာ / သျှိုး ။ - ရန်ကုန်၊

ဖျူးစာပေ ၊ ၂၀၁၀ ။

၂၉၆ - စာ ၊ ၁၈ X ၁၂ စင်တီ။

(၁) ဂန္ထဝင်အော်ပရာ

image art work

BURMESE CLASSIC .com

## အခန်း (၁)

ရင်ထဲက ခံပြင်းခြင်းတွေနဲ့အတူ ဖွဲ့ ပါးပြင်ထက် မျက်ရည်တစ်ပေါက် လိမ့်ဆင်းလာ၏။

တကယ်ဆို သူနဲ့ ဘာမှမဆိုင်ပါဘဲ ဝင်ရှုပ်လို့ ခုဂါ မဖြစ်သင့်တာတွေ ဖြစ်ကုန်တာပေါ့။ သူငယ်ချင်းချင်း ဒီလောက်ထိ မလုပ်သင့်ဘူးလို့ ဖွဲ့က ယူဆသည်။

"ဟဲ့ ဖွဲ့ ဘာဖြစ်လို့ ငိုနေတာလဲ၊ လန့်လိုက်တာဟယ်"

"အေးလေ ခုနတုန်းကတော့ ရာဇဝင်နဲ့ တွေ့မယ်ဆိုပြီး ထွက်သွားတာ အကောင်းကြီးပါ၊ ခု ဘယ်လိုဖြစ်လို့ ငိုနေတာတုန်း"

တစ်အိမ်တည်း တူတူနေသော ဖူးဖူးနှင့် နွေးတို့က ဖွဲ့နားရောက်လာကာ ထိတ်လန့်တကြား ရေရွတ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေဟာ ဖွဲ့ကလည်း နင့်ကိုကြည့်ပြီး ငါတို့ ရင်တွေ တုန်လာပြီနော်၊ နင့်ကို ရာဇဝင် ဘာလုပ်လိုက်လို့လဲ"

"မောင်က ဘာမှမလုပ်ဘူး"

ဖွဲ့က သူငယ်ချင်းနှစ်ယောက်မျက်နှာကိုကြည့်ကာ မျက်ရည်များကိုသုတ်ရင်း ဖြေလိုက်သည်။

"ရာဇဝင် မလုပ်ဘူးဆိုတော့ ဘယ်သူလုပ်လိုက်လို့ နင် ငိုနေတာလဲ၊ ဖြေဟာ ငါတို့ စိတ်တိုလာပြီနော်"

"ဘယ်သူရှိမလဲ ဟိုကောင် သားချစ်ပဲပေါ့"

"သားချစ် ဟုတ်လား"

ဖူးဖူးတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တအံ့တသြနှင့် ရေရွတ်ပြန်သည်။

"သားချစ်က ဘာတွေများ နင့်ကို လုပ်လိုက်လို့လဲဟဲ့"

နွေးက ထုံးစံအတိုင်း တွေးတွေးဆဆလေးနှင့် ဝင်ပြော၏။

"ဘာလုပ်ရမှာလဲလို့ သူပေါ့၊ ငါနဲ့ ရာဇဝင် ထိုင်နေတဲ့ ကန်တင်းထဲကို သူ့ကောင်မလေးနဲ့တူတူ တွဲဝင်လာပြီးတော့ ငါတို့ ဝိုင်းမှာပဲ လာထိုင်တယ်လေ၊ အေးအေးဆေးဆေး ထိုင်နေရင် ဘာမှ မပြောပါဘူး။ ခုတော့ဟာ သူ့ကောင်မလေးကို ငါနဲ့ ထားသွားပြီး မောင့်ကို ခေါ်ထုတ်သွားတယ်လေ"





"အဲဒါနဲ့"

ဖွဲ့က စကားခဏရပ်ကာ သားချစ်မျက်နှာကို မြင်ယောင်နေမိဟန်ဖြင့် သိချင်စိတ်ကြီးနေပြီဖြစ်သော ဖူးဖူးတို့က စကားထောက်ပေးကြ၏။

"ဘယ်သွားတယ် မှတ်လို့လဲ၊ ထန်းရည်ဆိုင်ကို ခေါ်သွားတာလေ၊ ဒေါသတွေ ထွက်လိုက်တာဆိုတာ ပြောမနေနဲ့တော့၊ သူကတော့ သိပ်မသောက်ဘူး၊ မောင့်ကိုကျတော့ တိုက်လိုက်တာ ဟိုမှာ ခေါင်းတောင် မထူနိုင်ဘူး ဖြစ်သွားတယ်၊ အချိန်ကိုလည်း ကြည့်ဦး၊ တကယ့်ကို ခေါင်းတည့်တည့်ကို နေရောက်တဲ့ အချိန်ကြီးဟာ၊ ဟိုကမူးဘဲ ဘယ်နေမလဲ"

"အဲဒါ သားချစ် တစ်ယောက်တည်းရဲ့ အပြစ် မဟုတ်ဘူး၊ တိုက်တိုင်း သောက်တဲ့ နင့်ရာဇဝင်ရဲ့ အပြစ်လည်း အများကြီးပါတယ်"

"မဟုတ်ဘူးဟာ၊ မောင်က ဘီယာတွေ ဘာတွေ သောက်မူးပေမယ့် ဒီလို ထန်းရည်မျိုးကို သူမှ မသောက်ဘူးတာ၊ တရားလွန်မူးတော့တာပေါ့၊ အားလုံးကလည်း မောင်နဲ့ငါ့ကို ဝိုင်းကြည့်နေကြတာ ငါ ရှက်တာပေါ့ နွေးရဲ့"

ပြောနေရင်းနှင့်ကို သားချစ်ကို ဒေါသများ ထွက်ကာ မျက်ရည်တို့က ရစ်ဝဲလာပြန်၏။ ချစ်ခြင်းဖွဲ့၏ အကျင့်တစ်ခုက ဒေါသဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လျှက်နှင့် ကိုယ့်ဘက်က ဘာမှ မလုပ်ခဲ့နိုင်လျှင် မျက်ရည်တွေ ကျဆင်းလာတတ်ခြင်းပင် ဖြစ်သည်။

"ဒါနဲ့ သားချစ်က ဘာလို့ ဒီလိုလုပ်တာလဲ"

နွေးက မေးခွန်းထုတ်တော့ ဖွဲ့က ခေါင်းကို ဖွဖွကုတ်လိုက်ပြီး

"သူ ငါ့ကို တစ်ခါပြောဖူးတယ်ဟ၊ မောင်နဲ့ ဆက်မတွဲတော့ဖို့ပေါ့၊ သူ ပြောသလို မလုပ်ရင် မောင့်ကြောင့် ငါ အရှက်ကွဲရမယ်တဲ့လေ၊ ငါကလည်း သူ့စကားကိုမှ နားမထောင်ခဲ့တာ၊ အဲဒါကြောင့် လုပ်တာ ဖြစ်မှာပေါ့"

"ဘာကြောင့် သားချစ်က ဒီလိုမျိုး ကလေးဆန်တဲ့ လုပ်ရပ်ကို လုပ်တာလဲ၊ သူ့မှာ နိုင်လုံတဲ့ အကြောင်းတော့ ရှိရမယ်"

ရှေ့နေပီပီ လေသံက တရားခွင်ရောက်နေသော လေသံပေါက်နေသည့် နွေးကြောင့် ဖွဲ့ပင် ပြုံးစိစိ ဖြစ်သွားရ၏။

"ပြီးတော့ နင်တာဝန်ကျနေတဲ့ ဆေးရုံကို တမင်သက်သက် တကူးတကကို လာပြီး လုပ်သွားတာဆိုတော့ သေချာတယ်၊ အဲဒါ ရည်ရွယ်ချက်ရှိရှိ လုပ်သွားတာပဲ"

"ဟုတ်တယ်ဟာ စဉ်းစားလေ၊ မကျေနပ်လေဘဲ၊ ငါ သွားမေးမယ်"

ဖွဲ့က ချက်ချင်းပင် အပြင်ထွက်ရန် ပြင်လိုက်၏။





"ဟဲ့ ဟဲ့ ဘယ်လိုဖြစ်တာလဲ၊ ချက်ချင်းကြီးပါလား၊ ထမင်းလေး ဘာလေး စားပြီး အနားယူပြီးမှ ပြန်ထွက်ပါတော့လား"

ဖူးဖူးက တံခါးဝနား ရောက်နေပြီဖြစ်သော ဖွဲ့ကို လှမ်းအော်ပြော၏။

သို့သော် လုပ်ချင်တာဆို ခုဆို ခုလုပ်ရမှ ကျေနပ်တတ်သော ချစ်ခြင်းဖွဲ့ကတော့ ဖိနပ်လေး ကောက်စီးကာ အိမ်ပြင်သို့ပင် ခြေလှမ်းပြင်နေပြီဖြစ်သည်။

ဖွဲ့ရဲ့ ဦးတည်ချက်ကတော့ သားချစ် နေထိုင်ရာ သူမတို့နှင့် တစ်လမ်းကျော်ရှိ တိုက်ခန်းလေးသို့။

သူ့တိုက်ခန်းတံခါးဝရှေ့ကို ဖွဲ့ ရောက်သွားချိန်မှာ သော့ခတ်ထားသော သံပန်းတံခါးလေးက ဆီးကြိုနေ၏။ နဂိုတည်းက ဒေါသထွက်လာသူမို့ စိတ်တို့က မထိန်းသိမ်းနိုင်တော့ဘဲ တက်တစ်ချက် ခေါက်ပစ်လိုက်မိသည်။

"ဟား ဘာတွေဖြစ်နေတာလဲ မယ်မင်းကြီးမရဲ့"

အနောက်ဘက် လှေကားထစ်များဆီမှ ထွက်လာသော အလွှန်ကို ရင်းနှီးနေသည့် လေသံကြောင့် ဖွဲ့က ဆတ်ခနဲ လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ထင်သည့်အတိုင်းပါပဲ။ မချိုမချဉ် မျက်နှာနှင့် သူမကို မဒီး မခန့် ကြည့်နေသော သားချစ်ငယ်။

လက်ထဲတွင် သော့တွဲတစ်ခုကို လှည့်ပတ်ဆော့ကစားရင်း လှေကား လက်ရန်းများကို မှီကာ ဖွဲ့ကို ကြည့်နေခြင်း ဖြစ်သည်။

"နင် ဘယ်လိုလုပ်လိုက်တာလဲ သားချစ်"

"ဘာလုပ်လို့လဲဟ၊ ငါကတော့ ပုံမှန်ပါပဲ"

"နင် ဘာဖြစ်လို့ ဒီနေ့ ငါ့ဆေးရုံကို ရောက်လာတာလဲ"

"အဲဒါ ဆန်းလား၊ ချစ်ခြင်းဖွဲ့ရဲ့ ဆေးရုံကို သားချစ်ငယ် လာတာ ဆန်းလား"

"အေး အရင်ကတော့ မဆန်းဘူး၊ ဒါပေမဲ့ ဒီနေ့ နင် ငါ့ဆီ ဖုန်းဆက်တော့ နင့်ကို ဆေးရုံ မလာဖို့ ငါ တားလိုက်တဲ့ကြားကနေ နင် ရောက်အောင် လာတယ်၊ ပြီးတော့ မောင့်ကို ထန်းရည်တွေ မူးအောင် တိုက်တယ်၊ နင် ဘာသဘောနဲ့ လုပ်တာလဲ၊ ဒီနေ့ ဆေးရုံမှာ ငါ ဘယ်လောက်တောင် အရှက်ရခဲ့လဲ နင် သိလား"

"လာပါဟာ အိမ်ထဲဝင်ပြီး အေးဆေး ပြောကြတာပေါ့၊ လှေ





ကားမှာ မကောင်းပါဘူး"

သားချစ်က ပြောပြောဆိုဆို သူ့အိမ်တံခါးကို သော့ခနဲ ဖွင့်ကာ အိမ်တွင်း ဝင်သွား၏။ ဖွဲ့ကလည်း သူ့နောက်သို့ ခြေသံ ခပ်ပြင်းပြင်းလေး နင်းကာ လိုက်သွားလိုက်သည်။

"ခဏဟာ ငါ အရမ်းနွမ်းနေလို့ ရေချိုးလိုက်ဦးမယ်"

ရေချိုးခန်းထဲဝင်ရန် ပြင်နေသော သူ့ခြေလှမ်းများကို ဖွဲ့က ရေချိုးခန်းရှေ့တွင် အပြေးအလွှားလေး ပိတ်ရပ်လိုက်ခြင်းဖြင့် တားဆီး လိုက်၏။

"နင် ဒီလို ရှောင်ထွက်သွားလို့ ဘယ်ရမလဲ သားချစ်ရယ်၊ ငါ့ကို ပြောသွားဦး၊ နင် ဘာကြောင့် ဒီလိုမျိုး လုပ်ရတယ်ဆိုတာ"

သားချစ်က ဖွဲ့မျက်နှာကို စေ့စေ့ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်ပြီး

"နင့်ကိုငါ ဒီကောင်နဲ့ ဆက်မတွဲဖို့ ပြောဖူးပါတယ်၊ နင် မှတ်မိရဲ့လား"

"မှတ်မိတယ်လေ၊ ဒါပေမဲ့ နင် ဖြတ်ခိုင်းတိုင်း ငါက မောင့် ကို ဖြတ်ရမယ်တဲ့လား။ အကြောင်းပြချက် မခိုင်လုံလိုက်တာဟာ"

"အဲဒီ ရာဇဝင်ဆိုတဲ့ကောင်က သူ့နာမည်အတိုင်းပဲ ရာဇဝင် တွေ ရှိတယ်ဆိုတာ နင် ဘယ်လောက်သိလဲ၊ အေး ကောင်းတဲ့ ရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com



တော့ မဟုတ်ဘူးနော်၊ ဒီကောင်က ငါနဲ့ အထက်တန်းကျောင်းမှာတုန်းက တူတူပဲ၊ အဲဒီတည်းက မူးယစ်ဆေးကို သုံးလာခဲ့တဲ့ကောင်''

သားချစ်စကားကြောင့် ဖွဲ့က တဟားဟားနှင့် အော်ရယ်ပစ်လိုက်သည်။

''နင် ဘာရယ်တာလဲ''

''နင့်ဟာက အဓိပ္ပါယ် မရှိလိုက်တာဟာ ဟား ဟား ဟား၊ မူးယစ်ဆေးဝါးကို ငယ်ငယ်တည်းက သုံးလာခဲ့တဲ့ကောင်က နင် ထန်းရည်လေး တိုက်လိုက်တာနဲ့ မူးသွားရောလား''

''အေး ငါ ပြောချင်တာလည်း အဲဒါပဲ၊ တကယ်ဆို ဒီကောင် လုံးဝ မမူးဘူး၊ တစ်လမ်းလုံး အကောင်းကြီးကနေ နင့်နားရောက်တော့မှ ခြေလှမ်းတွေ ယိုင်ပြီး စမူးသွားတာ၊ ငါတောင် သူ သရုပ်ဆောင် ပိုင်နိုင်ပုံကို အောချသွားရတယ်၊ ပြီးတော့ ငါ သူ့ကို ခေါ်သွားတာကလည်း နင်နဲ့ပတ်သက်ပြီး သတိပေးချင်ရုံ သက်သက်ပဲ''

''အဲဒါဆိုရင်လည်း နင် တခြားနေရာတွေ ခေါ်သွားလို့ရတယ်လေ၊ ထန်းရည်ဆိုင်ကိုမှ ခေါ်သွားတာဆိုတော့ နင် တကယ် လွန်တယ် သိလား သားချစ်''

သူမက သားချစ်ကို လက်ညှိုး ငေါက်ငေါက်ထိုးကာ ပြောလိုက်ခြင်းဖြစ်၏။ ထိုအခါမှ သားချစ်၏ မျက်နှာက တစ်ခုခုကို





အတင်းပြင်းတော့မည့်ဟန် သူမရှေ့သို့ ဝုန်းခနဲ ရောက်လာပြီး

''မ•ာုတ်ဘူး ဖွဲ့၊ ငါ သူ့ကို ခေါ်သွားတာ ထန်းရည်ဆိုင်ကို မဟုတ်ဘူး၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်ဖြစ်ဖြစ်၊ အအေးဆိုင် တစ်ဆိုင်ဆိုင်ဖြစ်ဖြစ်ပေါ့၊ ဒါပေမဲ့ ငါ ခေါ်သွားတဲ့ လက်ဖက်ရည်ဆိုင် ရှေ့လည်း ရောက်ရော သူနဲ့ ကွိုင်တက်ဖူးတဲ့ လူတစ်ယောက် ထိုင်နေပါတယ်ဆိုပြီး အဲဒီဘေးက ဆိုင်ထဲကို သူ အဘင်းဆွဲခေါ်သွားတာ၊ အထဲရောက်မှ သိလိုက်တာက ငါတို့ဝင်မိတာကြီးက ထန်းရည်ဆိုင် ဖြစ်နေတယ်ဆိုတာလေ''

''နင် ဝတ္ထုရေးစားပါလား သားချစ်၊ နင် ပြောနေတာတွေက ရုပ်ရှင်တွေထဲက အတိုင်းပဲ''

သူမက မျက်နှာလေးကို မဲ့ရွဲ့ကာ ခနဲ့တဲ့တဲ့လေး ပြောတော့ သားချစ်က လေပူကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း

''ဟူး နင် ထပ်ပြီး မယုံနိုင်စရာ တစ်ခု ပြောပြလိုက်ဦးမယ်၊ ငါ ခေါ်သွားတဲ့ လက်ဖက်ရည်ဆိုင်က လူရှင်းတယ်ဆိုတာ သိလို့ တမင် ခေါ်သွားတာ၊ ငါနဲ့သူ သွားတုန်းကလည်း အဲဒီဆိုင်ထဲမှာ အပြင်လူရယ်လို့ သိပ်မရှိဘူး၊ နယ်ထိန်းရဲတစ်ယောက် နှစ်ယောက်ပဲ ထိုင်နေကြတာ''

''ဟင်း ဟင်း ဟုတ်ရဲ့လား သားချစ်ရယ်၊ နင် ပြောတာတွေ နားထောင်ပြီး ငါတော့ ရယ်ချင်လာပြီ''



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ကလည်း လောလောဆယ်တော့ သွေးပူနေလို့ပဲလား မသိ။ သားချစ် ဘာပြောပြော လက်မခံနိုင်လောက်အောင် ဖြစ်နေသည်။

"ဘာလဲ နင်က ငါ့ကို လုံးဝ မယုံတော့ဘူးပေါ့ ဟုတ်လား။ ဒါဆိုရင် ငါက ဘယ်လို လိမ်ပြောပေးရမှာလဲ၊ နင်တို့ ဆေးရုံနားမှာ ထန်းရည်ဆိုင်လေး တွေ့ခဲ့လို့ ငါ အဖော်မရှိတာနဲ့ ပြီးတော့ ငါ့ရည်းစားလည်း ပါလာတာနဲ့ ရာဇဝင့်ကို တွေ့တော့ အဖော်စပ်လိုက်တာပါလို့ ပြောရမှာလား။ အဲဒီလိုဆို နင် ယုံမှာလား ဖွဲ့"

ထိုစကားများကို ပြောလိုက်သော သားချစ် မျက်နှာက ပကတိ ငြိမ်သက်လျက်။

သူ ဘာအပြစ်မှ မလုပ်ထားတာ သေချာနေသည့်ပုံမျိုး။

"နင် ပြောတာ ငါ မယုံဘူး။ ငါ့ကို အမှန်အတိုင်း ပြောနော်၊ လိမ်တာကို ငါ လုံးဝ မကြိုက်တာ နင်သိမှာပါ၊ နင့်မျက်နှာ ဒီလောက် ထိ ငြိမ်နေတာ တစ်ခုခုကို ဖုံးကွယ်ထားလို့ပဲ ဖြစ်ရမယ်၊ ပေါင်းလာတာ လည်း ကြာပါပြီ သားချစ်ရယ် ငါ သဘောပေါက်ပါတယ်"

ဖွဲ့စကားများကို နားထောင်ပြီး သားချစ်က ဘာမှပြန်မပြော တော့ဘဲ သီချင်းခွေ တစ်ခွေကို ဒီဗွီဒီ စက်ထဲ ထည့်လိုက်၏။

ဆူညံ ပေါက်ကွဲနေသော ဟဲဗီးရော့ခ် သီချင်းတစ်ပုဒ်က တစ်ခန်းလုံးကို လွှမ်းခြုံသွားချိန်မှာပင်





"ပြောစမ်းပါဦး သားချစ်ရဲ့ နင် ဘာကြောင့် ဒီလိုလုပ်တယ် ဆိုတာ"

ဖွဲ့ လေသံက ခနဲ့တဲ့တဲ့ ထွက်သွားမှန်းတော့ ကိုယ့်ဘာသာ သတိထားလိုက်မိ၏။

"နင့်ကို ငါ ပြောခဲ့တာတွေက အမှန်တွေချည်းပဲ၊ ယုံတာ မယုံတာကတော့ နင့်အပိုင်းလေ"

"နင် လျှောက်မပြောနဲ့ သားချစ်၊ နင် ပြောတာတွေက တစ်ခုမှ ယုတ္တိမရှိဘူး"

"အေးလေ နင် မယုံရင်လည်း နေပါစေတော့၊ ငါကတော့ လုပ်စရာရှိတာတွေကို သူငယ်ချင်းတစ်ယောက်အနေနဲ့ လုပ်ပေးနိုင် သမျှ လုပ်ပေးပြီးပြီ၊ နင့်ကောင်လည်း အသက်တွေ ကြီးလာပြီဆိုတော့ အသိတရားတွေရပြီး လိမ္မာချင်လည်း လိမ္မာနေမှာပါ၊ နင့်စိတ်ကြိုက် သာလုပ် ဟုတ်ပြီလား"

သားချစ်က ဒီတစ်ခါတော့ သူမ မတားနိုင်ခင် ရေချိုးခန်းထဲ သို့ ဝင်သွားကာ တံခါးကို ဂျိန်းခနဲ နေအောင် ပိတ်ပစ်လိုက်တော့၏။

ဖွဲ့မှာတော့ ခေါင်းတစ်ခုလုံး ရီဝေနောက်ကျိစွာ ကျန်ခဲ့ရ တော့သည်။ ညက နိုက်ကလပ်ကျလို့ မအိပ်ရသေးသည့် အရှိန်နှင့် ခုဖြစ်နေသည့် ပြဿနာပေါင်းကာ လူတစ်ကိုယ်လုံးက နုံးခွေကျချင်



www.burmeseclassic.com

www.burmeseclassic.com



နေပြီ။

သားချစ်ဆိုသည့် သုံ့ငယ်ချင်းလေးကလည်း ဖွဲ့ကို ဆေးရုံ မှ လူများ၏ရှေ့တွင် ဖွဲ့ အရှက်တကွဲဖြစ်အောင် ဘယ်တော့မှ မဟုတ်ဘဲနှင့်တော့ ဒီလောက်ထိ ကြီးကြီးမားမား လုပ်လိမ့်မည်ဟု ဖွဲ့ မထင်။

ဒါပေမဲ့ မောင့်ဘက်ကို ကြည့်ပြန်တော့လည်း ဘယ်လိုသံသယဖြစ်စရာမျိုး ကိုမှ မတွေ့ရသောအခါ ဖွဲ့စိတ်တို့ ဂနာမငြိမ်ဖြစ်လာ၏။

ရေချိုးခန်းထဲမှ ရေကျသံကတော့ ခပ်မှန်မှန်သာ ပေါ်ထွက်နေသည်။ ဖွဲ့ကလည်း အဲဒီအတိုင်းကြီးသာ ရပ်ကြည့်နေမိနေတုန်း။ အဲဒီအချိန်မှာပဲ ဖွဲ့လက်ထဲတွင် အမှတ်တမဲ့ ကိုင်လာမိသော ဖုန်းလေးက အသံမြည်လာ၏။

"ဟယ်လို"

"ဖွဲ့ အိမ်ပြန်ရောက်ပြီလား"

"မောင်"

"ပြောလေ ဖွဲ့၊ အိမ်ကို ချောချောမောမော ပြန်ရောက်ရဲ့လားလို့"

တစ်ဖက်မှ မောင့်အသံက ကြည်လင်ပြတ်သားလျက် ရှိ၏။

"မောင် မူးနေသေးလား၊ အမူးပြေသွားပြီလား"





ဖွဲ့မေးခွန်းကြောင့် မောင့်အသံက ရုတ်တရက် တိတ်ကျသွားပြီးမှ

"ပြေသလိုလို ဖြစ်နေပါပြီ၊ မင်းကိုစိတ်ပူလို့ ဖုန်းလှမ်းဆက်ကြည့်တာ၊ မင်း အဆင်ပြေရဲ့လား"

"မပြေဘူး မောင်"

"ဟင် ဘာဖြစ်လို့လဲ၊ မင်း ဘာဖြစ်နေတာလဲ မောင့်ကိုပြောစမ်း"

"သားချစ် အိမ်မှာ ဖွဲ့ကို လာခေါ်ပါနော် မောင်၊ ဖွဲ့ စောင့်နေမယ်"

သူမက ဖုန်းကို တစ်ခါတည်း ပိတ်ပစ်လိုက်ကာ မလှုပ်မယှက်ရပ်နေမိဆဲပင် ဖြစ်သည်။ သိပ်မကြာခင် မိနစ်ပိုင်းလေးအတွင်းမှာပဲ သူမ ရှေ့တည့်တည့်ကို မောင် ရောက်လာသည်။

ဖွဲ့ လက်လေးတစ်ဖက်ကို မောင်က လှမ်းဆွဲယူကာ အိမ်ထဲကို တစ်ချက် ဝေ့ကြည့်လိုက်ရင်း

"ဘာတွေဖြစ်နေတာလဲ ဖွဲ့၊ ဟိုကောင် သားချစ်ငယ်ရော"

"နောက်မှပဲ အေးအေးဆေးဆေး ပြောပြမယ် မောင်ရယ်၊ ခုတော့ သွားရအောင်နော်"

သူမက မောင့်လက်တစ်ဖက်ကို ပြန်ဆုပ်ကိုင်လိုက်ပြီး အပြင်



www.burmeseclassic.com

www.burmeseclassic.com



သို့ ဆွဲခေါ်သွားရင်း ပြောလိုက်သည်။

နောက်တော့ မောင့်ဆိုက်ကယ်နောက်မှာ အသာဝင်ထိုင်လိုက်ပြီး မောင့်ကျောပြင်ကို တင်းနေအောင် ဖက်ထားမိသည်။

ဆိုက်ကယ်ကြီးက ဂူးခနဲ မောင်းထွက်သွားသည်နှင့် ဖွဲ့ရဲ့ စည်းနှောင်ထားသည့် ဆံနွယ်များက လေထဲဝယ် တဖျပ်ဖျပ် လွင့်လူးရင်း တစ်ညလုံး ပင်ပန်းထားပုံရသည့် ဖွဲ့ကိုယ်မှ ချွေးနံ့လေးပင် သူ့အခန်းရှိရာ ပထမထပ်ထိ ဝေ့တက်လာသည်ဟု သားချစ် ထင်မှတ်နေမိသည်။

သူငယ်ချင်းရယ် နင့်ကို နားဝင်အောင် ငါ ဘယ်လိုပြောပြရတော့မလဲဟယ်။ ငါ သံယောဇဉ်အရှိဆုံး နင့်ကို ဒီလိုမျိုး မဖြစ်စေချင်တာကတော့ ငါ့ရင်ထဲက စေတနာအမှန်ပါ။

သားချစ်မှာ ရေစိုနေသော ဆံပင်များကိုပင် ဆက်မသုတ်နိုင်သေးဘဲ ထွက်ခွာသွားသော ဆိုင်ကယ်ကြီးကိုသာ မျက်စိတစ်ဆုံး ငေးကြည့်နေမိတော့၏။

■ ■ ■

"ဒီနေ့ရော နင် နိုက်ဂျူတီပဲလား"

ကျောင်းသွားရန် ပြင်နေသော ဖူးဖူးက ခုတင်ထက်တွင် အိပ်နေဆဲ ဖြစ်သည့် ချစ်ခြင်းဖွဲ့ကို လှမ်းမေး၏။ ဖူးဖူးက အိပ်ချင်





မပြေသေးသော မျက်နှာနှင့် မျက်လုံးများကို တစ်ချက် ပွတ်သပ်လိုက်ပြီး

"မဟုတ်ဘူးဟ"

"ဆေးရုံရော သွားမှာလား"

"ဆေးရုံတစ်ရက်ပျက်လို့ကတော့ ဆယ်ရက်လောက် အစားပြန်ဝင်ရမယ်ဆိုတာ သိလျက်နဲ့ မပျက်ရဲပါဘူးဟယ်"

ထိုသို့ ပြောလိုက်သော ဖွဲ့က မွေ့ရာထက်မှာ လူးလွန့်ဆဲပင် ရှိနေသေးသည်လေ။ ဒါကြောင့်လည်း ဖူးဖူးက သူမ တင်ပါးလေးကို ခပ်ဆတ်ဆတ် ရိုက်ပစ်လိုက်ရင်း

"အဲဒါကိုများ ခုထိ မထသေးဘဲ ငြိမ်ယူနေတယ် ဟုတ်လား။ နင်ကတော့လေ သွား မျက်နှာသစ်ချည်တော့၊ ငါတောင် ဒီနေ့ ပရောဂျက်တစ်ခုရှိလို့ ကျောင်းသွားတော့မယ်"

"သိပါတယ် ညည်း ပရောဂျက်ရှိတဲ့နေ့ကတော့ ငါတို့လည်း တစ်ညလုံး အိပ်ရေးပျက်တဲ့နေ့တွေပါပဲ၊ ခုလည်း အိပ်ရေးမဝလို့ ခဏလေး နှပ်နေတာပါ"

ဖူးဖူးက မဟာတန်းတက်နေသော ကျောင်းသူတစ်ယောက်မို့ သီးစစ် လုပ်စရာတွေ၊ ပရောဂျက်တွေ ရှိပြီဆိုလျှင် တစ်ညလုံး မအိပ်ဘဲနှင့် ကွန်ပျူတာ တစ်လုံးရှေ့မှာ နာရီပေါင်းများစွာ မထတမ်း



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လုပ်နေတတ်သည်။

သူ လုပ်လိုက်တာ တစ်ခုခု အဆင်မပြေ မှားယွင်းသွားပြီဆို လျှင်လည်း စိတ်တိုစွာ အော်ဟစ်ပေါက်ကွဲတတ်သူမို့ ဖူးဖူး မအိပ်သလို ဖွဲ့တို့ နွေးနွေးတို့လည်း အလိုလို အိပ်ရေးပျက်ကြရ၏။

ခုလည်း ညက ဖူးဖူး၏ နှိပ်စက်မှုကြောင့် ခုချိန်ထိ ဖွဲ့ တစ်ယောက် အိပ်ရေးမဝနိုင်ခြင်း ဖြစ်သည်။

''ဒါဆိုလည်း နုပ် နုပ်၊ ငါက ဆေးရုံ နောက်ကျမှာစိုးလို့ ပြောတာ၊ ပြောမရလည်း သွားတော့မယ် တာ့တာပဲ''

''ဖူးဖူး အားလုံး အိုကေပါစေနော်''

ဖွဲ့က ခုတင်ထက်ကနေပဲ အသံပြဲကြီးနှင့် လှမ်းအော်ပြောလိုက် ၏။ ဖူးဖူး ထွက်သွားပြီး မကြာခင်မှာပင် သူမလည်း ခုတင်ထက် ထကာ ရေခဲသေတ္တာရှေ့ လျှောက်သွားတော့ ရေခဲသေတ္တာတံခါးတွင် ကပ်ထားသော နုတ်စာရွက်ဝါဝါလေးကို တွေ့လိုက်ရသည်။

ဒီနေ့ ငါ့ဆရာနဲ့ အရေးကြီး အမှုတွဲတစ်ခု တိုင်ပင်စရာရှိလို့ ထွက်သွားပြီ။

စားပွဲပေါ်မှာ မနက်စာတွေ ပြင်ပေးခဲ့တယ်။

နှစ်ယောက်လုံး စားသွားကြဦးနော်။

နွေး





စားပွဲပေါ်သို့ လှမ်းကြည့်လိုက်တော့ အုပ်ဆောင်းလေးဖြင့် အုပ် ထားသော ထမင်းနှင့်ဟင်းများက အဆင်သင့်။ သို့သော် အေးစက်နေပြီ ဖြစ်သည်။ ဖွဲ့က စားပွဲတွင် ဝင်ထိုင်ကာ အုပ်ဆောင်းလှပ်ပြီး သူမ တစ်ကိုယ်စာသာ ကျန်တော့သည့် ထမင်းပွဲလေးကို အေးအေးလူလူ ထိုင်စားနေလိုက်၏။

ဖွဲ့တို့ သုံးယောက်က အလှည့်ကျ တာဝန်ယူကာ ထမင်းဟင်း ချက်သည့်ကိစ္စကို ခွဲဝေထမ်းဆောင်ကြသည်။

ထိုထဲမှာမှ နွေးက လက်ရာအကောင်းဆုံးဖြစ်ကာ ဖွဲ့ တာဝန် ကျသည့်ရက်များဆိုလျှင်တော့ ကျန်နှစ်ယောက်မှာ ဘဲဥ ကြက်ဥများနှင့် သာ စခန်းသွားရသည်က များ၏။

ဖွဲ့အတွက်ကတော့ ပြန်မနွေးထားသည့် အေး စက်နေသော စားစရာများသည်လည်း အထူးတလည် ဆန်းပြားမနေတော့ပါ။ မိဘများ မရှိတော့သည့်နောက် နိုင်ငံခြားမှ အဒေါ်၏ ထောက်ပံ့မှုနှင့် ဒီလို အခြေ အနေရောက်အောင် တစ်ကိုယ်တည်း ကြိုးစားခဲ့ခြင်း ဖြစ်သည်။

ဆေးတက္ကသိုလ် တတိယနှစ်လောက်တည်းက ဂျူနီယာလေး များကို စာသင်ပေးခြင်းဖြင့် ကိုယ့်အသုံးစရိတ်ကိုယ် ရှာခဲ့သည်။ များပြား လှနိုးလှသော ဖွဲ့တစ်ကိုယ်တည်း မတတ်နိုင်သည့် အခက်အခဲများကိုသာ ဒေါ်လေးဆီမှ အကူအညီ လှမ်းတောင်းခဲ့ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အန်တီအေးနှင့် ဖွဲ့ကလည်း တကယ်တော့ ဆွေမျိုးအရင်းအချာများ မဟုတ်ကြပါ။ ဖွဲ့ မိဘတွေနှင့် အန်တီအေးက အသိမိတ်ဆွေများမို့ အပျိုကြီးဖြစ်သူ အန်တီအေးက ဖွဲ့ကို သမီးလေးတစ်ယောက်၊ တူမလေးတစ်ယောက်သဖွယ် ချစ်ခင်မိပြီး ဖွဲ့ မိဘများ ဆုံးပါးသွားသည်နှင့် တရားဝင် အမွေစား အမွေခံ တူမအဖြစ် မွေးစားခဲ့ခြင်း ဖြစ်သည်။

ဒီလိုနဲ့ပဲ ဆွေမျိုးရင်းချာများ မရှိတော့သည့် အန်တီအေးနှင့် မိဘများ ဆုံးပါးကုန်သောကြောင့် တစ်ကိုယ်တည်း ကျန်ခဲ့သော ဖွဲ့တို့သည် တစ်ဦးကို တစ်ဦး ဆွေမျိုးရင်းချာများသဖွယ် သဘောထားခဲ့ကြပြီး ဒီအချိန်ထိ နေလာခဲ့ကြခြင်း ဖြစ်သည်။

အန်တီအေး နိုင်ငံခြား ထွက်သွားတော့လည်း ဖွဲ့အတွက် စိတ်မပူပါရန် အတန်တန် ကတိပေးပြီးမှ မြန်မာပြည်မှာ နေခွင့်ရခဲ့ခြင်း ဖြစ်၏။ အဲဒီတုန်းက ဖွဲ့အသက် ဆယ့်ခြောက်နှစ်ပြည့်ပြီးကာစပေါ့။

သူမ အသက် ဆယ့်ခုနစ်နှစ်အရွယ် ဆယ်တန်းအောင်ပြီးစတွင် အန်တီအေးက တစ်ယောက်တည်း နေတာ မသင့်တော်ဟု ပြောဆိုလာသဖြင့် ငယ်သူငယ်ချင်းများ ဖြစ်ကြသော ဖူးသစ်စနှင့် နွေးကို အဖော်ခေါ်ကာ သူငယ်ချင်း သုံးယောက် တူတူနေခဲ့ကြခြင်း ဖြစ်သည်။

ဖူးဖူးတို့ နှစ်ယောက်လုံးကလည်း အစက နယ်မှနေ၍ ကျောင်းတက်လာကြပြီး အဆောင်နေသူများမို့ ဖွဲ့ရဲ့ တောင်းဆိုမှုကို ဒီလိုမျိုး





လိုက်လျောနိုင်ခဲ့ကြခြင်း ဖြစ်၏။

အဲဒီလိုနဲ့ ချစ်ခြင်းဖွဲ့ရဲ့ဘဝထဲကို သားချစ်ငယ်ဆိုသော သူငယ်ချင်း ကောင်လေးတစ်ယောက်နှင့် ရာဇဝင်ဆိုသော ချစ်သူ တစ်ယောက် မရောက်လာခင်ထိ အေးအေးချမ်းချမ်း နေထိုင်လာခဲ့ရတာပါ။

တစ်ယောက်တည်း တွေးချင်ရာတွေးကာ ထမင်းစားနေမိစဉ်မှာပဲ အိမ်ရှေ့ခန်းထဲရှိ တယ်လီဖုန်းလေးက အသံထမြည်လေသည်။

ဖွဲ့က ခပ်သွက်သွက်လေး ပြေးသွားကာ ကောက်ကိုင်လိုက်၏။

"ဟုတ်ကဲ့ ပြောပါ"

"မောင်ပါ ဖွဲ့ရဲ့"

"ဟင် မောင် ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ဖွဲ့ဖုန်းကို လှမ်းခေါ်တာ စက်ပိတ်ထားတယ်ဆိုလို့ အိမ်ဖုန်း ခေါ်လိုက်တာလေ"

"အင်း ဟုတ်တယ် ဖွဲ့က ခုမှ အိပ်ရာနိုးလို့လေ"

"ဆေးရုံသွားမှာလား ဖွဲ့၊ မောင် လိုက်ပို့ရမလား"

မောင့်အသံက ခပ်သြသြနှင့် ချိုမြနေ၏။ မောင်က ဖွဲ့အပေါ်မှာဆို ကြင်ကြင်နာနာ ရှိတယ်ဆိုတာ ဖွဲ့သာ သိသည်။ ဒါကို ဘာလို့များ သားချစ်က အထင်အမြင်လွဲချင်နေရတာပါလိမ့်။

"မောင် အားတယ်ဆိုရင်တော့ လိုက်ပို့စေချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ မောင်လည်း ဒီနေ့ ဆိုင်သွားစရာ မလိုဘူး ဆိုတော့ လာခဲ့ပါ့မယ်၊ နောက် လေးဆယ့်ငါးမိနစ်ဆို ဖွဲ့ အဆင်သင့် ဖြစ်မလား"

"အင်း ဖြစ်ပါတယ် မောင်၊ ဖွဲ့တို့ တိုက်အောက်ရောက်ရင် ဖုန်းခေါ်လိုက်လေ"

"ဟုတ်ပါပြီဗျာ၊ ဒါဆို ရေမိုးချိုး ပြင်ဆင်လိုက်ဦးနော်"

"ဟုတ် ဒါပဲနော် မောင်"

သူမက ဖုန်းခွက်လေးကို ချရန်ပြင်စဉ်မှာပင် မောင့်အသံက ခပ်ကျယ်ကျယ် တစ်ချက် ထွက်လာ၍ ချလုဆဲဆဲ ဖုန်းကို နားဆီပြန်ပို့ လိုက်ရ၏။

"မောင် ဘာပြောလိုက်တာလဲ"

"ဘာ ဒါပဲနော်လဲ၊ ဘာပြောရမလဲ မသိဘူးလား"

မောင့်စကားကြောင့် ဖွဲ့က တစ်ယောက်တည်းဆိုပေမယ့် ခေါင်း လေးငုံ့ကာ ရှက်စနိုးလေး ပြုံးလိုက်မိသည်။

"မောင့်ကို ချစ်တယ်၊ အဲဒါ တကယ်"

"ဒါဆို အာပွားပေး"

"ဟာ တော်ပြီကွာ၊ ဘာမှန်းလည်း မသိဘူး၊ ဒီမှာ နောက်ကျ နေပြီ တော်တော့"





ဖွဲ့က ခုန်နေသော ရင်ဘတ်လေးကို လက်နှင့်အသာဖိရင်း ဖုန်းခွက်လေးကို ချပစ်လိုက်၏။

ထို့နောက် ထမင်းဆက်စားရန်ပင် မေ့လျော့ကာ ရေချိုးခန်းထဲ ပြေးဝင်ခဲ့မိတော့သည်။

■ ■ ■

တက္ကစီပေါ်မှဆင်းပြီး ကားပေါ်တွင် ကျန်ရစ်သော မောင့်ကို လက်လှမ်းပြကာ ဆေးရုံဝင်းထဲ လှမ်းဝင်ရန် ပြင်နေသည့် ဖွဲ့၏ခြေလှမ်း များက ခေါ်သံတစ်ခုကြောင့် ရပ်တန့်သွားသည်။

"ဖွဲ့"

သမင်လည်ပြန် လှည့်ကြည့်လိုက်ပြန်တော့ ဆေးရုံရှေ့ အုတ်ခုံ တွင် ထိုင်နေသော သားချစ်ကို တွေ့လိုက်ရ၏။

ဖွဲ့ လှည့်ကြည့်လိုက်သည်နှင့် သူက လက်ထဲမှ စီးကရက်တို့ကို အဝေးသို့ တောက်ထုတ်လိုက်ကာ ဖွဲ့နားလျှောက်လာရင်း

"နင် ငါ့စကားကို လုံးဝ နားမထောင်ဘူးနော် ချစ်ခြင်းဖွဲ့"

သားချစ်အသံက ပြတ်သားသလောက် မျက်နှာကလည်း တင်း မာလွန်းလှသည်။ ထိုအမူအရာကြောင့် ဖွဲ့ပင် အနည်းငယ် လန့်သွားမိ၏။ သားချစ်က လိုက်လိုက်လျောလျော မျက်နှာရွှင်ရွှင် နေတတ်လျှင်လည်း သူ့လောက် ချစ်ခင်နှစ်လိုဖွယ် ကောင်းသူ မရှိသလောက်ဟု ထင်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ရသော်လည်း ဒီလိုမျိုး ခပ်တည်တည်နှင့် စကားမာမာ ပြောလာပြီဆိုလျှင်တော့ ဖွဲ့ လန့်မိသည်။

"ဘာကို ပြောချင်တာလဲ သားချစ်"

တကယ်တော့ ဆေးရုံရှေ့တွင် ထိုင်နေသော သားချစ်ဟာ ဖွဲ့ကို ဆေးရုံထိ မောင်လိုက်ပို့မှန်း သိပြီးလောက်ပြီဖြစ်သည်။ သူ့ရည်ရွယ်ချက်ကလည်း မောင်နှင့်ဖွဲ့ကို ပြောချင်နေတာမှန်း ဖွဲ့ သိပါသည်။

သို့သော် ချစ်ခြင်းဖွဲ့ကတော့ မျက်နှာလေးကို ခပ်ပြုံးပြုံးထားကာ မသိချင်ယောင်ဆောင် မေးလိုက်၏။

"ငါ ဘာကို ဆိုလိုတယ်ဆိုတာ နင်သိရဲ့သားနဲ့ ငါ့ကို ဘာလို့ ရွဲ့ချင်နေတာလဲ ဖွဲ့ရယ်"

"ဘာလဲ ငါနဲ့မောင့်ကို ပြောနေတာလား"

"တော်စမ်းပါဟာ ဘာမောင်လဲ၊ နားကြားပြင်း ကပ်လွန်းလို့"

သားချစ်က မဲ့ကာရွဲ့ကာ ပြောတော့

"ဘာဖြစ်လဲ ငါ့ချစ်သူ ငါကြိုက်သလို ခေါ်မှာပေါ့၊ နင်က ဘာလို့ ကြားထဲကနေ နားကြားပြင်း ကပ်နေရတာလဲ"

ဖွဲ့ရဲ့ မျက်နှာလေး ချိကာ ပြောလိုက်ဟန်ကို သားချစ်က မည်သို့မျှ ကြည့်မရသည့်ဟန် နှာခေါင်းကို ရှုံ့လိုက်သေးသည်။

"နင့်ကိုငါ သတိပေးထားရဲ့သားနဲ့ နင် ဘာလို့ ဆက်မိုက်ချင်





နေတာလဲ၊ ဒီကောင်က သူ့အဖေတောင် မနိုင်လို့ ဒီတိုင်းကြည့်ပြီး နေရတဲ့ကောင်နော်"

"တော်ပြီဟာ နင် ငါ့ဆီလာတာ ဒါကြောင့်ဆိုရင် ပြန်တော့၊ ငါလည်း နောက်ကျနေပြီ၊ ဝင်တော့မယ်"

"ကောင်းပြီလေ နင်က ဒီလောက်တောင် ရာဇဝင်ကို မှန်နေတော့လည်း ငါ ဘာမှ မပြောတော့ပါဘူး၊ ဒါပေမဲ့ နင် သူနဲ့ကြိုက်နေသေးတယ်ဆိုတဲ့ အချိန်တစ်လျှောက်လုံး ငါ့ကို မဆက်သွယ်နဲ့တော့၊ နင်နဲ့ငါ သူငယ်ချင်း မဟုတ်တော့ဘူး၊ အေး သူနဲ့ပြတ်တဲ့နေ့မှပဲ နင်နဲ့ငါ ပြန်ဆက်သွယ်ကြတာပေါ့"

သားချစ်က သူ့မျက်နှာ ရှုစ်ခေါက်ချိုးကို မပြင်ဘဲ ခပ်တည်တည်နှင့် ပြောကာ ဖွဲ့ရှေ့မှ လှည့်ထွက်သွား၏။

"သားချစ်"

ဖွဲ့ လှမ်းခေါ်လိုက်သည်။

"သားချစ်ငယ် နင့်ကိုငါ ခေါ်နေတယ်လေ၊ နင် တကယ် ပြောနေတာလား"

သူမ စကားများကို မကြားတော့သယောင် လှည့်ပင်မကြည့်တော့ဘဲ ထွက်သွားသော သားချစ်ကို ကြည့်ကာ သူမ မျက်ဝန်းထဲ မျက်ရည်ကြည်တို့ ရစ်ဝဲလာသည်ဟုပင် ထင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို သားချစ်ငယ်ဆိုတာ သူမ ဘဝတစ်လျှောက်လုံး အတွက် အခင်မင်ရဆုံး သူငယ်ချင်းကောင်လေး တစ်ယောက်ပါ။ သူ ပြောနေသည့် စကားတွေဟာလည်း မလိုတမာစိတ်ကြောင့် ပြောနေခြင်း များ မဟုတ်ဘဲ တကယ့်ကို စေတနာအရင်းခံနှင့် ပြောနေခြင်းဆိုတာ သူမ သိပါသည်။

သို့သော် မောင့်ကိုချစ်မိသော သူမ နှလုံးသားကိုလည်း မလွန် ဆန်နိုင်သည်မို့

ကျလုဆဲဆဲ ဖြစ်သွားသော မျက်ရည်များကို ကောင်းကင်ကြီး ကို မော့ကြည့်လိုက်ခြင်းဖြင့် ပုတ်ခတ်သိမ်းဆည်းလိုက်ကာ ဆေးရုံဝင်း ထဲသို့ ခပ်သွက်သွက်လေး လှမ်းဝင်ခဲ့လိုက်တော့သည်။

ထိုအဖြစ်အပျက်များကို ခပ်လှမ်းလှမ်း တစ်နေရာမှ စောင့် ကြည့်နေသော ရာဇဝင်ကတော့ မျက်နှာပေါ်တွင် မဲ့ပြုံးလေးတစ်ချက်ကို မသိမသာ တင်လိုက်ကာ

''မောင်းတော့ အစ်ကိုကြီး''

တက္ကစီ ဒရိုင်ဘာကလည်း ထူးဆန်းလှသော သူတို့သုံးယောက် ကို ငေးကြည့်ကာ ခေါင်းကို တစ်ချက်နှစ်ချက် ကုတ်လိုက်ပြီး ကားလေး ကို မောင်းထွက်လိုက်၏။

ရာဇဝင်ရဲ့ဘဝမှာ ချစ်ခြင်းဖွဲ့က သိပ်ကို အရေးပါလှသည်





မဟုတ်သော်လည်း ဟိုးအထက်တန်းကျောင်းသား ဘဝတည်းက ကြည့် မရခဲ့သော သားချစ်ငယ်ကိုတော့ လွယ်လွယ်နှင့် အလျှော့မပေးချင်တာ သေချာလှ၏။

သားချစ်ငယ်နှင့် ချစ်ခြင်းဖွဲ့တို့ရဲ့ ခင်မင်မှု သံယောဇဉ်ကို သိလာလေလေ သားချစ်ငယ်ကို အနိုင်ယူချင်စိတ် ကြီးလာလေလေပင်။

အဲဒီ စိတ်လေးကလည်း ငယ်ငယ်တုန်းက ဘာမဟုတ်သည့် ပြိုင်ဆိုင်မှုလေးတစ်ခုကို အစပြုခဲ့တာပါ။

အဲဒီတုန်းကတော့ သူတို့ တစ်ကျောင်းလုံးမှာ သားချစ်ငယ်နှင့် ရာဇဝင်ဆိုလျှင် မသိသူ မရှိအောင် ထင်ရှားခဲ့၏။

သားချစ်ကတော့ ယောကျ်ားတန်မဲ့ ချောမောပြေပြစ်သော သူ့ရုပ်ရည်ကြောင့် နာမည်ကျော်ကြားခြင်း ဖြစ်သော်လည်း ရာဇဝင် တစ်ယောက်ကတော့ ဆိုးသွမ်းသည့်နေရာ၊ ဆရာကြီးရုံးခန်း ခဏ ခဏ ရောက်သည့်နေရာတွင် နာမည်ကြီးရခြင်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သူတို့နှစ်ယောက်လုံးသည် ကျောင်းရှိ မိန်းကလေး တော်တော်များများ၏ နှုတ်ဖျား၌ ရေပန်းစားလွန်းလှသည်။

ပြဿနာ၏အစကလည်း ရာဇဝင်တို့ တန်းခွဲရှိ ရင်ခွင်ဦး ဆို သော ကောင်မလေးက သားချစ်၏ ရည်းစားဖြစ်ခဲ့ခြင်းပါပဲ။

တန်းခွဲတူသော ရင်ခွင်ဦးနှင့် ရာဇဝင်တို့ရဲ့ ခင်မင်မှုကို သား



www.burmeseclassic.com

www.burmeseclassic.com



ချစ်က အထင်အမြင်လွဲမှားကာ အမြဲလိုလိုရန်ရှာတတ်ခဲ့ခြင်း ဖြစ်သည်။ ဒါကို မခံနိုင်တော့သော ရာဇဝင်ကလည်း သားချစ်ကို အရွဲ့တိုက်ကာ ရင်ခွင်ဦးကို ရည်းစားစကား ပြောပစ်လိုက်၏။

အဲဒီကစလို့ စတင်ခဲ့သော ပြဿနာတွေက ခုချိန်ထိ ရင်ဇာဝင့် ရင်ထဲမှာ အမြစ်တွယ်ကာ ကောင်းကောင်းကြီးကို မှတ်မိနေဆဲ ဖြစ်သည်။

ဘာမှမဟုတ်သော ပြဿနာလေးဟု ပြော၍ရသော်လည်း အဲဒီအချိန်ကတော့ သူနဲ့သားချစ်ငယ်တို့ ထိုးမယ်ကြိတ်မယ်ထိ ဖြစ်ခဲ့ကြရာ ဆရာကြီး ရုံးခန်းသို့တိုင် ရောက်ခဲ့သည်။ ရင်ခွင်ဦးကလည်း ရှက်လို့ဟု အကြောင်းပြကာ သားချစ်ငယ်နှင့် ဇာတ်လမ်းပြတ်သွားခဲ့၏။

ဒီအဖြစ်တွေအား ဖွဲ့ကိုလည်း သူ ပြောပြခဲ့ဖူးသည်။ ဖွဲ့ကတော့ မည်သူမှန်တယ် မှားတယ်ဟု ဝေဖန်ချက် မပေးဘဲ ခေါင်းလေးညိတ်ကာ သာ နားထောင်နေခဲ့၏။ အဲဒီလိုမျိုး ချစ်ဖို့ကောင်းလို့လည်း ဖွဲ့ကို သူ ချစ်ခဲ့တာ ဖြစ်သည်။

သို့သော် ချစ်တာက ချစ်တာ တစ်ပိုင်းဖြစ်ကာ ဘဝတစ်လျှောက်လုံး အတွက်ဆိုလျှင်တော့ ချစ်ခြင်းဖွဲ့သည် ရာဇဝင်ရဲ့ လက်တွဲဖော် စစ်စစ်ပါဟု မသတ်မှတ်နိုင်သေးတာ သူ့ကိုယ်သူသာ သိနေခဲ့၏။ ရာဇဝင်သည် မိန်းကလေးများကို သူ စွဲလမ်းသော ယစ်မူးစေသည့် ခံစားချက်များလောက် မနှစ်သက်ခဲ့တာ အမှန်ပင်ဖြစ်သည်။





စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကို ခါရမ်းပစ်လိုက်ပြီး အင်္ကျီအိတ်ထဲသို့ လက်ကို စမ်းကြည့်လိုက်သည်။ ဆော်ဒါတစ်ယောက်မှာလိုက်သော ပန်းသည်းလေး မေ့ခဲ့မှာ စိုးလို့ပါ။

ကားလေးက ထိုဘော်ဒါအိမ်ရှေ့တွင် ထိုးရပ်လိုက်သည်နှင့် ရာဇဝင်က ကျသင့်ငွေ ရှင်းပေးပြီး ဆင်းနေခဲ့လိုက်၏။

"ဟော့ကောင် ရာဇဝင်ရာ မင်းကို မျှော်နေရတာနဲ့ လူလည်း ခွေနေပြီ၊ နောက်ကျလိုက်တာ"

အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ဆီးကြို နှုတ်ဆက်လိုက်သော စကားများက သူ့ကို မျှော်နေခြင်း မဟုတ်ဘဲ သူနှင့်အတူတူပါလာသည့် ပန်းသည်းကိုသာ မျှော်နေခြင်းဖြစ်ကြောင်း ရာဇဝင် ကောင်းကောင်းကြီး နားလည်ပါသည်။

ထို့ကြောင့်ပင် အိတ်ထဲမှ စက္ကူထုပ်လေးကို ယူကာ မင်းညီ လက်ထဲ ထည့်ပေးလိုက်၏။ ပြုံးရွှင်သွားသော မင်းညီရဲ့ မျက်နှာကို ကြည့်ပြီး သူက လက်သီးရွယ်ပြလိုက်သည်။ တကယ်ဆို သူတို့အတွက် ထိုအရာက မရှိမဖြစ်ဆိုတာ သူကိုယ်တိုင်လည်း သိနေသည်ပဲလေ။

နောက်မိနစ် အနည်းငယ်အကြာမှာတော့ သူတို့အားလုံးလည်း အိမ်လေး၏ ထောင့်တစ်နေရာမှာ မျက်လုံးများကို မှေးစင်းရင်း လောကစည်းစိမ်ကို ခံယူနေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒါတွေဟာ ရာဇဝင်အတွက် နေ့စဉ် ပြုမူနေကျ အမူအကျင့်တွေပဲ မဟုတ်လား။ ယေ်စဉ်တည်းက မရိုးနိုင်ခဲ့သော အရာတွေပါပဲ။ ဒါတွေကိုသာ ချစ်ခြင်းဖွဲ့တစ်ယောက် သိခဲ့ပါလျှင်. . ။

■ ■ ■



## အခန်း (၂)

"ဟာ ပျော်စရာကောင်းလိုက်တာကွာ၊ ဒီနေ့တော့ တို့သုံးယောက်လုံး အိမ်မှာ လူစုံတက်စုံပဲ၊ ဒီလို လူစုံတုန်း တစ်ခုခု လုပ်စားကြရအောင်ဟာ"

မျက်နှာသစ်ပြီးစ သုံးယောက်သား ဝရန်တာမှာ လူစုံတုန်း ဖူးဖူးက စပြောတ၏။

"အေး ဟုတ်တယ် တစ်ခုခု လုပ်စားကြတာပေ့ါ၊ ဘာလုပ်စားရင် ကောင်းမလဲ ဖွဲ့"

နွေးကပါ အားတက်သရော ပြောလာတော့လည်း ဖွဲ့မှာ ခေါင်းညိတ်လိုက်ရသည်။ တကယ်ဆို အဲဒီလိုမျိုး လူစုံတိုင်း အိမ်မှာ တစ်ခုခု လုပ်စားတတ်ကြသော အကျင့်သည် ဟိုးအရင်တည်းက ရှိခဲ့ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်းလည်း ဖူးဖူးနှင့်နွေးကသာ ဦးစီးလုပ်ကြတာများခဲ့ပြီး ဖွဲ့ကတော့ ဘေးမှ အကူသဘောလောက်သာ ကူညီခွင့်ရခဲ့ခြင်း ဖြစ်သည်။

"လုပ်စားကြတာပေါ့။ ငါက ဘာမှလုပ်တတ်တာမှ မဟုတ်တာ၊ နင်တို့လုပ်တာ ထိုင်စားမှာပဲ ဟီ ဟီ၊ ဆာတေးလုပ်စားရင် ကောင်းမယ်နဲ့ တူတယ်နော်"

ဖွဲ့က လျှာလေးတစ်လစ်ထုတ်ကာ ခပ်ရွှင်ရွှင်လေး ပြောတော့ ဖူးဖူးနှင့်နွေးက လှပသော မျက်စောင်းလေးများ မသိမသာ ထိုးလိုက်ကြရင်း

"ဟုတ်ပါပြီတဲ့ရှင်၊ ရှင်လေးကတော့ ဘေးထိုင် ဘိုင်ကျ ဘုပြောတော့မယ်ဆိုတာ သဘောပေါက်ပြီးသားပါ၊ ဆာတေးလုပ်စား မယ်ဆိုလည်း ဈေးသွားကြရအောင်လေဟာ"

"ကောင်းသားပဲ သွားမယ်လေ၊ ဖွဲ့ လိုက်မှာလား"

"ဟင့်အင်း လိုက်တော့ဘူး၊ နင်တို့ပဲ သွားပြီး ကောင်းသလို သာ ကြည့်စီစဉ်လိုက်တော့၊ ငါကတော့ အိမ်မှာလိုတာတွေ ကြည့်စီစဉ် ထားလိုက်မယ်"

ဖွဲ့က ပျင်းကြောလေးဆန့် ခပ်လေးလေး ပြောလိုက်တော့

"အမလေးဟဲ့ တော်တော်လည်း ပင်ပန်းနေပါဦးမယ်၊ ဟင်း ချက်ဖို့ အိမ်နောက်ဖေးမှာ ကြက်သွန်လှီးရတာက ငါတို့ အဲဒါကို





ဝရန်တာကနေ မျက်ရည်စက်လက်နဲ့ဖြစ်နေတာ ဘယ်သခင်မလဲ"

"အောင်မာ အဲဒါကတော့ ငါက ငယ်ငယ်တည်းက ကြက် သွန် အငွေ့အနံ့တို့ကို ခံမှ မခံနိုင်တာ၊ စားဖို့ဆို ဝေလာဝေးပဲဆိုတာ သိတယ် မဟုတ်လား"

"သိပါတော် သိပါ၊ ဒါနဲ့ နေပါဦး နင်က အိမ်မှာနေပြီး ဘာတွေများ ကြည့်စီစဉ်ထားမှာလဲဆိုတာ"

နွေးက ခနဲ့တဲ့တဲ့လေး မေးတော့ ဖွဲ့ကလည်း ထုံးစံအတိုင်း မျက်နှာလေး မထုံတက်တေးပုံလေး ဖမ်းကာ

"နင်တို့ ဆာတေးလုပ်ဖို့ မီးဖိုတို့ ဘာတို့ အပေါ်ကထပ်မယ့် သံပြားတို့ကို သေချာသန့်ရှင်းပေးထားမှာပေါ့"

"ပင်ပန်းနေဦးမယ် မယ်မင်းကြီးမ"

"ပြောနေတာ ကြာတယ်ဟာ၊ နင်တို့ ဈေးသွားတော့"

ဖွဲ့က စိတ်အားတက်ကြွစွာ ပြောလိုက်သည်။ ဖူးဖူးတို့က လည်း ဆွဲခြင်းလေး ကိုင်ပြီး ထွက်သွားမည်ပြင်ပြီးမှ

"ဒါနဲ့ နင် အိမ်မှာနေရင်းနဲ့ သားချစ်ဆီကို ဖုန်းဆက်ခေါ်ထား လိုက်ပါလား၊ ဒါမှမဟုတ် ငါတို့အပြန်ဝင်ခေါ်ခဲ့ရမလား"

နွေးအပြောကြောင့် ဖွဲ့မျက်နှာလေးက မဖုံးဖိနိုင်စွာပင် ပြုံ ဆင်းကျသွား၏။ ဘာတုံ့ပြန်သံမှပင် မပြောနိုင်လောက်အောင် ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ဒီလိုမျိုး သူမတို့ မုန့်လုပ်စားကြတိုင်း သားချစ်
ခေါ်ကာ သူမတို့လက်ရာကို မြည်းစမ်းခိုင်းလေ့ ရှိသည်။ ဒါကို သ
တရနှင့် နွေးက ပြောလိုက်ခြင်းဖြစ်သည်။

“ဟဲ့ ဘာဖြစ်နေတာလဲ နင့်မျက်နှာကြည့်ရတာလည်း ထမ
ခုနစ်ရက် မစားရတဲ့ရုပ်မျိုး၊ ချက်ချင်းကို ဖြစ်သွားတော့တာပဲ၊ ဘာ
နင်တို့ ရန်ဖြစ်ထားကြပြန်ပြီလား၊ ဒါဆိုလည်း ငါတို့ပဲ ဝင်ခေါ်ခဲ့တေ
မယ်လေ”

နွေးတို့ကတော့ ခုဖြစ်နေသော သားချစ်နှင့်သူမ၏ အ
အနေကို ဘာမှမသိသေးသည်မို့ အရင်လို သာမန်လောက်သော ပဋိ
ဟုသာ မှတ်ထင်နေကြပုံရသည်။

“မခေါ်ခဲ့နဲ့ နွေး”

“ဘာဖြစ်လို့လဲဟ”

တကယ်ဆို အရင်ကလည်း ဒီလိုမျိုး ရန်ဖြစ်ကြသည့် အ
အထားမျိုးတွေက သားချစ်နဲ့ ချစ်ခြင်းဖွဲ့ကြားမှာ မရှိနိုင်အောင်
ဖူးတာပါ။ ဒါပေမဲ့ ဒီလိုမျိုးတော့ ဖွဲ့ဘက်က တားမြစ်လောက်သ
အခြေအနေမျိုးထိ မဖြစ်ခဲ့ဘူးပေ။

ခုတော့ နားနှင့်ဆက်ဆက်ကြားလိုက်ရသော နွေးတို့ ကိ
တိုင်ပင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့သြသွားမိ





“ဟဲ့ ပြောလေ၊ နင်တို့ ဘာတွေဖြစ်ထားတာလဲလို့”

ဖူးဖူးက အိမ်ပေါက်ဝမှနေ၍ ဖွဲ့ဘေးသို့ ပြန်ရောက်လာပြီး
မနေနိုင်စွာ မေးသည်။ တကယ်ဆို ဒီအဖြစ်တွေကို ဖွဲ့က ပြန်ပြောဖို့
တောင် တော်တော်လေး အားယူနေရတာ ဖြစ်သည်။

“နင့်ကိုမေးတာ မပြောရင် သားချစ်ကို သွားမေးလိုက်မှာ
နော် ဖွဲ့”

ဖူးဖူးက ခြိမ်းခြောက်နေသည်မို့ သူမလည်း မတတ်သာတော့
သည့်အဆုံး အဖြစ်အပျက် အစအဆုံးအား ခရေစေ့တွင်းကျ ပြန်ပြော
ပြလိုက်ရတော့သည်။

“ဟင် ဒီလောက်ထိ ဖြစ်သွားတာကို နင်က ဘာလို့ ငါတို့
အပေါ်မှာ လျှို့ဝှက်ထားတာလဲ ဖွဲ့ရယ်”

“ငါလည်း နင်တို့ကို ပြန်ပြောရမှာ စိတ်ညစ်လွန်းလို့ ဒီရက်
ပိုင်း ငါ့စိတ်ကို ဆေးရုံမှာပဲ နှစ်ထားခဲ့တာပေါ့ဟ”

“ဒါဆို သားချစ် နားလည်အောင် ငါတို့ သွားရှင်းပြပေးရ
မလား”

နွေးက မျက်နှာတည်တည်နှင့် တကယ့်ကို လုပ်ပေးမည့်ပုံမျိုး
မေးတော့ ဖွဲ့က ခေါင်းကို ခါယမ်းပြလိုက်သည်။

“ရပါတယ်ဟာ သွားရှင်းပြမယ်ဆိုတော့ရော နင်တို့က ဘာကို



www.burmeseclassic.com

www.burmeseclassic.com



သွားရှင်းပြမှာလဲ၊ ဖွဲ့က ရာဇဝင်ကို အရမ်းချစ်နေလို့ ခွင့်လွှတ်ပေးလိုက်ပါ သားချစ်ရယ်ဆိုပြီးတော့ သွားရှင်းပြမှာလား၊ မလုပ်ပါနဲ့တော့ဟာ ဒီတစ်ခါက သားချစ် တကယ့်ကို စိတ်ဆိုးသွားမှန်း ငါသိနေတယ်၊ သူပြောသလိုပဲ မောင်နဲ့မပြတ်မချင်း ငါ့ကို ပြန်ခေါ်မှာ မဟုတ်ဘူး''

''ဒီလိုသာဆို မင်းက ဘယ်လိုလုပ်မှာလဲ၊ နင်နဲ့သားချစ်ကြားထဲက သံယောဇဉ်ကလည်း နည်းနည်းနောနောမှ မဟုတ်တာ''

''ဒါဆို ငါက မောင့်ကို ဖြတ်ရမှာလား နွေးရယ်''

သူမ လေသံက ပြောရင်းနှင့် တိမ်ဝင်လုလု ဖြစ်နေသည်မို့ သူငယ်ချင်းမ နှစ်ယောက်မှာလည်း ဖွဲ့မျက်နှာလေးအား ကြည့်ကာ သက်ပြင်းမောတွေသာ ပြိုင်တူချပစ်ကြတော့သည်။

''သွားတော့လေ၊ တော်ကြာ ဈေးသိမ်းသွားလို့ နင်တို့ အကျန်တွေပဲ ရနေဦးမယ်၊ အချက်အပြုတ်က ဘယ်လောက်ကောင်းကောင်း ငါက အောက်စော်နံရင် မစားချင်ဘူးနော်''

ဖွဲ့ကြောင့် ပျော်မြူးနေသည့် အရှိန်လေးတွေ လျော့သွားမှာစိုး၍ ဖွဲ့က ပြန်လည်အရှိန်သွင်းပေးလိုက်၏။ ထိုအခါမှပင် မမချော နှစ်ယောက်လည်း ဖွဲ့အနားမှ ထွက်သွားကြတော့သည်။

သူငယ်ချင်းတွေရှေ့မှာသာ ဟန်ဆောင် ရယ်မောပြလိုက်ရသော်လည်း တကယ်တမ်းတော့ ဖွဲ့ရင်ထဲမှာ တစ်စုံတစ်ရာအတွက်





ဝမ်းနည်းကြေကွဲနေမိတာတော့ အမှန်ပါပဲလေ။

■ ■ ■

''ဖွဲ့ မောင်နဲ့နေရတာ မင်းပုံစံ ကြည့်ရတာ တစ်ခုခုကို မျှော်လင့်နေသေးသလိုပဲ၊ ဘာတွေဖြစ်နေတာလဲ''

မောင်က ဖွဲ့ပခုံးလေးကို အသာဖျစ်ညှစ်လိုက်ရင်း မေးတော့မှ ဖွဲ့စိတ်တို့က ဘေးတွင် မောင်ရှိနေပါလားဟု သတိရတော့သည်။

''မဟုတ်ပါဘူး မောင်၊ မနက်က အေအက်စ်ဆူတာ ခံလိုက်ရလို့ပါ''

''ဘယ်လိုဖြစ်တာလဲ ဖွဲ့ရယ်''

''ဘာမှတော့ မဟုတ်ပါဘူး ထုံးစံအတိုင်း ဆေးရုံအရောက်နောက်ကျလို့လေ၊ ဒီနေ့မှ စီးလာတဲ့ကားက ပျက်တာကိုး၊ ဆေးရုံထဲဝင်လိုက်တော့ အားလုံးက Round နေပြီ''

တကယ်တော့ ဒီလိုအချိန်မျိုးဆို သားချစ်နှင့်အတူတူ ဆေးရုံက ပြန်ရသည့် ညနေတွေကို သတိရမိကာ သတိလက်လွတ်သွားမိခြင်းဖြစ်သည်။ ဒါပေမဲ့ အဲဒီအတိုင်း အမှန်ကိုတော့ မောင်သိလို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါလေ။

ထို့ကြောင့်ပင် တကယ်မဖြစ်ခဲ့သည့် ကိစ္စတွေကို ဇာတ်လမ်းဆင်ကာ လိမ်ညာလိုက်မိခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



''ကားပျက်တာများကွာ မောင့်ဆီ ဖုန်းဆက်လိုက်ရင် ချက်ချင်းလာမှာပေါ့''

''ဘာမှမဟုတ်တာလေးနဲ့ မောင် အလုပ်ပျက်မှာစိုးလို့ပါ''

ပြောသာ ပြောလိုက်ရသည် တကယ်တော့ ရာဇဝင်က သူ့အဖေ၏ ကင်မရာအရောင်းဆိုင်မှာ ဝင်ရောက် အလုပ်လုပ်ပေးနေသောသဘောမျှသာ ဖြစ်ကာ ထိုဆိုင်သို့လည်း တစ်ခါတလေမှသာ သွားတတ်မှန်း ဖွဲ့သိထားပါသည်။

များသောအားဖြင့်ကတော့ သူငယ်ချင်းအပေါင်းအသင်းများနှင့် တစ်နေရာရာမှာ အချိန်ကုန်နေသည်က များသည်။

သားချစ်ပြောသလို မောင်ဟာ ငယ်ငယ်တုန်းကတော့ ဆိုးခဲ့ ပေခဲ့ပေမယ့် ခုချိန်မှာတော့ ဒီလိုမျိုး ဆိုးသွမ်းသော လုပ်ရပ်တွေကို လုပ်တော့မှာ မဟုတ်ဟု ချစ်ခြင်းဖွဲ့က ယုံကြည်နေမိသည်။

ချစ်ခြင်းဖွဲ့၏ ပထမဆုံးရည်းစားဦးတစ်ယောက်ကို မျက်မြင်တွေ့ရခြင်း မရှိသော စွပ်စွဲချက်များနှင့်တော့ လက်လွှတ်ဆုံးရှုံး မခံနိုင်ပါ။

''ဖွဲ့ ဘာတွေစဉ်းစားနေတာလဲ၊ လမ်းလျှောက်တာကလည်း နှေးလိုက်တာ''

''ဘာမှမဟုတ်ပါဘူး မောင်ရယ်၊ မနက်က အားလုံးရှေ့မှာ





အဆူခံလိုက်ရတာဆိုတော့ စိတ်ထဲမှာ နည်းနည်းလေး မတင်မကျဖြစ်နေလို့ပါ''

ဒီညနေကတော့ သူမအတွက် မောင့်ကို လိမ်တာများနှင့်သာ ပြည့်နှက်နေတော့မှာ သူမ သေချာသိနေသည်။ တကယ်ဆို သားချစ်ဆိုသော သူငယ်ချင်းတစ်ယောက်ကြောင့်နှင့် ချစ်ခြင်းဖွဲ့မှာ ဘာမှခံဟားစရာ အကြောင်းမရှိ။

သူငယ်ချင်းဆိုတာ အချိန်တန်တော့လည်း ပြန်ခေါ်သွားကြမှာပဲဆိုပေမယ့် ဒီတစ်ခါကတော့ သားချစ်မျက်နှာမှ တည်ငြိမ်မှုနှင့် ပြတ်သားစွာ ပြောသွားသော အသံများက ချစ်ခြင်းဖွဲ့ နားထဲမှမထွက်အောင် ပြင်းထန်လွန်းနေသည်။

ခုဆိုရင် သားချစ်နှင့်ဖွဲ့တို့ မခေါ်မပြောကြတာ တစ်လပင်ရှိပြီလေ။ သားချစ်၏ ပြတ်သားပုံကတော့ လမ်းမှာတွေ့လျှင်တောင် ယောင်လို့လှည့်မကြည့်တတ်သည့် အချိုးမျိုးနှင့်ဖြစ်သည်။ ဖွဲ့မှာသာ သူမကို မမြင်ချင်ယောင်ဆောင်ပြီး လျှောက်သွားသော သားချစ်၏ နောက်ကျောပြင်ကို ငေးကြည့်ပြီး ကျန်ခဲ့ရစမြဲ။

''မောင် ဒီနေ့အတွက်ကတော့ ဖွဲ့ အခြေအနေကို လုံးဝသဘောမကျဘူး၊ မောင့်နားမှာရှိပြီး စိတ်တွေကတော့ မောင့်အနားမှာ မရှိဘူးဆိုတာ မောင့်စိတ်ထဲက အလိုလို သိနေတယ်၊ အဆူခံရတာ



www.burmeseclassic.com

www.burmeseclassic.com



လေး တစ်ခုတည်းအတွက်နဲ့တော့ မင်း ဒီလောက်ထိ မဖြစ်သင့်ပါဘူး ဖွဲ့ရယ်''

အိမ်ရှေ့လှေကားအောက် ရောက်စဉ်မှာ ထွက်လာသော မောင့်အသံကြောင့် သူမ အတွေးတို့ လက်ရှိအခြေအနေကို ပြန်သတိရသွားပြန်သည်။

မောင် ပြောသလိုပါပဲ။ ဒီညနေကတော့ သူမ စိတ်ဝေ့ယောက်ယက်ခတ်ကာ ကယောင်ချောက်ချား ဖြစ်နေမိသည်။

ဘာဖြစ်လို့များ ဒီညနေမှာ သားချစ်ကို ထူးထူးကဲကဲ သတိရနေမိမှန်းလည်း မသိ။

''ဆောရီး မောင်၊ မောင့်ကို ဂရုမစိုက်သလို ဖြစ်သွားရင် ခွင့်လွှတ်ပါနော်၊ ဒီနေ့ ဘယ်လိုဖြစ်မှန်းမသိအောင် စိတ်ဖိစီးမှုတွေ များလွန်းလို့ပါ''

သူမက မျက်နှာငယ်လေးနှင့် တောင်းပန်ကာ ခပ်နွမ်းနွမ်းပြောတော့ မောင်က သက်ပြင်းချလိုက်ပြီး သူမ နဖူးပြင်လေးကို ငုံ့နမ်းလိုက်သည်။

''ဟုတ်ပါပြီကွာ မင်းကို မောင်က နားလည်ပေးရမှာပေါ့၊ ကဲ တက်ပြီး ရေမိုးချိုး နားလိုက်တော့''

ဖွဲ့က မောင့်ကို တစ်ချက်ပြုံးပြလိုက်ပြီး ခေါင်းလေးညိတ်ပြကာ





လှေကားထစ်များအတိုင်း တက်ခဲ့လိုက်တော့သည်။

မောင်ရယ် ဖွဲ့ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မောင့်ကို ဘယ်လိုပြောပြရမလဲဟင်၊ တကယ်ဆို ဖွဲ့ကိုယ်တိုင်လည်း အဲဒီ ထူးဆန်းတဲ့ လစ်ဟာမှုလိုလို ဘာကြီးမှန်း မသိတဲ့ ခံစားချက်ရဲ့ ခေါင်းစဉ်ကို ဘယ်လိုတပ်ရမယ်ဆိုတာ မသိခဲ့ရိုး အမှန်ပါလေ။

■ ■ ■

''ပြန်လာပြီလား ဖွဲ့''

''အင်း ညက တော်တော် ပင်ပန်းသွားတယ်ကွာ၊ မွေးလူနာချည်းပဲ သုံးယောက်ဆက်တိုက် ကိုင်လိုက်ရတာ ခေါင်းတောင် မထူချင်တော့ဘူး''

အိမ်ထဲသို့ ဝင်လိုက်သည်နှင့် နွေးက ဆီးကြိုနှုတ်ဆက်တာကို မော့မကြည့်နိုင်တော့ဘဲ နွမ်းယဲ့နေသောကိုယ်နှင့် အခန်းထဲသို့ တန်းဝင်လာခဲ့လိုက်သည်။ နောက်တော့ ရေမိုးချိုး အဝတ်အစားလဲကာ အစာစားချင်စိတ်ပင် မရှိတော့ဘဲ ခုတင်ထက် လှဲချလိုက်မိတော့၏။

ထိုစဉ်မှာပင် အခန်းတံခါးက ဖျတ်ခနဲ ပွင့်လာကာ နွေးက အခန်းထဲသို့ ဝင်လာပြီး

''နင် တော်တော်ပင်ပန်းနေပြီလား၊ ထမင်းလေးတော့ ထ



www.burmeseclassic.com

www.burmeseclassic.com



စားလိုက်ဦးလေ၊ ဒီနေ့ လက်ရာက ဖူးဖူး ချက်ထားတာ၊ ငါးခေါင်းဟင်းချိုလေးနဲ့ ရှယ်ပဲ''

ဖွဲ့တစ်ယောက် နိုက်ဂျူတီပြီး၍ ပြန်လာတိုင်း ဒီလိုပဲ ပျော့ခွေနေကျမို့ နွေးကလည်း သူငယ်ချင်းကို အပျင်းပြေစကားပြောရန် ဝင်လာခဲ့ခြင်း ဖြစ်၏။

သို့သော် ဒီနေ့တော့ ဖွဲ့အခြေအနေက စကားတောင် ပြန်ပြောဖို့ အင်အား မရှိတော့သလို နုံးခွေနေမိသည်လေ။

''ထလေဟာ ထမင်းလေးတော့ ထစားလိုက်ပါဦး''

''တော်ပြီဟာ ငါ ထကို မထချင်တော့တာ၊ လန်းသွားအောင် တစ်ရေးအိပ်မှကို ဖြစ်တော့မှာပဲ၊ နင်ရော တရားရုံး မသွားဘူးလား''

''ငါ့ဆရာက ဒီနေ့ပဲ ပဲခူးမှာ အလုပ်သွားလုပ်လို့ အကုန်သွားကြတယ်ဟ၊ ဒီနေ့ ပိတ်ရက်ပေါ့ဟာ၊ အဲဒါကြောင့် ဒီနေ့ အော့ဖ်ရတာလေ''

''အင်း အင်း''

နားထောင်လိုက်ရသော်လည်း စိတ်တို့က အိပ်ခြင်းထဲမှာသာ ပျော်ဝင်ချင်နေကြပြီမို့ အသံတို့က မသဲကွဲ မပီသချင်တော့။

''ဩော် ဒါနဲ့ သိလား၊ ဒီနေ့ မနက်က ငါ မုန့်ထွက်စားတော့ လမ်းထိပ်မှာ သားချစ်နဲ့ တွေ့တယ်''





ပိတ်နေသော မျက်လုံးများကို ဖျပ်ဆို ချက်ချင်း ပွင့်လာလောက်အောင် စွမ်းနိုင်သော စကားလုံးပါပဲ။ ဖွဲ့ စိတ်ဝင်စားမှန်းသိလိုက်သော နွေးကလည်း စကားကို ဆက်ပါသည်။

''သူ့ကောင်မလေး လက်ကိုတွဲလို့ ပြုံးပြုံး ပြုံးပြုံးနဲ့ ငါ့စိတ်ထင် သူတို့ချိန်းပြီး မနက်စာ စားကြတာ ဖြစ်နိုင်တယ်''

''ဘယ်အချိန်လောက်လဲ''

မျက်လုံးများ ပိတ်ကျနေသည်အထိ အိပ်ငိုက်နေသော လူတစ်ယောက်ထံမှ ပီသစွာ ကြားလိုက်ရသော အလိုမကျသံကြီးက ထင်းထင်းကြီး။

''အင်း ခုနစ်နာရီခွဲလောက်ပဲ ရှိဦးမယ်နဲ့ တူတယ်''

နွေးစကားက သူမစိတ်တွေကို ပိုလို့တောင် မရိုးမရွ ဖြစ်စေသွားစေသည်။ ဘယ်တုန်းကမှ ဆယ်နာရီထက်စောပြီး မထတတ်သော သားချစ်ငယ်က မနက်ခုနစ်နာရီခွဲလောက်ကြီးကို ကောင်မလေး လက်ကို ချိတ်ပြီး လမ်းလျှောက်နေသည် ဆိုတာကတော့ တော်တော်ကို ထူးဆန်းသော အပြုအမူပါပဲ။

အဲဒီအကြောင်းတွေကြောင့်ပင် ဘာကိုမှန်းမသိပါဘဲ သူမစိတ်ထဲမှာ မခံချင် ဖြစ်သွားမိသည်။

သူကတော့ သူ့ကောင်မလေးနှင့် တပြုံးပြုံးဖြစ်နေသည့် အချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဖွဲ့ကတော့ အလုပ်တွေပင်ပန်းပြီး အားပေးနှစ်သိမ့်မည့်သူ မရှိ ဖြစ်နေရသည်။

တကယ်ဆိုရင် အရင်က ဒီလိုအချိန်မျိုးမှာ ဆေးရုံထိ လာမကြို့ရင်တောင် သူမ အိမ်ပြန်ရောက်ချိန်ဆို ဖုန်းလေးနဲ့ဖြစ်ဖြစ် လှမ်းဆက်ပြီး အားပေးတတ်သူပါ။

ခုတော့ သ[illegible]းချစ်က ဖွဲ့အပေါ်မှာ တကယ်ပဲ စိမ်းကားပြတ်သားနိုင်ပြီလား။

"ဟဲ့ နှင့်ပုံကလည်းဟယ် နှင့်ရည်းစား ရာဇဝင်ကို တခြားကောင်မလေး လက်တွဲပြီး တွေ့လိုက်တယ်လို့ ပြောရင်တောင် ဒီလောက်ထိ မျက်စိမျက်နှာ ပျက်မယ် မထင်ဘူး"

ဖွဲ့ပုံက ဒီလောက်တောင်ပဲ သိသာသွားခဲ့သည်လား။ တကယ်တော့လည်း ချစ်ခြင်းဖွဲ့ဟာ သားချစ်ငယ်ရဲ့ ရှိသမျှသော သံယောဇဉ်တွေကို သူ တစ်ယောက်တည်းသာ အပိုင်သိမ်းထားချင်နေခြင်း ဖြစ်သည်။

ဘယ်လောက်များ လောဘကြီးလိုက်ပါသလဲနော်။

ဒီလိုမျိုး စိတ်ခံစားချက်ဟာလည်း ရာဇဝင်အပေါ်မှာ သစ္စာဖောက်ခြင်းလို့ မသတ်မှတ်နိုင်ဟု သူမကိုယ်သူမလည်း ပြန်ပြီး ကာကွယ်နေမိသေး၏။ ဒါဟာ သူငယ်ချင်းတစ်ယောက်အပေါ် ထားသည့် အဖြူ





ရောင် သဝန်တိုမှု တစ်ခုရယ်ပါ။

"ဟုတ်ပါဘူးဟာ ငါ တကယ်ပင်ပန်းနေလို့ပါ၊ ဘယ် လောက်တောင် အိပ်ချင်နေလဲဆိုတာ မျက်နှာမှာတောင် ပေါ်နေပြီ မဟုတ်လား ဟင်၊ ဟင်း"

"ကဲ ဟုတ်ပါပြီ ဒီလောက်တောင် အိပ်ချင်နေရင်လည်း အိပ်တော်မူပါတော့နော်၊ ကျွန်ုပ်မ သွားပါတော့မယ်"

အခန်းထဲက ထွက်သွားသော နွေးဇာ်ခြေသံ ပျောက်ကွယ်သွားတော့မှ သူမ စိတ်တွေက ပိုလို့တောင် ယောက်ယက်ခတ်လာ သည်။ အိပ်ချင်စိတ်ဆိုတာလည်း သားချစ်အကြောင်းကို ကြားပြီးတည်း က ဘယ်နားသို့ ရောက်လာမှန်း မသိတော့တာ အမှန်။

နင့်အတွက် ငါက အချစ်ဆုံး သူငယ်ချင်းဆို။ ခုတော့ အဲဒီ သူငယ်ချင်းကိုတောင် လုံးဝ သတိမရတော့အောင် ဘယ်သူတွေက ပြုစားလိုက်ကြတာလဲ။ ငါသိချင်တယ် သားချစ်ရယ်။

■ ■ ■

ဖွဲ့တို့လို ဟောက်စ်ဆာဂျင်တွေအတွက် ပေးထားသော အခန်းလေးထဲမှာ ဖူးဖူးတို့ ထည့်ပေးလိုက်သော ညစာထမင်းချိုင့်လေးကို ဖွဲ့တစ်ယောက်တည်း ဖွင့်စားနေတုန်း မောင့်ထံမှ ဖုန်းဝင်လာပြီး

"ဖွဲ့ ဘာလုပ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားနေတာ မောင်ရဲ့၊ ဘာလဲ ဖွဲ့ကို လွမ်းလို့ ဆက်တာ မဟုတ်လား"

ဖွဲ့က ခပ်မြူးမြူးလေး မေးလိုက်တော့ မောင့်ထံမှ ရယ်သံမျှင်းမျှင်းလေး ထွက်လာသည်။

"ဟင်း ဟင်း ဟုတ်ပကွာ၊ ဖွဲ့ဆီ လာမလို့လေ၊ ဖွဲ့ အားမှ အားရဲ့လားလို့ ဖုန်းဟမ်းဆက်ကြည့်တာ"

တကယ်ဆို ဒီလိုမျိုး ဖွဲ့ နိုက်ဂျူတီကျသည့် ရက်မျိုး၌ မောင့်ထံမှ ဖုန်းများလာတတ်သော်လည်း ခုလို လူကိုယ်တိုင် လာမည်ဟုတော့ တစ်ခါမှ မတောင်းဆိုဖူး။

"လောလောဆယ်တော့ အားနေပါတယ် မောင်၊ မောင်က အခု ဘယ်မှာလဲ"

"မောင်က ဘော်ဒါတွေနဲ့ အလုပ်ကိစ္စရှိလို့ စော်ဘွားကြီးကုန်းဘက်ကို ရောက်နေတာ၊ သဲတို့ ဆေးရုံနဲ့လည်း နီးနေတာပဲ၊ အဲဒါကြောင့် ဒီနေ့ တစ်နေ့လုံး သဲလေးကို မတွေ့ရသေးဘူးဆိုတော့ တစ်ခါတည်း ဝင်တွေ့လိုက်မလို့လေ သဲရဲ့"

မောင့်လေသံ နားထောင်ရတာ တစ်ခုခု ထူးခြားနေသည်ဟုတော့ ဖွဲ့ တပ်အပ် ပြောနိုင်ပါသည်။ သို့သော် ထူးခြားချက်က ဘာဆိုတာတော့ ဖွဲ့ မခန့်မှန်းတတ်ပေ။





"မောင် လာချင်လာခဲ့လေ၊ သိပ်တော့ နောက်မကျစေနဲ့ နော်"

"အိုကေ မိန်းမရေ မောင် အရောက်လာခဲ့မယ်"

မောင်က ဖုန်းလေးကို ချသွားသော်လည်း ဖွဲ့စိတ်ထဲမှာ တစ်မျိုးကြီးပင် ခံစားနေရဆဲ ဖြစ်သည်။ ဒီနေ့မှ မောင့်လေသံက တစ်ခုခုကြောင့် အူမြူးနေသည့်ပုံပင်။ ဖွဲ့ကို တစ်ခါမှ မခေါ်ဘူးသည့် နာမ်စားတွေကိုလည်း သုံးနှုန်းကာ ခေါ်သွားသေးသည်လေ။

ဘာတဲ့ သဲတဲ့။ မိန်းမတဲ့။ နားထဲမှာ ဘယ်လိုမှ မရင်းနှီးခဲ့သော အခေါ်အဝေါ်များသာ ဖြစ်သည်။

အို ဘယ်လိုပဲဖြစ်ဖြစ်ပါ မောင် ပျော်နေလျှင် ဖွဲ့က ဝမ်းသာနေရမှာပေါ့။ ဘာလို့များ တောင်တောင်ဇီအီတွေ လျှောက်တွေးနေမိသည် မသိ။ မောင့်ဘာသာ ဘယ်လိုခေါ်ခေါ် ထိုအခေါ်အဝေါ်များအားလုံးဟာ ဖွဲ့ကို ရည်ညွှန်းနေတာပဲ မဟုတ်လား။

ထိုအတွေးတို့ကို ခေါင်းထဲမှ အမြန်ထုတ်ပစ်လိုက်ပြီး ထိုင်ခုံလေးမှ ထလိုက်၏။

"ဘယ်သွားမလို့လဲ ဖွဲ့"

အခန်းထဲသို့ ဝင်လာသော ဖွဲ့တို့ အတန်းထဲမှ ဒေါက်တာပန်းနုက အပြင်သို့ထွက်ရန် ခြေလှမ်းပြင်နေသော ဖွဲ့ကို မေးလိုက်ခြင်းဖြစ်သည်။ ဖွဲ့ကလည်း နားကြပ်လေးနှင့် သွေးပေါင်ချိန်တိုင်းသည့်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကို လက်နှင့်ကောက်ကိုင်လိုက်ပြီး

"ရောင်းဒ်လိုက်ဦးမယ်လေ၊ ပန်းရော ဘယ်က ပြန်လာတာ
လဲ"

"ခုပဲ ပန်း လှည့်ပြီး ပြန်လာတာ၊ ဖွဲ့ မသွားလည်း ရသေ
တယ်၊ လူနာတွေက အိပ်တောင် ပျော်နေကြပြီ"

"ခုတင်နံပါတ်ရှစ်က လူနာကို ညရှစ်နာရီ ဆေးတိုက်ရမယ်
လေ၊ အဲဒါကြောင့် ဖွဲ့သွားတိုက်မလို့"

"အဲဒါလည်း ပန်း တိုက်ခဲ့ပြီးပါပြီရှင်၊ ဖွဲ့ အနားယူပါ
ညနေက တစ်ချိန်လုံး ဖွဲ့ပဲ လုပ်ပေးနေတာလေ"

ပန်းက ဖွဲ့ကို ထိုင်ခုံတွင် အတင်းပြန်ထိုင်ခိုင်းကာ ရယ်မော
မောမောနှင့် ပြောလိုက်သည်။

"ထမင်းစားပြီးပြီလား"

ပန်းနုက ထမင်းချိုင့်လေးကို ဖွင့်ကာ သူမကို မေးတေ
ဖွဲ့က အားနာသွားရကာ

"ခုလေးတင် ပြီးသွားတာလေ၊ တအား ဗိုက်ဆာတာနဲ့ စ
လိုက်တော့တာ"

"ဟုတ်လား ဒါဆို ပန်းလည်း ဟိုဘက်ဝဒ်က မြနှင်းတို့
မှာပဲ အတူတူ သွားစားတော့မယ်၊ သူတို့ကတော့ စားပြီးဦးမယ် မ





ဘူး"

ပန်းနု ထွက်သွားသည်နှင့် ဖွဲ့လည်း နဂိုကမှ ပင်ပန်းနေသည်
မို့ စားပွဲခုံလေးတွင် မှောက်ကာ အိပ်ပျော်သွားလိုက်တာ မည်မျှပင်
ကြာသွားသည် မသိ။ နားထဲသို့ တိုးဝင်လာသော အသံခပ်သဲ့သဲ့
တစ်ခုကြောင့်

"ဒေါက်တာ၊ ကျွန်မသား ဘာဖြစ်တယ် မသိဘူး၊ တအား
အော်နေလို့ရှင်၊ ဒေါက်တာ ဒေါက်တာ"

အမျိုးသမီးတစ်ယောက်၏ အသံကြောင့် ဖွဲ့လည်း ယောင်
ယမ်းယမ်းနှင့်ပင် ခေါင်းကို မနည်းထူကာ ထလိုက်ရသည်။

"ဒေါက်တာ လုပ်ပါဦးရှင်၊ သားလေးက ခွဲထားတဲ့နေရာက
နာတယ်ဆိုပြီး တအားအော်နေလို့ပါ"

ခုလို လာပြောနေသော အမျိုးသမီးကြီးကို ဖွဲ့ သေချာမှတ်မိ
ပါသည်။ ဒီနေ့မနက် အစောကြီးက သူ့သားရဲ့ ဗားထိုးခံရသော
ဒဏ်ရာနှင့် ဆေးရုံသို့ရောက်လာသော အမျိုးသမီးကြီး။ သူငယ်ချင်း
ချင်း ရန်ဖြစ်ရာမှ လက်လွန်ပြီး သူ့သားက ဓားနှင့်ထိုးခံရခြင်းဖြစ်သည်။

ဆာဂျရီဝဒ်မှာ တစ်မနက်လုံး အလုပ်ရှုပ်သွားသည်ထိ ခွဲခန်း
ထဲ ဝင်လိုက်ထွက်လိုက် လုပ်နေရသော အတွင်းလူနာ ဖြစ်သည်။

ဖွဲ့က လက်မှနာရီကို တစ်ချက်ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်အချိန်က နိုးလာတာလဲ"

"ခုလေးတင်ပါ၊ နိုးတာနဲ့ ချက်ချင်းကို နာတယ်လို့ အော်နေတော့တာပါပဲရှင်"

"ဒါဆို သူ မေ့ဆေးပြယ်သွားလို့ ချုပ်ထားတဲ့နေရာက နာတာပါ၊ ဘာမှစိုးရိမ်စရာတော့ မရှိပါဘူး၊ ကျွန်မ လိုက်ကြည့်ပေးပါ့မယ်"

သူမက လူနာရှိရာသို့ လိုက်လာပြီး အနာသက်သာစေမည့် ဆေးတစ်လုံး ထိုးပေးလိုက်သည်။

"ဘာမှ စိုးရိမ်မနေပါနဲ့ ဒေါ်ဓလေး၊ ကျွန်မတို့ ခွဲစိတ်တာ ဘာအမှားအယွင်းမရှိ အောင်မြင်ပြီးသားပါ၊ နောက်ထပ် လိုအပ်တာ ရှိရင်လည်း ကျွန်မတို့ကို အကြောင်းကြားနော်၊ ကျွန်မတင် မဟုတ်ဘူး။ ဘယ်ဆရာဝန်ပဲ ရောင်းဒ် လုပ်လုပ် ဒေါ်လေး လိုအပ်တာရှိရင် ပြောလို့ရတယ်"

အမျိုးသမီးကြီးပုံစံက တကယ့်ကို ရိုးရိုးအေးအေး ပုံတုံးတုံးကြီးမို့ ဖွဲ့က သေချာပြောပြနေရသည်။

"ကျေးဇူးပါပဲ ဒေါက်တာရယ်"

"ရပါတယ် ဒေါ်လေး"

"ဪ ဒါနဲ့ ခဏနေရင် ဒေါ်လေးသား အမှုဖြစ်တဲ့ မြို့နယ် အရာရှိတွေ လာတွေ့ကြလိမ့်မယ်၊ လူနာက နည်းနည်းမိန်းနေတာပါ။





စကားတော့ နည်းနည်းပါးပါး ပြောနိုင်ပါလိမ့်မယ်"

ထိုမိန်းမကြီးကို မှာစရာရှိသည်များ မှာပြီးသည်နှင့် သူမ လှည့်ထွက်လိုက်စဉ်မှာပင် ထိုအခန်းဝ၌ အုတ်နံရံတစ်ဖက်ကို ခပ်လျှော လျှောမှီကာ လက်နှစ်ဖက်ကို ယှက်ပိုက်လျက် ဖွဲ့ကို ရီဝေဝေ စိုက်ကြည့်နေသော မောင့်ကို တွေ့လိုက်ရခြင်းပါ။

"ဟင် မောင် ဒီမှာ ဘာလုပ်နေတာလဲ"

"ဖွဲ့ဆီ လာတာလေ၊ ဘာဖြစ်လို့လဲ ဖွဲ့ရဲ့"

"မဟုတ်ဘူးလေ၊ ဝဒ်ထဲထိ ဘယ်လိုရောက်နေတာလဲလို့ မေးနေတာ၊ ဖွဲ့ ထွက်သွားတည်းက မောင်က တွေ့လိုက်လို့ လိုက်လာတာလေ"

မောင့်ကိုကြည့်ရတာ ဘာဖြစ်နေမှန်း မသိပေမယ့် တစ်ခုခု ဖြစ်နေသည်ဆိုတာကတော့ မောင့်မျက်နှာကို ကြည့် ယည်နှင့် ဖွဲ့ နားလည်လိုက်သည်။ ထို့ကြောင့်ပင် မောင့်လက်မောင်းတစ်ဖက်ကို ဖွဲ့က လှမ်းဆုပ်ကိုင်ကာ ဆေးရုံဝင်းထဲသို့ ဆွဲခေါ်သွားလိုက်ရ၏။

ဖွဲ့ထင်သည်က မောင်များ အရက်တွေ သောက်လာသလား လို့ပါ။ ယောကျ်ားတွေက အပေါင်းအသင်း စုံလျှင် အဲဒီအပျော်အပါး လေးတွေ မက်တတ်ကြသည် မဟုတ်လား။

"မောင် အရက်တွေ သောက်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



အထင်နှင့် မေးသာ မေးလိုက်ရသည်။ မောင့်တစ်ကိုယ်လုံးမှာ အရက်နံ့တစ်စက်မှ မရှိပါ။ မောင်သုံးနေကျ Police ရေမွှေးနံ့ကသာ သင်းထုံနေသည်။

"ဖွဲ့ရယ် မောင့်ပုံက အရက်တွေသောက်ပြီး အဆီတွေပြန် အရက်စော်တွေ နံနေလို့လားဟင်၊ ပြောစမ်းပါဦး ဖွဲ့လေးရဲ့"

ဟောကြည့် အရက်မမူးသော်လည်း မောင့်လေသံတွေက ပုံမှန်မဟုတ်တာ သေချာနေပါသည်။

"မဟုတ်ဘူး မောင်၊ မောင် အရက်မသောက်ခဲ့ဘူးဆိုရင် ဘာလုပ်လာလဲ ဖွဲ့ကို မှန်မှန်ဖြေ"

"အမလေး ဒေါက်တာချစ်ခြင်းဖွဲ့ရဲ့၊ ဆရာဝန် မလုပ်ဘဲနဲ့ ရှေ့နေတို့ တရားသူကြီးတို့ပဲ လုပ်စားပါတော့လားကွ၊ ဒီလေသံနဲ့သာဆိုရင် တရားခံက တစ်ခါတည်းနဲ့ကို ဝန်ခံမှာ သေချာတယ်"

"မောင်ကတော့ ဝန်မခံဘူး မဟုတ်လား"

"အေးလေ မောင်က တရားခံမှ မဟုတ်တာ"

"မောင်နော် ဒါ ဖွဲ့အလုပ်ချိန်၊ မောင့်ကို ချစ်လွန်းလို့ အချိန်တစ်ဝက် ခွဲပေးထားတာ၊ အဲဒါကို မောင်က ဖွဲ့အပေါ် ဒီလောက်လေးတောင် ကောင်းကောင်းမွန်မွန် မဆက်ဆံနိုင်ဘူးလား"

"ဟား မောင်က ဖွဲ့ကို ဘာတွေများ လုပ်မိသေးလို့လဲ"





သူမက သက်ပြင်းလေးကို အသာချပြီး မောင့်ကို မျက်စောင်းတစ်ချက် ထိုးပစ်လိုက်၏။ ထိုစဉ်မှာပင် ဆေးရုံဝင်းထဲသို့ ရဲကားတစ်စီး အသံပေးလျက် ဝင်လာရာ မောင့်မျက်နှာက ဖွဲ့အတွက်တော့ တစ်ခါမှ မမြင်ဘူးသည့် ပုံမျိုး အလွန်ဆိုးရွားစွာ ပျက်ယွင်းကျသွားပြီး ဖွဲ့ကိုလည်း လက်ညှိုးငေါက်ငေါက်ထိုးလျက်

"မင်း မင်း ငါ့ကို ဘာလုပ်တာလဲ ချစ်ခြင်းဖွဲ့၊ မင်း ငါ့ကို ဒီလို ထောင်ချောက်ဆင်တယ်ပေါ့ ဟုတ်လား"

မောင်က သူမကို ဒေါသတကြီးနှင့် ပြောလိုက်ပြီး ပေါ်တီကိုအောက်တွင် ထိုးရပ်နေပြီဖြစ်သော ရဲကားများကို တစ်ချက်မျှ စက်ဆုပ်ရွံရှာစွာ ကြည့်လိုက်ကာ

"သူတို့ကို ပြန်မောင်းထုတ်လိုက်လေ၊ မင်း ဘာလုပ်နေတာလဲ ဘာလို့ ဒီအတိုင်း ရပ်ကြည့်နေတာလဲ၊ သူတို့ကို မောင်းမထုတ်ရင် ငါ ငါ သွားတော့မယ်"

မောင့်မျက်နှာက အပျက်ကြီးပျက်ရှိသာမက အသံများကပါ အဖျားခတ် တုန်ယင်လာကြသည်။ ထူးဆန်းလှသော မောင့်အပြုအမူတွေကြောင့် ဖွဲ့မှာ အံ့ဩမိသော်လည်း အလုပ်တာဝန်အရ ရဲအရာရှိထံသို့ လျှောက်သွားလိုက်ပြီး ခုနက မားထိုးခံရသော လူနာဆီသို့ ခေါ်ဆောင်သွားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကတော့ ဆေးရုံဝင်းထဲမှာ မည်သို့ဖြစ်ပြီး ကျန်ခဲ့သည် မသိ။ ဆေးရုံအပေါ်ထပ် ဝရန်တာမှ ထွက်ကြည့်မိတော့ မောင့်အရိပ် အရောင်မျှပင် မတွေ့ရတော့ပါ။

ဒီညအတွက်တော့ မောင်က သူမကို အံ့ဖြေရှာရန်ခက်သည့် ပဟေဠိများ ဝှက်ကာ မပျင်းရစေရန် စီမံသွားလေပြီ။

■ ■ ■



## အခန်း (၃)

"ဖွဲ့ မောင်ပါ"

အိမ်ဖုန်းမြည်သံကြောင့် အိမ်တွင် သူမ တစ်ယောက်တည်း ဆိုသော အသိနှင့်အတူ အခန်းထဲတွင် စာကြည့်နေရင်းနှင့်မှ ဖုန်း ထွက်ကိုင်လိုက်ခြင်း ဖြစ်၏။

တစ်ပတ်လုံးလုံး ပစ်ထားခဲ့သော ချစ်သူထံမှ ဖုန်းဖြစ်နေလိမ့် မည်ဟု ဘယ်လိုမှ မတွေးထားမိတာပါ။

ထင်မှတ်မထားပါဘဲ မောင့်အသံ ကြားလိုက်ရခြင်းကြောင့် မပြေသေးသော စိတ်အခံလေးနှင့် ဖုန်းခွက်ကို ပြန်ချမည် ပြင်ပြီးမှ အကျိုးအကြောင်းလေးတော့ နားထောင်ချင်သေးသဖြင့် ပြန်ထူးလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



အသံကတော့ မာတောင့်တောင့်။

"အင်း ပြော ဘာကိစ္စလဲ"

ဖွဲ့အသံမာမာကြောင့် ရာဇဝင်က ဆန့်ကျင်ဘက်လေသံအဖြစ် သူ့လေသံကို အပျော့ပျောင်းဆုံး ဖန်ဆင်းလိုက်ကာ

"ဖွဲ့ရယ် အသံက ဘယ်လိုဖြစ်ရတာတုန်း၊ မောင့်ကို စိတ်ကောက်နေတာလား ဟုတ်လား"

"မကောက်ပါဘူး မောင်ဆိုတာ ဘယ်သူလဲလို့ ပြန်စဉ်းစားနေရလို့ ကိုယ့်ကိုယ်ကို စိတ်တိုနေမိတာပါ"

ဖွဲ့ရဲ့ ရွှဲတဲ့တဲ့ အဖြေကြောင့် မောင့်ထံမှ ရယ်သံပါးပါးလေး ကြားရသည်။ မောင့်ပုံစံ ကြည့်ရတာ ဖွဲ့ မကျေမနပ်မချင်း ချော့မည့်သဘောနှင့်များ ဖုန်းဆက်လိုက်လေသလား မသိ။

"မောင့်ကိုတောင် မေ့နေပြီဆိုတော့ ဖွဲ့က အသစ်တွေ တွေ့နေပြီလား ပြောစမ်း၊ ဘယ်လိုပဲဖြစ်ဖြစ်နော် မောင့်ကို ဖွဲ့သစ္စာဖောက်လို့ကတော့ ဖွဲ့ကိုလည်း သတ်မယ်၊ နောက်တစ်ကောင်ကိုလည်း သတ်မိမှာပဲ သိလား"

"အမလေး ကြောက်နေရပါလား၊ ရှင်က ဘာမို့ ဖွဲ့ကို ချုပ်ကိုင်ချင်နေတာလဲ"

"အောင်မာ ဒီကောင်မလေးတော့ အနားမှာရှိရင် ဖက်နမ်းပစ်





လိုက်မိတော့မှာပဲ၊ ကိုယ့်ချစ်သူကိုတောင် ရှင်က ဘာမို့ ချုပ်ကိုင်ချင်တာလဲလို့ မေးရဲတယ် ဟုတ်လား"

"ဒီမှာ ကိုရာဇဝင် ဖွဲ့ မအားဘူး၊ ညက ပင်ပန်းထားလို့ အနားယူနေတယ်၊ ကျေးဇူးပြုပြီး ဖုန်းကို ချလိုက်ပါတော့"

ပြောနေရင်းတန်းလန်းနှင့် ဒေါသများက လှိမ့်ထွက်လာသောကြောင့် ဖွဲ့က ဖုန်းခွက်လေးကို ဆောင့်ချပစ်လိုက်မိသည်။

ချက်ချင်းလိုလိုပင် ဖုန်းလေးက အသံပြန်မြည်လာသော်လည်း သူမက ကောက်မကိုင်တော့။ ခုလောလောဆယ်တော့ မောင့်ကို ဘယ်လိုနည်းနဲ့မှ စကားကောင်းကောင်းမွန်မွန် ပြောနိုင်ဦးမှာ မဟုတ်တာ သေချာသည်။

အခန်းထဲ ပြန်ဝင်ကာ နားနှစ်ဖက်ကို ခေါင်းအုံးနှင့် ဖိအိပ်ပစ်လိုက်တော့မှ အိမ်တံခါးဆီမှ ဘဲလ်သံ ထွက်ပေါ်လာခြင်း ဖြစ်၏။

ဖူးဖူးနှင့် နွေးတို့ ပြန်လာသည်ဆိုပါက သူတို့ဆီမှာ သော့တစ်ချောင်းဆီရှိသည်မို့ ဘဲလ်တီးစရာ မလို။ ခုတော့ ဧည့်သည်တစ်ယောက်ယောက်သာ ဖြစ်ရမည်ဟု တွေးမိပြီး တံခါးထဖွင့်ရန် ပြင်လိုက်သည်။

အမှန်အတိုင်း ဝန်ခံရပါလျှင် သားချစ်များလားဟု တွေးမိကာ အပြေးကလေး ထွက်လာမိခြင်း ဖြစ်၏။ သားချစ်ဆိုလျှင် သူ့ကို ခေါ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီသွားသောက်ကြရလျှင် ကောင်းမည်လေ။

ထိုသို့ တွေးလိုက်မိပြီးမှ ကိုယ့်ခေါင်းကိုယ် လက်ဖနှောင့်လေးနှင့် သုံးလေးချက် ဆင့်ခေါက်ပစ်လိုက်မိသည်။

တကယ်ဆို သားချစ်က ဖွဲ့ကို သူငယ်ချင်းခန်း ဖြတ်ထားခဲ့တာ အချိန်တွေပင် တော်တော်ကြာခဲ့ပြီလေ။

ဒါဆို ဘယ်သူများပါလိမ့်ဟူသော အတွေးနှင့်အတူ အပြင်ဘက်သို့ တံခါးဆီမှ ချောင်းကြည့်ပေါက်လေးကနေ ကြည့်မိတော့မှ ခေါင်းငိုက်စိုက်ကျကာ ရပ်နေသော မောင့်ကို တွေ့လိုက်ရတော့ သူမ စိတ်မာတ်တွေ ကျသွားမိတာ ထူးဆန်းနေသလားတော့ မသိ။

မောင့်လက်ထဲမှာလည်း ဟန်းဖုန်းလေးက ဖွင့်လျက်သားနှင့် အိမ်ခန်းထဲမှ ဖုန်းကလည်း အဆက်မပြတ် မြည်နေလေရာ ဖွဲ့မှာ တော်တော်ပင် စိတ်ပျက်သွားမိတော့သည်။

တံခါးမကြီးကို ဆွဲဖွင့်လိုက်ပြီး သံပန်းတစ်ထပ် ဆီးတားထားသည့်ကြားမှပင် မောင့်ကို လှမ်းစကားပြောရန် ပြင်လိုက်၏။

"ရှင် ဘာကိစ္စရှိလို့လဲ"

"ဖွဲ့ရယ် မောင့်ကို ဘာလို့ စိမ်းစိမ်းကားကား စကားလုံးတွေ သုံးနှုန်းပြီး ခေါ်နေရတာလဲ"

ရာဇဝင်က ဖွဲ့ဆီမှ ချစ်အဖြေရပြီး ရည်းစား စဖြစ်သည့်နေ့မှာ





ပင် သူ့ကို မောင်လို့ ခေါ်ရန် ပထမဆုံးအနေနှင့် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အကြောင်းတစ်ခုံတစ်ရာကြောင့် ဖွဲ့ရဲ့သူငယ်ချင်းတွေရှေ့ဖြစ်စေ မောင့်သူငယ်ချင်းတွေရှေ့မှာဖြစ်စေ ဖွဲ့က ရှက်ကြောက်ကာ တခြားတစ်မျိုး ပြောင်းခေါ်လျှင်တောင် စိတ်ဆိုးတတ်ခဲ့သော မောင်ဖြစ်သည်။

"ဘာဖြစ်လဲ ဖွဲ့က ရှင်စိမ်းကားလို့ ပြန်စိမ်းကားရတဲ့သူပါ"

"ဘယ်လိုပဲဖြစ်ဖြစ်ကွာ မောင့်ကို မောင်လို့ခေါ်တဲ့ အသံပဲ မောင် ကြားချင်တယ်၊ ဘယ်လောက်ပဲ ရန်ဖြစ်ပြီး စိတ်ဆိုးစိတ်ကောက်နေပါစေ မောင်လို့ပဲ ခေါ်ရမယ်"

"ဩော် ရှင်က ခုချိန်ထိတောင် ဖွဲ့ကို အမိန့်ပေးနေတုန်းပါလား။ ရှင့်ကိုယ်ရှင် ဘာထင်နေလို့လဲ"

"ဖွဲ့ကလည်းကွာ ဘာမဟုတ်တဲ့ ကိစ္စလေးတစ်ခုအတွက်နဲ့ မောင့်ကို ဘာဖြစ်လို့ ဒီလိုမျိုး စိမ်းကားနေရတာလဲ"

"ဘာမဟုတ်တဲ့ကိစ္စလေး ဟုတ်လား မောင်"

ခေါ်နေကျ အကျင့်ဖြစ်နေသည်မို့ ဘယ်လောက်ပဲ သူ့ကို စိတ်ဆိုးလို့ စိမ်းကားစွာ ပြောဆိုနေသော်လည်း သတိလွတ်သွားသော တစ်ချက်တွင် မောင်ဆိုသော နာမ်စားလေးက လွှတ်ကျသွားတော့ ရာဇဝင့်မျက်နှာက ပြုံးရိပ်သမ်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို သေချာရှင်းပြခွင့်ပေးပါ ဖွဲ့ရယ်၊ အဲဒါတွေ ပြောပြ ချင်လို့လည်း ဒီလိုမျိုး မောင် အပင်ပန်းခံနေတာပေါ့"

"ခံရမှာပေါ့၊ ကိုယ်က မှားထားတဲ့လူဆိုတာလည်း သတိရဦး လေ"

"ဟုတ်ပါတယ် ဖွဲ့ ဆေးရုံကို လာတဲ့နေ့က မောင်တို့ ဘော်ဒါ တွေ ဆိုတာနဲ့ နည်းနည်းလေး သောက်ဖြစ်သွားကြတယ်၊ ဒါပေမဲ့ ဖွဲ့ သိရင် မောင့်ကို စိတ်ဆိုးမှာစိုးလို့ ဝန်မခံခဲ့တာပါ၊ ပြီးတော့ နောက်နေ့ မနက်မှာပဲ ဖွဲ့ဆီ လာချင်ပေမယ့် မောင့်ဖေဖေက အားချင်းပဲ မန္တလေးကို လွှတ်လို့ သွားလိုက်ရတယ်လေ၊ ဟိုမှာ မောင့် ဘွားဘွားက အမောဖောက် တာနဲ့ အသည်းအသန် အခြေအနေမို့ သွားကြည့်ရတာ၊ ခုတော့လည်း သက်သာသွားပါပြီ၊ နောက်ဆုံးတော့ မောင့်မှာသာ ဖွဲ့ရဲ့ အထင်လွဲခြင်း ခံလိုက်ရတာပဲ အဖတ်တင်ကျန်ခဲ့တယ်"

ဒါတွေဟာ တကယ်ပဲလား။ မောင် ဖာတ်လမ်းဆင်နေတာလား ဆိုတာ ဖွဲ့ မသိရပေမယ့် မောင် ပြောနေသည့် မျက်နှာပေးကတော့ တကယ့်ကို အယူခံဝင်နေသည့် သနားစရာ မျက်နှာပေးမျိုး။

ပြီးတော့ ဖြစ်စဉ်အစအဆုံးအား ဖွဲ့ကိုလည်း သေချာ ပြန်ရှင်းပြ နေသေးသည်။ အဲဒီတည်းကိုက သူ့ကိုယ်သူ မလုံမလဲဖြစ်နေတာ ပေါ်လွင် နေသည် မဟုတ်လား။





အဲဒါကိုက ဖွဲ့အတွက် မယုံကြည်ချင်စရာ ဖြစ်နေသော်လည်း နောက်ထင် ဖာတ်လမ်းတစ်ပုဒ် မောင့်ပါးစပ်မှ မထွက်ကျလာခင် သူမက သက်ပြင်းတစ်ခုကို ချလိုက်ပြီး

"မောင် ပြောတာတွေက တကယ်လား။ လိမ်နေတာတွေလား ဆိုတာ ဖွဲ့ မသိရပေမယ့် ဒီနေ့အတွက်ကတော့ ဖွဲ့ကို ဘာမှထပ်မပြော ပါနဲ့တော့၊ ဖွဲ့ သိပ်ပင်ပန်းနေလို့ပါ၊ ဖွဲ့စိတ်ပါတဲ့ အချိန်ကျရင်တော့ မောင်ပြောတာကို လက်ခံစဉ်းစားပေးလိုက်မယ်၊ ပြီးတော့ ဖွဲ့ စိတ်ပြေမှပဲ ဖုန်းပြန်ဆက်လိုက်တော့မယ်၊ ဟုတ်ပြီလား ခုတော့ မောင် ပြန်လိုက်တော့ နော်"

စကားဆက်ပြောချင်စိတ် မရှိသည်မို့ တံခါးချပ်များကို ပိတ်ချ လိုက်ကာ အခန်းထဲ ပြန်ဝင်ခဲ့လိုက်မိသည်။ တကယ်ဆို မောင် ပြောတာ တွေကို သူမ ယုံသင့် မယုံသင့်ဆိုတာကလည်း တော်တော်ကို စဉ်းစားရ ကျပ်သော ပြဿနာတစ်ရပ်သာ ဖြစ်၏။

ပြီးတော့ မောင့်ပုံစံကလည်း တစ်ခုခု ဖြစ်နေတာပါဟု သံသယ ဝင်ရလောက်အောင် ဘာသက်သေပြစရာမှ မရှိခဲ့ဘူး မဟုတ်လား။ အမူအရာ ပျက်ယွင်းနေခဲ့တာလေး တစ်ခုက လွဲရင်ပေါ့လေ။

ထို့ကြောင့်ပင် မောင်နှင့်ပတ်သက်၍ တင်းနေသည့် စိတ်တွေကို လျှော့ချပစ်လိုက်ကာ အိပ်ရန်ပြင်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ဖွဲ့ဘက်က ဒီလောက် လွယ်လွယ်နှင့် အလျှော့မပေးလိုက်ချင်တာကတော့ အမှန်ပဲ ဖြစ်သည်။

သို့သော် မရမက လိုက်တောင်းပန်နေမည့် မောင့်ပုံကို မြင်ယောင်နေမိတာရော မောင်ဟာ မဟုတ်တဲ့ကိစ္စတစ်ခုခု ဒါမှမဟုတ် ဥပဒေနှင့် မလွတ်ကင်းသည့် ကိစ္စတစ်ခုခု ကျူးလွန်ထားပါသည်ဟု ပြောရအောင်ကလည်း ဖွဲ့ဘက်မှာ ဘာသက်သေမှ မရှိခြင်းတို့က မောင့်ကို ဆက်ပြီး စွပ်စွဲရန် မသင့်တော့ဟု သတိပေးနေသည်။

ဖွဲ့ ယုံကြည်တာ တစ်ခုတော့ ရှိပါသည်။ မောင်နဲ့ပတ်သက်၍ ဖွဲ့ဘက်က အလျှော့ပေးခဲ့သည်ဖြစ်စေ၊ တင်းမာနေခဲ့သည်ဖြစ်စေ အမှန်တရားကတော့ ဘယ်တော့မှ ဖုံးကွယ်လို့ မရဘူးဆိုတာပဲ ဖြစ်၏။

မောင်နဲ့ပတ်သက်လာရင်လည်း ဖွဲ့ကတော့ အမှန်တရားတွေကိုသာ မျှော်လင့်နေမိလေသည်။ ဒါမှပဲ မောင့်ကို ဆက်ပြီး စိတ်ချလက်ချ ချစ်နိုင်မည် မဟုတ်လား။

■ ■ ■

"သမီးရယ် ဒီကိုပဲ လာပြီး သမီးတက်ချင်တာကို ဆက်တက်ပေါ့။ အန်တီ အားလုံးကူညီပေးနိုင်ပါတယ်၊ ဒီမှာက အန်တီ တစ်ယောက်တည်းဆိုတော့ လုပ်ငန်းတွေကို ခွဲဝေလုပ်ပေးမယ့်လူ မရှိဘူး ဖြစ်နေတယ်"

ဖုန်းထဲမှ ကြားရသော အန်တီအေးအသံက ဖွဲ့ရင်ကို နွမ်းလျ





စေသည်။ အသက်ငါးဆယ်ကျော် ဖျတ်ဖျတ်လတ်လတ် အလုပ်လုပ်နိုင်နေဆဲ ဖြစ်သော်လည်း ဆွေမျိုးသားချင်း မရှိ တစ်ယောက်တည်းနေရရှာသော အန်တီအေးကိုလည်း မျက်လုံးထဲ မြင်ယောင်နေမိသည်။

ဒါပေမဲ့ ဖွဲ့ကလည်း ကိုယ့်ပြည် ကိုယ့်ရွာနှင့် ကိုယ်ချစ်သောသူတွေကို ခွဲခွာကာ နိုင်ငံရပ်ခြားသွားဖို့ဆိုသည့် ခေါင်းစဉ်ကို ဘယ်တုန်းကမှ စဉ်းစားခြင်းပင် မပြုခဲ့မိ။

သို့သော် ခုလိုမျိုး အန်တီအေး တောင်းဆိုလာသောအခါမှာ ငြင်းဆန်နိုင်ဖို့ အင်အားကလည်း လျော့တိလျော့ရဲ ဖြစ်နေရသည်။

"ပြောလေ ဖွဲ့လေး၊ အန်တီအေးနဲ့တူတူ လာနေနိုင်မလား"

"အန်တီအေးရယ် ဖွဲ့က ခုမှ ဟောက်စ်ဆင်းတုန်းလေ၊ ဆရာဝန်ဆိုတဲ့ ဘွဲ့လေးကိုတော့ အေးအေးလူလူနဲ့ ယူလိုက်ချင်ပါသေးတယ်၊ ဖွဲ့ရဲ့ဘဝကို ဘယ်သူ့အကူအညီမှ မယူဘဲနဲ့ ဖွဲ့ဘာသာ တည်ဆောက်ချင်လို့ပါ၊ ပြီးတော့ အန်တီအေး အနားမှာ မွှားနုလည်း ရှိနေတာပဲလေ"

မွှားနုဆိုတာ အန်တီအေးကို ငယ်စဉ်တည်းက ထိန်းခဲ့ရသော အိမ်ထိန်းသူဖွယ်ဖြစ်သည်။ သို့သော် ဒေါ်နုသစ်ကလည်း အသက်ကြီးပြီမို့ ဘာမှ ကူညီလုပ်ကိုင်ပေးနိုင်စွမ်းမရှိတော့။ အဖော်ဖြစ်ရုံလောက်သာ နေထိုင်ပေးနိုင်သည်လေ။

ဒါကြောင့်လည်း ဇ နိုတီအေးက ဖွဲ့ကို သူမနှင့်တူတူ လာနေစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ခြင်း ဖြစ်၏။ သို့သော် ဖွဲ့ကလည်း ကိုယ့်ဖူးကိုယ်ချွန်ကာ ဘွဲ့ယူချင်နေသည့်လူမို့ နှစ်ဦးသားကြား နားလည်မှုယူရန် ဖွဲ့က ကြိုးစားလိုက်ခြင်းပါပဲ။

"ဒေါ်လေးနုက အန်တီ့ကို အဖော်လုပ်ပေးရုံကလွဲလို့ ဘာများတတ်နိုင်မှာတဲ့လဲ၊ အန်တီလိုချင်တာက အန်တီ့လုပ်ငန်းကို ကူညီလုပ်ကိုင်ပေးနိုင်မယ့် လူမျိုး လိုချင်နေတာလေကွယ်"

"အန်တီအေးရယ် ဖွဲ့ကို နားလည်ပေးပါနော်၊ ဖွဲ့အတွက် ပိုင်ပိုင်နိုင်နိုင် ပြစရာဆိုလို့ ဒီဂုဏ်ပုဒ်လေးတစ်ခုပဲ ရှိတာပါ၊ ဒီမှာ ဖွဲ့ဖြစ်ချင်တာတွေ ပြည့်စုံဆိုရင်တော့ အန်တီအေး စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်၊ ခုတော့ ဖွဲ့ကို ခွင့်လွှတ်ပေးပါနော်"

"ဒီမှာ ဆက်တက်လည်း ရတာပဲ ဖွဲ့ရယ်"

"ဒါပေမဲ့ အန်တီအေးကလည်း ဖွဲ့က နေသားတကျ ဖြစ်အောင် အစကနေ ပြန်လုပ်ယူရတော့မှာလေ၊ ဒါလေးတစ်ခုတော့ ခွင့်ပြုလိုက်ပါ အန်တီအေးရယ်၊ ဖွဲ့လည်း မာစတာ ဆက်တက်နိုင်အောင် ကြိုးစားနေပါတယ်၊ အဲဒီကျမှ ဟိုမှာ လာတက်ရင်းနဲ့ တူတူနေကြတာပေါ့နော်"

ဖွဲ့က အနူးအညွတ် တောင်းဆိုလာတော့ အန်တီအေးကလည်း နောက်ဆုံး လက်လျှော့လိုက်သည့်ဟန် သက်ပြင်းတစ်ချချလိုက်ပြီး





"အင်းလေ သမီးက ဒီလိုမျိုး ဖြစ်ချင်တယ်ဆိုတော့လည်း အန်တီက နားလည်ပေးရတော့မှာပေါ့၊ သမီးလေးလည်း ခုဟောက်စ်ဆင်းနေပြီပဲလေ၊ အန်တီလည်း ကျန်းမာနေသေးတယ်ဆိုတော့ ရပါတယ်၊ ဒါပေမဲ့ သမီး ပြောထားတဲ့အတိုင်း ဘွဲ့တစ်ခု ယူပြီးရင်တော့ နောက်ကို ဘာဘွဲ့တွေပဲ ထပ်ယူဖို့ ကြိုးစား ကြိုးစား အန်တီအေးနဲ့တူတူ လာနေပေးရမှာနော်၊ ဖွဲ့က အန်တီ့ရဲ့ တူမလေးဆိုပေမယ့် ငယ်ငယ်တည်းက အန်တီပဲ ကြည့်လာရတာဆိုတော့ အန်တီ့အတွက်က သမီးလေးလိုပဲ ဖြစ်နေပါပြီလေ"

"အန်တီသာ မရှိခဲ့ရင် ချစ်ခြင်းဖွဲ့ဆိုတာလည်း ဒီလိုမျိုး ဘယ်လိုမှ မဖြစ်နိုင်ပါဘူး အန်တီရယ်၊ ဖွဲ့ကလည်း အန်တီအေးရဲ့ ကျေးဇူးတွေကို အမြဲတမ်း သတိရနေတာပါ"

"အန်တီ သိပါတယ်၊ လူကြီးသူမတွေကို ဒီလိုမျိုး ရှိသေလို့လည်း ငါ့သမီးလေး ဒီလို အခြေအနေမျိုးထိ နေနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ အန်တီ၊ အန်တီလည်း ကျန်းမာရေး ဂရုစိုက်ပါနော်"

"အေးပါကွယ် သမီးရော သူငယ်ချင်းတွေနဲ့ နေရတာ အဆင်ပြေတယ် မဟုတ်လား၊ ပြဿနာတစ်ခုခု ဖြစ်ရင် အန်တီ့ကို ပြောနော်၊ သမီးတစ်ယောက်တည်း ကြိတ်ပြီး ခံမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ပါ အန်တီရဲ့၊ ဖွဲ့ အားလုံး အဆင်ပြေပါတယ်”

အန်တီအေးက ဖွဲ့ကို စိတ်ပူစွာ ပြောနေသေးသည်။

“အနေအထိုင်နဲ့ ပတ်သက်လို့ကတော့ သမီးလေးက ပြောစရ

မလိုပါဘူး။ လိမ္မာပြီးသားပဲ၊ အဲဒီတော့ အန်တီအေး စိတ်ချမယ်နော်၊

အန်တီ ဖုန်းမဆက်ဖြစ်လည်း စိတ်ပူမနေနဲ့၊ အန်တီက အလုပ်တစ်ဖက်

နဲ့ဆိုတော့ သိပ်မအားလို့ပါကွယ်”

“ဖွဲ့ နားလည်ပါတယ် အန်တီအေး”

“အေး အေး ဟုတ်ပြီ၊ ဒါဆို အန်တီ ဖုန်းချလိုက်တော့မယ်

နော်၊ သမီးလေး ကျန်းမာရေးကို ဂရုစိုက်”

အန်တီအေးနှင့် ဖုန်းပြောပြီးသည်နှင့် သူမလည်း ဆေးရုံ

ထွက်လာခဲ့၏။ လမ်းထိပ်သို့ ရောက်သည်နှင့် သူမ စီးနေကျ ကားဂိတ်

လေးဆီသို့ ဖြည်းဖြည်းမှန်မှန် လျှောက်လာခဲ့မိသည်။

ဒီနေ့တော့ အရင်နေ့တွေကလို အချိန်မနောက်ကျသည်မို့ ခ

လောလော သွားစရာ မလိုပါ။

ထိုစဉ်မှာပင် သူမနောက်နားဆီမှ အသံခပ်သဲ့သဲ့တစ်ခုကို ကြ

လိုက်ရခြင်းပါ။

“ဟိတ် ညီမ သွားတော့မလို့လားကွ၊ ကိုယ်ရော လိုက်ခွ

မရဘူးလား”





အသံကြောင့် မနက်စောစော လန်းဆန်းနေသော ဖွဲ့စိတ်တို့

နောက်ကိုသွားရသည်။ ဒေါသလေးလည်း ဖြစ်သွားရ၏။ သို့သော် လှည့်

ကြည့်ဖို့တော့ စိတ်မကူးမိပါ။

ဒီလိုလူမျိုးက သူတို့ပြောသမျှကို အရေးစိုက်သလို လုပ်ပြပါက

ပြီး ရောင့်တက်လာတတ်သည်လေ။

“ညီမလေးက ကိုယ့်ကို စကားမပြောချင်ဘူးလား၊ တစ်ယောက်

တည်း ဘတ်စ်ကား စီးရမှာ ပျင်းမှာစိုးလို့ ကိုယ်က လိုက်ခဲ့ချင်လို့ပါ”

ဒါကတော့ တဆိတ် လွန်ပြီထင်သည်။ ထိုလူက ဖွဲ့ ဘတ်စ်

ကားစီးမှာကိုလည်း သိနေသေးသည်လေ။ ဖွဲ့က ခြေလှမ်းကို မြှင့်လိုက်

ကာ သွက်သွက်လေး လှမ်းလိုက်သည်။

“ဟိတ် ဘာလို့ မြန်မြန်လှမ်းနေတာလဲ၊ ကိုယ် လိုက်ခဲ့ပါရစေ”

ဖွဲ့က မပြေးရုံတမယ် ခြေလှမ်းလိုက်၏။ ထိုသူကလည်း သူ့

ခြေလှမ်းကို မြှင့်ကာ နောက်မှ ထပ်ချပ်မကွာ လိုက်လာ၏။ ဖွဲ့မှာ ဖော

ချွေးများပင် ပျံလာမိပြီး ထိတ်လန့်လာမိ၏။ ကားဂိတ်ကလည်း လမ်း

ကွေ့လေးတစ်ခုစာလောက် လိုနေသေးသည်။

ပြီးတော့ ထိုလမ်းကွေ့လေးက ဒီလို မနက်စောစောပိုင်းမှာ

ပြတ်လပ်တတ်သည်လေ။

ဖွဲ့တစ်ယောက်တည်း ရင်တွေတုန်ကာ ထိတ်လန့်နေဆဲမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ ပန်းတစ်ဖက်ကို ဆတ်ခနဲ ပုတ်လိုက်သော အထိအတွေ့ကြောင့် မြစ်ချင်ရာဖြစ်စေတော့ဟု ဆုံးဖြတ်ချက်ချကာ ဒေါသများနှင့်အတူ နောက်သို့ လှည့်ကြည့်မိတော့၏။

"ဟင် သား သားချစ်"

ဖွဲ့ ပန်းတစ်ဖက်ကို ကိုင်ကာ ခပ်ပြုံးပြုံးရပ်ကြည့်နေသော သားချစ်ကို တွေ့လိုက်ရသည်မို့ ဖွဲ့ ရင်ထဲမှ ဒေါသတွေက အံ့သြခြင်းများအဖြစ် ချက်ချင်းလိုလိုပင် ပြောင်းလဲသွားတော့သည်။

အတန်ကြာသည်ထိ မျက်လုံးအပြူးသားနှင့် ကြောင်ကြည့်နေမိကာ ဘာစကားမျှပင် မပြောနိုင်သေး။

"ဘာဖြစ်လို့ ငါ့ကို ဒီလောက်ထိ ပြူးကြည့်နေတာလဲ"

"နင် နင်"

တကယ်ကို ဖွဲ့ ပါးစပ်တို့ ဆွံ့အနေမိခြင်း ဖြစ်သည်။

"ဘာဖြစ်နေတာလဲဟာ၊ နင်ကလည်း တကယ်ကိုပဲ ဖြစ်နေတဲ့ မျက်နှာကိုလည်း ကြည့်ဦး ဟား ဟား ဟား"

သားချစ်က ဖွဲ့ကိုကြည့်ကာ အားရပါးရပင် ရယ်မောနေလိုက်သေးသည်။

"နင် ဘယ်လိုဖြစ်ပြီး ဒီကို ရောက်နေတာလဲ သားချစ်"

"ဘယ်လိုဖြစ်ရမှာလဲဟာ၊ ဦးဝင်းမြင့်ကို မေးစရာရှိလို့ ဆေးရုံ





သွားမလို့လေ"

"ဘာမေးမလို့လဲ"

"ငါ့အမေပေါ့ဟာ၊ နယ်ကနေ ဖုန်းတဂွမ်ဂွမ် ဆက်ပြီး ငါ့ကို ကျောင်းပြန်တက်ခိုင်းနေလို့"

တကယ်တော့ သားချစ်ကလည်း ဖွဲ့နှင့်တစ်နှစ်တည်း ဆယ်တန်းအောင်ကာ ဆေးတက္ကသိုလ်တွင် တစ်တန်းတည်းတက်ရင်း ခင်မင်ခဲ့သည့် သူငယ်ချင်း ဖြစ်သည်။

သားချစ်၏ ဖခင်ဖြစ်သူက သင်္ဘောသားဖြစ်ကာ သူ့မေမေကိုယ်ဝန်ရှိစဉ်မှာပင် ပင်လယ်ထဲ၌ သေဆုံးသွားခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့်ပင် သားချစ်မေမေက သူ့သားလေးကို ချစ်လွန်းသောကြောင့် လူအများအလယ်တွင် ဂုဏ်ရှိရှိဖြင့် နေထိုင်နိုင်သည့် ယောကျ်ားတစ်ယောက် ဖြစ်စေချင်ခဲ့သည်။

ငယ်စဉ်တည်းက ချစ်စနိုးနှင့် ခေါ်ခဲ့သည့် သားချစ်ငယ်ဆိုတဲ့ နာမည်ကိုတောင် တခြား မပြောင်းတော့ဘဲ ဒီတိုင်းပဲ ထားလိုက်ခြင်းက သက်သေပင် ဖြစ်သည်။

အမေ တစ်ယောက်တည်းနှင့်သာ ဘဝကို ရပ်တည်ခဲ့ရသော သားအတွက် သူ့အမွေတစ်ခုခုတော့ ပေးသွားချင်ခဲ့သည်။ ထို့ကြောင့်ပင် ဘယ်လောက်ပဲချစ်၍ အလိုလိုက်ခဲ့သည်ဆိုဆို ကျောင်းစာနှင့်ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



လာလျှင်တော့ မည်သည့်အခါကမျှ မျက်နှာသာ မပေးတတ်ခဲ့။

ဆရာဝန်အလုပ်ကိုလည်း သားချစ်ကိုယ်တိုင်က လုံးဝ ဝါသနာမပါဘဲ အမေ့စကား နားထောင်ကာ တက်ခဲ့ရခြင်း ဖြစ်ပြီး နောက်ဆုံးနှစ် မရောက်ခင် တစ်နှစ်အလိုထိ သူ့အမေက အနားကနေ တွန်းတွန်းတိုးတိုးလုပ်ကာ စာမေးပွဲများကို ဖြေနိုင်းလာရခြင်း ဖြစ်၏။

သားချစ်၏ မိခင်ဖြစ်သူ ဒေါ်မြမြဆင့်က အစိုးရဝန်ထမ်းမို့ နယ်သို့ပြောင်းရသောအခါ သားဖြစ်သူကို ရန်ကုန်မှာသာ ထားခဲ့ရပြီး အရင်လို အနီးကပ် မကြည့်နိုင်တော့သည့် အချိန်တွေမှာ သားချစ်လည်း စာကို စိတ်ပါဝင်စားစွာ လုပ်ခြင်း မရှိတော့ပေ။

သို့နှင့်ပင် နောက်ဆုံးနှစ် အပိုင်း(ခ) စာမေးပွဲကို ကျရှုံးခဲ့ပြီး ကျောင်းဆက်မတက်ဘဲ တစ်နှစ်လုံး ပေတေနေခဲ့ခြင်း ဖြစ်၏။

သားချစ်၏ မိခင်က တိုက်တွန်းလို့ ခုလို ဆရာတွေနှင့် ပြန်တွေ့ကာ ဆွေးနွေးမည်ဆိုတော့ ဖွဲ့ကိုယ်တိုင်ပင် ပျော်ရွှင်သွားရသည်။

"ဒီလိုဆို နင် ကျောင်းပြန်တက်မလို့ပေါ့နော် သားချစ်၊ ငါ ဝမ်းသာလိုက်တာဟယ်"

သူမ စကားကို နားထောင်ပြီး သားချစ်က မျက်နှာကြီး ရှုံ့မဲ့သွားသည်။

"နင်က ဘာဖြစ်လို့ မျက်နှာကြီး ရှုံ့မဲ့သွားရတာတုန်း"





"မဲ့မှာပေါ့ဟာ၊ ငါက ဆရာနဲ့လိုက်တွေ့ချင်တယ်ဆိုတာ ကျောင်းပြန်တက်ဖို့ ဆွေးနွေးဖို့မှ မဟုတ်တာပဲ"

"ဒါဆို နင်က ဘာလို့ ဆရာနဲ့ လာတွေ့ချင်ရတာလဲ"

"ငါက တရားဝင် ကျောင်းထွက်လိုက်တော့မလို့ဟ"

သားချစ် စကားကြောင့် ဖွဲ့မျက်လုံးများ ပြူးကျယ်ကုန်သည်။ တကယ်ဆို ဒီလို အခြေအနေရောက်အောင် ဘယ်လောက်တောင် အပင်ပန်းခံခဲ့ရတယ်ဆိုတာ ကိုယ်တွေကိုယ်တိုင်ပဲ သိနိုင်သည်လေ။

ဒါကို လွယ်လွယ်လေးနဲ့ လက်လွှတ်ဆုံးရှုံးခံချင်နေသော လူလောက် မိုက်မဲသည့်သူ ရှိမည်ပင် မထင်။

"နင် ရူးနေလား သားချစ်ငယ်၊ ဒီလောက် နှစ်တွေအများကြီး အပင်ပန်းခံလာပြီးတော့မှ အလွယ်တကူနဲ့ အရှုံးပေးချင်နေတဲ့ နင့်စိတ်ဓာတ်က သိပ်ကို သရဲဘောကြောင်လွန်းတယ်၊ နင့်မှာ ဘာလို့များ ဒီလိုမျိုး အဖြစ်မရှိတဲ့ အတွေးအခေါ်တွေ ဝင်နေတယ်ဆိုတာ ငါလည်း မစဉ်းစားတတ်တော့ဘူး၊ တကယ်ဆို ငါကိုယ်တိုင်ကလည်း နင့်ကို ငါနဲ့ တူတူ လုပ်ငန်းခွင်ဝင်မယ့် ရည်ရွယ်ချက်ချင်းတူတဲ့ သူငယ်ချင်းတစ်ယောက် ဖြစ်စေချင်ခဲ့တာ နင့်အမေဆိုရင်လည်း နင့်အပေါ်မှာ ဘယ်လောက်တောင် မျှော်လင့်ထားတယ်ဆိုတာ ငါတို့ ဘေးလူတွေထက် နင်က အသိဆုံးပဲ ဖြစ်မှာပါ၊ ခုတော့ နင်က အားလုံးရဲ့စိတ်ကူးတွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို အခြေအမြစ် မရှိတဲ့ ခံစားချက်လေးတစ်ခုနဲ့ ဖျက်ဆီးပစ်ချင်နေတယ်''

ဖွဲ့က မမောနိုင် မပန်းနိုင်စွာ တရစပ် ပြောပစ်လိုက်ပြီး သူ့မျက်နှာကို စေ့စေ့ကြည့်ကာ မျက်စောင်းတစ်ချက် ထိုးပစ်လိုက်၏။

''နင်တို့ဘက်က နင်တို့ဖြစ်စေချင်တဲ့ နင်တို့ နေစေချင်တဲ့ ဘောင်ထဲကို ငါ့ကို အတင်းဆွဲသွင်းချင်နေကြတာကိုး၊ တကယ်တော့ ကာယကံရှင်က ငါကိုယ်တိုင်ပါ၊ ငါ့ရဲ့ ဆန္ဒမပါဘဲ နင်တို့ ဘာကိုမှ အတင်းအကျပ် လုပ်လို့ မရဘူးဆိုတာ သိနေသင့်တယ်''

''နင် အဲဒီလို ပြောလိုက်ပုံကြီးက နင့်အမေကပဲ နင့်ကို ကျားခံတွင်းဝထဲ အတင်း ခေါင်းထိုးသွင်းခိုင်းသလို ဖြစ်နေပြီ၊ သူ ဖြစ်စေချင်တဲ့ထဲမှာ နင့်အတွက် မကောင်းနိုင်တာ ဘာများပါလို့လဲ နင် ပြောကြည့်လေ''

''အဲဒီလို မဟုတ်သေးဘူး ဖွဲ့ရယ်၊ ငါက အဲဒီ ဆရာဝန်ဆိုတာကြီးကို ဝါသနာမှ မပါတာ၊ ငါ ငယ်ငယ်တည်းက ဝါသနာပါတာ ဂီတပဲ၊ ငါ လုပ်ချင်တာကို လုပ်ခွင့်ရဖို့အတွက်လည်း ငါ ကြိုးစားမှာပဲလေ''

''ဒါပေမဲ့ နင် အခုလောလောဆယ်တော့ နင့်အမေ လျှောက်ခိုင်းတဲ့ လမ်းကို ဆုံးခန်းတိုင်အောင် လျှောက်လိုက်ပါဟာ၊ လမ်းဆုံးလည်း ရောက်ခါနီးနေပါပြီ၊ နောက်ထပ် နှစ်နှစ်လောက်ဆိုရင် နင်လည်း ဘွဲ့ရ





ပြီပဲဟာ''

ဖွဲ့စကားကို သူက ဆုံးအောင် နားထောင်ပြီးမှ ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းလိုက်သည်။

''နင် မှားနေပြီ ဖွဲ့၊ အဲဒါ လမ်းဆုံးသွားတာ မဟုတ်ဘူးလေ၊ အဲဒီတော့မှ လမ်းက စတော့တာ၊ အဲဒီလမ်းကို စချင်လွန်းလို့ ခြောက်နှစ်လောက်တောင် ခံနိုင်ရည် ကောင်းကောင်းကြီး မွေးခဲ့ရတာ မဟုတ်လား''

ဖွဲ့ ဘာမှမပြောနိုင်တော့ပါ။ သားချစ် မျက်နှာကိုသာ စိတ်ပျက်လက်ပျက် ငေးကြည့်နေမိတော့သည်။

''ဘာမှ စိတ်ပျက်မနေနဲ့ ဟိုမှာ ကားလာနေပြီ တက်ရအောင်''

စကားတပြောပြောနှင့် လမ်းလျှောက်လာနေရင်းနှင့်မှ ကားဂိတ်တွင် ထိုးရပ်လိုက်သော ဖွဲ့တို့ဆေးရုံသို့ သွားမည့် ၄၈ အထူးကားတစ်စီးလာထိုးရပ်သောကြောင့် သားချစ်က ဖွဲ့လက်ကို ဆွဲမပြေးရုံတမယ် ပြောလိုက်ရင်း ကားပေါ်သို့ ရှေ့မှ ပြေးတက်သွားပြီး နေရာဦးလိုက်၏။

ဖွဲ့လည်း သူ လက်ပြခေါ်နေရာသို့ ခြေလှမ်းကို ခပ်မြန်မြန်လေး လှမ်းကာ ပြေးထိုင်လိုက်သည်။ ဘယ်လိုပဲ ဖြစ်ဖြစ်ပါ။ ဖွဲ့စိတ်ထဲမှာ ရက်ပေါင်းများစွာ မွန်းကြပ်နေခဲ့ရတာတွေသည် ခုတော့လည်း ဘယ်ဆီဘယ်နားမှာ ဝင်ရောက်ပုန်းကွယ်နေပြီလဲ မသိနိုင်တော့။

ဖွဲ့ထံပါးကို သားချစ် ပြန်ရောက်လာပြီဆိုသော အသိက သူ့



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကို နွေးထွေးနေစေတာတော့ အမှန်ပင် ဖြစ်လေသည်။

"နင် ဘာစိတ်ကူးပေါက်လို့ ငါ့ဆီ ရောက်လာတာလဲ"

"နင့်ကို ပြောပြီးပြီလေ၊ ဆရာနဲ့တွေ့ချင်လို့ဆိုတာ"

"ဩော် ဒါဆိုရင် နင်က ငါ့ဆီကို လာချင်လို့မှ မဟုတ်တာ၊ နင့်ကိစ္စနဲ့နင် ရောက်လာတာပဲ"

ဖွဲ့က စိတ်ဆိုးသည့် လေသံလေးဖမ်းကာ ပြောပစ်လိုက်တော့ သားချစ်က ခပ်တည်တည်ကြီး နေပစ်လိုက်ပြီး

"အေးလေ အမှန်တွေကို နင်သိသွားပြီဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ငါနဲ့တူတူ မထိုင်ချင်လည်း ဟိုမှာ နေရာလွတ်နေတယ်၊ ပြောင်းထိုင်လိုက်လေ၊ ဒါမှမဟုတ် ငါ ပြောင်းထိုင်လိုက်ရမလား"

သားချစ်က ပြောပြောဆိုဆိုပင် ရှေ့နားဆီမှ လွတ်နေသော နေရာတစ်ခုသို့ ပြောင်းထိုင်ရန်ပြင်နေသောကြောင့် သူမကလည်း ဆက်လက်ပြီး စိတ်ဆိုးဟန်မဆောင်နိုင်တော့၍ သူ့လက်ကိုဆွဲကာ ပြန်ထိုင်ခိုင်းလိုက်ရသည်။

"မသွားပါနဲ့ဟ ဘယ်လိုပဲဖြစ်ဖြစ် နင့်ကိုငါ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်ပါ့မယ်"

"အောင်မာ သူကများ ငါ့ကို ခွင့်လွှတ်မယ်လေး ဘာလေးနဲ့ ခွင့်လွှတ်ရအောင် ငါက နင့်အပေါ်မှာ ဘာအမှားတွေများ လုပ်ထားမိလို့





လဲ"

သားချစ်နှုတ်က ဘာတွေပဲပြောပြောပါ ဖွဲ့ဘေးနားရှိ နေရာလေးတွင် သားချစ်က ပြန်ထိုင်ချလိုက်ပြီးပြီမို့ ဖွဲ့မျက်နှာက ပြုံးပြုံးရွှင်ရွှင်လေး ဖြစ်နေပြန်သည်။

တကယ်ဆို ဖွဲ့လည်း သိသားပဲ၊ ဆေးရုံသွားပြီး ဆရာဦးဝင်းမြင့်နဲ့ တွေ့မယ့်အရေးမှာ ဖွဲ့က ဘာဆိုင်လို့ ဝင်ပါနေရမှာလဲ။ သားချစ် ဘာသာ သွားလိုက်လျှင်လည်း ရတာပဲလေ။

နောက်တော့ ဖွဲ့က ထုံးစံအတိုင်းပင် **MP4 player** လေးနှင့် သီချင်းဖွင့်လိုက်ပြီး နားကြပ်လေးကို နားထဲထိုးထည့်ကာ မျက်လုံးမှိတ် ငြိမ်သက်နေလိုက်၏။

ကားလေးက မြို့ထဲမှနေ မှတ်တိုင်တော်တော်များများကို ဖြတ်ကျော်လာပြီးသည်ထိ နှစ်ဦးသားလုံး တိတ်ဆိတ်ငြိမ်သက်နေပြီးမှ

"ဒီနေ့ကျတော့ နင့်ကို ရာဇဝင်က လိုက်မပို့ဘူးလား"

ဖွဲ့က သားချစ် ဘာပြောလိုက်သည်ကို မကြားလိုက်သည်မို့ နားထဲမှ နားကြပ်တစ်ဖက်ကို ဖြုတ်လိုက်ပြီး

"ဘာပြောလိုက်တာလဲ သားချစ်"

"နင့်ကို ဘာလို့ ရာဇဝင် လိုက်မပို့တာလဲလို့ မေးနေတာ"

"ဩော် ဒါလား သူက ဒီနေ့ သူ့အဖေ ဆိုင်သွားထိုင်ပေးရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့လေ''

တကယ်တော့ ဟိုးတစ်နေ့ ဖုန်းဆက်ပြီးတည်းက သူမဘက်က စိတ်ပြေမှသာ ပြန်လည်ဆက်သွယ်မည်ဟု ပြောထားပြီး ခုချိန်ထိ မောင့်ထံသို့ ဖုန်းတစ်ချက်မှ ပြန်မဆက်ရသေး။

ဒါပေမဲ့ ခုလို ပြဿနာဖြစ်တာတွေကိုသာ သားချစ်သိသွားလျှင် ဖွဲ့ကို ပိုလို့တောင် အပြစ်တင်နေမည်စိုးသောကြောင့် သူမက သားချစ်ကို ဖာတ်လမ်းရှည်မနေတော့ဘဲ လွယ်လွယ်ကူကူပင် မုသားသုံးလိုက်ခြင်း ဖြစ်သည်။

"အင်း ကောင်းပါတယ်၊ နင်ပြောသလိုပဲ ရာဇဝင်က နင့်အပေါ်မှာ တကယ် ကောင်းပြီး ရိုးသားနေပြီဆိုရင် ငါကလည်း ဘာမှကန့်ကွက်စရာ မရှိပါဘူး''

သားချစ်က ထိုစကားကို အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။

ဖွဲ့အတွက် အကြားချင်ခဲ့ဆုံး စကားတစ်ခွန်းလည်း ဖြစ်နေပါလျက်နဲ့ တကယ်တမ်း ကြားရသောအခါ ဖွဲ့စိတ်တို့ ထင်သလောက် မပျော်တာကတော့ ထူးဆန်းလွန်းနေပါသည်။

တကယ်ဆို ဖွဲ့အမြဲတမ်း မျှော်လင့်ခဲ့တာက ဖွဲ့ချစ်ရသော ချစ်သူနှင့် အချစ်ဆုံး သူငယ်ချင်းတို့ကို ပြေလည်ရင်းနှီးစေချင်သည်





ဆန္ဒတစ်ခုတည်းရယ်ပါ။

ဒါပေမဲ့လည်း ခုလိုမျိုး ရာဇဝင်အပေါ်မှာ အမြဲတစေ အမြင်မကြည် ဖြစ်နေတတ်သည့် သားချစ်ဘက်က နားလည်မှု ရှိလာတော့လည်း ဖွဲ့စိတ်တွေ ဘာဖြစ်လို့များ ပေါ့ပါးမသွားခဲ့တာလဲ။

လူဆိုသည့် အမျိုးကလည်း ချုပ်နှောင်ခံရလျှင်တော့ ထိုအနှောင်အဖွဲ့ကနေ လွတ်မြောက်အောင် ကြိုးစားတတ်ကြသည်။ တကယ်တမ်း လွတ်မြောက်သွားပြန်တော့လည်း ထိုနှောင်ဖွဲ့တတ်သည့် အရာကို မသိစိတ်ထဲကနေ တမ်းတချင် တမ်းတနေတတ် ကြပြန်သည်လေ။

"ဟဲ့ ဘယ်လိုဖြစ်သွားတာလဲ၊ နင့်ရုပ်ကြီးကလည်း ဒီစကားကို ကြားရင် နင် သိပ်ကို ပျော်သွားမယ်လို့ ငါ ထင်နေခဲ့တာ၊ ခုတော့ ဘာဖြစ်ရပြန်တာတုန်း''

သားချစ်က ပြန်ပြီး သတိပေးမှပင် ဖွဲ့မျက်နှာကြီး ဘယ်လောက်တောင် ပျက်ယွင်းနေသည်ဆိုတာကို ကိုယ့်ဘာသာ သဘောပေါက်လိုက်၏။

ထို့ကြောင့်ပင် ပျက်ယွင်းနေသော မျက်နှာကို ခပ်ပြုံးပြုံး မျက်နှာတစ်ခုအဖြစ် လျင်မြန်စွာ ပြောင်းလဲလိုက်ရင်း

"ဘာဖြစ်လို့လဲဟ၊ ကောင်းတာပေါ့၊ ငါက နင့်ကို ငါနဲ့မောင့်အပေါ် ဘယ်တော့မှ နားလည်မှု မပေးနိုင်တော့ဘူးလို့ ထင်နေခဲ့တာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ခတော့လည်း ချက်ချင်းကြီးကို နင်က နားလည်နေပါရော့လား''

''အင်း ဟုတ်တယ် ငါ့ကောင်မလေးက ပြောတယ်လေ၊ ဗို လုပ်ရပ်တွေက နင်နဲ့ရာဇဝင်အပေါ်မှာ အရမ်းကို တစ်ဖက်သတ် ဆန့်လွန်း နေတယ် တဲ့ တကယ်တော့ ငါက ကာယကံရှင်မှ မဟုတ်တာ၊ သေချာ ပြန်စဉ်းစားကြည့်ရင် ငါနဲ့ဘာမှကို မပတ်သက်ဘူးလေ၊ အဲဒါကြောင့်လည်း နင်တို့နှစ်ယောက်ကို နားလည်ပေးဖို့ ကြိုးစားခဲ့တာပဲ''

ဟောကြည့် အဲဒီလို စကားမျိုးတွေကို ဖွဲ့ဘက်ကလည်း ဘယ်လို မှကို သည်းမခံနိုင်ခဲ့တာ ဖြစ်သည်။ ခတော့ ဖွဲ့နဲ့ရာဇဝင်ကို နားလည်ပေး ခဲ့ခြင်းက သူကိုယ်တိုင်ရဲ့ ဆန္ဒမဟုတ်ပါဘဲ သူ့ကောင်မလေးက တိုက် တွန်းလို့ သူက လိုက်လျောခဲ့ရသည့် သဘော။

အဲဒီလိုမျိုးကြီးကျတော့ ဖွဲ့ဘက်က နီးလိုးခုလုနှင့် မနေတတ် မထိုင်တတ် ဖြစ်ရသည်။

ဖွဲ့ဟာ ဟိုးအရင်တည်းက သားချစ်ငယ်ကို ကောင်မလေးတွေ တတွဲတွဲတွေ့နေရလျှင် စိတ်တွေ အလိုလို ထိုင်းမှိုင်းကာ ဘယ်လိုမှ အမြင်မကြည်နိုင်ခဲ့ခြင်း ဖြစ်၏။

သားချစ်ဆီက ဂရုစိုက်မှုတွေကို သူမ တစ်ယောက်တည်း လိုချင်မိသည်။ တကယ်တော့ ဖွဲ့ဟာ အရမ်းကို အတ္တကြီးလွန်းသူ





မိန်းမတစ်ယောက်ပါပဲ။

သူမက သူမပေးထားသလောက် ပြန်ရချင်တတ်သည့် လူစား မျိုးမဟုတ်။ သူမ ပေးထားသည်ထက် ပိုရချင်တတ်သည့် လူစားမျိုးသာ ဖြစ်သည်။

ဒါကြောင့်လည်း သားချစ်ဟာ ဖွဲ့အတွက် အချစ်ဆုံး သူငယ် ချင်းတစ်ယောက်ဆိုလျှင် သားချစ်ဘက်ကလည်း ဖွဲ့ကို ဖွဲ့က ဂရုစိုက် သည်ထက် ပိုမိုသည့် ဂရုစိုက်မှုမျိုး ပေးနိုင်မှသာ သူမ ကျေနပ်နိုင်မည် ဖြစ်သည်။

သူမရဲ့ အတ္တကြောင့်ပဲ အမြဲတမ်းလိုလို သားချစ်နှင့် ရန်ဖြစ် နေရခြင်းက များ၏။

သူက သူ့ကောင်မလေးတွေနှင့် စိတ်ဆိုးစိတ်ကောက်လျှင် ဖွဲ့ ကို ကြားကနေ ပြေလည်အောင် စေ့စပ်ပေးစေချင်သည်။ သို့သော် သူမကလည်း အဲဒီလို ကိစ္စမျိုးနှင့် ပတ်သက်လျှင် လုံးဝကို သည်းမခံနိုင် တာ တော်တော်တော့ ထူးဆန်းသည်ဟုပင် ပြောရမည်နှင့်တူသည်။

ခုလိုမျိုး သားချစ်ဆီက ဂရုစိုက်မှုတွေကို တခြားသောလူတွေ နှင့် ခွဲဝေယူနေရတာမျိုးကို သူမ သဘောမကျပါ။

ဒါဟာ သူမ ခေါင်းစဉ်တပ်ခဲ့သည့်အတိုင်း အဖြူရောင် ဝန်တိုမှု တစ်ခုရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နင်က နင့်မိန်းမတွေပြောလို့ ငါ့ကို ပြန်လာခေါ်တာပေါ့ ဟုတ်လား"

သူမအသံက အလိုမကျမှုတွေ ထင်ထင်ရှားရှားကို ပျော်ဝင်နေ၏။

"ဩော် ဒါနဲ့ စကားစပ်လို့ နင့်ကို ပြောရဦးမယ်၊ နင့်ရဲ့ မတွေ့ဖြစ်တဲ့အတောအတွင်းမှာ နင့်ဆေးရုံကို ငါနဲ့တူတူ ပါလာတဲ့ တစ်ယောက်နဲ့ ပြတ်သွားပြီဟ"

ဖွဲ့က ဘာလို့မှန်းမသိပါဘဲ ရင်ထဲမှာ လှိုက်ခနဲ ပျော်သွားမိသော ခံစားချက်ကို ဖုံးကွယ်လိုက်ကာ

"ဟယ် မောင်နဲ့ထန်းရည်သွားသောက်ကြတဲ့နေ့က ငါနဲ့တူတူ ကန်တင်းထဲမှာ နင်ထားခဲ့တဲ့ တစ်ယောက်လား။ ဘာလို့ ပြတ်သွားကြတာလဲဟယ်"

"သူ့ပုံက အေးတိအေးစက်နဲ့ဟာ၊ ငါနဲ့ရေရှည်မှာ ကိုးမကိုက်ပါဘူး"

"အင်း ဟုတ်တယ် ဟုတ်တယ်၊ အဲဒီနေ့ကတောင် ငါနဲ့တူတူ ထိုင်နေတာကို စကားတစ်လုံးတောင် မဟာဘူးဟေ့၊ ဘယ်လိုပဲဖြစ်ဖြစ် ငါကတော့ နင့်ကောင်မလေးနဲ့ ပြတ်သွားတာကို သိပ်ပျော်တာပဲ အဟီ"

တကယ်တော့ ထိန်းချုပ်ထားသည့်ကြားမှပင် ဖွဲ့ရဲ့အပျော်တွေက





အပြင်သို့ သတိလက်လွတ် ဖိတ်ကျသွားခြင်း ဖြစ်၏။

"အောင်မာ နင်ကများ ဘာလို့ပျော်ရတာလဲ"

သားချစ်က မျက်နှာကြီးကို ယုန်မှုန်ပစ်လိုက်ပြီး မေး၏။ မထူးတော့ပြီမို့ ဖွဲ့ကလည်း မျက်နှာလေးကို အတည်ပေါက် လုပ်လိုက်ကာ

"နင့်ရည်းစားတွေအတွက် အချိန်ပေးစရာ မလိုတော့ ငါ့အတွက် အချိန်ပိုရတာပေါ့ မဟုတ်ဘူးလား၊ အဲဒီတော့မှ ငါ များများ နှိပ်စက်ရမယ် အဟင်း ဟင်း၊ ဒါနဲ့ ခုနက နင်ပြောတဲ့ နင်နဲ့ငါ မခေါ်တဲ့ ကိစ္စမှာ ဝင်နှားချတာ ဘယ်တစ်ယောက်လဲ၊ ခု နောက်ဆုံးပြတ်သွားတဲ့ တစ်ယောက်လား"

"အဲဒါပြောတာပေါ့၊ ငါ့စကားကို ဆုံးအောင် နားမထောင်ဘဲ နင်ပြောချင်တာတွေပဲ စွတ်ပြောနေတယ်၊ ငါက အဲဒီတစ်ယောက်နဲ့ ပြတ်သွားတော့ ရင်ခွင်ဦးနဲ့ ပြန်တွဲဖြစ်နေတယ်ဟ၊ မှတ်မိလား ငါနဲ့နင့် ကောင်နဲ့ကို အထက်တန်းတုန်းက ဆရာကြီးရုံးခန်းရောက်အောင် လုပ်ခဲ့တဲ့ တစ်ယောက်လေ"

သူမ နားထဲမှာ စကားသံတို့ကို ဆက်လက်ကြားချင်စိတ် မရှိတော့တာ အမှန်ပါပဲ။

ရင်ခွင်ဦးကို မှတ်မိလား တဲ့။ မမှတ်မိဘဲ ရှိပါ့မလား သားချစ်ရယ်။ နင်ပြောသလိုပဲ မောင်နဲ့နင်နဲ့ သူ့ကြောင့် ကျောင်းရုံးခန်းရောက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိ ပြဿနာတွေ တက်ခဲ့ကြတယ်။

ပြီးတော့ မှတ်မှတ်ရရဆိုသလိုပဲ ရင်ခွင်ဦးက သားချစ်ငယ်ရဲ့ ပထမဆုံးသော အချစ်ဦးလေ။

"ဟဲ့ ဘာဖြစ်သွားတာလဲ၊ နင့်မျက်နှာကြီးကလည်း ပျက်လိုက်တာ၊ ဘာလဲ နင့်ကောင်က ရင်ခွင်ဦးကို ပြန်တွေ့ရင် ထပ်လိုက်နေမှာစိုးလို့လား"

"အဲဒီလို မဟုတ်ဘူး သားချစ်၊ နင် ဆက်မပြောနဲ့တော့၊ အဲဒီမိန်းမတွေကို ငါ စိတ်မဝင်စားဘူး၊ သူတို့အကြောင်းလည်း အရေးတယူလုပ်ပြီး နားေ ောင်နိုင်ဘူး"

သူမရဲ့အသံက တကယ့်ကို စိတ်အနှောင့်အယှက်ဖြစ်နေသည့် လေသံပေါက်သွားသည့်မို့ သားချစ်က မျက်နှာကို တစ်ချက်မဲ့လိုက်ပြီး

"နေပါဦး နင်က ဘာလို့ ငါ့ကို အဲဒီလိုမျိုး ပြောရတာလဲ၊ ငါ့ကောင်မလေးတွေက နင့်ကို ဘာလာလုပ်နေလို့လဲ၊ နင့်ပုံစံက သူတို့ကို မနာလိုဖြစ်နေသလိုမျိုးကြီး"

သားချစ်က ထိုသို့ပြောတော့လည်း သည်းမခံနိုင်တာ သူမပဲ ဖြစ်သည်။

"နင့်ကိုငါက ဘာလို့မနာလိုဖြစ်ရမှာလဲဟဲ့၊ ခုဟာက နင်က အဲဒီမိန်းမတွေ ချုပ်ကိုင်တာကို ခံနေပြီလေ၊ ငါ့ကို ပြန်ခေါ် မယ့်ကိစ္စမှာ





ကောင် သူတို့ပြောလို့ နင် ငါ့ဆီပြန်လာတာ မဟုတ်လား"

"သားချစ်ငယ်ဆိုတာ ဘယ်တုန်းကမှ မိန်းမတစ်ယောက်ရဲ့ ချုပ်ကိုင်တာကို မခံခဲ့ဘူးဆိုတာ နင်သိပါတယ် ဖွဲ့ရယ်၊ ငါ့စိတ်မပါရင် ဘယ်သူတွေ ဘယ်လောက်ပဲ တိုက်တွန်းနေပါစေ၊ ဘာကိုမှ မလုပ်တာလည်း နင်သိမှာပါ၊ ပြီးတော့ မတူတဲ့ အခြေအနေနှစ်ခုကို နင်က ဘာလို့ ရောထွေးပစ်ချင်နေတာလဲ၊ နင်က ငါ့ရဲ့ သူငယ်ချင်း တစ်ယောက်လေ၊ ငါ့ဘာသာ ရည်းစားတွေနဲ့ ဘယ်လိုပဲဖြစ်ဖြစ် နင် ဝင်ပြောပိုင်ခွင့် မရှိဘူး"

သားချစ်စကားက ပြတ်သားစွာ ထွက်လာသည်။ ထိုစကားကြောင့် သူမလည်း ဘာကိုမှန်းမသိပါဘဲ ဝမ်းနည်းသွားမိကာ ဘာကိုမှပင် မပြောနိုင်တော့ဘဲ ဆွံ့အသွားမိ၏။

ကိုယ်ကတော့ သူ့ကို သံယောဇဉ်ရှိလွန်းလို့ ပြောမိပေမယ့် သူ့အတွက်ကတော့ အမြဲလိုလို စိတ်အနှောင့်အယှက် ဖြည်စရာတွေပဲ ဖြစ်နေခဲ့ပြီနှင့် တူသည်။

သို့သော် စိတ်ထဲမှာ ဘာတွေပဲဖြစ်နေပါစေ ဘယ်တုန်းကမှ အရှုံးမပေးချင်ခဲ့သော ခေါင်းမာမာ နေလေ့မရှိသော စိတ်လေးက ခေါင်းပြူထလာကာ

"အဲဒါဆို နင်ကျတော့ရော ဘာဖြစ်လို့ ငါနဲ့မောင့်ကြားကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပါနေရတာလဲ၊ နင်လည်း ငါ့အတွက် သူငယ်ချင်းတစ်ယောက်နေရာမှာပဲ ရှိတာပါ''

''မတူညီတာနှစ်ခုကို နင် မရောထွေးပစ်နဲ့ ဖွဲ့၊ ငါ ဝင်ပါတယ်ဆိုတာက နင့်ကောင် မှားနေလို့ နင့်ကို သတိပေးတဲ့သဘောလောက်ဝင်ပါရတာ၊ ငါ့ကောင်မလေးတွေက ဘယ်သူမှ အပြစ်မရှိကြဘူးလေ၊ ပြီးတော့လည်း မဝင်သင့်တဲ့ကြားကို ဝင်မိတဲ့ ငါ့လုပ်ရပ်တွေ လွှဲချော်နေမှန်းသိသိချင်း နင်တို့နှစ်ယောက်ကို နားလည်ပေးခဲ့တာပေါ့''

ဒီတစ်ခါတော့ ဖွဲ့ဘက်က ဘာစကားမှ မပြန်နိုင်တော့ခြင်းပါ။ သားချစ်နူတ်မှ ထွက်သော စကားတွေသည် ဘာလို့များ အမြဲတမ်းလိုလို ဖွဲ့အပေါ်မှာ သံယောဇဉ်မရှိသည့်ပုံ ပေါက်နေရတာပါလိမ့်။ သူမ ပေးထားတာထက် ပိုရဖို့မပြောနှင့် ပေးထားတာနှင့် ထပ်တူလောက်တောင် မရနိုင်တာကတော့ သိပ်ကို ဆိုးရွားလွန်းပါသည်လေ။

ဖွဲ့ သံယောဇဉ်ဖြစ်မိသော ယောက်ျားနှစ်ယောက်လုံးကို ဖွဲ့က အရှုံးပေးရတော့မည်တဲ့လား ကံကြမ္မာရယ်။

■ ■ ■



## အခန်း (၄)

''မင်းနဲ့သားချစ်က ဘယ်လိုလဲ''

''ဘာဖြစ်လို့လဲ မောင်ရဲ့၊ မောင် ပြောတဲ့ပုံကြီးကလည်း ဖွဲ့တို့ကပဲ တစ်ခုခု ဖြစ်နေသလို''

ရာဇဝင်က မျက်နှာကို မပြုံးချင်ပြုံးချင် ပြုံးလိုက်ပြီး

''မောင် မရှိတဲ့နေ့တွေအတွင်း ဆေးရုံကို ဘယ်သူလိုက်ပို့လဲ''

''ဘာကိုပြောတာလဲ မောင်''

''မင်းနဲ့သားချစ်နဲ့ မခေါ်ကြဘူးဆိုပြီး ဆေးရုံတွေ ဘာတွေကိုတောင် ပြန်လိုက်ပို့နေပြီလား''

''ဟာ မဟုတ်ပါဘူး မောင်ရယ်၊ အဲဒီနေ့က ဖွဲ့တို့ဆရာ တစ်ယောက်ကို သူ့ကျောင်းကိစ္စ လိုက်တွေ့တာပါ''



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ကလည်း ချက်ချင်းလိုလိုပင် ရှင်းပြလိုက်မိ၏။ တကယ်တော့ မောင့်ကို ကြာကြာစိတ်မကောက်နိုင်သောကြောင့် ဖွဲ့ဘက်က စကာ ပြန်ဆက်သွယ်ခဲ့သည်ဆိုခြင်းထက် သားချစ်ကို အရှဲ့တိုက်လိုခြင်းက ခြောက်ဆယ့်ငါး ရာခိုင်နှုန်းလောက် ပျော်ဝင်နေခဲ့သည်လေ။

တကယ်တော့ ဘာမှကို ပတ်သက်မှုမရှိသည့် အရာနှစ်ခု ဖွဲ့က ရောထွေးပစ်လိုက်မိခြင်းပါ။

မောင်နှင့်ပတ်သက်ပြီး မကျေလည်ဖြစ်ကာ မခေါ်မပြောကြခြ ကို သားချစ်အား ရှဲ့ပစ်လိုက်ချင်ခြင်းဖြင့် ရောထွေးပစ်ခဲ့မိခြင်း ဖြစ်သည်

ခုတော့ မောင့်ပုံစံက ပြောချင်နေခဲ့သည့် စကားတွေကို စုထာ ဘာ ခုမှတစ်လုံး တစ်ခဲကြီး အဆက်မပြတ် ပြောနေပြီး စွဲချက်တွေ ပြန်လည်အတင်ခံနေရသူက ဖွဲ့ ဖြစ်လို့နေသည်။

ဘယ်လိုအကြောင်းတွေနဲ့ပဲ မောင့်ကို ပြန်ဆက်သွယ်ခဲ့သည် ဖြစ်စေ ကိုယ့်ဘက်က ပြန်စဖြစ်ခဲ့ပြီမို့ မောင့်အပေါ်ရှိနေသော သံသယ တွေကို မေ့ဖျောက်ကာ ကောင်းကောင်းမွန်မွန်သာ ဆက်ဆံရန် ဆုံးဖြ ထားခဲ့ပြီးသား ဖြစ်သည်။

ထို့ကြောင့် မောင့်အပေါ် လွှဲမှားသော အထင်လေးတစ်ခု အမြင်တိမ်းစောင်းခဲ့ခြင်းအား အပြစ်တစ်ခုဟု မြင်မနေချင်တော့ပါဘူ လေ။





ဖွဲ့ဘဝရဲ့ ပထမဆုံး အချစ်ဦးကိုသာ လက်တွဲဖော် ဖြစ်ချင်ခဲ့သည်မို့ ဘာမဟုတ်တာလေးတွေနှင့် သဘောထားသေးပြ မနေချင်ပါဘူးလေ။

"ခနစမ်းပါဦး သူက ကျောင်းမတက်တော့ဘူး မဟုတ်လား။ ကျောင်းနဲ့ ဘာပတ်သက်စရာ ရှိတော့လို့လဲ"

နားထဲသို့ ဝင်လာသော မောင့်အသံကြားမှ ဖွဲ့စိတ်တို့က ပစ္စုပ္ပန်သို့ ပြန်ရောက်လာတော့သည်။

"သူ ကျောင်းထွက်ဖို့ကိစ္စ ဆရာ့ကို လာမေးတာပါ၊ ဒါပေမဲ့ အခွင့်မပြုပါဘူး။ ဆရာတွေကိုယ်တိုင်က သူ့ကို ကျောင်းမထွက်စေချင်ကြဘူးလေ၊ နှစ်နှစ်ပဲ ကျန်တော့တာဆိုတော့ ပြီးအောင် ဆက်တက်စေချင်နေတယ်"

"အေးပေါ့လေ ဆရာတွေရဲ့ အချစ်တော် ဖြစ်နေမှတော့ ဘယ်လွှယ်ပါတော့မလဲ၊ အဲဒီကောင်ကလည်း လူတကာရှေ့ရောက်ရင် မျက်နှာကို ချိုနေအောင် လုပ်ထားတတ်တာကို ငယ်ငယ်တည်းက အဲဒီအတိုင်းပဲလေ"

"သားချစ်က အစတည်းက မျက်နှာချိုပြီးသားဟာကို မောင်သိရဲ့သားနဲ့"

ဖွဲ့က အားတက်သရော ဝင်ထောက်ခံတော့ မောင့်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ပုပ်သိုးသွားကာ

"မောင် ပြောချင်တာလည်း အဲဒါပဲ၊ မင်းစိတ်ထဲမှာ သားချစ်က ဘာလဲ၊ မောင်နဲ့တစ်တန်းတည်းမှာမျှားထားပြီး ဆက်ဆံနေတာလား။ ဒါမှမဟုတ် မောင့်ထက်များ ပိုနေပြီလား"

"အို မောင် ဘယ်လိုပြောလိုက်တာလဲ သားချစ်က ဖွဲ့ရဲ့ အချစ် ဆုံး သူငယ်ချင်းဆိုတာ မောင် သိရဲ့သားနဲ့၊ ပြီးတော့ မောင်က ဖွဲ့သိပ် ချစ်တဲ့ ချစ်သူလေ၊ ဘာဖြစ်လို့ ခေါင်းစဉ်နှစ်ခုကို ရောထွေးပစ်ချင်နေတာလဲ မောင်ရယ်"

"မင်းပုံစံက အဲဒီလို ထင်ချင်စရာ ဖြစ်နေတယ်ဆိုတာ မင်း သိရဲ့လား ဒေါ်ချစ်ခြင်းဖွဲ့၊ တစ်ခါတလေကျရင် မောင် စဉ်းစားမိတယ် သိလား၊ မောင်နဲ့သားချစ်သာ အန္တရာယ် တစ်ခုံတစ်ရာ ကျရောက်နေတာ ခြင်းတူရင် မင်း ဘယ်သူ့ကို ရအောင် ကယ်မလဲဆိုတာကိုလေ"

မောင့်စကားကြောင့် သူမက ပြုံးလိုက်မိသည်။

"မောင်ရယ် ကလေးဆန်လိုက်တာ"

"မသိဘူးကွာ တစ်ခါတစ်ခါကျတော့ မင်းရဲ့စိတ်ကို မောင် ဘယ်လိုမှ နားလည်မပေးနိုင်ဘူး၊ သားချစ် မရှိခဲ့ရင်တော့ မင်းကို မောင်က စိတ်အေးအေးနဲ့ ချစ်နေနိုင်မယ်လို့ ထင်နေမိတယ်"

"ကြည့် သားချစ်က ဖွဲ့ရဲ့ သူငယ်ချင်းပဲလို့ ပြောပြီးပြီနော်၊





မောင် အဲဒီလိုမျိုး ယုန်ထင် ကြောင်ထင် စကားမျိုးတွေ ထပ်ပြောနေဦး မယ်ဆိုရင် ဖွဲ့ စိတ်ဆိုးလိုက်တော့မယ်"

ဖွဲ့က နှုတ်ခမ်းလေးဆူကာ ပြောတော့မှ ဖွဲ့ကိုယ်လေးကို သူ့ ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်ပြီး

"မောင်က သဝန်တိုတတ်တယ် ဖွဲ့ရဲ့၊ ဖွဲ့ကလည်း သားချစ်နဲ့ အရမ်းကို ရင်းနှီးနေတော့ မောင့်အတွက်က မနာလို အူတိုစရာကြီး ဖြစ်နေတာပေါ့ ဖွဲ့ရယ်၊ မောင် ဘာလို့ သဝန်တိုရတယ်ဆိုတာ ဖွဲ့လည်း သိသားနဲ့ကွာ"

မောင့်အသံက စိတ်ဆိုးရန် ဟန်ပြင်နေသည့် ချစ်သူကို ချော့ လိုက်သည့် လေသံ အပြည့်အဝ ပျော်ဝင်နေပါသည်။ သူမကလည်း အချော့ကြိုက်ဆိုတော့ မောင့်ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်ပြီး မောင့် ရင်ဘတ်ကို နှုတ်ခမ်းလေးနှင့် ဖိနမ်းလိုက်ကာ

"မောင်က ဖွဲ့ကို ချစ်လို့ မဟုတ်လား၊ ဖွဲ့လည်း မောင့်ကို အရမ်းချစ်ပါတယ် မောင်ရယ်၊ ဖွဲ့နဲ့မောင့်ရဲ့အချစ်ကို ဘယ်သူတွေမှ ဖျက်လို့ ရမယ်မထင်ပါဘူး"

"ဆရာဝန်မလုပ်တဲ့ စာရေးဆရာ လုပ်စားပါလား ဖွဲ့ရဲ့၊ အဲဒါဆို အောင်မြင်နိုင်တယ်"

"အောင်မာ ဖွဲ့က အတည်ပြောနေတာပါ၊ ဘာတစ်ခွန်းမှ



www.burmeseclassic.com

www.burmeseclassic.com



ပိုတာ မပါဘူး၊ ချစ်ငှဲ့ ချစ်တယ်ပြောတာ ဘာဖြစ်လဲ''

''ဟင် ရှက်လည်း မရှက်ဘူး၊ ဖွတ်ကို ချစ်နေတော့တာပါလား''

''မောင်နော် ဖွဲ့ကို စိတ်တိုအောင် မစနဲ့ သိလား''

ချစ်ခြင်းဖွဲ့က ရာဇဝင့် ရင်ခွင်ထဲမှ ထိုးထွက်ကာ မျက်နှာချင်းဆိုင်လေး ရန်တွေ့ပစ်လိုက်၏။ မောင့်ရင်ခွင်နှင့် ဝေးကွာနေခဲ့တာ ကြာပြီမို့ ကြားနေရသော မောင့်ရင်ခုန်သံတွေတောင် ဆန်းသစ်နေသယောင် ထင်နေမိသည်လေ။

ရာဇဝင်ကတော့ ထိုသို့ နီးကပ်လာသော မျက်နှာလေးကိုပဲ စိတ်မထိန်းနိုင်စွာ လက်နှစ်ဖက်နှင့် စုကိုင်လိုက်ပြီး နှုတ်ခမ်းဖူးဖူးလေးများကို အားရပါးရ နမ်းရှိုက်ပစ်လိုက်၏။

ထိုအပြုအမူကြောင့် ဖွဲ့မျက်နှာလေး ရဲတက်သွားကာ မောင်နှင့် တူတူထိုင်နေသော လှေကားထစ်လေးမှ ထရပ်လိုက်ရင်း

''မောင်ကွာ ဘာမှန်းလည်း မသိဘူး၊ လှေကားကြီးမှာ သူများတွေ တွေ့သွားရင် ဘယ်လိုလုပ်မလဲလို့၊ တော်ပြီ ဖွဲ့ တက်တော့မယ်''

''ဟိတ် ဖွဲ့ နေဦးလေ ဟိတ်''

မောင်က အော်ခေါ်နေသေးသော်လည်း ဖွဲ့ကတော့ လှေကားထစ်များအတိုင်း လှည့်မကြည့်စတမ်းပင် ပြေးတက်ခဲ့မိတော့သည်။

မောင်နဲ့ပတ်သက်ရင် အဲဒီလို ဖွတ်တရွတ်နိုင်လွန်းလို့လည်း





ဖွဲ့က လန့်နေမိသည်လေ။

ညေးစားမှ မဖြစ်သေးခင် တစ်ခါကလည်း ပြောစရာရှိလို့ဆိုပြီး ဖွဲ့ဆေးကပ်လာကာ သူများတွေ ကြားမည်စိုး၍ နားနားကပ်ပြောသည့် ဟန်နှင့် သူ့မပါးလေးတစ်ဖက်ကို ညာနမ်းသွားခဲ့ဖူးသည်။

အဲဒီတုန်းကဆိုလျှင် အနားမှာ သားချစ်လည်း ရှိနေသည်မို့ အဖြစ်အပျက် အစအဆုံးကို မြင်လိုက်ရသော သားချစ်မှာ ယခုချိန်ထိ ထိုကိစ္စကို အပြစ်တင်လို့ မဆုံးနိုင်အောင် ရှိနေလေသည်။

တကယ်ဆိုရင် အဲဒီအနမ်းလေး တစ်ခုကြောင့်လည်း မောင့်ကို သူမ ရင်ခုန်ချစ်မိသွားခြင်း ဖြစ်၏။ ဖွဲ့ ပါးပြင်နုနုလေးဟာ ဘယ်သူစိမ်းယောက်ျားတစ်ယောက်မှ မရှိနားခဲ့ဘူးသေးသည့် အသစ်စက်စက် ရပ်ဝန်းလေး မဟုတ်လား။

မောင်သည်သာ ဖွဲ့ဘဝအတွက် ပထမဆုံး အနမ်းဦးပိုင်ရှင်လေး ဖြစ်ခဲ့သည်လေ။ ဖွဲ့ရဲ့ အချစ်ဦးလည်းဖြစ် ရည်းစားဦးလည်းဖြစ်သည်မို့ မောင့်ကိုဆို လွယ်လွယ်နှင့် အပြစ်မမြင်နိုင်ခဲ့ခြင်းသည် သူမရဲ့ အားနည်းချက်တစ်ခုပဲ ဖြစ်၏။

ချစ်တယ်ဆိုတာ ဒီလို ရင်ခုန်သံတွေရဲ့အစဟာ ဒီလိုပါလို့ သင်ကြားပေးနိုင်ခဲ့သည့် မောင့်အချစ်ကိုလည်း သူမ ယုံကြည်ချင်မိသည်။ ယုံလည်း ယုံကြည်မိပါသည်။ သူမရဲ့ စိတ်ကူးတွေထဲမှာ မောင်သာ



www.burmeseclassic.com

www.burmeseclassic.com



ဘဝလက်တွဲဖော် ဖြစ်ရမည်ဟုလည်း ကြွေးကြော်ထား၏။

သူမရဲ့ စိတ်ကူးတွေသာ အမှန်တကယ် ဖြစ်ခွင့်ရခဲ့လျှင် ဖွဲ့ ကျေနပ်ဝမ်းသာလိမ့်မည်ဟုလည်း ကိုယ့်ကိုယ်ကို မျှော်လင့်ထားမိလေသည်။

■ ■ ■

"ဖွဲ့ရေ ငါ နု၊းမသေည်တဲ့ ဆေးပညာ အခေါ်အဝေါ်လေးတွေ နည်းနည်းလောက် ငါ့ကို လိုက်ရှင်းပြစမ်းပါဟာ"

နွေးရဲ့စကားကြောင့် သူမက အဝတ်လျှော်စက်ထဲသို့ အကျီများ ထိုးသွင်းနေခြင်းကို ရပ်တန့်လိုက်ကာ

"ပေးလေ ငါ ကြည့်လုပ်ထားလိုက်မယ်"

"မဟုတ်ဘူးဟ နင် ငါနဲ့ အင်တာနက်ဆိုင်ကိုလိုက်ပြီး တစ်ခါတည်း online study လိုက်လုပ်ပေးစမ်းပါ"

"အာ နွေးကလည်း ငါ ဒီနေ့ ကျောက်မြောင်းက ကောင်မလေးကို စာသွားသင်ရမယ်လို့ ပြောထားတယ်လေ၊ သူတို့က မနက်ဖြန် စာမေးပွဲဟ၊ ဆယ်တန်းဆိုတော့ အရေးကြီးတယ်လေ၊ ငါ မသွားလို့ ဘယ်ကောင်းပါ့မလဲ"

"ဟွန်း နင့်ဟာက ပိုက်ဆံရတာလည်း မဟုတ်ဘဲနဲ့"

နွေးအပြောကြောင့်-သူမက သက်ပြင်းကို ချလိုက်ကာ





"သူတို့က ပိုက်ဆံမှ မတတ်နိုင်တာဟာ၊ ငါကလည်း စေတနာနဲ့ ကူညီတဲ့သဘောပဲ၊ တော်ကြာ ငါက သူတို့ကို အရေးမစိုက်သလို လုပ်မိရင် သူတို့မှာ ငွေမရှိလို့ ငါက နှိမ်ချင်တယ်လို့ ထင်နေကြဦးမယ်"

တကယ်ဆို အဲဒီ ကောင်မလေးဟာ ဖွဲ့ စာသင်ပေးနေသော ကျောင်းမှ ဂျူနီယာလေးတစ်ယောက်၏ အိမ်ဘေးမှ ဖြစ်သည်။ ပိုက်ဆံ မတတ်နိုင်၍ ကျူရှင်မခေါ်နိုင်သောကြောင့် ခုလို စာမေးပွဲရာသီမျိုးဆိုလျှင် ဖွဲ့က စေတနာနှင့် သွားသင်ပေးတတ်ခြင်း ဖြစ်၏။

"ဒါဆို ဘယ်လိုလုပ်မလဲဟ၊ ငါကလည်း အရေးကြီးနေတယ်၊ သဘက်ခါ စစ်ရမယ့် အမှုတစ်ခုက နင်တို့ ဆေးလောကနဲ့ ပတ်သက်နေလို့ ခုချိန် လုပ်မှ မီတော့မှာ"

"ဒါများဟာ နင် သိချင်တဲ့ဟာတွေကို ပရင့်ထုတ်ခဲ့လိုက်ပေါ့၊ အိမ်ရောက်မှ ငါ ပြန်ရှင်းပေးမယ်လေ"

"အင်း ဟုတ်သားပဲ၊ ငါ အဲဒါကို မေ့သွားတယ်၊ အိုကေ အိုကေ နင် ပြောသလိုပဲ လုပ်ခဲ့လိုက်တော့မယ်၊ သွားပြီဟေ့ တာ့တာ"

နွေးက ဖွဲ့ကို လက်ပြနှုတ်ဆက်ရင်း အိမ်ပေါ်မှ အလောသုံးဆယ် ပင် ပြေးဆင်းသွားသည်။ ဒီလိုပဲလေ ဖွဲ့တို့ သူငယ်ချင်းတွေက အရေးကြီးကာမှ အသည်းအသန် လုပ်တတ်တာ မရိုးနိုင်သော အမူအကျင့်ပါပဲ။

နွေး ပျာယာခတ်နေပုံကို ကြည့်ပြီး ဖွဲ့က ခေါင်းလေးကို ရမ်း



www.burmeseclassic.com

www.burmeseclassic.com



ကာ ပြီးနေပြီသည်။ အဝတ်များ လျှော်လို့ ပြီးစီးချိန်မှာတော့ အဝတ်အစား များ လဲလှယ်ပြီး စာသင်ရန် ထွက်လာခဲ့လိုက်၏။

ကိုယ်က ဆရာမ သွားလုပ်ရမည်ဆိုတော့ ယဉ်ယဉ်ကျေးကျေး လေးဖြစ်စေရန် အပေါ်မှ ရင်စေ့အင်္ကျီခါးတိုအဝါနုနုလေးကို အနက်ခံတွင် အဝါရောင် လိုင်းတွန့်များပါသည့် ချည်ထဘီလေးနှင့် တွဲဝတ်လိုက်ပြီး စလင်းဘတ် အဖြူရောင် သေးသေးလေးကို ပခုံးထက်တွင် လွယ်လိုက်သည်။

ဂုတ်ကျော်ကျော်လောက်သာ ရှိသော လှိုင်းတွန့်ဆံပင်များကိုတော့ ဒီတိုင်းသာ ဖြန့်ချထားလိုက်၏။

ခရင်းပတ်ဖဲလေး အနည်းငယ်ရိုက်ကာ နှုတ်ခမ်းသားစိုရုံ အသီ ခပ်ရွှဲရွှဲလေး တင်လိုက်ပြီးသည်နှင့် ဖွဲ့မျက်နှာလေးအတွက် တော်တော်ကို ကြည့်ကောင်းနေပါပြီ။ ကော့ရှန်းမဲနက်ကာ ထူထူစိပ်စိပ် မျက်တောင်များ အတွက်ကတော့ ဘယ်လိုပြင်ဆင်မှုမျိုးကိုမှ လုပ်စရာ မလိုခဲ့ပါ။

ထိုသို့ ထူထူထဲထဲ ဝန်းရံထားသည့် မျက်တောင်များပေါ်မှ မျက်ခုံးထူနက်နက်များကို သဘောတကျနှင့် မှန်ထဲတွင် ကျေနပ်အောင် ကြည့်ပြီးသည်နှင့် သူမ၏ ပြင်ဆင်ခြယ်သမှုက ဆုံးခန်းတိုင်၏။

ဩော် တစ်ခုတော့ ကျန်နေသေးသည်။ ပန်းဆီရောင် ဒေါက် ဖိနပ်ချွန်ချွန်လေးကို စီးပြီးပြီဆိုမှ ဖွဲ့က အပြင်သွားရန် စိတ်တိုင်းကျသွား





တော့၏။

ကျောက်မြောင်းရှိ အိမ်သို့ရောက်တော့ တပည့်မလေးက အဆင် သင့်ပင် စောင့်ကြိုနေပြီး

"မမကို သူသူက စောင့်နေတာ ကြာလှပြီ၊ ခုနကတောင် ကိုရာဇဝင်ကို လမ်းထဲမှာ တွေ့လိုက်လို့ မမကိုများ လိုက်ပို့တာလားလို့ ထင်လိုက်မိသေးတယ်"

သူသူ ဆိုသော ကောင်မလေး၏ စကားတွေက ဖွဲ့အတွက် တော့ ထူးဆန်းလို့နေသည်။ တကယ်ဆို ဒီနေ့ တစ်နေ့လုံး မောင်က သူ့အဖေဆိုင်တွင် ထိုင်ရမည်ဆိုကာ ဖွဲ့ကိုတောင် လာမတွေ့နိုင်ပါဟု ငြင်းဆန်ခဲ့ခြင်း ဖြစ်၏။

"ဘယ်တုန်းက တွေ့လိုက်တာလဲ သူသူ"

"သိပ်တောင် မကြာသေးဘူး မမရဲ့၊ ဟိုးမှာလေ ကြည့်ပါလား၊ ကိုရာဇဝင့် ဆိုင်ကယ်ကြီးတောင် ရပ်ထားတယ်"

သူသူ လက်ညှိုးညွှန်ပြရာတွင်တော့ မောင် စီးနေကျ ဒီတီ ဆိုင်ကယ်ကြီးကို အိမ်တစ်အိမ်ရှေ့တွင် အခန့်သား ထိုးရပ်ထားတာ တွေ့လိုက်ရသည်။ သေချာပါသည်၊ မောင့်ရဲ့ ဆိုင်ကယ်အနီရောင်ကြီးကို တော့ ဖွဲ့ ဘယ်လိုမှ မမှားနိုင်ပါဘူးလေ။

ဒါဆို မောင်က ဖွဲ့ကို ဘာလို့ လိမ်ညာရတာပါလိမ့်၊ အလုပ်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုနှင့် သွားစရာရှိသည်ဆိုလည်း ဖွဲ့ကို အမှန်အတိုင်း ပြောသင့်သည် လေ။ ခုတော့ ဖွဲ့ မသိအောင် မောင် ဘာတွေများ လုပ်နေတာလဲဟူသော အတွေးတို့က ဖွဲ့စိတ်ကို နှိပ်စက်နေကြပြီ။

မေ့ဖျောက်ထားခဲ့သော သံသယတို့ကလည်း ပြန်လည်ခေါင်းပြူ လာကြသည်။

ဧာသင်ရတာတောင် စိတ်တို့က ကြည်ကြည်လင်လင် မရှိတော့

"မမ ဘာဖြစ်နေတာလဲ၊ မမကို ကြည့်ရတာ တစ်ခုခုကို စိတ်တိုနေသလိုပဲ"

"မဟုတ်ပါဘူး သူသူရယ်၊ မောင် ဒီကို ဘာလာလုပ်တာလဲလို့ မမက တွေးနေတာပါ"

"သူသူ သိရသလောက်တော့ အဲဒီအိမ်မှာနေတာ မမတို့ အရွယ် အစ်ကိုကြီး တစ်ယောက်ပဲ၊ ဒါပေမဲ့ အဲဒီ အစ်ကိုကြီးက တအား ဆိုးလို့ မိဘတွေကောင် လက်လွှတ်ပြီး သူတို့နဲ့တူတူ မထားဘဲ ဒီမှာ သက်သက် ခွဲထားကြတာတဲ့၊ ကြားရသလောက်တော့ ဆေးတွေဘာတွေ တောင် သုံးတယ်ဆိုပဲ"

သူသူ ပြောသော စကားများကို ကြားရမှ ဖွဲ့စိတ်တွေ ပိုလို့ပင် တင်းကြပ်လာကြသည်။ မောင်က ဒီလိုလူမျိုးနဲ့ ဘယ်လိုဖြစ်ပြီး မိတ်ဆွေ အပေါင်းအသင်း ဖြစ်နေရပါလိမ့်နော်။ သံသယစိတ်တွေကို ကြိုးစားမေ့





ဖျောက်ကာ မောင့်အပေါ်မှာ ဖြူဖြူစင်စင်နှင့် ချစ်မည်ကြံသော်လည်း ကံကြမ္မာက မောင်နှင့်သူမကို မျက်နှာသာ ပေးချင်ပုံမရပေ။

ပြဿနာကို သယ်ဆောင်လာမည့် သံသယတစ်ခုကို တစ်ယောက်မဟုတ် တစ်ယောက်ထံသို့ ရိုက်ထည့်ပေးနေသလိုပါပဲ။

"ဟာ ဟိုမှာကြည့် ဟိုမှာ ကိုရာဇဝင်နဲ့ တွဲထွက်လာတာ အဲဒီ လူပေါ့"

သူမတို့ စာသင်နေသော နေရာက အိမ်ပြတင်းပေါက်ဘောင်မှာမို့ ထိုနေရာကို ကောင်းကောင်းကြီး မြင်နေရ၏။ မောင်က ထိုလူ၏ ပခုံးကို ဖက်ကာ နှစ်ယောက်သား ရယ်ရယ်မောမောနှင့် ထွက်လာပုံက လောကကြီးထဲမှာ သူတို့နှစ်ယောက်ပဲ ရှိနေကြသည်ဆိုသည့် အနေအထားမျိုး။

နောက်တော့ မောင်က ဆိုင်ကယ်ပေါ်တက်ထိုင်လိုက်ပြီး ထိုလူကို လက်ပြကာ ထွက်ခွာသွား၏။

ဘာတွေလဲ၊ ထိုလူ့မျက်နှာကိုကြည့်ရတာတော့ ကျန်းကျန်းမာမာရှိသော လူတစ်ယောက်၏ ပုံစံမျိုး လုံးဝ မမြင်။ ပိန်ချုံးကာ မျက်လုံးများက အမြဲတစေ မှေးစင်းနေတတ်မည့် ပုံမျိုးပါ။

ဟင် မောင်ကရော ဘာထူးလို့လဲ။ ဒီရက်ပိုင်းအတွင်း မောင့်မျက်နှာတွေ ချောင်ကျသွားလိုက်တာ ဖွဲ့ကပင် မောင် အိပ်ရေးတွေ ပျက်သလားဟု မေးယူရသည်အထိ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို မောင်က ဒီလိုလူတွေနဲ့ပေါင်းပြီး ဘာတွေလုပ်နေတာ

လိမ့်။

ဖွဲ့စိတ်တွေ ဘယ်လိုမှ ထိန်းချုပ်နိုင်ခြင်း မရှိတော့ဘဲ မောင့်

သို့ ဖုန်းလှမ်းခေါ်မိတော့လည်း စက်ပိတ်ထားသည်နှင့်သာ ကြုံရ

စိတ်တို့က ယောက်ယက်ခတ်ကာ ဘာကိုမျှ စိတ်ပါဝင်စားပြီး လုပ်ကို

နိုင်ခြင်း မရှိတော့။

"မမကို ကြည့်ရတာ ကိုရာဇဝင်အတွက် သိပ်ကို စိုးရိမ်နေသ

ပဲ"

သူသူ‌ေ‌‌ာင်း ဖွဲ့ပုံစံကို ကြည့်ကာ ရိပ်မိနေပြီဆိုတော့ သူ

မောင့်အပေါ် စိုးရိမ်စိတ်တွေက သိပ်ကို လွန်ကဲနေပြီနှင့် တူသည်

"ဒါနဲ့သူသူက အဲဒီအိမ်မှာနေတဲ့လူအကြောင်းကို ဘာလို

လောက်တောင် သိနေတာလဲ"

"ဟား သိတာပေါ့ မမရဲ့၊ အဲဒီလူအကြောင်းကို သူသူ တ

ယောက်တည်း မဟုတ်ဘူး၊ ဒီရပ်ကွက်ထဲက လူအားလုံး သိကြတ

ဒီလောက် နာမည်ထွက်ပြီး ဆိုးသွမ်းနေတာကို ဘယ်သူက မသိဘဲ

မှာလဲ မမရယ်"

"အဲဒီလောက်တောင်ပဲလား သူသူ"

သူမရဲ့ မယုံမရဲ မေးခွန်းကို သူသူက အားရပါးရ ခေါင်းညိ







ခြင်းဖြင့် အဖြေပြန်ပေး၏။

"ဒါနဲ့ သူသူက အဲဒီလူရဲ့ နာမည်ကို သိလားဟင်"

သိချင်စိတ်ကို မထိန်းချုပ်နိုင်စွာ ဖွဲ့က မေးတော့ သူသူက

ခေါင်းလေးကို ဒုတိယမြောက် ထပ်ညိတ်ရင်း

"သိတာပေါ့ မမရယ်၊ မင်းညို တဲ့"

"ဟုတ်လား"

မင်းညိုဆိုသော နာမည်ကို မောင့်အပေါင်းအသင်းများထဲတွင်

တစ်ခါမှ မကြားခဲ့ဘူးသည်မို့ သူမက ဇဝေဇဝါ ဖြစ်သွားမိသည်။

"မမ မျက်နှာတွေ တော်တော်ကို ဖြူဆုတ်သွားတာပဲ၊ ကိုရာဇ

ဝင်ကို စိတ်ပူလို့လား မမ"

သူသူရဲ့ အလိုက်တသိ မေးခွန်းကိုပင် မဖြေနိုင်တော့ဘဲ

"ဆောရီးကွာ သူသူ၊ ဒီနေ့ သူသူ့ကို စာသင်တာ စိတ်သိပ်မပါ

ဘူးဖြစ်နေတယ်"

"ဒါဆိုလည်း ရပါတယ် မမရယ် ကျက်စရာတွေပဲ မှတ်ပေးခဲ့

လိုက်ပေါ့၊ သူသူ ကျက်ထားလိုက်ပါ့မယ်၊ နောက်နေ့ မမလာတော့

အားလုံးရနေစေရမယ်၊ မမ ပြန်ချင် ပြန်တော့လေ"

သူသူ၏ အလိုက်သိတတ်မှုကြောင့် သူမလည်း အားနာစွာပင်

ပြုံးပြရင်း အိမ်ပြန်လာခဲ့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက်လုံးမှာတော့ မောင့်အကြောင်းတွေကသာ သူမ ရင်တစ်ခုလုံးကို နွမ်းလျနေအောင် ဖမ်းစားထားကြသည်။ ဒီလိုသာ ဆို မောင့်ထံမှာ ဖွဲ့ မသိသေးသည့် အကြောင်းတွေ ရှိနေတာ သေချာ နေပြီပေါ့။

ဘာကြောင့်များ မောင်က ထိုအကြောင်းတွေကို လျှို့ဝှက်ထား ရပါလိမ့်။ လျှို့ဝှက်ထားသည်ဆိုကတည်းကလည်း သာမန်ကိစ္စမျိုးတော့ မဟုတ်မှာ သေချာပါသည်လေ။

ဖြစ်နိုင်လျှင် မောင်နဲ့ပတ်သက်တာတွေ အားလုံးကို ဖွဲ့သိချင် မိ၏။

ဖွဲ့ဘက်က ဘဝလက်တွဲဖော်အဖြစ် ရည်ရွယ်ထားခဲ့ပြီးမှ တစ် ယောက်အကြောင်းကို တစ်ယောက်က ဂဃနဏ မသိရခြင်းသည် မသိ သား ဆိုးရွားလွန်းသည်ဟု ဖွဲ့က ယူဆကာ မောင့်အပေါ်တွင်လည်း စိတ်လေးခုလျှက် ဒေါသများ ဖြစ်လာရပြန်သည်။

ဟင် ဖွဲ့ကသာ မောင့်ကို ဘဝအတွက် လက်တွဲဖော်အဖြစ် ရွေးချယ်ထားခဲ့တာ မောင့်ဘက်ကရော ဖွဲ့လို လေးနက်မှုမျိုး ရှိနေရဲ့လား။

ထိုမေးခွန်းကို ခုမှ စဉ်းစားမိသော ကိုယ့်ကိုယ်ကိုပင် ဒေါသများ ဖြစ်သွားရပြန်သည်။ ဖွဲ့ဟာ ဒီလောက်တောင်ပဲ မောင့်အပေါ်မှာ ယုံကြည် နေခဲ့သည်လား။





ကိုယ်ကတော့ သူ့ကို ယုံကြည်ကာ အရာအားလုံးကို သူ့စကား အတိုင်း ခေါင်းညိတ်လက်ခံခဲ့မိသည်ချည်း။ ဒါကို ဒီလို လိမ်ညာခြင်းမျိုး တွေနဲ့ လှည့်စားရက်တာ မောင် ရက်စက်လွန်းပါသည်လေ။

အတွေးများနှင့်အတူ ဖွဲ့မျက်ဝန်းတွင် မျက်ရည်စများ ရစ်ဝဲ လာသော ခဏမှာပဲ သူမထံသို့ မောင့်ဆီမှ ဖုန်းဝင်လာရာ ဒေါသများ ဖြစ်နေဆဲဆဲမှာပင်မို့ သူမအသံတို့ကလည်း မာကျောသွားကြ၏။

"ပြော ဘာကိစ္စလဲ"

"ဟ ဘယ်လိုဖြစ်တာတုန်း၊ မင်းအသံက မာလှချည်လား"

"ဟုတ်တယ် မာတယ်၊ ဘာဖြစ်လဲ မောင် ဘာတွေလုပ်နေ တာ လဲဆိုတာ ဖွဲ့ကို အမှန်အတိုင်း ပြောပြ"

"ဟာ လာပြန်ပြီလား ဖွဲ့ရယ်၊ ပြန်ပြေလည်တာမှ မကြာသေး ဘူး။ ပြဿနာက ပြန်လုပ်ချင်နေပြန်ပြီ၊ ဖွဲ့ကကွာ တကယ်ဆိုးတယ်"

"မောင် ဖွဲ့စကားတွေ သိပ်မပြောချင်ဘူးနော်၊ လမ်းမပေါ် ရောက်နေတယ်၊ အဲဒီတော့ ဖွဲ့မေးတာကို မလိမ်မညာဘဲနဲ့ အမှန်အတိုင်း သာ ဖြေပေးတော့"

ဖွဲ့အမှန်တကယ် ဒေါသထွက်နေမှန်း သိသွားသောကြောင့် မောင့်ဘက်က အတန်ငယ် နှုတ်ဆိတ်သွား၏။ ဒါကိုပင် ဖွဲ့က အခွင့် ကောင်းယူကာ



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ တစ်ခါတည်း ပါးစပ်ပိတ်သွားပြီ မဟုတ်လား မောင်၊ အဲဒါကိုက မောင့်မှာ ဖွဲ့မသိသေးတဲ့ လျှို့ဝှက်ချက်တစ်ခု ရှိနေတယ်ဆိုတာ သေချာလို့ပေါ့"

"မင်း ဘာကိုဆိုလိုချင်နေတာလဲ ဖွဲ့၊ မင်း ပြောနေတာတွေကို မောင် ဘာတစ်ခုမှ နားမလည်ဘူး"

မောင့်အသံက သိပ်ကို အပြစ်ကင်းစင်လွန်းနေပါသည်။ ဒါကို ဖွဲ့က မကြိုက်ခြင်း ဖြစ်၏။

သူများစကားဖြင့် ကြားခဲ့ခြင်းဆိုပါက ထိုသို့ပြောသော မောင့် စကားမှာတင် အရင်အချိန်တွေလို ဖွဲ့ ယုံကြည်သွားနိုင်လောက်သော် လည်း ခုတော့ ဖွဲ့ မျက်လုံးများဖြင့် ကိုယ်တိုင်မြင်တွေ့ခဲ့ရခြင်းမို့ မောင် ပြောသမျှ ဘာကိုမှ မယုံကြည်နိုင်ဖြစ်နေမိသည်။

"မောင် နားမလည်ချင်ယောင် ဆောင်နေတယ်ဆိုတာ ဖွဲ့ သိတယ်နော်၊ ဖွဲ့မေးနေတုန်း မောင် အမှန်အတိုင်းဖြေပါ"

"မောင်တို့ တွေ့ကြရအောင်"

မောင့် တောင်းဆိုမှုကို ဖွဲ့ကလည်း အလွယ်တကူပင် လက်ခံ လိုက်ပါသည်။ ဒီကိစ္စဟာ မျက်နှာချင်းဆိုင်တွေ့ပြီးမှ ဖြေရှင်းနိုင်မည့်မှန်း လည်း သိသည်မို့ ချက်ချင်းပင် သဘောတူလိုက်ခြင်း ဖြစ်၏။

"ကောင်းပြီ မောင်၊ ဖွဲ့တို့ လမ်းထိပ်က အုတ်ခုံလေးမှာ ဖွဲ့ကို





စောင့်နေပါ၊ ခုပဲ ဖွဲ့ပြန်လာနေပြီ"

"ဟင် ဖွဲ့က အိမ်မှာ မဟုတ်ဘူးလား"

ဖွဲ့က နှုတ်ခမ်းလေးကို မဲ့ကာ ခနဲ့တဲ့တဲ့ ပြုံးလိုက်ပြီး

"မဟုတ်ဘူး ကျောက်မြောင်းက အိမ်တစ်အိမ်မှာ တသွားသင် တာလေ၊ ခုပြန်လာနေတာ"

"ကျောက်မြောင်း ဟုတ်လား"

မောင့်အသံက မသိမသာ တုန်ယင်သွားသည်ဟု ဖွဲ့က ထင် လိုက်၏။ ခဏတာလည်း တိတ်ဆိတ်သွားသည်လေ။

"ဟုတ်တယ် မောင်၊ ကဲပါလေ ဖွဲ့တို့လမ်းထိပ်မှာသာ မောင် စောင့်နေပါ၊ နောက် နာရီဝက်အတွင်း ဖွဲ့ရောက်လာမယ်"

ချစ်ခြင်းဖွဲ့က ဖုန်းကို ပိတ်ပစ်လိုက်ကာ လမ်းကို ခပ်သွက်သွက် လေး လျှောက်လိုက်၏။ အကြောင်းကိစ္စတစ်ခုကို ဖဝေဖဝါနှင့် ရင်ထဲမှာ အကြာကြီး သိမ်းမထားတတ်သော ဖွဲ့အကျင့်ကြောင့်လည်း ဒီလိုမျိုး မျက်နှာချင်းဆိုင် ဖြေရှင်းလိုက်ခြင်းက အကောင်းဆုံး ဖြစ်မည်လို့ ထင် သည်လေ။

ဖွဲ့တို့ လမ်းထိပ်ရောက်တော့ ညောင်ပင်ကြီးအောက်ရှိ အုတ်ခုံ လေးတွင် မောင့်ကို အခန့်သင့်ပင် တွေ့လိုက်ရသည်။ ဖွဲ့က လှုပ်ရှား နေသော စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းလိုက်ပြီး မောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့ ဖြည်းဖြည်းမှန်မှန်ပင် လျှောက်သွားလိုက်၏။

မောင့်မျက်နှာကလည်း ဖွဲ့ထံသို့ အစစ်ဆေးခံရန် ရောက်လာသော တရားခံတစ်ယောက်၏ ပုံစံမျိုး မဟုတ်ဘဲ ချစ်သူက စိတ်ကောက်နေလို့ အယူခံဝင်ရန် ရောက်နေသည့် လူတစ်ယောက်လို မျက်နှာတစ်ခုလုံးကို ချိုအီနေသော အပြုံးများဖြင့် တန်ဆာဆင်ထား၏။

မောင်ရယ် အဲဒီလို အမူအရာမျိုးတွေနဲ့ ဖွဲ့ကို ထပ်ပြီး မပြုစားပါနဲ့တော့။

ဖွဲ့က မောင့်ဘေး ခပ်လှမ်းလှမ်းတွင် ဝင်ထိုင်လိုက်သည်နှင့် မောင်က ဖွဲ့ပခုံးလေးကို လက်နှင့်အသာအယာ လှမ်းဖက်ရန် ပြင်၏။

ဖွဲ့ကလည်း သူ့မထံသို့ လာနေသော မောင့်လက်ကို ပုတ်ထုတ်ပစ်လိုက်တော့ မောင်က ရှက်ရယ်ရယ်လိုက်ပြီး

"ဖွဲ့ရယ် အပြင်သွားစရာရှိတယ်ဆိုရင်လည်း မောင့်ကို ပြောတာ မဟုတ်ဘူး၊ မောင် လိုက်ပို့မှာပေါ့"

"မောင် ခုမှလာပြီး အပိုတွေ ပြောမနေနဲ့၊ မောင်ပဲ ဒီနေ့ မောင့်ဖေဖေ ဆိုင်မှာ သွားထိုင်ပေးရမှာမို့လို့ ဖွဲ့ကိုတောင် လာမတွေ့နိုင်ဘူးဆို၊ ခုတော့ လိုက်ပို့မယ်တောင် ပြောနေပါရောလား"

"ဟား ဟား ဖွဲ့ရယ်၊ ဖွဲ့က တကယ့်ကို ကလေးတစ်ယောက်လိုပါလား၊ စိတ်တိုနေတဲ့ပုံလေးကိုလည်း ကြည့်ဦး၊ ကလေးတစ်ယောက်





လိုချင်တာမရလို့ ငိုတော့မယ့်ပုံကျနေတာပဲ"

"မောင်နော် ဖွဲ့ တကယ်စိတ်တိုနေတာ၊ ပြောင်ချော်ချော် မလုပ်ပါနဲ့"

ဖွဲ့အသံက ပျော့ပြောင်းမှု တစ်စက်မှ မရှိဘဲ မာကျောလျက်ပဲမို့ မောင့်မျက်နှာက အနည်းငယ် မှုန်ကုပ်ကုပ် ဖြစ်သွားပြီး

"ဖွဲ့ရာ မနက်ထဲ အကောင်းကြီးကနေ ခုမှ ဘာတွေဖြစ်ကုန်တာလဲ၊ မောင့်ကို နားလည်အောင် ရှင်းပြကွာ"

"မောင် တကယ်ပဲ နားမလည်ဘူးဆိုတော့လည်း ဖွဲ့က ပြောပြရမှာပေါ့"

မောင်က ဖွဲ့ပြောပြမည်ဆိုတော့ ဘာမှမသိသေးသည့်ပုံဖမ်းကာ သေချာဂရုတစိုက် နားထောင်မည့်ဟန် ဖမ်းလိုက်ပြီး ဖွဲ့မျက်နှာလေးကို စေ့စေ့စိုက်ကြည့်နေပြန်သည်။

"ဒီနေ့ မောင် တကယ်ပဲ မောင့် ဖေဖေဆိုင်မှာ ထိုင်ပေးနေရတာလား"

မောင်က ဖွဲ့ကို စိုက်ကြည့်နေရင်းနှင့်မှ ခေါင်းကို ဆတ်ပြသည်။

အဲဒီလို မောင် ခေါင်းညိတ်လိုက်သည့် အချိန်နှင့် တစ်ဆက်တည်းမှာပဲ မောင်များ ယောင်ယမ်းပြီး ခေါင်းခါလေဦးမလားလို့ မျှော်



www.burmeseclassic.com

www.burmeseclassic.com



လင့်နေခဲ့သော ဖွဲ့စိတ်တို့ ကျဆင်းကုန်တော့၏။ ခုတော့ မောင် လိမ်တော့မည်ဆိုတာ သိသိကြီးနှင့် ဖွဲ့က ခေါင်းငုံ့ခံနေရတော့မည်။

မောင်သာ အမှန်အတိုင်း ဝန်ခံခဲ့ပြီး အလုပ်ကိစ္စတစ်စုံတစ်ရာ ကြောင့်သာ ထိုနေရာသို့ သွားခဲ့ရပါသည်ဟုဆိုခဲ့လျှင် ဖွဲ့ဘက်က မျက်စိစုံမှိတ်ကာ ယုံကြည်ကောင်း ယုံကြည်နိုင်မည် ဖြစ်သည်။

"မောင်ရယ် ဖွဲ့မေးနေတုန်းမှာ အမှန်အတိုင်း ဖြေပါနော်၊ မောင့်ကို ဖွဲ့ စိတ်မပျက်ချင်ဘူး"

"ဖွဲ့ကို မောင်က ဘာလို့ လိမ်ရမှာလဲ ဖွဲ့ရယ်၊ မောင်က ဖွဲ့မသိအောင် ဘာမှလုပ်ထားတာမှ မဟုတ်တာဘဲ"

ဘာမှဆက်ပြောချင်စိတ် မရှိတော့၍ ဖွဲ့က မောင့်နားမှထကာ ရပ်လိုက်ပြီး မောင်နှင့်မျက်နှာချင်းဆိုင်ပစ်လိုက်၏။

"ဖွဲ့ သွားတော့မယ်၊ မောင့်ဘက်က အမှန်အတိုင်း ဝန်ခံရဲတဲ့ နေ့မှာ ဖွဲ့ဆီကို ပြန်ဆက်သွယ်လိုက်ပါ မောင်၊ ဖွဲ့ စောင့်နေပါ့မယ်၊ ဖွဲ့နဲ့မောင့်ကိစ္စမှာ အရာအားလုံးက မောင့်အပေါ်မှာပဲ မူတည်တယ်ဆို တာတော့ မောင် မမေ့လိုက်နဲ့ပေါ့"

သူ့ကို ကျောပေးကာ ထွက်သွားသော ချစ်ခြင်းဖွဲ့၏ ကျော ပြင်လေးကို ကြည့်ရင်း ရာဇဝင်က ပခုံးတစ်ချက် တွန့်ပစ်လိုက်မိသည်။

သူ့လုပ်ရပ်တွေက မည်သူတစ်ဦးတစ်ယောက်ကိုမှ ဖွင့်မပြော





ရဲလောက်အောင် ထိတ်လန့်နေရသည့် အရာတွေလေ။ အဲဒီ သတင်း သာ ပေါက်ကြားသွားပါက သူ့ဘဝကြီးတစ်ခုလုံးလည်း ပျက်စီးသွား မည်သာ ဖြစ်သည်။

ချစ်ခြင်းဖွဲ့ကို သူ ချစ်ပါသော်လည်း လူတစ်ယောက်၏ အတ္တ များအတိုင်း ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံးဖြစ်သည်မို့ သူ့လုပ်ရပ်တွေကို ဖုံးကွယ်ခဲ့ရခြင်း ဖြစ်၏။ ကိုယ့်ကိုယ်ကိုတောင် တစ်ခါတစ်ခါ မယုံကြည် ရသည့် လောကကြီးတွင် ချစ်ခြင်းဖွဲ့ကို သူက ဘယ်လောက်ထိ ယုံကြည် နိုင်မှာမို့လဲ။

ရာဇဝင့်ဘဝမှာ ချစ်ခြင်းဖွဲ့ မရှိလျှင်လည်း နေနိုင်ပါသည်။ တကယ်တမ်းမှာ သူ့အတွက် မရှိမဖြစ်က. . .။

■ ■ ■

စိတ်ပျက်လက်ပျက်နှင့် ပင်ပန်းနွမ်းနယ်နေပုံပေါက်သော ဖွဲ့ ကို ကြည့်ပြီး ဖူးဖူးက ဖွဲ့အိမ်ထဲဝင်လာသည်နှင့်

"ဟဲ့ နင့်မျက်နှာကလည်း မသာမယာ ရှိလိုက်တာ၊ ဘာတွေ ဖြစ်လာတာလဲဟ"

ဖွဲ့က ဖူးဖူးမေးခွန်းကို ဘာမှပြန်မဖြေနိုင်သေးဘဲ လွယ်ထား သောအိတ်ကို ထိုင်ခုံပေါ်သို့ ပစ်တင်လိုက်ပြီး ရေခဲသေတ္တာထဲမှ ရေ တစ်ဘူး ထုတ်သောက်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါပြီ နင် ဘာတွေဖြစ်လာပြန်တာလဲ၊ ဘာလဲ နင်စာသင်ရတဲ့တစ်ယောက်က စာတွေ မကျက်ထားလို့လား"

"ဟူး မဟုတ်ပါဘူးဟာ၊ တခြားကိစ္စတစ်ခုပါ"

"ဒါဆိုလည်း ပြောပြလေဟာ"

"အေး ပြောပြမယ်၊ ဒါပေမဲ့ ငါ ရေမိုးချိုးပြီးလို့ နွေးပါပြန်ရောက်မှ အေးအေးဆေးဆေး ပြောပြမယ်"

ပြောပြောဆိုဆို အခန်းထဲသို့ ဝင်သွားသော ဖွဲ့ကို ကြည့်ပြီး ဖူးဖူး တစ်ယောက်တည်းသာ ပဟေဠိများနှင့် ကျန်ခဲ့ရတော့သည်။

တကယ်တမ်းတော့ ဒီလိုအချိန်မှာ စိတ်ညစ်ညစ်နှင့် ဖွဲ့တစ်ယောက်တည်း နေချင်လှသော်လည်း သူငယ်ချင်းတွေကို ပြောပြကာ ရင်ဖွင့်ချင်မိသေးသည်လေ။ ဒါမှသာ မောင် တကယ်တမ်း ဖုံးကွယ်ထားတာတွေဟာ ဘာတွေလဲလို့ ဝိုင်းစဉ်းစား တွေးတောနိုင်မှာဖြစ်၏။

ရေကို စိမ်ချိုးနေမိတာ ဘယ်လောက်တောင် အချိန်တွေကြာသွားသည်မသိ။ ရေချိုးခန်းတံခါးကို လာထုသော ဖူးဖူး အသံကိုကြားမှသာ အသိပြန်ဝင်တော့သည်။

"ဒုန်း ဒုန်း ဒုန်း ဟဲ့ ဖွဲ့ ကြာလိုက်တာ၊ ဘာတွေလုပ်နေတာလဲ၊ အအေးပတ်နေဦးမယ်နော်"

"အင်းပါ ပြီးတော့မှာပါ ဒီမှာ ခေါင်းလျှော်နေလို့"





ဖွဲ့ကလည်း ပြန်အော်ပြောလိုက်ပြီး ရေချိုးနေခြင်းကို လက်စသတ်လိုက်၏။ အပြင်ကိုရောက်တော့ ဖူးဖူးက တံခါးအပြင်ဘက်မှာ ခါးကိုထောက်ပြီး ရပ်စောင့်နေသည်။

"နင့်ကိုကြည့်ရတာ တော်တော်ကို ကြီးကြီးမားမား တစ်ခုခုဖြစ်ခဲ့သလိုပဲ၊ ဘာတွေဖြစ်လာတယ်ဆိုတာ မြန်မြန်သံတော်ဦးတင်လိုက်တော့"

"နေပါဦးဆို ငါ အဝတ်လေးတော့ လဲပါရစေဦး၊ ပြီးတော့ နွေးလာမှ ပြောမယ်ဟာ၊ နင့်ကို တစ်ခါ နွေးကိုတစ်ခါ ပြောနေရရင် ငါ မောတယ်"

"ဟိတ် ဟိုနှစ်ယောက် ဘာတွေပြောကြမလို့လဲ၊ ငါ့ကို လျှို့လို့တော့ မရဘူးနော်"

အသံနှင့်အတူ အိမ်ထဲသို့ လှမ်းဝင်လာသော နွေးကိုမြင်တော့ ဖူးဖူးမျက်နှာက ဝင်းလက်သွားပြီး

"ဒီမိန်းမပေါ့ ဘာတွေဖြစ်လာတယ်ဆိုတာ မေးလို့ကို မရဘူး၊ လူစုံမှ ပြောပြမယ်တဲ့လေ"

"အဲဒါဆို ခဏနေဦး၊ ဟိုမှာ သားချစ်လည်း ပါလာတယ်"

နွေးက အပေါက်ဝကို လက်ညှိုးထိုးပြကာ ပြော၏။ ထိုအခါမှ အိမ်တံခါးမကြီးဘေးရှိ ဖိနပ်စင်လေးဘေးတွင် ရပ်နေသော သားချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



သူမ သတိထားမိခြင်း ဖြစ်သည်။

"သားချစ်က ဘယ်လိုပါလာတာလဲ၊ ဝင်လေဟာ"

ဖူးဖူးက အိမ်ထဲသို့ ဝင်ရန် ဖိတ်မန္တက ပြုလိုက်သော်လည်း သားချစ်က ဖွဲ့ကိုသာ မဝံ့မရဲ လှမ်းကြည့်နေပြီး အထဲသို့ မဝင်ဘ ဖြစ်နေသည်။

ထိုအခါမှ ချစ်မြင်းဖွဲ့မှာ သူမကိုယ်သူမ ပြန်သတိထားလိုက်မိပြီး ကိုယ့်အခန်းထဲသို့ ပြေးဝင်ခဲ့မိတော့၏။ သူမ ခန္ဓာကိုယ်တစ်ခုလုံးမှာ ရေလဲမျက်နှာသုတ်ပဝါဖြူဖြူလေး ပတ်ထားသည်မှလွဲ၍ ကျန်နေရာများမှာ ဖွဲ့ရဲ့သဘာဝအလှများက ထင်ထင်ရှားရှားကို ပေါ်လွင်နေကြသည်လေ။

သားချစ်ရဲ့ ဖွဲ့ဘက်သို့ မလှည့်ချင် လှည့်ချင်နှင့် လှည့်ကြည့်နေပုံက ဖွဲ့ကို ပိုပြီး အရှက်သည်းစေ၏။

အခန်းထဲမှာ တော်တော်နှင့် အဝတ်မလဲနိုင်သေးဘဲ ရှက်မျက်နှာ နီရဲရဲကို ဖြေလျှော့နေရသေးသည်။ မောင့်ကြောင့် စိတ်တို့ တာတွေပင် ခေတ္တခဏ ဘယ်ကိုပြေးထွက်ကုန်ပြီမှန်း မသိ။

"ဖွဲ့ အဝတ်လဲတာ ကြာလှချည်လား၊ ဒီမှာ ငါတို့က နင်မြေ တာကို နားထောင်ဖို့ စောင့်နေကြတာ၊ မြန်မြန်ထွက်ခဲ့တော့"

"အေး အေးပါ"





နွေးရဲ့အသံကြားမှပင် အိမ်နေရင်းဝတ် ဂါဝန်ပန်းရောင်လေးကို ကောက်စွပ်ကာ ရေစိုနေသော ဆံပင်များကို ခပ်မြန်မြန်ဖြီးသင်လိုက်ပြီး အခန်းထဲမှ ထွက်ခဲ့ရ၏။

"ကဲ ပြောတော်မူပါ၊ ဘာတွေများ ဒီလောက် အရေးတကြီးဖြစ်လာခဲ့တာလဲ"

ဖွဲ့စိတ်တို့က ဖူးဖူးတို့ထံမှာ မရှိသေးဘဲ အိမ်ကို ဝေ့ဝဲကြည့်နေမိသေးသည်။ ဒါကို သတိထားမိသော ဖူးဖူးက

"ဘာရှာနေတာလဲ ဖွဲ့"

"သားချစ်ရော ဘယ်ရောက်သွားပြီလဲ"

"ခုနလေးတင် ပြန်သွားပြီလေဟာ"

ဖူးဖူးအဖြေကြောင့် သူမ အံ့သြသွားမိသည်။

"ဟင် သူက ငါ့ဆီလာတာ မဟုတ်ဘူးလား"

"မဟုတ်ဘူးဟ သူက နွေးကို ပြန်လိုက်ပို့တာ"

ဖူးဖူးရဲ့အပြောကို နွေးကပါ ခေါင်းညိတ်ပြပြီး ထောက်ခံလိုက်သို့သော် ထိုအဖြေကို သူမ ဘယ်လိုမှ သဘောမကျနိုင်ပါ။

ဘာသဘောနဲ့ သားချစ်က နွေးကို အိမ်ပြန်လိုက်ပို့ရတာလဲ။

"ဘာလို့ နင့်ကို သူက ပြန်လိုက်ပို့တာလဲ နွေး"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ယောက်ယက်ခတ်သွားခြင်းကို မြင်သာအောင် မပြဘဲ ခပ်တည်တည်သာ မေးလိုက်မိသည်။

"ဪ ဒီလိုဟ နင့်ကိုငါ အွန်လိုင်းက ပရင့်ထုတ်ခဲ့ပြီး မေးမယ်ဆိုတဲ့ စာတွေကို နင်ပြောပြစရာ မလိုတော့ဘူး၊ အင်တာနက်ဆိုင်မှာ သားချစ်နဲ့ တန်းတိုးတာနဲ့ပဲ သူ့ကို မေးခဲ့လိုက်တော့တယ်"

"ဘာလဲ သူက သိပ်အားနေလို့လား၊ ဒီလောက် အချိန်အကြာကြီး"

ဖွဲ့လေသံနှင့် စကားလုံးတို့က ကိုယ်ကိုယ်တိုင်ပင် မထင်မှတ်ထားပါဘဲ လွှတ်ခနဲ ထွက်သွားမိပြီးမှ နွေးကိုပင် ပြန်အားနာသွားမိ၏။

"မအားပါဘူး၊ သူကသွားစရာ ရှိတာတောင် မသွားသေးဘဲ ငါ့ကို သေချာရှင်းပြတာဟ၊ သိပ်တော့ မခက်ခဲပါဘူး၊ love bite နဲ့ ပတ်သက်တာလေးတွေ ငါ မရှင်းသလောက် ပြန်မေးကြည့်တာပေါ့ ဒါပေမဲ့ တော်တော်တော့ ကျေးဇူးတင်သွားမိတယ်၊ သူ အပြင်သွားဖို့ ချိန်းထားတဲ့အချိန်ရောက်တာတောင် မသွားသေးဘဲ ငါ့ကို ပြန်လိုက်ပို့ပြီး သူ သွားစရာရှိတာကို သွားရတာ"

နွေး ပြန်ဖြေလိုက်သော စကားကမှ ဖွဲ့စိတ်ကို ပိုလို့တောင် ခံရခက်သွားစေသည်။ သွားစရာရှိတာတောင် မသွားဘဲနဲ့ သူက ဘာလို့





တနာတွေ စွတ်ကောင်းနေရတာလဲ။

တကယ်တော့ သူ့ရဲ့ သွားစရာဆိုတာကလည်း သူ့ကောင်လေးတွေနဲ့ အချိန်းအချက် လုပ်ထားတာကလွဲလို့ တခြားမဖြစ်နိုင်ပါ။

စိတ်ထဲမှာ ဘာကိုမှန်းမသိ ခံရခက်သွားစေသော်လည်း က်နှာကိုတော့ ချက်ချင်းပင် ဘာမှမဖြစ်သည့်ဟန် ဖမ်းလိုက်ကာ

"ဟုတ်လား အဲဒီကောင်က ဒီလိုပဲ၊ သိပ်စေတနာ ကောင်း အဟင်း ဟင်း"

သူမအသံက အသက်မပါလှသော်လည်း မတတ်နိုင်စွာပင် န်ဆောင်ရယ်မောလိုက်ရ၏။

"အမလေးဟဲ့ သားချစ်လုပ်တာနဲ့ပဲ နင်ပြောမယ့် စကား တင် ဘယ်နားရောက်သွားမှန်း မသိဘူး၊ ပြောလေဟာ ငါတို့က ါကို နားထောင်ချင်နေတာ"

ဖူးဖူး သတိပေးမှပင် ဖွဲ့မှာ မောင့်အကြောင်းကို ပြန်သတိရ ၏။ ရင်ထဲမှာလည်း ခံပြင်းဒေါသများက ပြန်လည်ထကြွလာတော့ ည်။

သို့နှင့်ပင် မောင့်အကြောင်း အစအဆုံးကို ဖူးဖူးတို့အား ပြော အကြိုညာ် တောင်းခံလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ နင်တို့ ဘယ်လိုထင်လဲဟင်၊ ငါကတော့ ရင်တွေ
အရမ်းတုန်နေပြီ"

"နင်ပြောပုံအရဆိုရင် ရာဇဝင်က အဲဒီလူနဲ့ တော်ပော်ရင်းနှီး
တဲ့ပုံ ပေါက်တယ်ပေါ့ ဟုတ်လား"

"အေး ဟုတ်တယ်ဟ၊ တစ်ယောက်ပခုံး တစ်ယောက်ဖက်ပြီး
တော်တော်ကို ခင်မင်တဲ့ပုံပဲ၊ ငါ လန့်တာက အဲဒီလူနဲ့ပေါင်းတယ်ဆို
တော့ မောင်လည်း အဲဒီလိုဖြစ်နေမှာကို စိုးရိမ်တာ"

"ရာဇဝင်ကို အဲဒီလိုဆေးတွေ ဘာတွေ သုံးတယ်ဆိုတဲ့ပုံ
နင် မြင်ဖူးလို့လား"

နွေးရဲ့မေးခွန်းကြောင့် ဖွဲ့မျက်လုံးထဲတွင် တစ်ခါက ဖွဲ့ဆေးရုံ
မောင် ရောက်လာခဲ့သော အချိန်ကပုံစံကို ပြန်လည်မြင်ယောင်နေမိ
မှာပင် ဖူးဖူးက

"ဆေးသုံးထားရင် ဘယ်လိုပုံစံဆိုတာ နင် သိလို့လား နွေးရဲ့

"စိတ်ကြွဆေး ဆိုရင် အရမ်းကို အက်တစ် ဖြစ်နေမယ်
ဘိန်းတို့ ဘာတို့ကတော့ မှိန်းနေတာပေါ့ဟာ၊ အပြင်လောကနဲ့ အဆ
အသွယ် ပြတ်နေတဲ့ သဘောပေါ့၊ ဒါပေမဲ့ သူ့ကို အရမ်းစွဲနေ
လူတွေကျတော့ တဖြည်းဖြည်း အရိုးငေါငေါနဲ့ ကြည့်ရဆိုးပြီး သူ
နားမှာ အသံလေး တစ်သံ ကြားရင်တောင် အလိုလို လန့်





တတ်ကြတယ်၊ ဥပမာကွာ သူတို့က ဥပဒေ ပြင်ပက လုပ်ငန်းတွေကို
လုပ်နေတဲ့ လူတွေဆိုတော့ ဆေးသုံးထားတဲ့အချိန်တွေဆို အသံလေး
နည်းနည်းကြားတာနဲ့ သူတို့ကို ဖမ်းဖို့ လူတွေလာပြီထင်ပြီး အလိုလို
သွေးလန့်နေကြတာပေါ့"

နွေး ပြောပုံအရဆိုရင် ဆေးရုံကို မောင်လာတုန်းက အပြု
အမူတွေဟာ မောင်များ ဆေးခြောက်တွေ သုံးစွဲထားတာလားဟု ထင်
ချင်စရာ ရှိလာပြီ ဖြစ်သည်။

ပြီးတော့ ဖွဲ့နားထဲမှာ ကြားယောင်နေမိတာက သားချစ် ပြောခဲ့
သော စကားတွေ၊ မောင်က ငယ်ငယ်တည်းက သိပ်ကိုဆိုးသွမ်းပြီး
ဆေးတွေဘာတွေတောင် သုံးဖူးတယ်ဆိုသော စကားဖြစ်သည်။

ပြီးတော့ လက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်နေသော ငယ်ထိန်းရဲ
များကိုမြင်ကာ ထန်းရည်ဆိုင်ထဲသို့ ရောက်သွားရသည်ဆိုသော
သားချစ်ရဲ့စကားများကလည်း မှန်ကန်ဖို့များနေပြီပေါ့။

ဒီလိုဆို မောင်က ဖွဲ့အပေါ်မှာ လိမ်ညာနေခဲ့တာ ခြောက်ဆယ်
ရာခိုင်နှုန်းလောက် သေချာနေပြီ ဖြစ်သည်။ မောင့်ဘဝ လမ်းများကို
ရောက်နေပြီလား။ ဒါမှမဟုတ် အဲဒီလမ်းများကိုပဲ တန်းတန်းကြီး ဆက်
လျှောက်ဖို့ ဆုံးဖြတ်ပြီးနေခဲ့သည်လား။ ဒီကိစ္စဟာ ဖွဲ့ထင်သလို တကယ်
ပါဆိုရင် ဖွဲ့ ဘာလုပ်ရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဖေဖေကို ပြောပြလျှင်ရော မကောင်းဘူးလား။ ဒါမှသာ မောင့်ကို သေချာထိန်းသိမ်းနိုင်မည်လေ။

သို့သော် ခက်နေသည်က မောင့်ဖေဖေက ဖွဲ့ကို သိမှာမဟုတ် ခြင်းပင်။ တော်ကြာ သူ့သားကို နာမည်ဖျက်ချင်လို့ မဟုတ်တာတွေ ပြောပါသည်ဆိုလျှင် သူမပဲ အရှက်ကွဲရဦးမည်။

"ငါတို့ မောင့်ဖေဖေကို ဒီကိစ္စပြောပြထားရင် ကောင်းမယ်"

"ဘယ်ကိစ္စလဲ ရာဇဝင်က ကျောက်မြောင်းထဲက ဟိုလူ တွဲနေတယ်ဆိုတဲ့ ကိစ္စလား"

ဖွဲ့က ခေါင်းညိတ်ပြတော့ နွေးက ခေါင်းကိုခါယမ်းပစ်လိုက် ပြီး

"မရသေးဘူးလေ၊ ခုချိန်မှာ ရာဇဝင့်အဖေက နင့်ကို သိမှာ မဟုတ်ဘူး။ ပြီးတော့ ပြောဖို့လည်း အချိန်မကျသေးဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ နင့်မှာ ခိုင်လုံတဲ့သက်သေ မရှိလို့ပဲ"

"အေးလေ ရွှေနေမကြီးကပဲ အမှုအသွားအလာကို သေချာ နားထောင်ပြီး ရှင်းပြလိုက်ပါဦး"

ဖူးဖူးက ဝင်နောက်နေသေးသော်လည်း ဖွဲ့ကတော့ ပြုံးနိုင် စွမ်းတောင် မရှိတော့ပါ။

"အဲဒီလိုကြီး ဖြစ်မနေစမ်းပါနဲ့ဟာ၊ ဘာမှဆိုးဆိုးရွားရွား မဖြစ်





လောက်ပါဘူး။ စိတ်ကိုလျှော့လိုက်"

ဖူးဖူးကပင် ဖွဲ့ပခုံးလေးတစ်ဖက်ကိုကိုင်ကာ အားပေးသော် လည်း၊ ဖွဲ့မျက်နှာကိုတော့ သုန်မှုန်နေမိဆဲ ဖြစ်သည်။

"မဟုတ်ဘူးဟာ သူ တကယ် မဟုတ်ဘူးဆိုရင် သူ့ရှေ့က ပေါ်လာရင်တောင် သူ လိုက်ရှင်းပြသင့်တယ်လေ၊ ခုတော့ ငါ့ စကားကို လုံးဝ ဂရုမစိုက်ဘူးဆိုတဲ့ ပုံစံနဲ့ အဲဒီနေရာမှာတင် ကျန်နေခဲ့တာဟ၊ ငါ သူ့ကို ဘယ်လို နားလည်ပေးရတော့မယ်တောင် မသိတော့ပါဘူး ဟယ်"

"ဒါဆိုလည်း ဒီလိုလုပ်ပါလား"

နွေးပြောလာမယ့် အကြံပြုချက်ကို စိတ်ပါဝင်စားစွာပင် ဖွဲ့ ခေါင်းလေး ထောင်ထသွား၏။

"ဒီလိုမျိုး ရာဇဝင့်အကြောင်းတွေကို စုံစမ်းရမယ်ဆိုရင် သား ချစ်ကို အကူအညီတောင်းကြည့်ပါလား။ ယောကျ်ားချင်းချင်းဆိုတော့ ပိုပြီး နားလည်လွယ်မယ်လို့ ငါ ထင်တယ်၊ တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်တာနဲ့ ဘယ်သူက ဘာလုပ်လာတယ်ဆိုတာတော့ သိမှာ ကျိန်းသေပဲ"

"နင်မို့ အဲဒီအကြံကိုပေးတယ် နွေးရယ်၊ ရာဇဝင်နဲ့သားချစ်က ကျောင်းမှာတည်းက မတည့်ကြတာကြီးကို၊ ဘယ်လိုလုပ်ပြီး သားချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်နိုင်းလို့ ဖြစ်မှာလဲဟာ''

သူမအသံက စိတ်ပျက်လက်ပျက်နှင့် ထွက်လာသည်မို့ ကျ
နှစ်ယောက်လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ခေါ်
များကို ပြုံင်တူခါရမ်းလိုက်ကြသည်။

''အဲဒီလိုဆိုရင်တော့ ကျွန်တော်မျိုးကြီးလည်း မလျှော
တတ်တော့ပါရှင်၊ ကိုယ့်ဘာသာ အေးအေးဆေးဆေး ထမင်းပဲ သွ
စားတော့မယ်နော်''

နွေးက ခပ်ညည်းညည်းလေး ပြောကာ ဖွဲ့နားမှ ထသွ
သော နွေးကိုကြည့်ပြီး ဖွဲ့ အားနာသွားမိ၏။ ကိုယ့်ကြောင့် သူငယ်ချ
တွေတောင် အေးအေး မနေရဘဲ နေရာတကာ ခေါင်းစားနေကြရ

သို့သော် ဖူးဖူးကတော့

''ဒါဆိုလည်းဟာ နင့်ရာဇဝင်နဲ့ ဇာတ်လမ်းပြီးနေပြီပဲဟ
ပြတ်လက်စနဲ့တော့ ထားလိုက်ပါတော့၊ ဟိုလေ သားချစ်ကို ပြော
စဉ်းစားကြည့်ပါလားဟာ၊ နင်တို့နှစ်ယောက်ဆို ဆရာဝန်တွေဆိုတေ
ရှေ့သွားနောက်လိုက် ညီမှာဟ''

အရေးထဲမှ ဖူးဖူးက သူမ ဖြစ်ချင်နေတာတွေကို လာပြော
သေးသည်။ ဖူးသစ်စက နဂိုတည်းကမှ ရာဇဝင့်ကို ဖွဲ့က ကြည့်ပြ
လက်ခံထား၍ သူလည်းလိုက်ပြီး လက်ခံထားရခြင်း ဖြစ်သည်။ စိတ်





မှာက ကြိတ်ပြီး သားချစ်နှင့် သဘောတူနေခြင်းလေ။

ဒါတွေကို ပြန်တွေးလိုက်မိတော့လည်း စိတ်တို့က ပိုလို့ နောက်ကျိသွားကာ သူမမှာ စိတ်ပျက်လက်ပျက်နှင့် ခေါင်းသာ ရမ်းနေမိတော့သည်။

တကယ်တော့လည်း နွေးပြောသလို သားချစ်ကို အကူအညီတောင်းရမည့်ကိစ္စကတော့ ဘယ်လိုမှကို မလွယ်ကူနိုင်တာ သေချာပါသည်။

သားချစ် ပြောခဲ့ဖူးသလိုသာ အမှန်ဖြစ်နေပါက မောင့်ကို ကယ်တင်နိုင်အောင် ဖွဲ့ ကြိုးစားရတော့မည်။

မောင်ရေ မောင်ဟာ ချစ်ခြင်းဖွဲ့ရဲ့ ချစ်သူဖြစ်နေသမျှ ကာလပတ်လုံး မှားယွင်းနေတဲ့လမ်းတွေကို ဘယ်တော့မှ ဖွဲ့မသိဘဲ တိတ်တိတ်လေး လျှောက်နေဖို့ မကြိုးစားလိုက်လေနဲ့နော်။

ဖွဲ့ဘဝရဲ့လက်တွဲဖော်အဖြစ် မောင့်ကို ရွေးချယ်ပြီးတည်းက မောင်လုပ်သမျှတွေဟာ ဖွဲ့နဲ့သက်ဆိုင်တယ်လို့ပဲ ဖွဲ့က မှတ်ယူထားပြီးပြီလေ။ ဒါကြောင့် မှားယွင်းနေတဲ့အရာတွေကို မောင် လုပ်နေတယ်ဆိုရင် ဖွဲ့ကတော့ မရရတဲ့နည်းနဲ့ လိုက်လံတားမြစ်ရမှာပါပဲ။

ဒါကို မောင် နားလည်ပေးပါနော်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဘာလို့ မနှေက ငါ့ကိုမစောင့်ဘဲ ပြန်သွားတာလဲ"

"နှင့်ဆီလာတာမှ မဟုတ်တာ၊ နွေးက သူ့ရဲ့အမှုတစ်ခုနဲ့ ပတ်သက်နေတဲ့ ဆေးဘက်အခေါ်အဝေါ်တွေ ငါ့ကို မေးနေလို့ အဲဒါ အပြန်လိုက်ပို့ပေးတာ"

"သိသားပဲ နှင် သိပ်အားနေရင်လည်း အိမ်မှာပဲ အိပ်နေပါ တော့လား။ သူများတကာကို စာရှင်းပြဖို့တော့ သိပ်ရတယ်၊ ကျောင်း ပြန်တက်ပါဆိုတော့ နည်းနည်းမှ နားမထောင်ဘူး"

တကယ်တော့ ဖွဲ့စိတ်ထဲမှာ မနှေက နွေးကို သားချစ်က စာတွေရှင်းပြလိုက်သည်ဆိုသောကိစ္စကို မည်သို့မျှ မကျေလည်နိုင်အောင် ဖြစ်နေမိခြင်း ဖြစ်သည်။





ဒါဟာလည်း နွေးနွေးအပေါ် အမြင်တိမ်းစောင်းမိသည့် မ ဟုတ်ပါဘဲ ထုံးစံအတိုင်း သူမရဲ့သားချစ်ယံတွင်ဖြစ်သော အဖြူရောင် ဝန်တိုမှုသက်သက်ပါလေ။

"ငါ ဒီနေ့လာတာ နှင့်ကို အဲဒီကိစ္စ ပြောချင်လို့ပဲ"

"ဘာကိစ္စလဲ သားချစ်"

"ငါ ကျောင်းပြန်တက်မလားလို့ စဉ်းစားနေတာ"

သားချစ်စကားကြောင့် ဖွဲ့မှာ အလွန်ပင် ဝမ်းသာသွားမိသည်။ ဒါဟာ သားချစ်ဆီကနေ ဖွဲ့အကြားချင်ဆုံး စကားပါပဲ။

"ဒါနဲ့ နေပါဦး၊ နှင်က ဖြုန်းစားကြီး ဘယ်လိုဖြစ်ပြီး ကျောင်း ပြန်တက်ဖို့ စဉ်းစားမိသွားတာတုန်း"

"အင်း တကယ်တော့ မေမေ့ကြောင့်လည်း အများကြီးပါတာ ပေါ့ဟာ၊ ပြီးတော့ မေမေ့ဆန္ဒကိုလည်း ငါ ဖြည့်ဆည်းပေးချင်မိတယ်၊ အဲဒါနဲ့ပဲ နောက်ဆုံးတော့ ငါနဲ့မေမေကြားမှာ နားလည်မှုတစ်ခု ယူလိုက် ကြတယ်လေ"

"ပြောပါဦး ဘယ်လို နားလည်မှုယူလိုက်ကြတယ်ဆိုတာ"

ဖွဲ့က သိချင်ဇောနှင့် မေးလိုက်တော့ သူက တစ်ချက်ပြုံးလိုက် ပြီး

"ငါ လုပ်ချင်တဲ့ ဂီတအလုပ်ကို လုပ်ခွင့်ပေးရင် ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြန်တက်မယ်လို့ ပြောလိုက်တာပေါ့"

"ဟယ် ဒါဆို နင့်မေမေက နင့်ကို ခွင့်ပြုလိုက်ပြီပေါ့ ဟုတ်လား"

ဖွဲ့စိတ်ထဲမှ တကယ်ကို ပျော်ရွှင်စွာပင် မေးလိုက်ခြင်း ဖြစ်သည်။ သားချစ်ဘယ်လောက်တောင် ဂီတကို ရူးသွပ်တယ်ဆိုတာ ဖွဲ့အသိဆုံးလေ။ သူ့မေမေက သူ့ကို ဂစ်တာတောင် ကိုင်တာမကြိုက်တတ်ခဲ့။

သားချစ်မှာ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဘော်ဒါတွေနဲ့သာ လမ်းပေါ်မှာ ဂစ်တာငှားတီးရပေါင်းများခဲ့ပြီလေ။

ခုလို သူ့အမေနှင့် နားလည်မှုရသွားသည်ဆိုတော့ ဖွဲ့ ပျော်မိတာ အမှန်ပါပဲ။ ကာယကံရှင် သားချစ်ဆို မည်မျှထိပျော်နေမည်ဆိုတာ ခန့်မှန်းကြည့်ရုံနဲ့တင် သိနိုင်ပါသည်။

"အေး ဟုတ်တယ်၊ ဒါပေမဲ့ မေမေက ငါ့ကို စာမလုပ်ဘူးဆိုတဲ့ သတင်းမျိုး၊ ဂစ်တာတွေ သီချင်းတွေနဲ့ပဲ အချိန်ကုန်နေတယ်ဆိုတာမျိုးတွေ ကြားရင်တော့ ပေးနေသမျှ မုန့်ဖိုးတွေ အကုန်ဖြတ်တောက်မယ်တဲ့"

"အဲဒါ ကောင်းတာပေါ့၊ ဘယ်လိုပဲဖြစ်ဖြစ် နင် လုပ်ချင်တာကို နင့်မေမေ ခွင့်ပြုလိုက်ပြီဆိုတော့ နင်လည်း နင့်မေမေ ဖြစ်ချင်တာ





ကို ပြီးဆုံးတဲ့အထိ အကောင်းဆုံး လုပ်ဆောင်ပေးရမှာပေါ့ အဲဒါမှ အပေးအယူမျှမှာလေ"

"ဟုတ်ပါပြီ ဆရာမရယ် ကျွန်တော်ကလည်း အတတ်နိုင်ဆုံးတော့ စိတ်မပါတာကြီးကို စိတ်ပါချင်ယောင်ဆောင်ပြီး လုပ်ပေးနေရဦးမှာပေါ့"

"သားချစ်ကလည်း ဆရာဝန်လုပ်တယ်ဆိုတာ ဘယ်လောက်တောင် ဂုဏ်ယူစရာ ကောင်းလဲ၊ သူများတွေရဲ့ အသက်ကို ကယ်တင်ပေးရတာလေ၊ လူတိုင်းလုပ်နိုင်တာ မဟုတ်ဘူး"

သူမကတော့ ကိုယ့်ဝါသနာအရင်းခံအတိုင်း ပြောမိလေလျှင် သားချစ် မျက်နှာကြီးက ရှုံ့မဲ့သွားကာ

"အပိုတွေ မပြောပါနဲ့ဟာ၊ အမှတ်အများဆုံးလိုင်းမို့လို့ နင်တို့တက်နေကြတာပါ၊ အဲကယ်၍များ ငါတို့ဆီမှာ lawyers တွေသာ အမှတ်အများဆုံး ဖြစ်သွားကြည့်ပါလား၊ ရှိသမျှလူအားလုံး အဲဒီလိုင်းကိုပဲ ရွေးတက်နေမှာ သေချာတယ်၊ မပြောလိုက်ချင်ဘူး"

သားချစ်က ထိုသို့လည်း မိန်းမတစ်ယောက်လို ရန်တွေ့တတ်ပါသေးသည်။ သူမကလည်း အဲဒီပုံစံလေးကိုပဲ သဘောတကျဖြစ်ကာ ညီညာနေသော သွားတန်းလေးများ ပေါ်သည်ထိ ရယ်မောလိုက်မိ၏။

"ဘာရယ်တာလဲ၊ မရယ်ပါနဲ့၊ မသိရင်ခက်မယ်နော်၊ နင်တို့ကို

www.burmeseclassic.com



လူတွေများ ရှိသမျှ ပေါ်ပင်တွေအားလုံး လိုက်လုပ်နေကြတာတော့ပဲ''

''တော်ပါတော့ သားချစ်ရယ်၊ နင်ကလေ မိန်းမကျနေတာပဲ၊ ရန်တွေကောင်းလိုက်တာ၊ နေဦး နောက်တစ်ခါ မောင်နဲ့ရန်ဖြစ်ရင် နင့်ကို စစ်ကူခေါ်ထားရမယ်''

ဖွဲ့က အပြောင်အပျက် ပြောလိုက်ခြင်းဖြစ်သော်လည်း သားချစ်မျက်နှာကတော့ ချက်ချင်းပင် တည်သွားကာ

''နေပါဦး နင်က ရာဇဝင်နဲ့ ရန်ဖြစ်ထားလို့လား၊ ငါလည်း ဘာမှမသိရဘူး''

ဖွဲ့က စကားမှားသွားသည်ကို ပြန်ပြင်ရန် ကြိုးစားမနေတော့ဘဲ မနေ့က ဖြစ်ပျက်သမျှတွေရော ဆေးရုံကို လာသည့်နေ့တုန်းက မောင်မှုပျက်ပြီး အမှုစစ်ရန်လာသည့် ရဲကားတွေကို မြင်ကာ ထွက်ပြေးသွားသည့်အကြောင်းတွေပါ သားချစ်ကို ခရေစေ့တွင်းကျ ပြောပြလိုက်တော့၏။

ဖွဲ့စကားဆုံးသည်နှင့် သားချစ်ပုံစံက 'တွေ့လား ငါမပြောခဲ့ဘူးလား' ဆိုသည့် ပုံစံမျိုး၊ အကြည့်မျိုးတွေနှင့် ဖွဲ့ကို ငေးကြည့်နေလေသည်။

ဖွဲ့ကလည်း တမင်တကာပင် မသိချင်ယောင် ဆောင်လိုက်ကာ တစ်ယောက်တည်း သက်ပြင်းလေးချလိုက်မိ၏။





''ဒါကြောင့် ဒီကောင် ခုတလော မင်းညီတို့နဲ့ ပြန်ပတ်သက်နေတာကိုး''

''ဟင် နင် ဘာကိုပြောတာလဲ သားချစ်၊ မင်းညီကို နင်လည်း သိတယ် ဟုတ်လား၊ သူက မောင်နဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာရော နင်သိလား၊ လောလောဆယ် မင်းညီဟာ ဘယ်လိုလူဆိုတာ ငါ အရမ်းသိချင်နေတယ်ဟာ''

''ဒါဆို မင်းညီအကြောင်းကို နင်လည်း တစ်နေရာရာက ကြားပြီးပြီပေါ့ ဟုတ်လား၊ အဲဒီကောင်က ငါတို့အထက်တန်းတုန်းက တစ်ကျောင်းတည်း တက်ခဲ့တဲ့ ကောင်ပဲလေ''

''ခု ငါပြောနေတာ သူပေါ့၊ ကျောက်မြောင်းမှာ နေတယ်ဆိုတဲ့ တစ်ယောက်လေ''

''အေး ငါသိပါတယ်၊ နင် မင်းညီနဲ့ တွေ့ခဲ့ပြီဆိုတာ''

''အဲဒီကောင်က ဆေးချိုးတဲ့ ဟာ၊ ဘယ်လိုလုပ်ကြမလဲဟင် သားချစ်၊ ငါ့ကို မကူညီနိုင်တော့ဘူးလား''

သူ တားမြစ်တုန်းက ငြင်းဆန်နေခဲ့ပြီး ခုမှ သူ့ဆီမှ အကူညီကို တောင်းခံနေသည့် သူငယ်ချင်းလေးကိုကြည့်ကာ သားချစ်မှာ လှောင်လည်း မလှောင်ရက်တော့ပေ။

''အေးပါဟာ ဘာမှမသေချာဘဲနဲ့တော့ ငါလည်း ဘာထင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ချက်မှ မပေးချင်သေးဘူး။ ငါ နည်းနည်းပါးပါး ကြည့်ထားပေးပါ့မယ်၊ အဲဒီလောက်လည်း စိတ်ပူမနေပါနဲ့ဟာ''

''နင်ပြောသလိုသာ တကယ်ဆိုရင် ဘယ်လိုလုပ်ကြမလဲ သားချစ်''

ဖွဲ့အသံက လိုတာထက်ပင် ပိုမိုတုန်ယင်နေသလားဟု ထင်မှတ်ရလေသည်။ သားချစ်ကတော့ ဖွဲ့စိတ်သက်သာရာ ရစေရန် သူ့မခေါင်းလေးကို ဖွဖွအုပ်ကိုင်ကာ ဆံပင်များကို တစ်ချက်ဖွပစ်လိုက်ပြီး

''ဘာမှမဖြစ်လောက်ပါဘူးဟာ၊ ရာဇဝင့်ပုံ ကြည့်ရတာလည်း အဲဒီလိုပုံစံမျိုးတွေနဲ့ ရုပ်ပျက်ဆင်းပျက် မတွေ့ရတာ တော်တော်ကြာပါပြီ''

''ဟင် နင်ပြောပုံအရဆို မောင်က အရင်တုန်းက တော်တော်ကို ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ဖူးလို့လား''

ဖွဲ့က အလန့်တကြားလေး မေးတော့မှ သားချစ်ကလည်း ကိုယ့်အမှားကိုယ် သတိရကာ

''ကျောင်းတုန်းကပါဟာ ကြာပါပြီ၊ အဲဒီတုန်းကတော့ ကလေးဆိုတော့ ဘာသိဦးမှာလဲ၊ ဆိုးတာပေါ့၊ ကဲပါ အဲဒီအကြောင်းကို စိတ်ထဲမထားပါနဲ့တော့၊ လာ ငါ ဒီနေ့ နင်နဲ့ဆေးရုံလိုက်ခဲ့မယ်၊ ငါ လည်း နင်တို့နဲ့တူတူ ဗိုလန်တီယာ ဝင်လုပ်ရအောင်၊ နင့်လက်ထောက်ပေါ့''





''တော်ပါဟယ် ဆရာ ဆူအောင်လို့လား''

''ဟား ဟား ဟား နောက်တာပါဟ၊ နင်ကလည်း တော်တော် ကြောက်တတ်တယ် ဟုတ်လား၊ ပုံစံကြည့်တော့ ဖိုက်တာလိုလို ...တလိုလိုနဲ့''

''နင်နော် သားချစ်၊ ငါ့ကို အဲဒီလို မစနဲ့''

''ငါပြောတာ မဟုတ်ပါဘူးဟာ၊ ငါတို့လမ်းထဲက လူတွေပြော ...တယ်''

''ကြည့် နင်ကလေ ပြောလေ ဆိုးလေ သိလား''

ဖွဲ့က သားချစ် လက်မောင်းတစ်ဖက်ကို လှမ်းရိုက်ကာ ပြော ...ိုက်တော့မှ သားချစ်က အပြောကို ရပ်သိုက်သော်လည်း နှုတ်ခမ်း ...းကတော့ ပြုံးစိစိဖြစ်နေကြသေးသည်။ ဖွဲ့ကတော့ မျက်စောင်းလေး ...က ထိုးပစ်လိုက်တော့၏။

ဖွဲ့လမ်းလျှောက်ရင် မိန်းကလေးတွေလို နွဲ့နွဲ့နှောင်းနှောင်း ...လျှောက်တတ်တော့ လူက ဖိုက်တာလိုလို ဘာလိုလို ဘယ်သူ့မှ ...မစိုက်သည့်ပုံ ပေါက်နေရသည်။ ဒါကိုပဲ သားချစ်က စနောက်နေ ...း ဖြစ်၏။

''နင် လမ်းလျှောက်ပုံက တကယ့်ကို ဖိုက်တာအထာကြီးပါ ...း အဲဒီပုံစံကို ဟိုရာဇဝင်ဆိုတဲ့ကောင်ကလည်း ဘာကြည့်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ နားမလည်နိုင်တော့ဘူး။ ဟိုလေ နင် တစ်ခါလောက်မျ
မိန်းကလေးတွေလို ဒီလိုလေး လျှောက်ကြည့်ပါလား''

သားချစ်က ပြောပြောဆိုဆို သူမရှေ့မှနေ၍ တင်ပါးကို လှု
ကာ တစ်လှမ်းချင်း လှမ်းပြနေရာ သူမမှာ ဒေါသလည်းဖြစ်၊ ရယ်လည်
ရယ်ချင်မိကာ သားချစ်ကိုသာ နှုတ်မှ ဖွဖွလေး ကျိန်ဆဲလိုက်မိတေ
သည်။

■ ■ ■

တံခါးဘဲလ်သံကြား၍ ကမန်းကတန်းလေး ထဖွင့်လိုက်မိသေ
ဖွဲ့မှာ တံခါးဝ၌ ရပ်နေသူကို မြင်လိုက်ရချိန်တွင် အံ့သြသွားမိတော့
''ဘာတွေကြောင်ကြည့်နေတာလဲ တံခါးဖွင့်ပေးလေ''

သားချစ်က သူမကို ပြုံးစိစိနှင့်ကြည့်ပြီး ပြောလိုက်မှ
လည်း သတိပြန်ဝင်ကာ တံခါးကို ဖွင့်ပေးမည်ဟု ပြင်လိုက်ရင်းမှ
သော့ကိုင်ထားသော လက်ကို ပြန်ရုပ်လိုက်ရင်း

''ဟင့်အင်း ဖွင့်လို့မရဘူး''

ဖွဲ့ရဲ့အမူအရာကြောင့် သားချစ်က မျက်မှောင်ကျုံ့ကြည့်လို
ပြီး

''နေပါဦး နင့်လက်ထဲကသော့က ဒီတံခါးသော့ မဟုတ်
လား''





''အင်း ဟုတ်တယ်၊ ဒီတံခါးသော့လေ''

''အာ ဒါဆို ဘာလို့ ဖွင့်လို့မရရမှာလဲ''

''အဲဒီလို မရဘူးလို့ ပြောတာ မဟုတ်ဘူး၊ အိမ်မှာ ဒီည ငါ
တစ်ယောက်တည်းဟ၊ ခုလည်း ဘယ်သူမှ မရှိဘူး''

ဖွဲ့စကားကြောင့် သားချစ်က စိတ်ပျက်လက်ပျက်နှင့် လှေ
ကားထစ်များပေါ်တွင် ထိုင်ချလိုက်ပြီး

''ဟိုနှစ်ယောက်က ဘယ်မှာသွားအိပ်ကြလို့ မရှိရတာလဲ''

''ဖူးဖူးက မနက်ဖြန်တင်ရမယ့် ပရောဂျက်အတွက် သူ့ ဂရု(ပ်)
ကလူတွေနဲ့ တူတူ စာစုလုပ်ဖို့ သွားတယ်၊ နွေးကတော့ သူ့ဆရာ အိမ်
မှာ မနက်ဖြန် အလှူရှိလို့ သူ့ဆရာကတော်တို့နဲ့ သွား အိပ်ပေးတယ်လေ၊
ဒီည ဘယ်သူမှ ပြန်လာမှာ မဟုတ်ဘူးဟ၊ အဲဒါကြောင့် တံခါးဖွင့်လို့
မရတာ''

ဖွဲ့စကားအဆုံးမှာ သားချစ်က ကျစ်ခနဲ စုတ်သပ်လိုက်မိ၏။

''ဘာလဲ ပတ်ဝန်းကျင်လား၊ အဲဒါကြီးကို ဂရုစိုက်နေတာ
လား''

သူမက ဘာမှပြန်မဖြေဘဲ သားချစ်မျက်နှာကိုသာ စိုက်ကြည့်
နေမိ၏။

''အဲဒါကြီးကို ဂရုစိုက်တယ်ဆိုလည်း သူတို့မသိအောင် တိတ်

www.burmeseclassic.com



တိတ်လေး တံခါးဖွင့်ပေးဟာ၊ ငါ ခိုးဝင်မယ်''

''နင် ဘာတွေ ဒီလောက် အရေးကြီးနေတာလဲ သားချစ်ရယ်၊ မနက်မှ လာခဲ့ပါလား၊ ခုပဲ ညကိုးနာရီခွဲနေပြီ''

''မရဘူးဟ၊ ငါ နင့်ကို စာမေးစရာရှိလို့၊ မနက်ကျရင် ကျူရှင်က အစောကြီးပဲ သွားရမှာ''

သားချစ်က ကျောင်းပြန်တက်တော့မည်မို့ ခုတည်းက ကျူရှင်ကိုပါ ပြန်တက်နေရခြင်း ဖြစ်၏။ စာဆိုတာနှင့် တစ်နှစ်ခန့် ဝေးကွာနေခဲ့ရသည်ဆိုတော့ မေ့ချင်ချင် ဖြစ်နေခဲ့ပြီလေ။

ဒါကြောင့်ပဲ ကျူရှင်ကို ခပ်စောစောတည်းက တက်နေရခြင်း ဖြစ်၏။

''နင်ကတော့လေ လုပ်လိုက်ရင် အဲဒီလိုချည်းပဲ သိလား''

ဖွဲ့က ဆောင့်ဆောင့် အောင့်အောင့်နှင့်ပင် သံပန်းတံခါးကို အသံမမြည်စေရန် တိုးတိုးလေး သော့ဖွင့်ပေးလိုက်၏။ သားချစ်ကလည်း ခပ်သွက်သွက်ပင် အခန်းထဲသို့ဝင်ကာ တံခါးကို ပိတ်ချပစ်လိုက်လေသည်။

တစ်ခန်းလုံးမှာ ဒီလိုအချိန်မျိုးကြီး၌ သားချစ်နှင့်နှစ်ယောက်တည်းရှိနေသည်ဆိုသော အသိက ဖွဲ့ရင်တွေကို ဘာဖြစ်လို့များ မတည်မငြိမ် ဖြစ်နေစေတာလဲ။





အို ဒီလို ဖြစ်နေလို့ မဖြစ်သေးပါဘူးလေ။

အိမ်နောက်ဖေးသို့ အမြန်ဝင်လာကာ ရေတစ်ခွက် အမြန်သောက်ချလိုက်ရင်း အသက်ကို တဝရှူသွင်းကာ ပါးစပ်မှ ပြန်မှုတ်ထုတ်လိုက်ရသည်။ ရင်ထဲမှ လှုပ်ခါနေသော အလုံးကြီး အုံးခနဲ ကျသွားပါမှ သူမလည်း အိမ်ရှေ့ဧည့်ခန်းထဲသို့ ပြန်ထွက်လာခဲ့၏။

''ပြ ဘာမေးမလို့လဲ၊ ငါ အချိန်သိပ်မရဘူးနော်၊ မနေ့ညက နိုက်ကျူတီဝင်ထားရလို့ အိပ်ရေးပျက်နေတာ၊ ခုမှ အိပ်မလို့ဟာကို တော်တော် နှောင့်ယှက်တဲ့ကောင်''

ဖွဲ့က သူ့လိုပင် ကြွေပြားခင်းထားသော ကြမ်းပြင်ထက် ထိုင်ချလိုက်ကာ ညည်းတွားလိုက်၏။ သူမတို့နှစ်ယောက်ကြားရှိ စားပွဲခုံပုလေးပေါ်ကို စာအုပ်များတင်ကာ ပြင်ဆင်နေသော သားချစ်က ဖွဲ့စကားဆုံးသည်နှင့် စာအုပ်များကို ပြန်လည်သိမ်းပစ်လိုက်ပြီး

''ရတယ် ငါက နင်တို့ အတင်းတိုက်တွန်းလို့ ကျောင်းပြန်တက်တာ၊ နင်ကပါ ခုလို ညည်းနေမယ်ဆိုရင်တော့ ငါလည်း ဖြစ်ချင်ရာဖြစ် နေပစ်လိုက်ရုံ ရှိတော့တာပဲလေ''

သားချစ် စိတ်ဆိုးသွားပြီမှန်းသိတော့မှ သူမလည်း လေသံကို ပြန်ပြင်လိုက်ရင်း

''ဒါက ဘာဖြစ်သွားရပြန်တာတုန်း''



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ပြန်တော့မယ်၊ နင် မပြပေးချင်လည်း ဘာမှမဖြစ်ဘူး၊ ငါ့ကို ပြပေးချင်တဲ့လူတွေ ကျောင်းမှာပုံနေတာ နင် သိပါတယ်"

အဲဒီစကားကတော့ ဖွဲ့ ဘယ်လိုမှ မခံနိုင်မှန်းသိလို့ သူတမင်ပြောပစ်သည့် စကားလို့သိပေမယ့် တကယ်တမ်းလည်း သားချစ်ငယ်ကို မျက်နှာလုပ်ချင်နေသော တစ်တန်းတည်းသားများ၊ ဂျူနီယာ၊ စီနီယာများ အလွန်ပင် များပြားလှသည်ဆိုတာ ဖွဲ့အသိပါပဲလေ။

"ဘယ်မှပြန်ဖို့ လုပ်မနေနဲ့၊ နင့်ကို မျက်နှာလုပ်ချင်တဲ့ မိန်းမတွေလည်း ဒီအချိန်လောက်ဆိုရင်တော့ ဘယ်သူ့ကိုမှ သွားရှာလို့ မိမှာမဟုတ်တော့ဘူး၊ ငါပဲ အနစ်နာခံပြီး ရှင်းပြပေးလိုက်ပါ့မယ်၊ ပြောဘာနားမလည်ဘူးလဲဆိုတာ"

အဲဒီလို ပြောတာတောင်မှပဲ ပေစောင်းစောင်းနှင့် ပြန်ကြည့်နေသေးသော သားချစ်ကို ဖွဲ့က အသည်းယားသွားမိလေသည်။ တစ်ခါ တစ်ခါကျတော့လည်း သားချစ်က ကလေးဆန်နေပြန်သေးသည်လေ။

အဲဒီအခါမျိုးကျ ဖွဲ့က အလိုလိုနေရင်း သူ့ကိုချော့ရသည့်လူနေရာကို ရောက်ပြီးသားပင် ဖြစ်၏။

"ကဲပါ နင် ကော်ဖီသောက်မယ် မဟုတ်လား၊ ငါ သွားဖျော်လိုက်မယ်လေ၊ နင့်အကြိုက် ပရီမီယာပဲ ဖျော်လိုက်မယ်နော်၊ ဒါမှ





ဟုတ် နို့အေးသောက်မလား ကြိုက်တာပြော"

"ခုမှ မျက်နှာချိုလာသွေးမနေနဲ့၊ နင် ပြောချင်တိုင်း ပြောရအောင် ငါက နင့်ရည်းစားမဟုတ်ဘူး၊ နင် ပြောတိုင်း ငါ ခံမနေနိုင်ဘူးလား"

အဲဒီစကားတွေကလည်း ဖွဲ့ကို သားချစ် စိတ်ဆိုးတိုင်း ပြောသည့် စကားလုံးတွေမို့ ဖွဲ့ကတော့ ပြုံးပြုံးလေးနှင့် နားထောင်နိုင်ပါပြီလေ။

"နို့အေး မသောက်နဲ့ဟာ၊ ခုတလော နို့စားနွားမတွေမှာ ဘီပိုးတွေ့တယ်တဲ့၊ ကော်ဖီပဲ ဖျော်လာလိုက်တော့မယ်"

ကိုယ့်ဘာသာ ပြောကာ အိမ်နောက်ဖေးသို့ ထွက်ခဲ့ပြီး ကော်ဖီတစ်ခွက် ခပ်မြန်မြန်ဖျော်လိုက်၏။

"ရော့ စာလုပ်ရင်းနဲ့ သောက်တော့ အိပ်မငိုက်တော့ဘူးပေါ့"

သူက ဘာမှမပြောတော့ပါ။ သူ့စာအုပ်များကို စားပွဲပေါ်သို့ တင်လိုက်ပြီး

"ငါ့ကို acute appendicitis အကြောင်း နည်းနည်း ရှင်းပြပါ"

ကူညီချင်စရာကောင်းသည့် လေသံပါပဲ။ ဖွဲ့က သူ့ကို မျက်တင်းတစ်ချက် ထိုးပစ်လိုက်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



"အူအတက်ရောင်ရောဂါရဲ့ symptom တွေက ဗိုက်နာမယ် အန်ချင်လည်း အန်မယ်၊ ဒါပေမဲ့ အန်တာကတော့ အဖြစ်နည်း ပါတယ် ဝမ်းချုပ်မယ်၊ အဆိုးဆုံးကတော့ မခံမရပ်နိုင်အောင် အောင့်မယ်ဟ တဖြည်းဖြည်းနဲ့ အောင့်လာတာလည်း ရှိတယ်"

"အင်း အဲဒါကတော့ ငါလည်း သိတာပေါ့၊ ငါ မေးချင်တာ က အဲဒီရောဂါကို စမ်းသပ်မယ်ဆိုရင် ဘယ်လိုနည်းနဲ့ စမ်းမလဲ"

"patient က ဗိုက်နာတဲ့နေရာကို အတိအကျ ပြလို့ ရတယ် အဲဒီလို နေရာကို mcburney's point လို့ ခေါ်တယ်၊ အဲဒီပွိုင့်ကို ဖိကြ ရင် နာမယ်၊ ဖိပြီးလို့ လွှတ်လိုက်တဲ့အချိန်မှာလည်း နာမယ်ဆို အဲဒါ အူအတက်ရောင်တာလို့ အတပ်ပြောလို့ ရပြီပေါ့၊ အဲဒါက emer gency case ပဲ၊ ချက်ချင်းကို ခွဲထုတ်ဖြတ်တောက်ပစ်ရမယ်၊ မဟုတ် အဲဒီ အူအတက်ပေါက်သွားတာနဲ့ သေနိုင်တယ်၊ မသေရင်လည်း အ ပေါက်သွားတဲ့နေရာမှာ ပြည်လုံးတည်သွားမယ်၊ အောင့်တာကတော့ တဖြည်းဖြည်းနဲ့ သက်သာသွားမှာပေါ့၊ ဒါပေမဲ့ နောက်ပိုင်းမှာ ဖြည် ဖြည်းချင်း ပြန်အောင့်လာမှာပဲ"

ဖွဲ့က ရှင်းပြရတာ မောသွား၍ အနီးတွင်ရှိသော သားချ အတွက် ဖျော်ပေးထားသည့် ကော်ဖီခွက်ကိုယူကာ တစ်ငုံ ငုံလိုက်

"ဟဲ့ ငါ့ကော်ဖီကို ဘာလို့ ယူသောက်တာတုန်း"





"မရှည်နဲ့ မကျေနပ်ရင် နောက်တစ်ခွက် ထပ်ဖျော်သောက် လိုက်ရတယ်၊ ခုချိန်မှာ ငါက နင့်ဆရာပဲ"

ဖွဲ့က ခပ်ကြောကြောလေး ပြောလိုက်တော့ သားချစ်က ပါးစပ်မှ အသံမထွက်ဘဲ ကျိန်ဆဲလိုက်ကာ

"အေးပါ ဆရာမရယ် ပြီးရင် နင်ပဲပြန်ဖျော်ပေးလိုက်ပေါ့၊ ငါကတော့ နင်သောက်ပြီးသားကြီး မသောက်ချင်တော့ဘူး"

"ဟွန်း တော်တော်ကြီးကျယ်တဲ့ကောင်၊ နင်ကများ ငါ့ကို ရွံသလိုလို ဘာလိုလို လာလုပ်နေသေးတယ်"

"ဘာမှပြောမနေနဲ့၊ ပြန်ဖျော်ပေးရမှာက ပြန်ဖျော်ပေးရမှာပဲ ခုတော့ ဆက်ပြောပါဦး၊ အလုံးက ဘယ်လိုဘယ်ပုံ ဖြစ်နေတယ်ဆို တာ"

"အဲဒီပေါက်ပြီး ထွက်လာတဲ့ ပြည်တွေကို အူထဲမှာရှိတဲ့ အဆီပြင်တွေက ဖုံးသွားပြီး အလုံးဖြစ်လာတာပဲ၊ ပေါက်ထွက်သွားရင် တော့ သေနိုင်တာပေါ့ဟာ၊ ပြည်ဆိုတာမျိုးက ပိုးသိပ်ကြိုက်တာ နင် လည်းသိသားပဲ၊ အဲဒီပိုးတွေပါတဲ့ ပြည်က သွေးထဲစိမ့်ရင်တော့ တစ် ကြောပြတ်ပြီပေါ့၊ အဲဒါကြောင့် ခုဆိုရင် ဗိုက်အောင့်ပြီဆိုတာနဲ့ ချက်ချင်း စမ်းပြီး အူအတက်ရောင်ဆို ချက်ချင်း ဖြတ်ထုတ်ပစ်လိုက်တာပေါ့၊ ခွဲမယ်ဆိုရင်တော့ သူက မိုင်နာလောက်ပဲ ရှိတာလေ၊ ဒီကဆေးရုံတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ခွဲပြီးရင် ဆေးရုံမှာ သုံးလေးရက်လောက် ထားတယ်၊ တခြား နိုင်ငံတွေမှာဆိုရင်တော့ ခွဲပြီးလို့ ထုံဆေးပြယ်သွားပြီဆိုတာနဲ့ ဆင်းခွင့် ပေးလိုက်တာပဲ''

ဖွဲ့က ခဏနားလိုက်ကာ စာအုပ်ကို ပြန်လှန်ဖတ်ရှုကြည့် လိုက်၏။ ပြီးမှ

''ခုတလော နယ်ဘက်တွေမှာ တချို့ဆရာဝန်တွေဆိုရင် ရိုးရိုးဗိုက်အောင့်တာကိုတောင် အူအတက်ရောင်တာပါလို့ ခေါင်းစဉ် တွေတပ်၊ ကုန်ကျစရိတ်တွေယူ၊ ပြီးရင် တန်းခွဲတော့တာပဲ၊ တကယ် တော့ အဲဒီအပိုင်းလေးက ခန္ဓာကိုယ်ထဲမှာ ရှိနေလည်း မလိုဘူးလေ၊ အဲဒီတော့ သူတို့က ဖြတ်ထုတ်ပစ်လိုက်ပြီး ရိတ်စားလိုက်တော့တာပေါ့၊ နယ်ဘက်က လူတွေဆိုတာလည်း သိတယ် မဟုတ်လား၊ ဆေးပညာ ဗဟုသုတ နည်းပါးကြတယ်လေ''

''အိုကေ ဒီလောက်ဆို ငါ တော်တော်သဘောပေါက်သွားပြီ၊ ငါကတော့ ဆရာဝန်ဖြစ်ချင်စိတ် မရှိပေမယ့် အဲဒီလို ဆရာဝန်မျိုးတော့ ဘယ်တော့မှ လုပ်မှာ မဟုတ်ဘူး၊ စိတ်ချ ကဲ ရပြီ ကော်ဖီသွားဖျော် တော့''

''ဩော် တော်တော်ကောင်းတဲ့ တပည့်ပါလားနော်၊ စာလည်း ရှင်းပြရသေးတယ်၊ ကော်ဖီလည်း ဖျော်တိုက်ရဦးမယ်ဆိုတော့ ဒီလို





တပည့်မျိုးတွေသာ ငါ့မှာ ပြည့်နေရင် ငါလည်း ကျွန်လုံးလုံး ဖြစ်မယ်နဲ့ တူတယ်''

''နင်ကလည်း ကိုယ့်ကိုယ်ကို ဒီလောက်ထိ မနှိမ့်ချပါနဲ့ဟာ၊ ငါက ကြိုတုန်းလေး နိုင်းတဲ့သဘောပါ''

''ဖြစ်မှဖြစ်ရလေဟယ် ငါက မောင်ကလွဲရင် ဘယ်ယောကျ်ား ကိုမှ ကော်ဖီဖျော်ပေးဖူးတာ မဟုတ်ဘူး''

ဖွဲ့စကားကြောင့် သားချစ် မျက်နှာက ပြောင်စပ်စပ် လုပ်နေ ရင်းကနေ ချက်ချင်းကိုပင် တည့်သွားပြီး

''ငါကလည်း နင် ဖျော်ပေးတာကို သောက်ချင်လွန်းလို့ ပြောနေတာ မဟုတ်ဘူး၊ ငါ့ကောင်မလေး ငါ့ကို အဲဒီလိုမျိုး ဖျော်ပေး နေကျဆိုတော့ အကျင့်ပါပြီး ကိုယ့်ဘာသာ ဖျော်မသောက်ချင်တော့ ဘူးလေ၊ အဲဒါကြောင့် နင့်ကို ဖျော်ခိုင်းရတာပေါ့''

ဒီတစ်ခါ မျက်နှာတည့်သွားရသူကတော့ ဖွဲ့သာလျှင် ဖြစ် သည်၊ တို့နှစ်ယောက် ရန်ဖြစ်ပြီဆိုလျှင် တစ်ယောက်ချင်းစီရဲ့ ရည်းစား တွေက မြွှတမ်းလိုလို ပါနေတတ်သည်။

တစ်ယောက်ကိုတစ်ယောက် ခနဲ့တဲ့တဲ့ ရွဲ့တဲ့တဲ့ ပြောချင်စိတ် သားတွေကလည်း ခေါင်းပြူပြူလာတတ်သည်လေ။ ကိုယ့်ချစ်သူကို ယ်က ဘယ်လောက်ချစ်ပါတယ်ဆိုတာရယ်၊ ကိုယ့်ချစ်သူက ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ထိ လိုက်လျှောတတ်ပါတယ်ဆိုတာတွေကို နှစ်ယောက် သား ပြိုင်မပြောဘဲနှင့်ကို မနေတတ်ကြခြင်း ဖြစ်သည်။

ဖွဲ့ကတော့ ထားပါတော့။ မောင့်ကိုချစ်လို့ စကားပြောလျှင် မောင့်အကြောင်းတွေ ပါပါလာတတ်တာကို သားချစ်ကတော့ ရည်းစား တွေ ဟောတစ်ယောက် ဟောတစ်ယောက် ထားနေပြီးတော့ သူက လည်း သူ့ကောင်မလေးအကြောင်းတွေကို ပါးစပ်ကနေ ထုတ်ဖော် မချီးကျူးဘဲ မနေနိုင် ဖြစ်နေသည်။

အဲဒါကလည်း ဖွဲ့မကြိုက်မှန်းသိလို့ တမင်တကာ အကြောင်း ရှာ ပြောနေခြင်းများလားလို့ပင် ဖွဲ့ဘက်က တွေးမိသည်ထိ ဖြစ်၏။

"နေပါဦး ခုလက်ရှိ နင် ဘယ်သူနဲ့ တွဲနေတယ်ဆိုတာလေး ငါ သိပါရစေ၊ ရင်ခွင်ဦးနဲ့ပဲလား၊ အချိန်က နည်းနည်းကြာသွားပြီဆို တော့ ပြန်မေးတဲ့ သဘောပါ"

ဆိုင်းမဆင့် ဗုံမဆင့် ထွက်လာသော ဖွဲ့မေးခွန်းကို သူက မဖြေသေးဘဲ သူ့အင်္ကျီကော်လံကို လက်နှစ်ဖက်နှင့် ဆွဲထောင်လိုက် ကာ မြောက်ကြွမြောက်ကြွပုံ ဖမ်းလိုက်ရင်း

"ခုဟာက အသစ်လေးဟ၊ ကျောင်းကပဲ ခုမှ ပထမနှစ် ရှိသေးတာ"

"ဟယ် သားချစ်ရယ် နင်ကတော့လေ ဘယ်တုန်းက ဘယ်





များ ကြိုက်လိုက်ပြန်တာတုန်း"

"ဘယ်ပြောမလဲ၊ အဲဒါက သားချစ်ငယ်ရဲ့ လျှို့ဝှက်ချက်တွေ လေ၊ ဘယ်ပေါက်ကြားလို့ ဖြစ်မလဲ"

"မပြောချင်လည်း နေပေါ့၊ ငါကလည်း သိပ်စိတ်မဝင်စားပါဘူး။ နင့်ဘာသာ ကလေးမုန့်ပေးကြိုက်ထားတဲ့ ကိစ္စကြီးကို"

ဖွဲ့အပြောကြောင့် သားချစ်က ဆတ်ဆတ်ထိမခံ ဖြစ်သွားပုံ နှင့်

"ဘာကလေးမုန့်ပေးကြိုက်တာလဲ၊ နင် ငါ့ကို မစော်ကားနဲ့နော်၊ နင့်လိုမျိုး ရည်းစား မဖြစ်ခင်ကတည်းက နမ်းခွင့်ရပြီးသားဆိုတာမျိုးထဲ မှာ မပါဘူး"

"ဘာပြောတယ် သားချစ်၊ နင် ငါ့ကို စော်ကားလှချည်လား"

မောင့်ကို ဖွဲ့က အဖြေမပေးရသေးပေမယ့် ဖွဲ့ပါးလေးတစ်ဖက် ကို မောင်က ခိုနမ်းခဲ့ဖူးပါသည်။ ဒါကို ရည်ရွယ်ကာ သားချစ်က ပြော လိုက်ခြင်းပါပဲ။

"ဟား အဲဒါ စော်ကားတာမှ မဟုတ်တာ၊ အမှန်ကို အမှန် အတိုင်း ပြောတာလေ၊ 'အဲဒါပဲပေါ့၊ လူတွေက အမှန်အတိုင်းပြောရင် ရှိုးတယ် ထင်ကြတယ်၊ အမှန်တရားကို လွယ်လွယ်နဲ့ လက်မခံတတ်ကြ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒီလောက်တောင် နင့်ကောင်မတွေက မြင့်မြတ်နေရင်လည်း သူတို့ဆီပဲ သွားနေတော့၊ ငါ့ဆီ လာမနေနဲ့တော့"

"တကယ်လား၊ ငါ့ကို စိန်မခေါ်နဲ့နော်၊ နောက်မှ သားချစ်ရေမုန့်စားရအောင် ထွက်ခဲ့ပါဦးတို့ ဘာတို့လာမလုပ်နဲ့ ဆောရီးပဲ"

"အေးပါ ဆရာကို ဇော်ကားထားပါ၊ နောက်မှ အာခေါင်လှုံ့မယ် သိလား"

"ဘာမှမဆိုင်ဘူး၊ ငါ နားမလည်လို့ စာလေးနည်းနည်း မေးတာနဲ့ နင်က ငါ့ဆရာ ဖြစ်သွားရောလား၊ ဖြစ်မှဖြစ်ရလေဟယ်"

"နင်တို့လို ယဉ်ကျေးမှု မရှိတဲ့လူတွေကတော့ ဒီလိုပဲပေါ့၊ ကျေးဇူးဆိုတာကို ဘယ်နားလည်ပါ့မလဲ"

"တော်ပြီ တော်ပြီ ငါပြန်တော့မယ်"

"ပြန် ပြန် မျက်စိနောက် သက်သာတယ်"

သားချစ်က သူ့စာအုပ်များ သိမ်းကာ တံခါးဝနားသို့ လျှောက်သွားလိုက်ပြီး

"နောက်မှ ငါ့ဆီ ဖုန်းမဆက်နဲ့နော်၊ ပြောထားပြီးသား"

"ဝေးသေး မဆက်ပေါင်"

ထိုစဉ်မှာပင် တံခါးအပြင်ဘက်ဆီမှ ခြေသံတချို့ ကြားလိုက်ရပြီး ဘဲလ်သံ ထွက်ပေါ်လာလေရာ သားချစ်နှင့်ဖွဲ့တို့ တစ်ယောက်မျက်နှာ





တစ်ယောက် ကြည့်လိုက်မိကြ၏။

ချက်ချင်းလိုလိုပင် တစ်ယောက်တစ်ခွန်း အော်ဟစ်နေမိသော အသံများလည်း တိတ်ဆိတ်သွားပြီး တံခါး၏ ချောင်းကြည့်ပေါက်လေးမှနေ၍ အပြင်ဘက်သို့ ဖွဲ့က ချောင်းကြည့်လိုက်ပြီး မျက်လုံးများပင် ပြူးကျယ်သွားရ၏။

"ဘယ်သူလဲ"

သားချစ်ထံမှ လေသံတိုးတိုးလေးနှင့် မေးလိုက်ခြင်းကို ဖွဲ့က မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ချက်ချင်း မဖြေနိုင်သေးပေ။

"ဟဲ့ နင့်ကို ဘယ်သူလဲလို့ မေးနေတယ်လေ"

ဖွဲ့က ပြန်မဖြေဘဲ အရင်အတိုင်းသာ သူ့ကို ပြူးကြည့်နေသည်နှင့် သားချစ် ကိုယ်တိုင်ပင် အပေါက်လေးမှနေ၍ တစ်ဖက်သို့ ကြည့်လိုက်၏။

"ဟင် ရာဇဝင်"

ဖွဲ့က အလန့်တကြားနှင့် ခေါင်းညိတ်ပြလိုက်၏။

"အဲဒီကောင်က ဒီအချိန်ကြီး နင့်ဆီကို ဘာလာလုပ်တာလဲ"

ဖွဲ့က ခေါင်းခါပြန်သည်။

"ချော် ခက်ပြီ နင်ဘာလို့ ရာဇဝင့်ကို ဒီလောက်တောင် ကြောက်နေရတာလဲ၊ ဘာလဲ နင်နဲ့သူနဲ့ ရန်ဖြစ်ထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ နှင့်ကို ဟိုတစ်ခါက ပြောပြထားတဲ့ကိစ္စလေ"

သူမက လေသံတိုးတိုးလေးနှင့်ပြောတော့ သားချစ်က တအံ့တသြဖြစ်သွားရင်း

"အဲဒီကိစ္စက ခုထက်ထိ ပြန်မပြေလည်သေးဘူးလား၊ နင်တို့ကလည်း ဘာမဟုတ်တာလေးကိုပဲ တမင်ပုံကြီးချဲ့နေတယ်၊ နှင့်ကို စောင့်ကြည့်ပေးမယ်လို့ ပြောထားတော့ ငါတောင် ဒီရက်ပိုင်း ဒီကောင့်ကို နည်းနည်း သတိထားကြည့်နေမိတယ်၊ သိပ်တော့ ပုံမပျက်ပါဘူး၊ ပြီးခဲ့တဲ့ သုံးလပတ်ကဆို သူ့အဖေဆိုင်မှာ အချိန်ပြည့်တွေ့နေတာပဲ"

"ကဲပါ အဲဒါတွေ နောက်မှပြောပါ၊ ခုလောလောဆယ် ငါ ဘာလုပ်ရမယ်ဆိုတာပဲ အကြံပေးစမ်းပါဦး"

"ဖွင့်ပေးလိုက်လေ၊ သူ ဘာပြောချင်တယ်ဆိုတာကို သေချာနားထောင်ပေးလိုက်ပေါ့"

ထိုစဉ်အချိန်မှာပင် ဘဲလ်သံက ထပ်မံ၍ ဆက်တိုက်ဆက်တိုက် ထွက်ပေါ်လာသောကြောင့်

"ဖွင့်တာက ဟုတ်ပါပြီ၊ နင်နဲ့ တန်းတိုးတော့မှာပေါ့၊ နဂိုကမှ အဲဒီတစ်ယောက်က နင်နဲ့ငါ့ကို စွပ်စွဲချင်နေတာ၊ ဒီအချိန်ကြီး နင့်ကိုငါ့ အိမ်မှာ တွေ့လိုက်လို့ကတော့ ပွဲက ချက်ချင်းကို သိမ်းပြီပဲ"

"ဒါဆို ဘယ်လိုလုပ်မလဲ အိမ်ထဲပြန်ဝင်ပြီး ငါက ပုန်းနေရမှာ





လား"

"ဖွဲ့ တံခါးဖွင့်ဦး၊ ချစ်ခြင်းဖွဲ့ မကြားဘူးလား၊ ဘာလုပ်နေတာလဲ ဒုန်း ဒုန်း ဒုန်း"

ဘဲလ်သံတင် မကတော့ဘဲ တံခါးကို လက်နှင့်တဒုန်းဒုန်း ထုပြီး ကို အော်ခေါ်နေသော မောင့်အသံကို ကြားလိုက်ရသည်မို့ ဖွဲ့ မှာ က်ဖျားခြေဖျားများပင် အေးစက်လာပြီး ကြောင်တောင်တောင်နှင့် ားချစ်ကိုသာ စိုက်ကြည့်နေမိ၏။

"မထူးပါဘူးဟာ ငါ နှင့်ကို စာလာမေးတာပဲ၊ အမှန်အတိုင်းပဲ ပြောလိုက်ပေါ့၊ ဘာလဲ ရာဇဝင်အထင်လွဲမှာကို နင်က ဒီလောက်တောင်ပဲ ကြောက်နေတာလား"

"အဲဒီလိုလည်း မဟုတ်"

"အပိုတွေ လိမ်မနေနဲ့၊ ကြောက်ရင် ကြောက်တယ်ပေါ့၊ ကဲ င်ပဲပြောတော့ ငါ ပြန်ဝင်ပြီး ပုန်းနေပေးရမလား"

"မသိတော့ဘူးဟာ၊ လုပ်ချင်သလိုသာ လုပ်တော့၊ ငါ ဖွင့်ပေး က်တော့မယ်"

ဖိုးခနဲ ဖတ်ခနဲဆိုသလို တံခါးကို ဆွဲဖွင့်လိုက်သော ဖွဲ့ကြောင့် ားချစ်မှာ ရှောင်ချိန်ပင် မရလိုက်ဘဲ ရာဇဝင်နှင့် မျက်နှာချင်းဆိုင်ကို က်ပင်းတိုးလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မင်း မင်း မင်းက ဘယ်လိုဖြစ်ပြီး ဒီမှာ ရောက်နေတ
လဲ"

ရာဇဝင့်ထံမှ ထွက်လာသော ဒေါသသံမကျတကျအသံကြေ
သားချစ်မှာ ရုတ်တရက် ဘာပြန်ဖြေရမှန်းပင် မသိနိုင်တော့ဘဲ ကြေ
တောင်တောင် ဖြစ်နေမိသည်။

"ရှင် ဒီကို ဘာလာလုပ်တာလဲ ရာဇဝင်၊ ဘာလဲ ရှင့်လုပ်
တွေကို အမှန်အတိုင်း ဝန်ခံနိုင်ပြီမို့ ဖွဲ့ကို လာပြောတာလား"

ဖွဲ့စကားကြားမှ ခုနက သားချစ်ကို ဒေါသဖြစ်ချင်နေသေ
ရာဇဝင့်မျက်နှာ ... သည်ပြေလျော့သွားကာ

"ဖွဲ့ မင်းကို မောင် ဘာမှမညာခဲ့ဘူး၊ မင်းပြောသလို မဟု
တာ တစ်ခုခု လုပ်နေတာဆိုတာလည်း အထင်လွဲနေတာပါလို့ အ
အတိုင်း ပြောပြခဲ့ပြီးပြီ၊ အဲဒါကိုတောင် မင်းစိတ်က ဘာလို့ မပြေ
သေးတာလဲ"

"ရှင့်ကို ဖွဲ့ မယုံတော့ဘူး၊ ရှင် ဘာလို့ မင်းညီတို့နဲ့ ပေါင်
တာလဲ"

ဖွဲ့ထံမှ မထင်မှတ်ထားသော မေးခွန်းက ထွက်ကျလာသ
သားချစ်က မျက်လုံးပြူးသွားကာ ရာဇဝင့်ထံမှ ရှုရသော အကြည့်မျ
များကလည်း သားချစ်ထံသို့ ဝုန်းခနဲ ကျရောက်လာလေသည်။





"မင်းညီတို့အကြောင်းကို မင်းကို မောင် မပြောပြခဲ့ဖူးပါဘူး၊ ကေနွတော့ မင်းကို တစ်ယောက်ယောက်က အချွန်နဲ့မပြီး အရောက်ပို့လိုက်ပြီနဲ့ တူတယ်"

ရာဇဝင်က ထိုစကားကို သားချစ်မျက်နှာအား ကြည့်ကာ ပြောလိုက်ခြင်းမို့ ဖွဲ့မှာ သားချစ်ကို အားနာသွားရပြန်သည်။

"ရှင် ဘာမှသူများကို ရမ်းမနေနဲ့၊ ဖွဲ့ဘာသာ ရှင့်အကြောင်းကို စုံစမ်းထားတာ"

"မဖြစ်နိုင်ပါဘူး၊ မင်း မောင့်ကို လိမ်မနေပါနဲ့ကွာ၊ မစားရတဲ့အမဲ ကြောင်ကျွေးပစ်လိုက်တယ်ဆိုတဲ့ ဇာတ်လမ်းတွေကို ရာဇဝင်တို့က ရိုးလွန်းလို့ အီတောင်နေပြီ"

"ရှင့်ကို အဲဒီလို မပြောနဲ့လို့ ပြောနေတယ် မဟုတ်လား"

"နေပါဦး မင်းက ဘာလို့ ဒီလောက်တောင်မှ လိုက်ကာကွယ်ပေးနေတာလဲ၊ မင်းကိုယ်တိုင် စုံစမ်းလို့ သိတာဆိုရင် ဒီလောက်ထိ လိုက်ပြောနေစရာမှ မလိုတာ၊ သေချာတယ်၊ ကြားက တစ်ယောက်ယောက် အကွက်ဝင် ရှုပ်နေတာပဲ ဖြစ်မယ်"

ရာဇဝင့်စကားများက သူ့အားဦးတည်ပြီး တမင်တိုက်ခိုက်နေမှန်း သိသာနေသောကြောင့် သားချစ်ကလည်း ရာဇဝင်နှင့် မျက်နှာချင်းဆိုင် တည့်တည့် မျက်လုံးချင်း စူးစိုက်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရာဇဝင် မင်းယောက်ျားဆိုရင် စကားကို တဲ့ပြောပါ၊ တာမှ မိန်းမလိုမိန်းမရ စောင်းမြောင်းနေစရာ မလိုဘူး"

"မဆိုးပါဘူး လူဆိုတာ ကိုယ့်အကြောင်းတော့ ကိုယ်သိသားပဲ မင်းကို ပြောနေမှန်း သိရင်လည်း ဘာလို့ ငြိမ်ခံနေသေးလဲကွာ၊ ငါက မင်းသိမှ သိပ့်ါမလားလို့ အသားကုန် ပြောနေရတာ ဟင်း ဟင်း"

မခိုးမခန့် ပြောလိုက်သော ရာဇဝင့်နှုတ်မှ စကားလုံးတွေက သားချစ်ရဲ့ ဖိနှိပ်ထားသော ဒေါသတွေကို ချွန်းဖွင့်လွှတ်လိုက်သလို ပွင့် ထွက်သွားစေသည်။

"ဟော့ [illegible] ငါတို့က သူများသမိုင်း ဝင်ရေးရလောက်အောင် အားနေတဲ့ကောင် မဟုတ်ဘူး။ မင်းနဲ့ စကားအချေအတင် ပြောဖို့လည်း အချိန်မရဘူး၊ မင်း ဝါသနာပါရင်တော့ ငါ အားတဲ့တစ်နေ့ကို ဖွဲ့နဲ့ မှာ လိုက်မယ်၊ကဲ ခုတော့ သွားပြီ၊ ဖွဲ့ ငါ သွားပြီ"

သားချစ်က ရာဇဝင့် ပခုံးကို လက်တစ်ဖက်နှင့်ပုတ်ကာ နှုတ် ဆက်လိုက်ပြီး ဖွဲ့တို့နားမှနေ၍ ဂရုမစိုက်သည့်ပုံနှင့် တစ်လှမ်းချင်း ထွက် ခွာသွားသည်ကို ရာဇဝင်က

"ဟော့ကောင် နေဦး"

နှုတ်ကလည်း ဒေါသတကြီး အော်ဟစ်လိုက်ပြီး သားချစ် နောက်သို့ လိုက်ရန် ခြေဦးလှည့်လိုက်စဉ်မှာပင်





"ရာဇဝင် ရှင် ဘာလုပ်မလို့လဲ"

ဖွဲ့လက်များက ရာဇဝင့်လက်တစ်ဖက်ကို လှမ်းဆွဲကိုင်ကာ မေးလိုက်သည့်မို့ ရာဇဝင်မှာ သားချစ်နောက်သို့ ဆက်မလိုက်နိုင်ဘဲ ဖြစ်သွားပြီး

"ဘာလဲ မင်းကောင်ကို ထိမှာစိုးလို့လား"

"ရှင် ဖွဲ့ကို လာအော်မနေနဲ့၊ ရှင် ဖုံးကွယ်ထားသမျှတွေ ပေါ်သွားလို့ ရှက်ရမ်းရမ်းနေတာ မဟုတ်လား"

"ဘာ မင်း မင်း ဒီကောင် ပြောသမျှကို ဘာဖြစ်လို့ ယုံနေရ တာလဲ၊ ဒီကောင်က ငါ့နောက်ကျောကို ဓားနဲ့ထိုးဖို့ ကြံစားနေတာကွ"

"တော်ပြီ ရာဇဝင်၊ အရင်ကတော့ ရှင် အမှန်တွေ ပြောနေတာ ပဲလေဆိုပြီး ဖွဲ့ ရှင့်ကို ယုံကြည်ပေးခဲ့တယ်၊ ဒါပေမဲ့ ခုတော့ ရှင့်စကား တွေကို နားမထောင်ချင်တော့ဘူး။ ရှင့်ကို ဖွဲ့ ကြောက်နေပြီ၊ ရှင် ကျွန်မရှေ့က ထွက်သွားပါတော့"

အက်သံပေါက်နေသော ဖွဲ့စကားများက ရာဇဝင့် ဒေါသတွေကို ပိုမို လှိုက်ဆူလာစေသည်။

"မင်းကွာ တော်တော်ပြောရခက်ပါလား"

"ပြောရခက်နေတာ ဖွဲ့မဟုတ်ဘူး၊ လောကကြီးနဲ့ အမြဲတမ်း ဆန့်ကျင်ချင်နေတဲ့ ရာဇဝင်ဆိုတဲ့ ရှင်ပဲ၊ အမှန်တရားကို ဘာလို့ ရင်မဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရဲတာလဲ၊ ရှင့်လုပ်ရပ်တွေ မှားနေမှန်း သေချာနေရင်တော့ ဖွဲ့က ရအောင် ပြင်ပေးမှာပဲ''

''မင်း ဘာတွေပြောနေတာလဲ၊ မောင် နားမလည်ဘူး''

''ဖွဲ့ မရှင်းပြချင်တော့ဘူး ရာဇဝင်၊ ရှင့်ဘာသာပဲ ကိုယ့်ကိုယ်ကို နားလည်အောင် ကြိုးစားပါ၊ ခုတော့ ဖွဲ့ရှေ့ကနေ အမြန်ဆုံး ထွက်သွားပါတော့၊ ပတ်ဝန်းကျင်ကို အားနာဖို့ ကောင်းနေပြီ''

''ဒါဆိုလည်း ဖြစ်တယ်၊ ရာဇဝင်တို့ကလည်း မင်းပြောသလို လောကကြီးနဲ့ အမြဲတမ်း ဆန့်ကျင်နေတဲ့ကောင်ဆိုတာ သက်သေပြပါ့မယ် မင်း စောင့်ကြည့်နေလိုက်''

ဖွဲ့နားမှ ဒေါသတကြီး ထွက်ခွာသွားသော ရာဇဝင့် ကျောပြင်ကို ငေးကြည့်ရင်း သူမ မျက်ဝန်းမှ ထိန်းချုပ်ထားရသော မျက်ရည်စတို့ ပိုးပိုးပေါက်ပေါက် ကျဆင်းလာတော့သည်။

မောင်ရယ် ဖွဲ့ရဲ့ စေတနာတွေဟာ မောင့်အတွက် သက်သက် ဆိုတာ နားလည်လာတဲ့ တစ်နေ့. . ။

အဲဒီတစ်နေ့ကို ဖွဲ့ စောင့်နေပါ့မယ် မောင်။

■ ■ ■



# အခန်း (၆)

''ဟော့ကောင်တွေ မင်းတို့ဆီမှာ ကျန်သေးလား''

ရာဇဝင်က အိမ်ထဲသို့ ရောက်သည်နှင့် မင်းညီကို လှမ်းမေး လိုက်သည်။ မင်းညီက အိမ်ထောင့်တစ်နေရာတွင် မျက်လုံးများ မှေးစင်း ကာ ကွေးနေရင်းနှင့်မှ

''ဒီနေ့တော့ အဖြူတွေရထားတယ်၊ ငါ့ဘော်ဒါ တင်ခေါက် ယူလာပေးတာ''

မင်းညီက အိတ်ကပ်ထဲမှ ပလတ်စတစ်အိတ် သေးသေးလေး ကို ထုတ်ပြီး ရာဇဝင့်လက်ထဲသို့ ထည့်ပေးလိုက်၏။ ထိုစဉ်မှာပင် အိမ် ခန်းထဲမှ လူတစ်ယောက် ထပ်ထွက်လာရာ ရာဇဝင်က မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားမိပြီး



www.burmeseclassic.com

www.burmeseclassic.com



''မင်းညီ မင်း ဘယ်က လူတွေ လျှောက်ခေါ်ထားတာလဲ ငါ
တို့ထဲကို လူစိမ်း အဝင်မခံနိုင်တာ မင်း နားမလည်ဘူးလား''

''မင်း အထင်မလွဲနဲ့ ရာဇဝင်၊ သူက ငါတို့အတွက် ရိက္ခာတွေ
လုံလုံလောက်လောက် ရနိုင်မယ့်နေရာကို ကောင်းကောင်းသိတယ်၊ ပြီး
တော့ ပစ္စည်းအသစ်တွေလည်း ရှိသေးတယ်''

''ဟုတ်ပါတယ် ရာဇဝင် ခင်ဗျားကိုတော့ မင်းညီ ပြောပြထား
လို့ ကိုယ် သိပြီးသားပါ၊ ကိုယ်က နေနိုင်ပါ၊ တွေ့ရတာ အဆင်ပြေမယ်လို့
မျှော်လင့်ပါတယ်''

သူ့ရှေ့သို့ ကမ်းပေးလာသော လက်တစ်ဖက်ကို သူကလည်း
အလိုက်တသိပင် ပြန်လည်ဆွဲကိုင် နှုတ်ဆက်လိုက်ပြီး

''ဟုတ်ပြီလေ ခင်ဗျားက စိတ်ချရမယ်လို့ ကျွန်တော်လည်း
မျှော်လင့်ပါတယ်''

''ဟား ဟား ကောင်းပြီကွာ၊ ဒီလိုဆို မိတ်ဖြစ်ခွေဖြစ်အနေနဲ့
ကိုယ်ယူလာတဲ့ အဖြူလေး စမ်းသုံးကြည့်ပါဦး''

ရာဇဝင်ကလည်း လက်ထဲရောက်နေပြီဖြစ်သော အထုပ်လေး
အား ဖြေကြည့်ကာ သဘောတကျ ပြုံးလိုက်မိသည်။

''ကျွန်တော်လည်း စိတ်ညစ်လို့ ရှက်လွှင့်ချင်နေတာနဲ့ အတော်
ပေါ့ဗျာ''





တကယ်လည်း သူ့စိတ်တွေ ရှုပ်ထွေးနောက်ကျိနေသည်။

ပထမ အစတုန်းကတော့ ချစ်ခြင်းဖွဲ့ကို အပျော်သက်သက်
ချစ်သူလုပ်ခဲ့ခြင်း ဖြစ်သော်လည်း ခုတော့ သူ့ရင်ထဲမှာ ဖွဲ့ကို တခြား
ယောကျ်ားတစ်ယောက်နှင့် တွဲတွေ့နေရခြင်းအား သဝန်တိုတတ်လာ
သည်။

အမှန်တကယ်တော့ ထိုညက ဖွဲ့ကို တောင်းပန်ကာ အရင်လို
ပြန်နေချင်၍ ဖွဲ့အိမ်ကို ရောက်သွားခဲ့ခြင်း ဖြစ်သည်။ သို့သော် ဖွဲ့အိမ်
ထဲမှာ ဖွဲ့နှင့်တူတူ သားချစ်ကို တွဲတွေ့လိုက်ရသော မြင်ကွင်းက နူးညံ့ချင်
နေသည့် သူ့စိတ်တွေကို အဆိုးရွားဆုံး အခြေအနေထိရောက်အောင်
တွန်းပို့ခဲ့ကြသည်လေ။

ညှံ့သက်ပျော်ဝင်ချင်နေသော စိတ်တို့သည် မာကျောခက်ထန်
ခဲ့ကြသည်။

ညကြီးမိုးချုပ် သားချစ်က ဖွဲ့ရဲ့အိမ်ကိုရောက်နေခြင်းဟာ သူ့
စိတ်ဓာတ်တွေ အောက်ဆုံးထိ ကျဆင်းကုန်ရသည်။ သို့သော် သူ ကျူး
လွန်ထားခဲ့သော အရာတစ်ခုအတွက် သူ့မှာ တားမြစ်ချုပ်ချယ်ပိုင်ခွင့်တွေ
ဘာမှမရှိတော့။

အရင်ကတော့ သူ့ဘဝမှာ သူနေချင်သလို ဖိမ်ခံခွင့်တွေ၊ ဟို
ရောက်ရောက် ဒီရောက်ရောက် အတွေးတွေနှင့် လွင့်မျောနေခွင့်တွေကို



www.burmeseclassic.com

www.burmeseclassic.com



သူ မက်မောခဲ့သည်။

ယယ်စဉ်တည်းက မိသားစုနှင့် သိုက်သိုက်ဝန်းဝန်း မနေခဲ့ရသူမို့ မိသားစု ဘဝဆိုတာတွေလည်း သူ နားမလည်ခဲ့။ အချိန်တန်ရင် အဖေ့ရှေ့ လက်ဖြန့်ပါက လိုသလောက် ရနေသော ဘဝကိုသာ သူ ပိုင်ဆိုင်ခဲ့ရသည်။

သူ ငယ်ငယ်လေးတည်းက ဖေဖေနှင့်ကွာရှင်းပြီး နောက်အိမ်ထောင်ပြုကာ နိုင်ငံခြားသို့ အပြီးအပိုင် ထွက်သွားခဲ့သော မေမေ့ကိုလည်း ငယ်စဉ်ကတော့ သတိတရ ရှိနေတတ်ခဲ့သည်။ သို့သော် အသက်လေးက စဉ်းစားတွေးခေါ်တတ်လာသော အရွယ်ရောက်တော့ မေမေ့ကို စိတ်နာလာခဲ့၏။

BURMESE CLASSIC .com

ဒါနဲ့ပဲ မိန်းမတွေကို အပျော်သက်သက် ကစားနေခဲ့မိခြင်းပါ။ အစကတော့ ရာဇဝင့်စိတ်ထဲမှ ချစ်ခြင်းဖွဲ့သည်လည်း ထိုမိန်းကလေးတွေထဲက တစ်ယောက်သာ ဖြစ်ခဲ့သည်။ ဘယ်မိန်းမမှ ရာဇဝင့်ရင်ထဲ ထင်ကျန်ခဲ့သည်ဆိုတာ မရှိ။

သို့သော် သို့သော်လည်းပေါ့လေ ဖွဲ့ဟာ သူ မသိလိုက်ခင်မှာပဲ သူ့ရင်ဘတ်ထဲ အနက်ရှိုင်းဆုံးထိ ထိုးဖောက်ဝင်ရောက်နေလေပြီ။ သူ သိလိုက်ချိန်မှာလည်း ပြန်ဆွဲထုတ်ဖို့ ခက်လောက်အောင် နစ်နစ်နဲ့ ဖြစ်နေခဲ့ပြီ။





သူ့ဘဝမှာ မရခဲ့ဘူးသော မေတ္တာတရားတွေကို ဖွဲ့နဲ့တွေ့မှ ခံစားတတ်ခဲ့ခြင်းပါ။ အရင်ကတော့ ဂရုတစိုက် နွေးထွေးမှုဆိုတာတွေ မသိခဲ့။

အပျော်ရည်းစားတွေ လျှောက်ထားကာ အချိန်တွေကို ကုန်လွန် ခဲ့၏။

ခုလို ဖွဲ့နှင့်တွေ့မှ သူ့ဆီမှာ သဝန်တိုစိတ်၊ မနာလိုစိတ်တွေ တတ်လာခြင်း ဖြစ်၏။ သို့သော် အဲဒီအချိန်မှာပဲ ဖွဲ့က သူနှင့်ပတ်သက် ည့် အမှန်တရားတွေကို ရိပ်မိစပြုခဲ့ပြီ ဖြစ်သည်။

ဖွဲ့ထံက ဆိုးရွားလှတဲ့ ပြစ်တင်ပြောဆိုသံတွေကို သူ မနာခံလို၊ တော့ သူ့အဖြစ်က ဝန်ခံလို့ ကောင်းသည့်အရာတွေလည်း မဟုတ်ခဲ့။ ကိုယ်တိုင်ကလည်း ဖွဲ့မကြိုက်တဲ့အရာတွေကို အလွယ်တကူ ဖြတ် ာက်ပစ်ဖို့ရာ ခဲယဉ်းလွန်းသည်မို့ ဘာမှမတတ်နိုင်ခဲ့ချေ။

ခုတော့ အခြေအနေတွေက အဆိုးဆုံးဆိုတာတွေဆီသို့သာ တည်နေလေပြီ။

"ဟော့ကောင် စစသုံးချင်းကို နည်းနည်းပဲ သုံးပါကွ၊ မင်းက ည်း တစ်ယောက်တည်းနဲ့ကို လုသုံးနေသလိုပဲ"

သူ့ဘေးသို့ ရောက်လာသော နေနိုင်က သတိပေးလိုက်ခြင်း သည်။ အတွေးတွေ ပွားရင်း အဖြူစီးကရက်တွေ သူသောက်နေခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘေးပတ်ပတ်လည်မှာ အစီခံသာ ကျန်တော့သည့် ဆေးလိပ်တိုတွေ ပြန့်ကျဲနေတာ မြင်လို့ပင် မကောင်းတော့။

"မိုက်တယ်ဗျာ ဒီဟာက တကယ် မဖြစ်နိုင်တာတွေကို လက်တွေ့ ခံစားရသလိုပဲလေ ဟင်း ဟင်း ကျွန်တော့်အကြိုက်ပေါ့ဗျာ"

"မဟုတ်ဘူးလေ မင်းက ခုမှစသုံးတာဆိုတော့ အစမ်းသဘောမျိုး ဖြည်းဖြည်းချင်းဆီ သွားပေါ့ကွာ၊ ခုလိုဆို ချက်ချင်းကြီး အများကြီး သုံးရင် မင်း တစ်ခုခုဖြစ်လိမ့်မယ်"

BURMESE CLASSIC .com

"ရပါတယ် ကျွန်တော့်အတွက် အေးဆေးပါ"

"အေးကွာ ငါက မင်းကို တစ်ခုခုဖြစ်မှာစိုးလို့ စေတနာနဲ့ ပြောတာပါ"

"အိုကေ အိုကေ thanks"

ရာဇဝင့်ကို ပြောလို့ မနိုင်မှန်းသိသည်နှင့် နေနိုင်က ခေါင်းတခါခါလုပ်ကာ အနားမှ ထထွက်သွားတော့သည်။

ဒီလိုပါပဲ ရာဇဝင်ဆိုတာ ကိုယ်လုပ်ချင်တာတွေကိုသာ ဇွတ်ရွတ်လုပ်ခဲ့သည်မို့ သူ့နားမှာ ဘယ်သူမှ ကြာကြာ ရှိမနေနိုင်ခြင်း ဖြစ်သည်။

သူ့ရင်ထဲက အထီးကျန်ဆန်လွန်းသည့် လှိုင်းဂုက်ချက်တွေကိုတော့ ဘယ်သူက နားလည်ပေးနိုင်မှာတဲ့လဲ၊ တကယ်တော့ သူ နားလည်





ပေးစေချင်သည့် လူသားဆိုလို့လည်း ဖွဲ့တစ်ယောက်တည်း ရှိခဲ့တာပါ။

ဒါပေမဲ့

ဖွဲ့ကိုယ်တိုင်က သူ့အပေါ် စိမ်းကားပြတ်သားလွန်းနေသည်ဆိုတော့ သူ့အတွက် ထွက်ပေါက်က သူ ခုံမင်ရာ နယ်ပယ်ထဲမှာပဲ အချိန်တွေကို ကုန်လွန်စေပစ်လိုက်သည်လေ။

ဒါဟာ ဖွဲ့အပြောအရဆိုရင်တော့ မှန်ကန်သည့် ရွေးချယ်မှုတစ်ခု မဟုတ်ခဲ့တာ သေချာပါသည်။

■ ■ ■

"ခုတလော ကိုရာဇဝင်ကို ဟိုအိမ်ထဲမှာ ခဏ ခဏ တွေ့နေရသလိုပဲ"

"ဟင် ဟုတ်လား"

စာသင်နေရင်း တန်းလန်းနှင့် ပြောလာသော သူသူ့စကားကြောင့် ဖွဲ့ ခေါင်းလေးများ ထောင်ထသွား၏။ မျက်လုံးများကလည်း ငင်းညီဆိုသော လူရှိရာအိမ်ဆီသို့ ပြတင်းပေါက်မှတစ်ဆင့် မျှော်ကြည့်လိုက်မိသည်။

"ခုတော့ မရှိဘူးနဲ့တူတယ်နော်၊ သူ့ဆိုင်ကယ် မတွေ့ဘူး"

ဖွဲ့ကလည်း သူမ ထင်မြင်ချက်ကို ပေးလိုက်သည်။

"အင်း မပြောတတ်ဘူးလေ၊ တစ်ခါတလေ သူသူက စာကျက်



www.burmeseclassic.com

www.burmeseclassic.com



တာ ညဉ့်နက်သွားရင် သူတို့ အဲဒီအချိန်လောက်မှ ပြန်လာတာတွေကို
တောင် တွေ့ရသေးတယ်''

''ဒါဆို သူကရော ဒီအိမ်မှာပဲ အိပ်တာပဲလား''

''ဟုတ်မှာပေါ့ မမရဲ့၊ သူသူလည်း သေချာတော့ မသိဘူး
သူတို့နဲ့တူတူ လူတစ်ယောက်တောင် ထပ်တိုးလာသေးတယ်''

''ဟုတ်လား မမတော့ သူတို့ ဘာတွေလုပ်နေတယ်ဆိုတာ
ဂဃနဏ သိချင်တော့တာပဲ သူသူရယ်''

ဖွဲ့က ညည်းတွားလိုက်တော့ သူသူက

''ဒါဆိုလည်း ကိုမင်းညီဆီ သွားတွေ့ကြည့်ပါလား၊ တော်ကြာ
ကိုရာဇဝင်ပါ အဲဒီလူနဲ့ ပေါင်းပြီး မဟုတ်တာတွေ လုပ်မိနေဦးမယ်''

သူသူပေးသော အကြံကို မဆိုးဟု မှတ်ချက်ချရင်း သူသူ့ကို
စာသင်ပြီးလျှင် ထိုအိမ်သို့ သွားရန် စိတ်ပိုင်းဖြတ်လိုက်၏။

''ကောင်းပြီလေ သူသူ့ဆီကပြန်ရင် အဲဒီလူနဲ့ မမ သွားတွေ့
ကြည့်လိုက်မယ်''

''အကြံသာ ပေးရတာ မမကို တစ်ခုခု လုပ်နေပါဦးမယ်
သူသူ လိုက်ခဲ့ပေးရမလား''

အစိုးရိမ်ပိုနေသော လေသံနှင့်သူသူက မေးတော့ ဖွဲ့က ပြုံး
ပြုံးလေးပင် ခေါင်းခါပြလိုက်ရသည်။





သူသူက တစ်ရပ်ကွက်တည်းနေသောသူဆိုတော့ တစ်ခုခုဖြစ်
လျှင် ကြားသိကပါနေတာ မကောင်းဟု တွေးမိလိုက်သောကြောင့် ဖြစ်
သည်။

မောင့်ကိစ္စကို ဖွဲ့တစ်ယောက်တည်းသာ ဖြေရှင်းချင်သည်လေ။
ဟုတ်တယ် အဲဒီ မင်းညီဆိုတဲ့လူနဲ့ သွားတွေ့ရမယ်။

''ရတယ် သူသူ မမဘာသာ သွားလိုက်ပါ့မယ်၊ ဘာမှမဖြစ်
လောက်ပါဘူးလေ၊ ရာဇဝင်ရဲ့ညီးစားလို့ ပြောလိုက်ရင် အဆင်ပြေမှာပါ''

''ရရင်လည်း ပြီးတာပါပဲ မမရယ်၊ ဒါပေမဲ့ သတိတော့ ထား
နော်၊ အဲဒီလူတွေက တော်ကြာ မူးရူးနေရင် မမ ခက်နေမယ်''

''အင်းပါ သူသူရဲ့၊ ကဲ စာကျက်ဦး မမကြောင့်နဲ့ သူသူပါ
စာကျက်ချိန်တွေ လျော့ကုန်ပြီ''

ဖွဲ့က သူသူ့ကို စာပြန်ကျက်ခိုင်းလိုက်ကာ သူမကတော့
အတွေးများနှင့် တစ်ယောက်တည်း ငြိမ်သက်နေမိသည်။ သူသူပြောသလို
မင်းညီက တစ်ခုခု ပြဿနာရှာလျှင် မည်သို့ဖြေရှင်းရမည်ဆိုတာလည်း
ကြိုတွေးနေမိ၏။

ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ဖွဲ့ကတော့ ထိုအိမ်ကိုသွားရန် တထစ်ချ
ဆုံးဖြတ်လိုက်ပြီ ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



''ဒေါက် ဒေါက် ဒေါက်''

တံခါးကို ခပ်တိုးတိုးခေါက်လိုက်သည်ထိ အိမ်ထဲမှ မည်သည့်တုံ့ပြန်သံမှ မကြားရပေ။ ထို့ကြောင့်ပင်

''ဒီမှာ အိမ်ထဲမှာ လူရှိလား၊ ခေါ်နေတာ မကြားဘူးလား''

ဖွဲ့အသံက ခပ်ဆတ်ဆတ်လေး ထွက်သွားသည်။ တံခါးကိုလည်း အဆက်မပြတ် ထုရိုက်ပစ်လိုက်၏။

သူမက နောက်တစ်ကြိမ် ထပ်အော်ရန် ကြိုးစားလိုက်စဉ်မှာပင် တံခါးက ဖျတ်ခနဲ ပွင့်သွားကာ၊ မျက်နှာချင်းဆိုင် ရပ်နေမိသော နှစ်ယောက်သား ဘာသံမှပင် မထွက်နိုင်တော့ဘဲ တစ်ယောက်ကို တစ်ယောက် အံ့ဩလွန်းကြီးစွာ ကြည့်နေမိကြတော့၏။

အတန်ကြာမှ ဖွဲ့လက်မောင်းကို ဆတ်ခနဲ ဆွဲကာ အိမ်ထဲသို့ ခေါ်သွင်းလိုက်ရင်း တံခါးကို ဂျက်ထိုးပြီး ပြန်ပိတ်လိုက်သော်လည်း ဖွဲ့မှာ ကြောင်ငေးကာ ဘယ်လိုမှပင် မရုန်းကန်လိုက်နိုင်ချေ။

''မင်း ဘယ်လိုဖြစ်ပြီး ဒီကို ရောက်လာတာလဲ ဖွဲ့''

ရာဖဝင့်အသံက ရှုပ်ပွနေသော အိမ်ခန်းလေးအတွင်း ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ထိုအခါမှ ဖွဲ့လည်း သတိပြန်ဝင်လာသူလို

''မောင်ကရော ဒီမှာ ဘာလုပ်နေတာလဲ''

''ဟာ မင်းကို ငါက မေးနေတာ၊ မင်း ငါ့ကို ပြန်မမေးနဲ့





နေရာနဲ့ မင်းနဲ့ ဘယ်လိုအပ်စပ်လို့လဲ''

''အပ်စပ်တာပေါ့ မောင်၊ မောင်နဲ့ပတ်သက်နေတဲ့ အရာတွေ အားလုံးဟာ ဖွဲ့နဲ့လည်း ပတ်သက်တယ်လို့ ဖွဲ့ကတော့ ခံယူထားတယ်''

''ကျွတ်''

မောင်က လက်နှစ်ဖက်ကို ခါးတွင်ထောက်ကာ ကျွတ်ခနဲ တ်သပ်လိုက်၏။

''မင်း ပြန်တော့''

''မောင်နဲ့တူတူ ပြန်မယ်''

တကယ်တော့ သူမရဲ့ဦးတည်ချက်က မင်းညီဆိုသော လူကို သိတိုက်တွေ့ကာ မောင့်အကြောင်းတွေ မေးချင်ခြင်း ဖြစ်သည်။ ခုတော့ ထင်မှတ်ပါဘဲ မောင်နှင့်တည့်တည့်လာတိုးနေရာ

''ငါ မပြန်ဘူး''

''မောင်မပြန်ရင် ဖွဲ့လည်းမပြန်ဘူး''

ဖွဲ့ကလည်း ခေါင်းမာစွာပင် ပေတေရပ်နေမိ၏။

''မင်း ပြောရခက်လှချည်လား''

''ဟုတ်တယ်လေ မောင် ခုမှ သိလား''

''တော်ပြီကွာ မင်းက ငါ့ကို စိတ်အနှောင့်အယှက် တော်တော် ပေးတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် မောင် ဖွဲ့က မောင့်ကို စိတ်အနှောင့်အယှက် ပေးတယ် ဟုတ်လား"

မောင်က ဘာမှပြန်မဖြေဘဲ တစ်ဖက်သို့ လှည့်ရပ်နေ၏။ ဖွဲ့ ကတော့ မောင့်စကားကြောင့် ရင်ထဲက လှိုက်ခနဲ ဝမ်းနည်းသွားမိသည်။ သို့နှင့်ပင် နောက်ကျောပေးကာ ရပ်နေသော မောင့်လက်တစ်ဖက်ကို ဆွဲကာ သူမနှင့် မျက်နှာချင်းဆိုင်ပစ်လိုက်၏။

တော်သေးသည်က ထိုအိမ်ကြီးထဲမှာ မောင်တစ်ယောက်တည်း ရှိနေသောကြောင့်သာပေ။ နို့မဟုတ်ပါက ဖွဲ့လည်း လွတ်လပ်စွာ ပေါက်ကွဲ ခွင့်ရမည် မဟုတ်။

"ကိုယ့်ချစ်သူ ယမ်းများရောက်နေတာကို ဖွဲ့က ဒီတိုင်း လက် ပိုက်ကြည့်နေရမှာလား မောင်"

"မင်းကို ငါ တောင်းပန်ဖို့ လာခဲ့တုန်းက မင်း လက်ခံခဲ့လို့လား ချစ်ခြင်းဖွဲ့"

"မောင် ဘာကိုဆိုလိုတာလဲ"

"ဟိုတစ်ညက မင်းအိမ်ကို ငါရောက်လာတဲ့အချိန်မှာ မင်းနဲ့ တူတူ သားချစ်ကို တွေ့လိုက်ရတာ ငါ ဘယ်လောက်တောင် ခံစားခဲ့ရ တယ်ဆိုတာ မင်းသိလား၊ မင်းက မင်းဘက်က တစ်ခုတည်းကို ကြည့် တယ်၊ ငါ့ဘက်က ခံစားချက်ကိုတော့ နည်းနည်းမှ ထည့်မတွက်ဘူး"





"မောင် ဘယ်လိုပြောလိုက်တာလဲ၊ မောင့်ကို ဒီလောက်ထိ ...ကိုက်တာ မောင် နားမလည်သေးဘူးလား။ မောင့်ကို ဖွဲ့ရဲ့ ဘဝလက်တွဲ ...က်အဖြစ် ဖွဲ့က ယုံကြည်ထားလို့ ဒီလောက်ထိ မှားနေတဲ့ လမ်းကြောင်း ...ခုကို မောင် ဆက်လျှောက်နေမှာ စိုးရိမ်ခဲ့တာပေါ့၊ အဲ့ပေမဲ့ မောင် ...တော့ ဖွဲ့ကို အမှန်အတိုင်း ဝန်ခံခဲ့ဖို့တောင် ဝန်လေးနေတယ်နော်၊ ...ါကရော ဖွဲ့ရဲ့ ခံစားချက်ကို မောင် ဂရုစိုက်တယ်လို့ ပြောရမှာလား ...ာစမ်းပါဦး မောင်ရဲ့"

ရာဇဝင်က ဘာစကားမှပြန်မပြောနိုင်စွာနှင့် ဖွဲ့ကို ငေးစိုက် ...ည့်နေရင်း သက်ပြင်းကိုသာ ချလိုက်သည်။

"မောင် ပြောလေ၊ ခုတော့ မောင့်မှာ ဘာပြောစရာမှ မရှိတော့ ...လား"

"မဟုတ်ဘူးကွာ"

ဖွဲ့ သိပါသည်။ မောင့်ဆီမှာ ပြောစရာ စကားတွေ ပျောက်ရှ ...ခဲ့ပြီဆိုတာ

"မောင် ဘာလို့ ဒီလိုမျိုးလမ်းကြောင်းကို ရွေးလျှောက်ခဲ့တယ် ...တာ ဖွဲ့သိပါရစေ မောင်ရယ်"

ဖွဲ့အသံက ငိုသံပါလာတော့ မောင်က ဖွဲ့ကိုယ်လေးကို သိုင်း ...က်လိုက်ကာ သူ့ရင်ခွင်တွင်း ဆွဲသွင်းထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့ ဖွဲ့ရယ် ဖွဲ့ကို မောင် အရမ်းချစ်ပါတယ်၊ ဒါပေမဲ့"

မောင့်အသံက တိုးသက်ညင်သာသွားသည်ဟု ဖွဲ့ ထင်လိုက်သည်။

"ဒါပေမဲ့ မောင့်ဘဝမှာ ငယ်ငယ်တည်းက သိပ်ကိုအထီးကျန်ခဲ့တာ၊ အားလပ်ချိန်တွေကို အဖော်မပါဘဲ တစ်ယောက်တည်း ဖြတ်သန်းရတာတွေကို မောင် သည်းမခံနိုင်ခဲ့ဘူး။ ဒါနဲ့ပဲ မောင့်အတွက် အဖော်က"

"ဒီလိုမျိုး လမ်းကြောင်းများကို ဆွဲခေါ်သွားမယ့် မူးယစ်ဆေးတွေ ဖြစ်ခဲ့တယ်ပေါ့ ဟုတ်လား"

မောင့် စကားမဆုံးခင်မှာပင် ဖွဲ့က ဖြတ်ကာ ပြောပစ်လိုက်၏

"မောင့်အတွက် လိုအပ်တာက အဲဒီဟာ တစ်ခုပဲ ဖြစ်ခဲ့တယ်ပေါ့ အဲဒီလိုလား မောင်"

"အရင်ကဆိုရင်တော့ ဟုတ်တယ်လို့ မောင် ဝန်ခံရလိမ့်မယ်"

"ဒါဆို မောင့်အတွက် ဖွဲ့က ဘယ်တုန်းကမှ အရေးမကြီးခဲ့ဘူးပေါ့"

မောင်က ဖွဲ့မေးဖျားလေးကို ပင့်မော့စေလိုက်ကာ ဖွဲ့မျက်လုံးများထဲထိ ထိုးဖောက်မတတ် စူးစူးနစ်နစ် ကြည့်လိုက်ပြီး

"ဖွဲ့ရယ် တကယ်တော့ မောင့်စိတ်ကို မောင် နားမလည်နိုင်ခဲ့တာပါ၊ မောင့်အတွက် ဖွဲ့က ဘယ်လောက်ထိ လိုအပ်ခဲ့တယ်ဆိုတာ





မောင် ကိုယ်တိုင်သိလိုက်ရချိန်မှာ ဖွဲ့က မောင့်ကို နာကြည်းနေခဲ့ပြီလေ"

"မဟုတ်ဘူး မောင်၊ မောင့်ကို ဘယ်တုန်းကမှ ဖွဲ့ မနာကြည်းခဲ့ပါဘူး၊ ဖွဲ့စိတ်ထဲမှာ မောင့်ကို မှားယွင်းနေတဲ့လမ်း သာမန်လူကောင်းတွေနဲ့ ဆန့်ကျင်တဲ့လမ်းကို ဆက်လျှောက်နေမှာ စိုးရိမ်ခဲ့တာပါ"

"ဒါဆို မောင့်ကို ချစ်သေးတယ်ပေါ့နော် ဖွဲ့"

"မောင်ရယ် မောင့်ကို မချစ်ဘဲနဲ့တော့ ဖွဲ့က ဒီနေရာထိ လိုက်မလာပါဘူး"

"ဖွဲ့ရယ် မောင်လည်း ဖွဲ့ကို အရမ်းချစ်ပါတယ်ကွာ၊ ဖွဲ့ မကြိုက်တာတွေကိုလည်း ဒီနေ့ကစပြီး မလုပ်တော့ဖို့ မောင် ကြိုးစားမှာပါ"

ချစ်ခြင်းဖွဲ့က သွားတန်းလေးများ ပေါ်သည်ထိ ဟက်ဟက်ပက်ပက် ပြုံးကာ မောင့်မျက်နှာကို ကြည့်နေမိ၏။ ခုတော့လည်း မောင့် အမူအရာ အပြောအဆိုတွေအားလုံးက ဖွဲ့ ရင်ခုန်သံတွေနှင့် ဟာမိုနီ ဖြစ်ခဲ့ပြီလေ။

ထို့နောက်တော့ အခန်းလေးထဲတွင် တိတ်ဆိတ်ငြိမ်သက်သွားပြီး မောင့်နှာဝမှ ရှူထုတ်လိုက်သော လေငွေ့နွေးနွေးက ဖွဲ့နဖူးလေးထက်တွင် အသာအယာ ပျံ့ဝဲကျီစယ်နေသယောင်။

နောက်တော့ မောင့်ကိုယ်ငွေ့တို့က ဖွဲ့တစ်ကိုယ်လုံးကို လွှမ်းခြုံလိုက်တီသကဲ့သို့ နှစ်ကိုယ့်တစ်စိတ် ရင်ခုန်သံများကသာ တိတ်ဆိတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော အခန်းလေးထဲတွင် ပြန့်ကျဲလွင့်ပျံနေလေတော့၏။

အဲဒီ ညနေခင်းမှာ တိမ်ပျိုတစ်အုပ် မျက်လွှာချလို့ ရှက်ပြ

ပြုံးတယ်။ နေမင်းဆီမှာ ပျော်ကျနေတဲ့ ရင်ခုန်သံတွေကို တိမ်ပျိုလေးဖေ

မဖုံးနိုင် မဖိနိုင်ခဲ့ဘူးလေ။

ဒီလိုနဲ့ပဲ ညနေရဲ့ သည်းဆာနောက်မှာ တိမ်ပျိုရဲ့ ပျိုမြစ်မှုတွေ

ညအမှောင်က အုပ်စိုးသွားတော့တယ်။

အထိတ်ထိတ် အလန့်လန့်. . .။

■ ■ ■

## အခန်း (၇)

"နင် တစ်နေ့လုံး ဘယ်တွေ လျှောက်သွားနေတာလဲ ဖွဲ့၊ ငါ

ဖုန်းဆိဖုန်းခေါ်နေတာလည်း မကိုင်ဘူး"

လမ်းထိပ်လက်ဖက်ရည်ဆိုင်လေးတွင် ဘယ်အချိန်တည်းက

ထိုင်နေမှန်းမသိသော သားချစ်က ဖွဲ့ ပြန်လာသည်ကို မြင်သည်နှင့်

အနားသို့ ရောက်လာကာ ပြောလိုက်ခြင်းဖြစ်၏။

တကယ်တော့ ဒီနေ့ ကျောင်းပိတ်ရက်ဆိုပေမယ့် ဖွဲ့က ဆေးရုံ

တွင် ဗိုလန်တီယာ ဝင်လုပ်ပေးနေခြင်း ဖြစ်သည်။

"ဘယ်သွားရမှာလဲ၊ တစ်နေ့လုံး ဆေးရုံမှာ ရှိတယ်၊ ဖုန်းက

ဆေးရုံကို ယူမသွားမိတာ၊ နေပါဦး နင်က ဘာတွေအရေးကြီးနေတာလဲ"

သားချစ်က ဖွဲ့ကို ခါးထောက်ကာ မျက်စောင်းကြီး ထိုးလိုက်ရင်း

သဲ့ရွှေ့ရွှေ့ ကြည့်သည်။ ထိုပုံစံကိုကြည့်ပြီး ဖွဲ့ကတော့ ရယ်ချင်လာသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လက်ညှိုးကြီးထိုးကာ ရယ်မိတော့

"ဘာရယ်တာလဲ သူများကို လှောင်ဖို့တော့ ဘယ်တော့မှ မမေ့ဘူး သိလား။ ကျန်တာတော့ အကုန်မေ့ပေစေ၊ နင်ကလေ တော်တော်လည်း အမေ့ကောင်းပဲ"

"နင် ဘာကိုပြောချင်တာလဲ သားချစ်ရဲ့"

ဖွဲ့က တကယ်ပင် မသိသောကြောင့် ပြန်လည်မေးခွန်းထုတ်ခြင်း ဖြစ်ပေမယ့် သားချစ်ကတော့ ဖွဲ့ဆံပင်လေးများကို သူ့လက်နှင့် တစ်ချက် ဖွပစ်လိုက်ရင်း

"ငပေါ မနက်ဖြန် နင့်မွေးနေ့လေ၊ အဲဒါတောင် သတိမရဘူးလား"

သားချစ်ပြောမှ ဖွဲ့မှာ ကိုယ့်မွေးနေ့ကိုယ် ပြန်သတိရမိခြင်း ဖြစ်သည်။

"ဟုတ်ပါရဲ့နော်၊ ငါက မေ့နေတာဟ ဟီး"

သွားလေးဖြဲကာ ကိုယ့်အမှားကိုယ် ဝန်ခံတော့ သားချစ်ထံမှ မျက်စောင်းတစ်ခု ထပ်မံကျရောက်လာကာ

"ထုံးစံအတိုင်း ဘုရားသွားမယ် မဟုတ်လား"

"အင်း သွားမှာပေါ့၊ ဗိုလ်တထောင် ဘုရားသွားမယ်လေ"

"အေးပေါ့ ထုံးစံအတိုင်းပဲဟာ၊ ညနေဘက်ပဲ သွားမယ်နော်





ဒီလက်ဖက်ရည်ဆိုင်က စောင့်နေ၊ ညနေ ခြောက်နာရီလောက် ငါ လာခဲ့မယ်"

"အိုကေလေ ငါ စောင့်နေမယ်"

"ဒါဆို ငါ လစ်ပြီနော်၊ တာ့တာ"

သားချစ် နှုတ်ဆက်ထွက်ခွာသွားတော့မှ ဖွဲ့က သက်ပြင်းလေးကို အသာအယာချဖြစ်သည်။

ကြည့်ပါဦး ဖွဲ့အဖြစ်က ကိုယ့်မွေးနေ့တောင် ကိုယ်မေ့နေခဲ့သည်လေ။ ဒီရက်ပိုင်း ဖွဲ့ခေါင်းထဲမှာ မောင့်အကြောင်းတွေကသာ ဖိစီးထားလေရာ အဲဒီဒဏ်တွေနှင့် အလုပ်ပိသည့်ဒဏ် နှစ်ခုပေါင်းကာ လူက နွမ်းနယ်လွန်းလှပြီ။

ဘာပဲဖြစ်ဖြစ် ကိုယ်ကိုယ်တိုင်တောင် သတိမေ့နေခဲ့သည့် ဖွဲ့မွေးနေ့ကို သားချစ်က သတိရရှိနေခြင်းအတွက်တော့ ဖွဲ့က ဝမ်းသာနေမိသေးသည်။

ဒါကြောင့်လည်း သားချစ်ကို ဖွဲ့က သံယောဇဉ် ကြီးနေရခြင်း ဖြစ်၏။

■ ■ ■

"မောင် ဒီနေ့ ဖွဲ့ မွေးနေ့ဆိုတာရော သိရဲ့လား"

"ဆောရီးကွာ မောင် မေ့နေလို့ ဖွဲ့ရဲ့၊ ဟုတ်သားပဲ ဒီနေ့ ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့နော်''

''ဟွန် မောင်ကလည်း''

ဖွဲ့စိတ်ထဲမှာ မောင့်ကို နည်းနည်းလေး စိတ်ကောက်လိုက်ချင် ပေမယ့် မောင့်ကို လူကောင်းတစ်ယောက်ဖြစ်ဖို့ အတွက်ကတော့ ဖွဲ့ကိုယ်တိုင်က အရာရာ သဘောထားကြီးကြီး နေပြရမည့်ပုံ ဖြစ်နေသည်။

မောင်က သူ့အပေါ်မှာ ကောင်းကောင်းမွန်မွန် ဆက်ဆံလျှင် သူကလည်း ထိုလူအတွက် ဘာမဆို လုပ်ဝံ့သည်ဆိုသော လူစားမျိုး ဖြစ်၏။

''စိတ်မဆိုးပါနဲ့ ဖွဲ့ရဲ့၊ မောင်က အဲဒီလိုပဲ မေ့တတ်တာ ဖွဲ့လည်း သိရဲ့သားနဲ့ကွာ''

''မသိဘူးကွာ၊ ကိုယ့်ချစ်သူမွေးနေ့တောင် မမှတ်မိဘူးဆိုတော့ မောင့်ကို မယုံချင်တော့ဘူး''

''မယုံချင်တော့ဘူးဆိုတဲ့ ကောင်မလေး လေသံကလည်း ဖွဲ့လိုက်တာကွာ''

မောင်က ရယ်ကျဲကျဲနှင့် ပြောလိုက်ပြီး ဆေးရုံဂိတ်ဝရောက်တော့ ဝင်မည့်ဟန် ပြင်နေသည့် ဖွဲ့လက်ဖျားလေးကို ဆွဲယူထားလိုက်ရင်း

''ညနေ မောင်လာကြိုမယ်လေ၊ အဲဒီကျမှ ဖွဲ့ကျေနပ်အောင် ဘာလက်ဆောင် ဝယ်ခဲ့ရမလဲ ပြော''





''အဲဒါကိုပဲ ဖွဲ့က မကြိုက်တာ သိလား၊ ဖွဲ့ကပဲ မွေးနေ့လက်ဆောင်လိုချင်လို့ တမင်ပဲ စိတ်ဆိုးပြနေတဲ့ပုံနဲ့ သားချစ်ဆိုရင် ပြောနေစရာတောင် မလိုဘူး။ ကိုယ့်မွေးနေ့ကိုယ် မေ့နေရင်တောင် သူက မှတ်မိပြီး ကိုယ့်ကိုတောင် ပြန်သတိပေးနေသေးတယ်၊ မောင်နဲ့များ ကွာပါ့''

တကယ်တော့ ဖွဲ့က မောင့်ကို အားမလို အားမရဖြစ်ကာ ပြောလိုက်မိခြင်းပါ။ ဒါပေမဲ့ မောင့်မျက်နှာကတော့ တအားကို ပျက်ယွင်းသွားတာ မြင်လိုက်ရမှ ဖွဲ့ လွန်သွားပြန်ပြီဆိုတာ သိလိုက်သည်။

''ဖွဲ့ မင်းက မောင့်ကို သားချစ်နဲ့များ နှိုင်းပြီး ပြောနေတာလား''

''မဟုတ်ပါဘူး မောင်ရယ်၊ သားချစ်လို သူငယ်ချင်းကတောင် သတိရတယ်ဆိုရင် မောင်ဆို ပိုတောင် သတိရနေသင့်တယ်လို့ ထင်လို့ပါ၊ ဖွဲ့ပြောချင်တာက ဘာစိတ်မှ မပါဘူး။ မောင့်ကို ဖွဲ့အပေါ်မှာ ဂရုတစိုက် ရှိစေချင်တဲ့ စိတ်လေးတစ်ခုပဲ ရှိတယ်''

ဖွဲ့အလျှောက်ကောင်းလို့ အထောင်းသက်သာသွားသည်ဟု ဆိုရမည် ဖြစ်သည်။ မောင့်မျက်နှာပေါ်က တင်းမာမှုတွေက အနည်းငယ် ပြေလျော့သွားပြီး

''ကောင်းပြီလေ ဖွဲ့ကိုချစ်လို့ ခွင့်လွှတ်ပေးလိုက်တာနော်၊ ညနေမှပဲ မောင် လာကြိုတော့မယ်၊ ကဲ ဝင်တော့''

သူမ ရှေ့ကနေ မောင် ထွက်ခွာသွားတော့မည့်ဆဲဆဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့က တစ်ခုခုကို သတိရကာ ကမန်းကတန်း တားလိုက်ရပြီး

"မောင် နေဦး၊ ဖွဲ့ခုမှ သတိရတယ်"

"ဘာလဲ ဖွဲ့"

"ဟိုလေ ဒီညက ဖွဲ့ နိုက်ကျူတီ မောင်ရဲ့၊ မောင် လာမကြိုနဲ့တော့"

တကယ်တော့ သားချစ်နှင့် ချိန်းထားသည်ကို သတိရကာ ဖွဲ့က လိမ်ညာလိုက်ခြင်း ဖြစ်သည်။

"ဟင် ဒါဆို မောင်နဲ့ဖွဲ့က မတွေ့ရတော့ဘူးလား"

မောင့်အသံက အလိုမကျစွာ

အဲဒီလိုကျတော့လည်း ဖွဲ့စိတ်ထဲမှာ မကောင်းနိုင်တာ အမှန်သို့နှင့်ပင်

"ဒါဆို ဒီလိုလုပ်မယ်လေ မောင်၊ နေ့လယ် ထမင်းစားချိန်လောက် မောင် အားရင် လာခဲ့ပါလား၊ ဖွဲ့ ထမင်းစား စောင့်နေမယ်"

"အိုကေလေ ဒါဆို မောင် ဆယ့်နှစ်နာရီလောက် လာခဲ့မယ်"

"ကောင်းပြီမောင် ဒါဆို ဖွဲ့သွားတော့မယ်"

သွားတော့မည်ဆိုမှ မောင်က ဖွဲ့ လက်တစ်ဖက်ကို ဖမ်းဆွဲထားပြန်သေးသည်။

"ဘာပြောဦးမလို့လဲ မောင်ရဲ့"





ဖွဲ့စကားပင် မဆုံးသေး မောင်က ဖွဲ့ခေါင်းလေးကို အုပ်ကိုင်ကာ ဖွဲ့နဖူးပြင်လေးကို ဖွဖွ နမ်းရှိုက်လိုက်၏။ ဆေးရုံရှေ့တွင်မို့ ဖွဲ့မှာ အရှက်သည်းသွားရပြီး ဘေးဘီဝဲယာသို့ မျက်လုံးလေးများ ဝေ့ဝဲကာ ကြည့်လိုက်မိသည်။

"မောင် မကောင်းဘူးကွာ"

လူမြင်ကွင်းကြီးတွင်မို့ အသံလေးများ တုန်ယင်ကာ ပြောလိုက်မိပြီး ဆေးရုံထဲသို့ အပြေးလေးဝင်ခဲ့မိတော့သည်။

ရာဇဝင်ကတော့ ဖွဲ့ရဲ့ စွဲမက်ဖွယ်ကောင်းသော နောက်ကျောပြင်လေးကို ငေးမောကြည့်ရင်း ရပ်ကျန်ခဲ့တော့၏။ သူမ တာဝန်ကျရာ ဓါတ်ထဲသို့ရောက်သည်နှင့် အတန်းဖော် ပန်းနုက ပြုံးစိစိလေးနှင့်ကြည့်ကာ

"အမလေးနော် သူများတွေကျတော့လည်း မနက်စောစော ကျက်သရေကို ရှိလို့၊ နော် ဖွဲ့ ဟုတ်တယ် မဟုတ်လား"

"ဘာ ဘာကိုပြောတာလဲ ပန်းရဲ့"

"တွေ့ပါတယ်နော် ဆေးရုံရှေ့ကြီးမှာ ကြင်နာနေကြတာကို၊ ဒီက ဝရန်တာကနေ အားလုံးမြင်လိုက်ပါတယ်၊ ပြောရရင် လန့်မသွားနဲ့ဦး၊ အေအက်စ်ပါ တွေ့သွားတာ"

"ဟယ် ဆရာပါ တွေ့သွားတာလား၊ ဒုက္ခပါပဲ အဲဒီ မောင် တစ်ယောက်နဲ့တော့ တကယ် မလွယ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခုမှ ဟန်ဆောင်ပြီး ညည်းပြမနေနဲ့၊ မလွယ်တာလေးကိုမှ ချစ်ချင်နေတာ မဟုတ်လား"

"ပန်းနော် ဖွဲ့ကို မစပါနဲ့"

"ကျုပ်တို့က မနာလို မရှိပါဘူးနော်၊ ဒါပေမဲ့ စိတ်ထဲမှာတော့ နင့်ကို သားချစ်နဲ့ ပိုဖြစ်စေချင်နေမိတယ်၊ အဲဒါ ငါတင် မဟုတ်ဘူး၊ ရှိသမျှ လူအားလုံးရဲ့ဒုံ ပြင်းပဲ ကာယကံရှင်တွေချင်းက ဒီလောက် တရင်းတနှီး ရှိနေပါလျက်နဲ့ ဘာဖြစ်လို့များ ချစ်သူတွေ ဖြစ်မလာတာလဲလို့ ငါတို့ချင်း ပြောဖြစ်တိုင်း စဉ်းစားမိတယ် သိလား"

ပန်းနုစကားကို ကြားတော့ ဖွဲ့ရင်ထဲ ဘာကိုမှန်းမသိ အလိုမကျနိုင် ဖြစ်သွားမိကာ မျက်စောင်းလေး ထိုးလိုက်မိသည်။

"ကြည့် ခုတော့ ပေါ်ပြီ၊ သူများမရှိတုန်း အတင်းတွေတုပ်နေကြတယ်ပေါ့လေ မှုတ်လား"

"အောင်မာ အတင်း မဟုတ်ပါဘူးနော်၊ နင်နဲ့သားချစ်တို့ ရှိနေလည်း ငါတို့က ပြောရဲပါတယ်"

"အမလေး ငါတို့နှစ်ယောက်ရှေ့မှာ ပြောရဲတာက အကြောင်း မဟုတ်ဘူး၊ မောင့်ရှေ့မှာတော့ ယောင်လို့တောင် သားချစ်နာမည် မထွက်မိစေနဲ့နော်"

"အေးပါဟယ် ငါတို့လည်း ဒီလောက်ကတော့ သိတတ်ပါတယ်





ဘယ်လိုပဲဖြစ်ဖြစ်ပါ နင့်ကို ရာဇဝင်က ချစ်တယ်ဆိုတော့လည်း ဒါ ကျနပ်စရာပေါ့၊ ကျုပ်ဟာကြီးကတော့ မင်္ဂလာဦးညတောင် ကျုပ်တက်ကမဲ့ စပြီး လက်ဆွဲခေါ်ရမလိုဖြစ်နေပြီ"

ပန်းနုရဲ့ ချစ်သူက ဖွဲ့တို့ရဲ့ တစ်တန်းတည်းသား ဖြစ်သည်။ ပန်းနုရဲ့ချစ်သူ မောင်မောင်ဖင်လတ်ကိုမှ တကယ့် ဆေးကျောင်းသားလို့ ခေါ်ရမလို ဖြစ်၏။

မျက်မှန်လေးထောင့်လေးနှင့် ကချင်လွယ်အိတ်လေးလွယ်ကာ လက်ထဲမှာလည်း ဆေးပညာ စာအုပ်ထူထူတစ်အုပ်က အမြဲလိုလို ကိုင်ထားတတ်သည်။ ဆံပင်ပုံစံကိုလည်း ခေတ်ပေါ်ပုံစံ ထားနိုင်းလို့ မရ။ ခါင်းလိမ်းဆီနှင့် အမြဲပိရိသေသပ်နေတတ်သော ဘေးခွဲဆံပင်ပုံစံက ဘယ်တော့ကြည့်ကြည့် သပ်ရပ်နေတတ်သည်လေ။

"နင်တို့ ငါ့အတင်း ပြောနေတာလား"

ပန်းနုရဲ့အပြောကို တစ်စွန်းတစ်စ ကြားလိုက်ဟန်ရှိသော မောင်မောင်ဖင်လတ်က ဖွဲ့တို့နားသို့ ရောက်လာကာ ပြောလိုက်တော့ ပန်းနုက ပိုရယ်ချင်မိသွားပြီး

"အင်း ဟုတ်တယ် နင့်အကြောင်း ပြောနေတာ"

"ဘာတွေပြောနေတာလဲ၊ ပန်းနုတို့ကတော့လေ အားနေ ငါ့အကြောင်းပဲ ပြောချင်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ ကိုယ့်ကိုယ်ကို အထင်ကြီးလှချည်လား။ တကယ်တော့ ဖွဲ့က မေးနေတာပါ၊ နင်တို့နှစ်ယောက် ရည်းစားဖြစ်တာ မောင်မောင်ဖင်လတ်က ပြောလို့လား။ နင်ကပဲ အတင်းလက်ဆွဲပြီး စာလိုက်ပေးတာလားလို့လေ"

"ဟဲ့ ဖွဲ့ နင်ကတော့လေ"

ပန်းနုက ခေါင်းလေးတစ်ခါခါနှင့် ဖွဲ့ပခုံးစွန်းလေးကို လှမ်းရိုက်ကာ ပြော၏။ မောင်မောင်ဖင်လတ်ကတော့ မျက်နှာကြီး အိုးတိုးအမ်းတမ်းဖြစ်သွားကာ

"အာ နင်တို့ မိန်းမတွေကတော့လေ ဒါပဲ စိတ်ဝင်စားနေတော့တာပဲ၊ လာကြတော့ ဟိုမှာ ဆရာ လူခေါ်တော့မယ်"

ဖွဲ့တို့ကို လှည့်မကြည့်စတမ်းပြောပြီး ထွက်သွားသော မောင်မောင်ဖင်လတ်ကြောင့် ဖွဲ့မှာ တသောသောနှင့် ရယ်နေမိတော့၏။

"ဖွဲ့ရယ် သူ့ကို သွားသွားမစပါနဲ့၊ နင်တို့က စပြီးရင် သူက ငါ့ကိုပါ စိတ်ဆိုးတော့တာ"

"ဖြစ်မှဖြစ်ရလေ ပန်းနုရယ်၊ အဲဒါနဲ့ပဲ နင်က သူစိတ်ပြေလာတဲ့အထိ သူ့အိမ်ရှေ့မှာ ဂစ်တာတွေ ဘာတွေ သွားတီးပြီး ချော့ရရောလား ဟင်း ဟင်း ဟင်း"

ဖွဲ့က အူရှင်သူမို့ ထပ်ခါ ထပ်ခါ အရွှန်းဖောက်နေမိသည်

ပန်းနုကတော့ ဖွဲ့ကို ဘာမှမပြောတော့ဘဲ ဖွဲ့စကားကို သဘောတကျပြုံးလိုက်ပြီး အခန်းထဲမှ ထွက်သွားသည်မို့ ဖွဲ့လည်း နောက်မှနေ၍ အပြေးလေး လိုက်သွားရတော့သည်။

ထိုနေ့ နေ့လယ်ဘက်။

ဝဒ်ထဲတွင် ဆရာဝန်ကြီး ရောင်းဒ်လှည့်သည့်နောက်လိုက်ပြီး၍ သူမတို့အတွက် ပေးထားသော အခန်းလေးထဲသို့ ရောက်သည်နှင့် Pooh ရုပ်အကြီးကြီးတစ်ခုက သူမကို ဆီးကြိုနေလေသည်။

လူတစ်ဖက်စာမျှရှိသော ထိုအရုပ်ကြီးကို မြင်ကတည်းက ဖွဲ့နှင်ထဲမှာ လိုက်ခနဲ ပျော်သွားမိတာကတော့ ဘယ်လိုစကားလုံးနဲ့မှ ပုံဖော် ရနိုင်မည် မထင်။ အရုပ်လေးဘေးမှာ ချထားသော ပန်းနုရောင် ကတ်လေးပေါ်မှ ခပ်သော့သော့ ရေးထားသော မောင့်လက်ရေး ...။

မောင့်အသက်ရှင်သန်နေသမျှ ကာလပတ်လုံး ဖွဲ့ရဲ့မွေးနေ့တွေ ဒီလိုပဲတူတူဖြတ်သန်းချင်တယ်

ဖွဲ့ ခွင့်ပြုနော် တဲ့ ။

မောင်ရယ် မောင့်အတွက်ဆို ဖွဲ့ဘဝကြီးတစ်ခုလုံး ပုံအပ်ပေးခဲ့တာ မောင်အသိပါ။ ဒါကိုတောင် ဖွဲ့ဆီက ခွင့်ပြုချက်ကို တောင်းနေသေးတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကလေ ဒေါသကြီးမနေတဲ့ အချိန်တွေဆို အဲဒီလိုမျိုး
သိပ်ချစ်ဖို့ကောင်းတာပါ။

လက်ထဲမှ ပိုစကဒ်လေးကို ပြန်ချလိုက်ပြီး မျက်လုံးလေးများ
ဝေ့ဝဲကာ မောင့်ကို ရှာလိုက်မိသည်။ ဒါကြီးကို စားပွဲပေါ်လာတင်ထားပြီ
မောင်က ဘယ်ကိုရောက်သွားတာပါလိမ့်။ ဝက်ဝံရုပ်ကြီးကို လက်တွ
ပိုက်လိုက်မိတော့မှ အရုပ် လည်ပင်းတွင် စွဲထားသော ကြိုးအနက်
ရောင်လေးကို သတိထားမိသွားသည်။

တကယ်တော့ ထိုကြိုးအနက်ရောင်လေးကို ဆွဲကြိုးသဖွယ်
ဝတ်ပေးထားကာ လော့ကတ်နေရာမှာတော့ ပလက်တီနမ်လက်စွပ်လေး
တစ်ကွင်း။ ဘာကျောက် ဘာရတနာမှ မပါဘဲ မောင်းကွင်းပုံစံ ရိုးရိုးရှ
ရှင်းလေးဖြစ်သည်။ ဖွဲ့မှာ အံ့သြခြင်းများနှင့်အတူ ဆွဲကြိုးလေးမှာ လေ
ကတ်လုပ်ထားသော လက်စွပ်ကို ဖြုတ်ကာ ကြည့်နေမိစဉ်မှာပင်

"မောင့်ကို လက်ထပ်မယ် မဟုတ်လား ဖွဲ့"

အို အလွန်ကို စိတ်လှုပ်ရှားစရာကောင်းသော စကားပါ
ဖွဲ့က အံ့သြသွားသော မျက်ဝန်းတောက်တောက်လေးများနှင့် မောင့်
မော့ကြည့်လိုက်မိသည်။

"မောင် မောင် တကယ်ပြောနေတာလား"

"တကယ်ပေါ့ ဖွဲ့၊ ဖွဲ့ကိုချစ်လို့ မောင် လျှောက်နေတဲ့ လမ်းကြ





တစ်ခုလုံးကနေတောင် ရှန်းထွက်ဖို့ မောင်ကြိုးစားမှာလေ၊ အဲဒီတော့
မောင့်ကိုအားပေးတဲ့အနေနဲ့ မောင်လိုချင်တဲ့ စကားလေးတစ်ခွန်းကိုတော့
ဖွဲ့ဘက်က ပြန်ပြီးပေးဆပ်စေချင်တယ်"

ဒီစကားတွေဟာ မောင့်နှုတ်က ထွက်သည့် အမှန်တရားတွေ
ပါဆိုရင် ဖွဲ့လောက်ပျော်သည့်သူပင် ရှိတော့မည် မထင်။

"မောင် တကယ်ပြောတာလား"

"ဪ ဖွဲ့ရယ် မောင့်ကိုလုံးဝ မယုံကြည်တော့ဘူးလား"

"မောင့်ကို ယုံကြည်ချင်ပါတယ် မောင်"

"ဒါဆိုလည်း ယုံစေပျား"

ရာဇဝင်က ဖွဲ့ကိုယ်လေးကို ဆွဲဖက်မည်လုပ်တော့ ဖွဲ့က လက်
လေးနှင့်တွန်းကာ တားလိုက်ရင်း

"ဟိုး ဆရာ၊ ဒါဆေးရုံကြီးနော်၊ ရှင်ကဲချင်တိုင်းကဲလို့မရဘူး
သိရဲ့လား"

"မောင့်ကို လက်ထပ်မယ်မဟုတ်လားဟင် ဖွဲ့"

"ဪ မောင်ကတော့လေ တော်တော်ကို မသိသားဆိုးရွားတဲ့
လေးလေးလိုပါပဲလား။ ဖွဲ့ပါးစပ်ကဖွင့်ပြောမှ မောင်က သဘော
ပေါက်မှာလား"

"ဖွဲ့ ပါးစပ်က ပြောတာလေးကို ကြားချင်လို့ပါ ဖွဲ့ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံကြီးမှာလေ၊ ဘယ်ကောင်းပါ့မလဲ"

"မသိဘူးကွာ ဖွဲ့ ပါးစပ်က မပြောမချင်း မောင်မပြန်ဘူးနော်"

မောင်က ကလေးတစ်ယောက်လို နွဲ့ဆိုးဆိုးနေသေးသည်

ဖွဲ့ကတော့ ချစ်စရာကောင်းသော မျက်စောင်းလေးတစ်ခု မောင့်ထံ

စေလွှတ်လိုက်ပြီး

"မောင့်ကို တစ်သက်လုံး ပိုင်ဆိုင်ချင်ပါတယ်"

"ဟား ပျော်လိုက်တာကွာ"

ဖွဲ့အသံက တိုးတိုးသက်သက်လေး ထွက်လာသော မော

မျက်နှာက ပွားရှင်ဲ့ ခံးထားသလို ချိုမြသွားပြီး ဖွဲ့ကို အတင်းပွေ့ဖက်

ထားတော့သည်။

ဖွဲ့ကလည်း အတင်းရုန်းဖယ် ထွက်လိုက်ရင်း

"မောင်ကွာ တော်တော်ဆိုးတယ်၊ ဆေးရုံကြီးမှာပါဆို လွှတ်

တော့"

ဒီလိုကျတော့လည်း မောင်က အသာတကြည်ပင် လွှတ်ပေ

လိုက်ပါသည်။

"ကျေးဇူးပဲ ဖွဲ့ ဒါဆို မောင်တို့တစ်ခုခု သွားစားကြရအောင်"

"အင်း ဆေးရုံ ကန်တင်းပဲ သွားကြတာပေါ့"

မောင့်လက်ကိုတွဲကာ အခန်းထဲမှထွက်လာသော ဖွဲ့ကို ပ





တို့အားလုံးက ပြုံးစိစိနှင့် ကြည့်နေကြ၏။ ဖွဲ့ ကတော့ မည်သူ့ကိုမျှ

ရစိုက်တော့ဘဲ မောင့်လက်မောင်း တစ်ဖက်ကို ဖက်တွယ်ထားရင်း

အားလုံးရှေ့မှ ဖြတ်လျှောက်ခဲ့တော့သည်။

မောင့်လက်ကို တစ်သက်လုံး ဒီလိုသာ တွဲထားခွင့်ရချင်ပါ

သည်လေ။

■ ■ ■

"ကဲ မိန်းမ ဒီနေ့ ညည်းမွေးနေ့ဆိုတော့ ငါတို့ကို ဘာကျွေးမှာ

လဲ"

ကျောင်းမှပြန်လာသော ဖူးဖူးက အိမ်ထဲသို့ ဝင်လိုက်သည်နှင့်

အသံစာစာလေးနှင့် စပြောလိုက်၏။ နွေးကလည်း အခန်းထဲမှနေ ရုံးမှ

ပြန်လာကာစ ချွေးတစ္ဆဲ့ရွဲနှင့် ထွက်လာကာ

"ဟုတ်တယ် ဖွဲ့၊ နင့်မွေးနေ့မို့လို့ ငါတောင် အစောကြီး ရုံးဆင်း

လာတာ"

"အေးပါ နင်တို့ကို ဒီနေ့ညကျရင် ငါကရှယ် ကျွေးမှာ ခုတော့

ငါ သားချစ်နဲ့ ဘုရားသွားဖို့ ချိန်းထားတယ်ဟ၊ ပြန်လာရင် နင်တို့နဲ့

တစ်နေရာရာသွားပြီး မုန့်စားကြတာပေါ့၊ ကြိုက်တဲ့နေရာ စဉ်းစားထား

လိုက်၊ ငါစုဆောင်းထားတဲ့ ပိုက်ဆံတွေအားလုံး ဖြုန်းပစ်လိုက်မယ်"

သူမအသံက အလွန်မြူးနေသောကြောင့် ဖူးဖူးနှင့်နွေးတို့က



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ကို ကြောင်ငေးကြည့်နေမိကြသည်။

"ဟဲ့ မိဖွဲ့ နင့်ကြည့်ရတာ ဘာလို့ဒီလောက်တောင် အူမြူ နေတာလဲ၊ ကေနွတော့ တစ်ခုခုပဲနော် ဒီလိုဆိုရင်တော့ နင့်လက်ထဲက အရုပ်ကြီးက ရာဇဝင် လက်ဆောင်ပေးလိုက်တာပဲ ဖြစ်ရမယ်"

နွေးက သူ့ထင်မြင်ချက်ကို ပြော၏။

"အေး နင်မှန်တယ် နွေး၊ ဒါပေမဲ့ ငါပျော်နေတာ ဒီတစ်ခု တည်းကြောင့်တော့ မဟုတ်ဘူး၊ ဒီထက် ပိုနိုင်လုံတဲ့ အကြောင်းတွေ ရှိသေးတယ်"

" ဟေ တယ်ဆိုတဲ့စာပါလား၊ ဒါဆိုလည်း လင်းစမ်းပါဦး"

"နေဦးလေ၊ ခုသားချစ်နဲ့ ချိန်းပြီး ဘုရားသွားလိုက်ဦးမယ်"

"ငါတို့လည်း လိုက်မယ်"

နှစ်ယောက်လုံးဆီမှ ပြိုင်တူထွက်လာသည့် အသံမို့ ဖွဲ့က နှာခေါင်းလေးရှုံ့ကာ ကြည့်လိုက်မိပြီး

"တော်ပါ နင်တို့က ရေမိုးချိုး ပြင်ဆင်ကြဦးမှာ မစောင့်နိုင်ဘူး သားချစ်နဲ့ချိန်းထားတဲ့ အချိန်ရောက်နေပြီ"

"အမလေး မိန်းမ ဂိုက်ကို ပိုတယ်"

"ဘာဖြစ်လဲ ငါ့သူငယ်ချင်း ငါပိုတာ"

"အေးပါ ပိုနိုင်တဲ့သူတွေ ပိုထားကြပေါ့၊ ဒါပေမဲ့ နောက်တော့





...ကျစေနဲ့နော် ငါတို့က ဝမ်းနှုတ်ထားတာ"

ဖူးဖူး၏ အော်ပြောလိုက်သံကို သူမက လှေကားထစ်များကို ...ပြေးဆင်းရင်းနှင့်ပင် အတိုင်းသားကြားနေရဆဲဖြစ်သည်။

ဒီဖူးဖူးဟာလေ ၊ ဘယ်လိုများ တပည့်တွေကို စာသင်သော ...ရာမလုပ်မယ်ဆိုတာ ဖွဲ့စဉ်းစားလို့မရ၊ နည်းနည်းလေးမှ ကြန့်ရြရ ...ခို

ဒါပေမဲ့ သူ့အသံပြုပြုကတော့ ဆရာမလုပ်ရန် အတော်ပင် ...ဝင်ခွင်ကျဖြစ်၏။

ဖူးဖူးအကြောင်းများ လျှောက်စဉ်းစားရင်း သူမ လမ်းထိပ် ...က်ဖက်ရည်ဆိုင်လေးသို့ရောက်တော့ သားချစ်ကိုအခန့်သားပင် တွေ့ ...ိုက်ရသည်။

သားချစ်ကလည်း ဖွဲ့ကိုမြင်သည်နှင့် ချက်ချင်း ထလာကာ ...ယောက်သား ဗိုလ်တထောင်ဘုရား ရှိရာသို့ တက္ကစီငှားကာ ထွက်ခဲ့ကြ ...တော၏။

ဘုရားတွင် ရှိခိုးဆုတောင်းပြီးတော့ သူမလည်း ဘုရားလာတိုင်း ...ပ်နေကျ ထုံးစံဖြစ်သည့် ကမ်းနားဘက်သို့ လမ်းလျှောက်ထွက်ခဲ့သည်။

အဲဒီမှာ မျက်စိတစ်ဆုံးကျယ်ပြန့်သော ရေပြင်ကြီးကိုငေးမော ...း ပင်ပန်းခဲ့သမျှကို အနားယူလို့ရသလို အေးအေးလေး တိုက်ခတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော လေပြည်လေညင်းကလည်း ဖွဲ့စိတ်တွေကို ညွတ်နူးပျော့ပျောင်း

သည်လေ။

"သားချစ် နှင့်ကို ငါပြောစရာရှိတယ်"

ဖွဲ့ အသံက ရွှင်မြူးရိပ်လေး သမ်းနေတာ အလွန်ပင်ပေါ်လွ

နေသည်မို့ သားချစ်ငယ်က တအံ့တဩနှင့်ငေးကြည့်နေမိသည်။

"ပြောလေ"

"နှင့်ကိုပြောပြလိုက်ရင်တော့ နှင်အရမ်းအံ့ဩသွားမှာ အမှန်

"ဒီလောက်တော့ နှင်က နိဒါန်းချီနေရင်တော့ တော်တော

ထူးဆန်းတဲ့ တစ်ခုခုပဲဖြစ်မယ်နဲ့ တူတယ်"

သားချစ်ရဲ့ ရူးစမ်းလိုသော အကြည့်များကြောင့် ဖွဲ့က မျက်

လေးမှေ့လှန်ကာ ရယ်မောလိုက်၏။ တကယ်တော့ သူမစိတ်တွေ အ

ကို လွတ်လပ် ပေါ့ပါးနေကြသည်လေ။

"ဒီမှာ ကြည့်စမ်း"

ညာဘက်လက်လေးကို သားချစ် မျက်နှာရှေ့ ထောင်ပြလို

တော့ လက်စွပ်ဖွေးဖွေးလေးက ပြက်ခနဲ လက်သွားသေး၏။

သားချစ်ကလည်း ဖွဲ့ဆိုလိုချင်တာကို သဘောပေါက်ဟန်

သည်။

"အဲဒီလက်စွပ်က ဘယ်ကရတာလဲ"





"မောင့်ဆီက ရလာတာလေ အဟင်း ဟင်း"

"နှင်ကအဲဒါကို ကြွားချင်နေတာလား၊ အဲဒီကောင်က ပိုက်ဆံ ရှိတာပဲ ပေးနိုင်မှာပေါ့၊ နှင်တို့ မိန်းမတွေကလေ စိန်မြင်ရင် တကယ်ပဲ စိတ်မထိန်းနိုင်ကြဘူးလား၊ ဟုတ်လား"

သားချစ် အသံထဲတွင် အနည်းငယ်သော မနာလိုဝန်တိုမှုတွေ ပျော်ဝင်နေမှန်း ဖွဲ့ရိပ်မိပါသည်။

"နှင် မနာလို မဖြစ်ပါနဲ့"

"ငါက ဘာလို့မနာလိုဖြစ်ရမှာလဲ၊ သူ့ရည်းစားကို သူ့ဘာသာ ဘာပေးပေးပေါ့၊ နှင့်ကို ပေးတာ ငါက ဝမ်းသာရမှာပဲ၊ ငါတောင် နှင်း မွေးနေ့ကျရင် ဘာပေးရကောင်းမလဲ စဉ်းစားနေတာ"

နှင်း ဆိုသော သားချစ်ရဲ့ ကောင်မလေးကို ဖွဲ့ မမြင်ဘူးသော်လည်း စိတ်ထဲမှနေ၍ အမျိုးမျိုး အပြစ်မြင်နေမိ၏။ အဲဒီလိုမျိုး သားချစ်က ပြောလိုက်တိုင်း ဖွဲ့စိတ်တွေက ဘာဖြစ်လို့များ လေးလံထိုင်းမှိုင်းသွားရသည်ဆိုတာလဲ မတွေးတတ်ခဲ့။

တကယ်တော့ အဲဒီလိုမျိုးတွေ မဖြစ်သင့်ဘူး မဟုတ်လားရင်ဘတ်ကြီးရယ်။

သို့သော် ထိုခံစားချက်ကို မေ့ထားလိုက်ကာ ပျော်နေသော စိတ်လေးဆီသို့ပဲ ရှာနပြန်သွင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ဟာနင် ဘာပေးပေး ငါစိတ်မဝင်စားဘူး၊ ပြီးတော့ ငါ့စကားကို ဆုံးအောင် နားထောင်"

"နှင့်ဟာကလည်း ကြားလို့ကို မပြီးတော့ဘူး"

သားချစ် စိတ်မရှည်တော့မှန်း ဖွဲ့သိပါသည်။

"လက်စွပ်မြင်ရုံနဲ့ မပြီးဘူးလေ၊ ဒီလက်စွပ်ရဲ့ သမိုင်းကြောင်းကိုလည်း သိထားမှဖြစ်မှာပေါ့"

"ဘာလဲ နှင့်ကို ဒီလက်စွပ်ပေးပြီး ရာဇဝင်က လက်ထပ်ခွင့်တောင်းလိုက်လို့လား"

တကယ်တော့ သားချစ်က စိတ်အချဉ်ပေါက်ကာ ပြောပစ်လိုက်ခြင်းဖြစ်၏။ သို့သော် ထိုစကားကြောင့်ပင် ဖွဲ့မျက်နှာက တအံ့တဩနှင့် ပြုံးရယ်သွားပြီး၊

"နင်ဘယ်လိုသိတာလဲ သားချစ်"

ပထမတော့ ဖွဲ့ပြောလိုက်သော စကားကို အဓိပ္ပါယ် နားမလည်ဖြစ်သွားပေမယ့် နောက်ဆုံးမှာတော့ သားချစ်သည် ဖွဲ့မျက်နှာအား အံ့ဩတကြီးငေးကြည့်လိုက်မိပြီး စကားလုံးတို့က နှုတ်ဖျားမှာတင် ဆွံ့အကုန်သလိုဖြစ်သွား၏။

"ဟုတ်တယ်၊ ဒီနေ့ မောင် ငါ့ကို လက်ထပ်ခွင့် တောင်းလိုက်တယ်၊ သူ့ကိုယ်သူ မှားနေမှန်းလည်း လက်ခံသွားပြီလေ၊ ဘယ်လောက်





ပျော်စရာ ကောင်းလိုက်လဲ"

ဗိုလ်တထောင်ဘုရားပေါ်မှ ဆင်းကာ ကမ်းနားရှိထိုင်ခုံလေးတွင် နစ်ယောက်သား လေညင်းခံနေကြရင်းနှင့် ဖွဲ့နှုတ်မှ ထွက်လာသော စကားတွေက သားချစ် ဘယ်လိုမှ မျှော်မှန်းမထားတာတွေချည်း ဖြစ်လို့နေသည်။

မြစ်ကိုဖြတ်သန်းပြီး တိုက်ခတ်လာသော လေနုအေးတို့သည်ပင်လည်း ရုတ်တရက်ကြီး ပူလောင်သွားသလို ခံစားလိုက်ရ၏။

"နင် နင်အရမ်းပျော်နေပြီလား"

"ပျော်တာပေါ့ သားချစ်ရဲ့၊ နင်ကလည်း မေးမှမေးတတ်တယ်"

"အဲဒီလို ရာဇဝင်က လက်ထပ်ခွင့်တောင်းတော့ နင်ကရော ဘယ်လို ဘယ်လိုပြန်ပြောခဲ့သေးလဲ"

သားချစ် အသံတို့က အနည်းငယ် တုန်ယင်နေသလားဟု ထင်လိုက်မိသည်မို့ သားချစ်ရဲ့ မျက်လုံးများထဲထိ ဖွဲ့က စူးစူးနစ်နစ် စိုက်ကြည့်လိုက်ကာ

"နင်ဘာဖြစ်နေတာလဲ သားချစ်၊ ဘာလဲ နင်နဲ့ရန်ဖြစ်ထားတဲ့လူကို ငါက လက်ခံခဲ့လို့ နင်စိတ်ဆိုးနေတာလား"

"နင် တစ်ခါတည်း လက်ခံခဲ့တယ်ပေါ့ ဟုတ်လား ဖွဲ့"

ဖွဲ့က ပါးစပ်ကမဖြေ။ ခေါင်းလေးကို အသာညိတ်ပြလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ ဆံနွယ်ခွေများ လေထဲမှာ ကဗျာဆန်ဆန် လှုပ်ရှားသွားကြသည်။

သို့သော် ထိုကဗျာဆန်မှုတွေကိုလည်း သားချစ် မခံစားနိုင်တော့

ပါ။

"အေးလေဟာ၊ သူနဲ့ငါနဲ့ အပေးအယူလုပ်တဲ့ သဘောပေါ့

သူက သူလုပ်ရပ်တွေအားလုံးကို ရပ်တန့်က ရပ်မယ်ဆိုလို့ ငါကလည်း

သူကို ဆုချတဲ့အနေနဲ့ လက်ထပ်ခွင့်ပြန်ပေးလိုက်တာပါ"

"ဒီလိုဆို နင်တို့အဖြစ်ကြီးက အပေးအယူ သဘောကြီး

ဘယ်လိုလုပ်ရေသမြောက်တော့မှာလဲ"

အတန်တန်ထိန်းထားသည့် ကြားထဲကနေ သားချစ်ရဲ့ မနစ်ပြု

သံကြီးက ထွက်သွားမိသေးသည်။

သူစိတ်ထဲမှာ မျှော်လင့်ထားခဲ့သည်က သူလည်း ရည်းစားတွေ

ကို အပျော်တွဲနေသလောက် ဖွဲ့သည်လည်း ရာဇဝင်လို မှုးယစ်အေး

နေသူ တစ်ယောက်ကို ဒီလောက်အခြေအနေထိ လက်ခံတွဲလိမ့်မည်ဟု

ထင်မထားခဲ့။

ခုတော့ သူဘယ်လိုမှ မတွေးထားမိတာတွေက လက်တွေ့မှာ

တကယ်ပင် ဖြစ်ပျက်နေကြပြီ။

ပြီးတော့ ပြီးတော့ သူရင်ထဲမှာ အရမ်းကို ကြီးမားသည့်

မျှော်လင့်ချက်ကြီး တစ်ခုလည်း တိတ်ဆိတ်စွာ ရှိနေခဲ့သေးသည်လေ





ချစ်ခြင်းဖွဲ့ ဆိုသော မိန်းကလေးဟာ တစ်နေ့ကျရင်တော့ သားချစ်ငေး်ရဲ့ လက်ထဲကိုသာ ရောက်ရမည်ဟု သူ တိတ်တိတ်လေး စိတ်ကူးယဉ်နေခဲ့မိတာလေ။

ဒီလိုမျိုးပဲ ဖြစ်လာလိမ့်မယ်လို့လည်း ယုံကြည်ခဲ့သောကြောင့် ရာဇဝင်နှင့်ကိစ္စကို သူဒီအတိုင်းကြည့်နေခဲ့ခြင်းဖြစ်၏။

ထို့ထက်ပို၍ ဝန်ခံရပါက ဖွဲ့ကို သူက ကိုယ့်ခြံထဲက ကြက် ဟယ်အချိန် ရိုက်သတ်သတ်ရတယ်ဆိုပြီး သဘောထားနေခဲ့ခြင်း ဖြစ် သည်။ သူရင်ထဲက ချစ်ခြင်းတွေနဲ့ ပိုင်ဆိုင်လိုခြင်းတွေကိုလည်း သူအရိပ် အယောင်လေးတောင် ထုတ်မပြခဲ့။

သူ ထင်ခဲ့သည်က နှစ်ဦးသားကြားရှိ သံယောဇဉ်က ဒီလိုမျိုး အထူးတလည် ဖော်ပြစရာ မလိုတော့ပါဘဲ အချင်းချင်းနားလည်နိုင်စွမ်း ရှိမှာပါ ဆိုပြီးတော့လေ။

ခုတော့ သွားပြီ။ သူ့ မျှော်လင့်ချက်တွေ အားလုံး အေးခဲကုန် ကြပြီ။

ဖွဲ့ သဝန်တိုပြီး ပြောဆိုတာတွေကို မြင်ချင်လွန်းလို့ သူထားခဲ့ရ သည့် ရည်းစားတွေကလည်း ဘာမှသုံးစားလို့မရတော့။ အရာရာသည် နောက်ကျခဲ့ပြီ။

သူ့ တစ်ယောက်တည်းထံတွင်သာ ကွက်၍ နေဝင်ချိန် ရော



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပြီ။

ဖွဲ့နှင့် ရည်းစားမဖြစ်ခင်တည်းက ဖွဲ့ပါးလေးတစ်ဖက်ကို နိုးနမ်းခဲ့သော ရာဇဝင်ဆိုသည့်ကောင်ရဲ့ ဖမ်းစားနိုင်စွမ်းသည့် အရည်အချင်းကို သူ မေ့လျော့နေခဲ့သည်။

အို တကယ်တော့ အဲဒီလိုလည်း မဟုတ်သေးပါဘူး။

သူက ဖွဲ့ကို အရမ်းယုံကြည် စိတ်ချခဲ့တာပါ။ အချိန်တန်လျှင် ချစ်ခြင်းဖွဲ့ဆိုသော မိန်းကလေးဟာ သားချစ်ငယ် တစ်ယောက်တည်းကိုပဲ ချစ်လာရမယ်လို့ ယုံကြည်နေခဲ့သည့်စိတ်က မှားယွင်းခဲ့တာပါ။

"ဟဲ့ နင်ကလည်း ငါဒီလောက်ပျော်နေတာကို နင်က ပါးစပ်ကြီး ပိတ်ပြီး ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

သူ့အသံတွေက အသက်မပါတော့မှန်း သိသာလှစွာ အေးစက်နေကြပါလိမ့်မည်။ သို့သော် သူ ဂရုမစိုက်တော့ပါ။

"နင် တစ်ခုခုဖြစ်သွားတယ် မဟုတ်လား သားချစ်၊ ငါ့ကို မလိမ်ပါနဲ့၊ နင့်မျက်နှာကြီးက အရမ်းကို သိသာလွန်းတယ်"

ဖွဲ့တွေးလိုက်မိသည်က သားချစ်သည်လည်း ဖွဲ့လိုပဲ အဖြူရောင်ဝန်တိုမှုတွေ ဖြစ်နေပြီဆို ပြီးတော့ပေါ့။ ဒီလိုဆိုလျှင် ဖွဲ့ကတော့ ပိုပျော်နေမိမှာ အမှန်ပင်။





ကိုယ်ကပဲ အမြဲတမ်း သူ့ကောင်မလေးတွေနှင့် သူ့ကိုမနာလိုဖြစ်ခဲ့ရခြင်း မ ႗တ်လား။ ငါ့သူငယ်ချင်းလေးက အဲဒီမိန်းမတွေလောက် ငါ့ကို ဂရုမစိုက်တော့လျှင် ဘယ်လိုလုပ်မလဲဆိုပြီး တွေးပူခဲ့ရတာ အကြိမ်ကြိမ်လေ။

သို့သော် သားချစ်မှာတော့ ဖွဲ့အပြောကြောင့် မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်၏။ ဒါကိုပင် ဖွဲ့က သူမ လက်ဖဝါးလေးနှင့် သူ့မျက်နှာကို သူမဘက်သို့ဆွဲလှည့်နေသေးသည်။ သားချစ်ကတော့ အံကို တင်းတင်းကြိတ်ရင်း တင်းခံနေမိသည်။

သူ့မျက်လုံးထဲက ဝဲတက်နေသော မျက်ရည်စတွေကို ဖွဲ့ မမြင်စေချင်ပါ။

"သားချစ် နင်အဲဒီလို မလုပ်နဲ့နော်၊ နင်က ငါ့သူငယ်ချင်းပဲဟာ ငါ့ရဲ့ရွေးချယ်မှုကို နင်လက်ခံသဘောတူပေးရမှာပေါ့၊ ခုတော့ နင့်မျက်နှာကြီးက ဘာဖြစ်နေတာလဲ"

ဖွဲ့က ပြောနေသော်လည်း သားချစ်ထံမှ ဘာတုံ့ပြန်မှုမှ မရခဲ့ပါ။

"နင် အဲဒီလိုလုပ်နေတာ ငါ စိတ်မကောင်းတော့ဘူးနော် သားချစ်၊ ဒီနေ့ ငါ့မွေးနေ့မှာ မောင်နဲ့တောင် ညနေဘက် ချိန်းဘဲ နင်နဲ့တူတူ ဘုရားလာတာ၊ နင်က အဲဒီလိုကြီး လုပ်နေမယ်ဆိုရင် ငါ စိတ်ဆိုးပစ်လိုက်မယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း ထူးမခြားနားပါပဲ။ ဘာစကားမျှ ပြန်လည်ပြောကြား ခြင်းမရှိ။ သို့သော် ထိုင်နေရာမှ ဆတ်ခနဲ မတ်တတ် ထရပ်လိုက်သော တုံ့ပြန်မှုတစ်ခုတော့ သားချစ်ထံမှ ရလိုက်ပါသည်။

သားချစ် ထရပ်လိုက်သည်နှင့် တပြိုင်နက် ဖွဲ့ကလည်း သူ့လက် တစ်ဖက်ကို ဖမ်းဆွဲထားလိုက်မိ၏။

"သားချစ် နင်လွန်ပြီဟာ၊ နင်က ဘာဖြစ်သွားရတာလဲ၊ ငါ လည်းဘာအမှားမှမလုပ်မိဘဲနဲ့၊ ငါ့ကို ဘာလို့ ဒီလိုဆက်ဆံရတာလဲ၊ နု တော့ နင့်အပြုအမူတွေကို ငါ တော်တော် အံ့သြနေရပြီ"

သူမ စကားများ ဆုံးသည်နှင့် သားချစ်က လက်ကိုဆောင့်ရု ၏။ သို့သော် ဖွဲ့ကတော့ ရှိသမျှ အင်အားသုံးကာ ဆွဲထားသည်မို့ လွတ်ထွက်သွားခြင်းမရှိ။

"သားချစ် နင်စိတ်ဆိုးတယ်ဆိုရင် ငါချော့မယ်ဟာ၊ ဒါပေမဲ့ ဘာဖြစ်လို့ ဒီလောက်ထိ ချက်ချင်းကြီး ပြောင်းလဲသွားတာလဲ ဆိုတာ ငါ့ကိုပြောဦး"

"ကို ကို ဒီမှာ ဘာလုပ်နေတာလဲ"

ဖွဲ့အသံကြားက ဖောက်ကာ ထွက်ပေါ်လာသော အသံရှု လေး။ သားချစ် မျက်နှာကို တအံ့တသြနှင့် မျက်နှာချင်းဆိုင် ရူးစိုက်ကြည့် ကာ ပြောလိုက်သော စကားသံလေး။





"နှင်း"

သားချစ် နှုတ်မှလည်း နှင်း ဟု ပြန်လည်ခေါ်ဆိုလိုက်ခြင်း ကြောင့် ထိုကောင်မလေးသည် သားချစ်ရဲ့ချစ်သူ ကောင်မလေးဆိုတာ ဖွဲ့ နားလည်လိုက်၏။

သို့သော် ဆုပ်ကိုင်ထားသော လက်များကိုတော့ ဖြေလွှတ်ပေး ခြင်းမရှိပါ။

"ကို နှင်းမေးနေတယ်လေ၊ ကို ဒီမှာဘာလုပ်နေတာလဲလို့"

"ကို"

သားချစ်က ကို ဟု တစ်လုံးသာ ပြန်ရွတ်နိုင်ပြီး နှင်းဆိုသော ကောင်မလေး၏ မျက်နှာကို ကြည့်လိုက်၊ ဖွဲ့ကို ပြန်လှည့်ကြည့်လိုက်နှင့် တအံ့တော့ သူတို့ကြား တိတ်ဆိတ်သွားသည်။

"နှင်း က ဒီကို ဘာလာလုပ်တာလဲ"

"နှင်း သူငယ်ချင်းတွေနဲ့ လမ်းလျှောက်ထွက်လာတာပါ"

နှင်းက နောက်သို့ လှည့်ပြန်လေးကြည့်ကာ ပြော၏။

နှင်းကြည့်လိုက်ရာ နေရာမှ ကောင်မလေး သုံးလေးယောက် ကလည်း နှင်းတို့ဘက်ကို အကဲခတ်သလို သေချာစိုက်ကြည့်နေတာ မြင်လိုက်ရ၏။

"ကို ကရော ဒီမှာ ဘာလာလုပ်တာလဲ၊ ပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



နှင်းစကားတို့ ရှေ့မဆက်တော့ဘဲ သားချစ် နောက်တွင် ရပ်ေ
သော ဖွဲ့ကိုလှမ်းကြည့်သည်။ နောက်တော့ သားချစ်လက်ကို ဖမ်းဆုပ်ကို
ထားသော ဖွဲ့လက်များ ။

နှင်းအကြည့်များက အဲဒီနေရာမှာပဲ ရပ်တန့်သွားကြတယ်
ဒါကို ဖွဲ့က သဘောပေါက်လိုက်သော်လည်း ဒီလောက်ထိ ပျို့မျှစ်နုနယ်ပ
ချစ်စဖွယ် လှပနေသော ကောင်မလေးအပေါ်တွင် ရုတ်တရက် ဝင်ရော
လာသော မနာလိုစိတ်များကြောင့် လက်များကို လွှတ်မပေးပဲ ဆက်လက်
ကိုင်ထားမြဲပင်ဖြစ်၏။

သူမတို့ မိန်မနှစ်ယောက်ကြားမှ ပဋိပက္ခကို သားချစ်ကလည်
သိဟန်ရှိပါသည်။

ဖွဲ့လက်များတွင်းမှ ချုပ်နှောင်မိနေသော သူ့လက်များက
အားပြင်းပြင်းတစ်ချက် ဆောင့်ရုန်းလိုက်ပြီး

"ငါ နှင်းနဲ့လိုက်သွားလိုက်ဦးမယ်၊ နင်ပြန်ချင်ရင် ပြန်နှင့်တော့

ဖွဲ့ကတော့ သူ့မဆီမှ လွှတ်ထွက်သွားသော သားချစ် လက်တ
ဖက်ကို ဘာဖြစ်လို့များ နှမြောတွန့်တိုစွာ ငေးကြည့်နေမိမှန်း မသိ၊

နောက်တော့ နေရာမှာ သူမ တစ်ယောက်တည်း။ လေပြည်
က ဒီတစ်ခါတော့ ဖွဲ့ကို နှိပ်စက် ကလူပြုကြပြီ။ ဒီနေရာကနေ အိမ်
တစ်ယောက်တည်း ပြန်ဖို့ရာ တော်တော်ကို မှောင်သော လမ်းများ





တ်မှုရမည်ဆိုတာ သူ သိသင့်သည်။

တကယ်တော့ ဖွဲ့အခိက ပြောချင်တာက ဖွဲ့တို့နှစ်ယောက်
မ်းနားလာတိုင်း ခြေလျင် ပြန်တတ်ကြသည့် အကျင့်ကိုပါ။ ခုတော့
ပြန်ချင်ရင် ပြန်နှင့်တော့' ဆိုသော စကားတစ်ခွန်းတည်းနဲ့တင်
းချစ်က ဖွဲ့ကို မျက်နှာလွှဲခဲပစ် လုပ်သွားရက်သည်။

ထိုသို့ ဝမ်းနည်းစွာ ငေးကြည့်နေမိဆဲမှာပင် သူမ ဘောင်းဘီ
တ်ထဲမှ လက်ကိုင်ဖုန်းလေးက အသံထမြည်လာခြင်းဖြစ်သည်။ နံပါတ်
ကို ကြည့်လိုက်တော့ Over Sea ဖြစ်နေ၏။

အန်တီအေးက ဖွဲ့အတွက် မွေးနေ့ဆုတောင်း လှမ်းပြောတာ
ါလိမ့်မည်။

"ဟတ်ပီးဘတ်ဒေးနော် သမီးလေး"

"ဟုတ်"

"သမီး နေကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ်၊ အန်တီအေးရော အားလုံး ကောင်းတယ်
တ်လား"

"ကောင်းတယ်လို့ပဲ ပြောရမှာပေါ့ကွယ်၊ ဒါပေမဲ့ အန်တီနု
တော့ ဒီရက်ပိုင်း နည်းနည်းချူချာလာတယ်"

ဖွားနုက အန်တီအေးကို ငယ်စဉ်ကတည်းက ထိန်းကျောင်းလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည့် နာနီသဖွယ်မို့ ခုဆိုအသက်တွေပင် တော်တော် ကြီးရင့်

ဖြစ်သည်။ အန်တီအေးတောင် ငါးဆယ်ကျော်စပြုခဲ့ပြီပဲ။

"ဘယ်လိုဖြစ်တာလဲ အန်တီအေးရယ်"

"လူကြီးရောဂါလို့ပဲ ပြောရမှာပေါ့၊ ဒါနဲ့ ဖွဲ့မွေးနေ့မှာ ဘာလို

လဲပြော၊ အန်တီ လှမ်းပို့ပေးလိုက်မယ်"

"ရပါတယ် အန်တီအေး"

"အို မဟုတ်တာ၊ အန်တီအေး စိတ်နဲ့ ပို့လိုက်တဲ့ဟာတွေ

တော်ကြာ ဖွဲ့တို့က ခေတ်အမြင် မရှိဘူးတွေ ဘာတွေပြောနေမှာ

မေးရတာ"

တကယ်တော့ အန်တီအေးသည် နိုင်ငံရပ်ခြားမသွားခင်

အသက်ငယ်ငယ်တည်းက ဒီနိုင်ငံမှာတောင် ခေတ်ဆန်လွန်းသော အ

အဆင်များနှင့် နေခဲ့သည့် စမတ်ကျကျ အမျိုးသမီးတစ်ဦးဖြစ်သ

"အန်တီအေးကတောင် ဖွဲ့တို့ထက် ခေတ်ကိုလိုက်လို့မီဦးမ

ဖွဲ့ကတော့ ရှေးပင်မထွက်ဖြစ်တာတောင် ကြာရောပေါ့"

"သမီးရယ် အဲဒီလောက်လည်း အလုပ်ကို အပင်ပန်းမ

ပြီးတော့ ပိုက်ဆံကိုလည်း သုံးသင့်တဲ့နေရာမှာသုံး၊ သမီးမလုံလော

အန်တီအေး ပို့ပေးပါ့မယ်၊ ငွေရေးကြေးရေးကြောင့်တော့ ကိုယ့်ကို

ပုံတုံးကြီးမနေစမ်းပါနဲ့ ဖွဲ့ရယ်"





ပောကြည့် အန်တီအေးတို့က အဲဒီလိုမျိုး ခေတ်နဲ့အညီနေမှ

တ်တတ်သည့် လူမျိုးပါ။

ဖွဲ့ကတော့ အန်တီအေး အပြောကြောင့် ခပ်ယဲ့ယဲ့လေးပြုး

ပြုံး

"မဟုတ်ပါဘူး အန်တီအေးရယ်၊ ဖွဲ့ကိုယ်တိုင်က အပြင်ကို

ယ်ထွက်ရမှာ ခေါင်းမူးလွန်းလို့ပါ၊ လမ်းက စတိုးတစ်ခုခုမှာ အမှတ်

င်တွေ့လို့ ကြိုက်တယ်ဆိုလည်း ဝယ်လိုက်တာပါပဲ၊ တကူးတက

တော့ မသွားဖြစ်ပါဘူး၊ ပြီးတော့ ပိုက်ဆံအတွက်လည်း အန်တီအေး

ဲ့ ဖွဲ့မှာ လောက်လောက်ငင ရှိပါတယ်၊ ဖွဲ့ကျောင်းက ဖွဲ့ ဂိုက်လုပ်

တဲ့သူတွေက ဘောစ်တွေလေ"

"အေးပါ၊ ဖွဲ့အခင်ပြောတယ်ဆိုလည်း ပြီးတာပါပဲ၊ တော်ကြာ

မြမြက ဖွဲ့ကို ပစ်ထားတယ်ဆိုတဲ့ ထင်မြင်ချက်တွေ အန်တီအေး

ချင်လို့ပါ"

အန်တီအေး စကားတွေကို နားထောင်နေရပေမယ့် စိတ်တို့က

ချစ်ထံ ရောက်လိုက် မောင့်ထံရောက်လိုက်နှင့် ဂယောက်ဂယက်

နမိသည်။

မောင့်ကို ချက်ချင်းကြီး သတိရသွားမိတာကတော့ ဖွဲ့လက်မှ

ပ်စွပ်လေးကို ပြန်မြင်မိလိုက်လို့ပါ။ ဒီကိစ္စကို အန်တီအေးအား



www.burmeseclassic.com

ဖွင့်ပြောပြရဦးမည်လေ။ အန်တီအေးကရော သဘောတူပါ့မလား။ ထို
နိုးရိမ်စိတ်လေးနှင့် ရင်တလှပ်လှပ်တုန်ကာ စကားနဲ့ဒါန်းပျိုးမရ ဖြစ်နေ
၏။

သို့သော် မပြောလို့ကတော့မဖြစ်ပြန်ပါ။ ဘယ်လိုမှကို ကြာရှည်
ဖုံးဖိထားလို့ မရသော ကိစ္စသာဖြစ်သည်။ ထို့ကြောင့်ပင် ကိုယ့်စိတ်ကိုယ်
အားတင်းထားလိုက်ရင်း အဆက်မပြတ် တိုက်ခတ်နေသော လေကို
အားရပါးရ ရှူသွင်းလိုက်ပြီး

"အန်တီအေး"

ဖွဲ့အသံက တိုးတိုးသက်သက် ထွက်လာသည်မို့ အန်တီအေးက

"ဘာလဲ ဖွဲ့၊ သမီး ဘာပြောချင်သေးလို့လဲ"

"အန်တီအေးကို ဖွဲ့ပြောစရာ တစ်ခုရှိတယ်၊ အမှန်တော့
အန်တီ အေးဆီက သဘောတူညီချက် လိုချင်တာပါ"

"ဘာများလဲ သမီး"

ဒေါ်အေးမြမြ လေသံက တကယ့်ကို စိတ်ဝင်တစားနှင့်မို့ ဖွဲ့က
အားတက်သွားရပြီး

"ဟိုလေ ဖွဲ့. ဖွဲ့မှာ ချစ်သူရှိတယ် အန်တီအေး"

အန်တီအေးထံမှ တုံ့ပြန်သံကို ခေတ္တမျှ စောင့်ဆိုင်းနေရချိန်တွင်
ဖွဲ့. အသက်ရှူဖို့ရန်ပင် မေ့လျော့နေမိ၏။

"အင်း အဲဒီတော့ သမီးက အန်တီအေးကို ဖွင့်ပြောပြထားတဲ့
သဘောလား"

"ဒီလိုပါ အန်တီအေး၊ ဖွဲ့ရဲ့ချစ်သူက ဖွဲ့ကိုလက်ထပ်ဖို့ ပြောလာ
လို့ပါ"

ဒီလိုမျိုး လက်ထပ်ဖို့ထိတောင် ပြောလာခဲ့ပြီဆိုတော့ သူတို့နှစ်
ယောက်ကြားမှာ ဘာတွေကများ ချည်နှောင်ထားကြပြီလဲလို့ ဒေါ်အေး
မြမြတွေးနေမိ၏။

"ဟိုလေ အဲဒါ အန်တီအေးက ဘယ်လိုဆုံးဖြတ်မှာလဲဟင်"

"အန်တီအေးကို တိုင်ပင်တာလား၊ အသိပေးတာလား သမီး၊
အန်တီအေးကတော့ ဖွဲ့ရဲ့ချစ်သူကောင်လေးကို လူချင်းတွေ့ပြီး စကား
ပြောကြည့်ချင်သေးတယ်"

တကယ်တော့ ဒေါ်အေးမြမြ စိတ်ထဲမှာ ချစ်ခြင်းဖွဲ့ကို သူမနှင့်
တူတူ လာရောက်နေထိုင်စေလိုသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံမှာ
ဘာသံယောဇဉ်မှ မကျန်ခဲ့စေလို။

ခုတော့ သမီးလေးက ချစ်သူတွေဘာတွေနှင့် လက်ထပ်ဖို့
တောင် သူမကို အသိပေးလာခဲ့ပြီ။

"လူချင်းတွေ့ပြီး စကားပြောကြည့်ချင်တယ်ဆိုတော့ ဖွဲ့က
ဘယ်လိုလုပ်ပေးရမလဲဟင် အန်တီအေး"

www.burmeseclassic.com



"ဖွဲ့ ဘာမှလုပ်ပေးစရာ မလိုပါဘူး၊ ဒီမှာရှိတဲ့လုပ်ငန်းတွေကို အန်တီအေး လက်စသတ်ပြီး မြန်မာပြည်ခဏ ပြန်လာခဲ့ပါ့မယ်၊ အဲဒီတော့မှပဲ ဖွဲ့ရဲ့ ကောင်လေးကို အကဲခတ်ကြည့်ရမှာပေါ့၊ ဒါပေမဲ့ ကျန်တာတွေက ဖွဲ့ပေါ်မှာပဲ မူတည်ပါတယ်လေ၊ ဖွဲ့က အန်တီအေးကို အသိပေးရုံ သက်သက်ဆိုရင်လည်း အန်တီအေးကတော့ အမြင်မတော်တာတွေ့ရင် သတိပေးရမှာပဲ၊ ဖွဲ့က လက်ခံနိုင်ပါ့မလား"

"ဘယ်လိုပြောလိုက်တာလဲ အန်တီအေးရယ်၊ ဖွဲ့က အန်တီအေးသဘောမတူရင် ဘာမှမလုပ်ပါဘူး"

ထိုစကားကိုပြောသာပြောလိုက်ရသည်။ မောင့်အကြောင်းတွေကို အန်တီအေး သိသွားပါက ဘယ်လိုမှ သဘောတူမှာ မဟုတ်တာလည်း ဖွဲ့သိနေ၏။

တော်ကြာ အန်တီအေးက မောင်နဲ့ဖွဲ့ကို သဘောမတူခဲ့လျှင် ဆိုသည့် အတွေးတွေက ဖွဲ့ခေါင်းထဲမှာ လှုံလာပုံသန်းနေကြပြီ ဖြစ်သည်။

"ကောင်းပြီလေ၊ ဒါဆို အန်တီအေးလည်း ဒီကအလုပ်တွေကို အမြန်ဆုံးစီစဉ်လိုက်ပြီး ခဏပြန်လာခဲ့မယ်"

"ဟုတ်"

"ဒါပေမဲ့နော်၊ အန်တီက ဖွဲ့ကို တစ်ယောက်တည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားတာ မဟုတ်တဲ့အတွက် ဖွဲ့ကလည်း အန်တီအေးရဲ့





ယုံကြည်မှုတွေကို အလွဲသုံးစားမလုပ်ဖို့ မျှော်လင့်ပါတယ်"

အန်တီအေးစကားက ဘာကိုဆိုလိုမှန်းသိသည်မို့ ဖွဲ့ကိုယ်လေးင် ကျုံ့သွားသလို ခံစားလိုက်ရသည်။

အန်တီအေးရဲ့ ယုံကြည်ပေးမှုတွေကို ဖွဲ့ အလွဲသုံးစားလုပ်တာဟုတ်ပါဘူး။ ဒါပေမဲ့ ဖွဲ့ကိုခွင့်လွှတ်ဖို့တော့ တောင်းပန်ချင်တယ်။

"ဒါဆို ဖွဲ့လည်းကောင်းကောင်းမွန်မွန်နေ၊ အန်တီအေး လာရင် ဘာတွေဝယ်လာခဲ့ရမလဲ၊ မှာစရာရှိရင်မှာလေ"

ဖွဲ့က သူမ လိုချင်နေခဲ့သည့် ဆေးပညာစာအုပ်နာမည်များကို တ်ပြလိုက်တော့ အန်တီအေးကလည်း သေချာလိုက်မှတ် နေဟန်ရှိပါသည်။ ပြီးမှ

"ကဲ သမီးမှာတာတွေ အားလုံး အန်တီအေးက မမေ့မလျော့ လာခဲ့မယ်၊ သမီးကလည်း အန်တီအေး စိတ်ချရမယ့် လူမျိုးကို ချယ်ထားတာပဲဖြစ်ဖို့ မျှော်လင့်ပါတယ်၊ ဂွတ်ဘိုင်"

အန်တီအေးဘက်က ဖုန်းချသွားပေမယ့် ဖွဲ့စိတ်ထဲမှာတော့ မိုယိုတ်လန့်နေမိဆဲဖြစ်သည်။

အို ဘာပဲဖြစ်ဖြစ် မောင် ကိုယ်တိုင်က မကောင်းမှုတွေ ထပ် လုပ်တော့ပါဘူးလို့ ဖွဲ့ကို ကတိပေးထားခဲ့ပြီးပြီပဲ။ ဘာကို တွေးပူနေရ တာ့မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဆိုတာ အတိတ်အဖြစ်နဲ့ပဲ အချိန်တန်တော့လည်း ပျောက်ဆုံးသွားမှာပါလေ။ ပစ္စုပ္ပန်မှာ မောင်က လူကောင်းလေးတစ်ယောက်ဖြစ်နေခဲ့ဖို့ပဲ လိုတယ် မဟုတ်လား။

တစ်ယောက်တည်း ဖြေတွေးလေး တွေးလိုက်ပြီး အိမ်ပြန်ရန် တက္ကစီတစ်စီး လှမ်းတားလိုက်သည်။ ကားပေါ်တွင် ဝင်ထိုင်လိုက်မိသော်လည်း မျက်လုံးတို့ကတော့ နှစ်ယောက်တူတူ ဖြတ်သွားကြသည့် အတွဲလေးတွေကို မြင်တိုင်း သားချစ် များလားဟု လှမ်းကြည့်နေမိသေးသည်။

စိတ်လည်းညစ်လှပါသည်။ ချစ်ခြင်းဖွဲ့ရဲ့ဘဝမှာ ယောကျ်ားသားနှစ်ယောက်နှင့်သာ ရင်းရင်းနှီးနှီး ပတ်သက်ခဲ့ဖူးပါ၏။ အဲဒီ နှစ်ယောက်လုံးကြောင့်လည်း ဖွဲ့ပဲ အမြဲတမ်းခံစားခဲ့ရသည်သာဖြစ်သည်။

ဟူး သားချစ်ရေ ငါတော့ ထွက်ပေါက်ပျောက်တဲ့ သားကောင်လိုဖြစ်နေရပြီနဲ့တူတယ်။

နင်ငါ့ကို နှစ်သိမ့်အားပေးမှုတွေ မပေးနိုင်တော့ဘူးလားဟာ။

ငါ့ရဲ့ စိတ်ညစ်စရာတွေကို နင့်ဆီမှာ ရင်ဖွင့်ပြီး နင်ပြောမယ့် အားပေးစကားတွေကို ကြားချင်နေမိသေးတယ်လေ။

ငါ့ကို အဲဒီလိုမျိုး စိမ်းစိမ်းကားကား မဆက်ဆံပါနဲ့ သူငယ်ချင်းရယ်။



## အခန်း (၁)

သူမအခန်းထဲသို့ လှမ်းဝင်လိုက်တော့ တစ်ခန်းလုံးမီးရောင်များ စိတ်ကျလျက် မှောင်နှင့်မည်းမည်း။

ဟိုမိန်းမနှစ်ယောက် မီးမထွန်းဘဲ အမှောင်ထဲထိုင်နေတာတော့ မဖြစ်တန်ရာ။ ဖွဲ့ကိုမစောင့်နိုင်လို့ ဗိုက်ဆာဆာနှင့် တစ်နေရာရာများ ထွက်သွားပြီး စားသောက်နေကြပြီလား။

အဲဒီလိုသာ ဆိုရင်တော့ ဖွဲ့က သူတို့နှစ်ယောက်ကို အနူးအညွတ် တောင်းပန်ရတော့မည် ဖြစ်သည်။

ကိုယ့်အတွေးနှင့်ကိုယ် ဖိနပ် လေးချွတ်ကာ ဧည့်ခန်းထဲမှ ဖြတ်လျှောက်လာမိပြီး ကိုယ့်အခန်းတံခါးကို ဖွင့်ရန်ပြင်လိုက်ချိန်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းလုံး မီးများက ရုတ်တရက်ဆိုသလို ထိန်ထိန်လင်းသွားကာ ဖွဲ့နှားထဲ ကြားလိုက်မိသည်က

" HAPPY BIRTHDAY TO YOU ... HAPPY BIRTHDAY TO YOU ... HAPPY BIRTHDAY ... HAPPY BIRTHDAY .... HAPPY BIRTHDAY TO YOU ..."

မွေးနေ့ဆုတောင်း သီချင်းသံလေးနှင့်အတူ ရောင်စုံ လိုင်းတွန့်လေးများပါသည့် ဘတ်ဒေးကန်ဒယ်လ်ကြီးတစ်ချောင်းတည်း စိုက်ထားသော ချောကလက် ဘတ်ဒေးကိတ် တစ်လုံးကို ဖူးဖူးက လက်မှကိုင်ကာ သူမ အခန်းထဲမှ ထွက်လာ၏။

ဖူးဖူးနောက်မှာ နွေးကလည်း ရောင်စုံစက္ကူလေးများ ပန်းထွက်သည့်ဘူးလေးကို ဖောက်ခနဲဖောက်လိုက်တော့ ထိုစက္ကူလေးများက ဖွဲ့ ခေါင်းထက်သို့ စုပြုံကျလာ၏။

သို့သော် ဒါတွေက ဖွဲ့အတွက် အံ့သြသည် ဆိုရုံလောက်သော ရသကိုသာ ပေးစွမ်းနိုင်ခဲ့ပါသည်။ တကယ်တမ်း နွေးနောက်မှ လိုက်ထွက်လာသော လူကို မြင်လိုက်ရချိန်မှာတော့ ဖွဲ့မျက်လုံးများ အပြူးသားနှင့် အတောင့်လိုက်ကြီး ငေးကြည့်နေမိတော့သည်။

"အရမ်းအံ့သြသွားလား ဖွဲ့၊ ဒီအိုင်ဒီယာက သားချစ် ပေးလို့ ငါတို့လည်း လိုက်လုပ်ဖြစ်တာလေ"





နွေးက ဘတ်ဒေးကိတ်ကြီးကို စားပွဲပေါ်တွင်တင်လိုက်ပြီး သားချစ်ကို မေးငေါ့ပြကာ ပြော၏။ ဖွဲ့ကတော့ သားချစ် မျက်နှာကို တအံ့တသြနှင့် ငေးကြောင်ကြည့်နေမိဆဲ

"ဟဲ့ အဲဒါကဘာဖြစ်သွားတာလဲ၊ အံ့သြလွန်းပြီး အသက်ပါပါ သွားတာလား"

ဖူးဖူးက ဖွဲ့မျက်နှာ ရှေ့တွင် လက်ကို တစ်ချက် နှစ်ချက်ခတ်ကြည့်ပြီး ပြော၏။

"မ မဟုတ်ပါဘူး နင်တို့က အပြင်မှာ သွားစားမယ်ဆိုပြီး ဒါတွေလုပ်ထားတော့ ငါက ကြောင်သွားတာပေါ့"

"ပထမတော့ ငါတို့လည်း အပြင်မှာစားမလို့ပဲ၊ ဒါပေမဲ့ အိမ်မှာပဲစုပြီး ဆာတေးလုပ်စားမယ်လို့ စဉ်းစားမိလို့လေ၊ အဲဒါနဲ့ပဲ ဒီအစီအစဉ်ကြီးဖြစ်လာတော့တာ"

ဖူးဖူးတို့နှစ်ယောက်နှင့်အတူ သားချစ်ကပါ ဆာတေးလုပ်ရန် ဝိုင်းဝန်း ပြင်ဆင်နေချိန်မှာ ဖွဲ့ကတော့ ဝရန်တာထွက်ကာ ဘာရယ်မဟုတ် ငေးမောနေမိ၏။

တကယ်ဆို ဒီလိုမျိုး ချက်ချင်းကြီး ပြောင်းလဲသွားသော သားချစ်ပုံစံက အံ့သြစရာပါ။ မကြာသေးခင် အချိန်လေးအတွင်းကမှ သားချစ်ဟာ သူမအပေါ်မှာ အေးစက်စက် ဆက်ဆံခဲ့သေးတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ခတော့ သူ့ပြောင်းလဲမှုက မြန်ဆန်လွန်းလှသည်။

သူမတစ်ယောက်တည်း အတွေးတွေနှင့် ခေါင်းနောက်နေစဉ် မှာပဲ သားချစ်က သူမဘေးသို့ ရောက်လာကာ ကောင်းကင်ကြီးကို မော့ငေးကြည့်ရင်း မျက်လုံးများကို မှိတ်ပြီး အသက်တစ်ချက်ပြင်းပြင်းရှူ လိုက်သည်။

"ဆောရီးဟာ၊ ငါ့ကိုယ်ငါ ဘာဖြစ်သွားမှန်းတောင် မသိလိုက် ဘူး"

သူဘာကို ဆိုလိုမှန်း ဖွဲ့မသိ။

"နင်ဘာကို ပြောနေတာလဲ သားချစ်"

"ခုနက နင့်ကို ရာဇဝင် လက်ထပ်ခွင့်တောင်းတဲ့ အကြောင်း နင်ပြောတုန်းကလေ"

"ဪ"

ဖွဲ့က 'ဪ' လိုက်ရသော်လည်း တကယ်တမ်းတော့ အဲဒီ တုန်းက သားချစ် ဘာဖြစ်သွားသည်ဆိုတာကို ခုထိ နားမလည်နိုင်သေး။

"နင် အံ့သြသွားလား၊ တကယ်တော့ ငါကနင့်ကို နောက်လိုက် တာပါ၊ အဲဒီလိုလုပ်လိုက်ရင် နင် ဘာဖြစ်မယ်ဆိုတာ သိချင်လို့"

အဲဒါ ပေါ်တင်ကြီး လိမ်လိုက်တာမှန်း ဖွဲ့သိသည်။ ဒါပေမဲ့ ဘာဖြစ်လို့များ လိမ်လည်ပြောဆိုနေရသည် ဆိုတာတော့ ဖွဲ့ မစဉ်းစား





တတ်တာ အမှန်။

သ းချစ် ဘာတွေဖြစ်နေတာလဲ။ အမှန်အတိုင်း သိချင်လှ သည်။

"ဒါပေမဲ့ အဲဒီအချိန်မှာ နှင်းကရောက်လာတော့ အခြေအနေ တွေက ဆိုးကုန်တော့တာ"

"ခုရော နင့်နှင်းနဲ့ အိုကေသွားပြီလား"

သူမအသံက နည်းနည်းများ မလိုတမာ သံပေါက်သွားသလား လို့ ကိုယ့်ဘာသာ ပြန်စဉ်းစားမိသေးသည်။ သို့သော် စကားကတော့ ပြောပြီးသွားခဲ့ပြီလေ။

"အင်း အဆင်ပြေပါတယ်၊ ငါ ရှင်းပြလိုက်ပြီးပါပြီ ဒါပေမဲ့ ...ကိုတော့ ငါ နောက်တာပါလို့ မပြောပြ ဖြစ်လိုက်ဘူးလေ၊ အဲဒါကြောင့် ...အိမ်ကိုလာပြီး ဒီအစီအစဉ်ကို နွေးတို့နဲ့ တိုင်ပင်လုပ်လိုက်ရတာပဲ"

သူ ပြောနေတာတွေက တကယ်တွေလား။ ဒါပေမဲ့ မောင့်ဆီက ...က်ထပ်ခွင့်ကို လက်ခံခဲ့ပါသည်ဟု ဖွဲ့ပြောပြလိုက်တုန်းက သားချစ် ...မျအရာတွေက စနောက်နေတာနှင့်ကို နည်းနည်းမှမတူတာ အမှန်ပါပဲ။

အေးစက်၊ မာကျော၊ ထုံကျင်၊ အို ကျောက်ရုပ်တစ်ရုပ်ရဲ့ ...သက်မဲ့မှုမျိုးနဲ့ပါ။

"ဘယ်လိုလဲ၊ နင်ကငါ့စတာကို စိတ်ဆိုးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



သားချစ်က ဖွဲ့ပခုံးစွန်းလေးကို သူ့ပခုံးစွန်းလေးနှင့် အသ…
အယာတိုက်ရင်း မေးလိုက်၏။ သူမလည်း အားယူပြီး ပြုံးလိုက်က…

"ဟင့်အင်း မဆိုးပါဘူး၊ နင်နဲ့ငါက စိတ်ဆိုးရမယ့် လူတွေ… မဟုတ်တာ"

"ဒီလိုဆိုလည်း ပြီးတာပဲဟာ၊ လာ နင်လည်း ဝိုင်းကူလု… ပေးဦး"

"မွေးနေ့ရှင်ကို နင်တို့က လုပ်ကျွေးရမှာ မဟုတ်ဘူးလား…"

"မရပါဘူးနော်၊ နင်ပါဝိုင်းလုပ်ရမယ်၊ မလုပ်ရင် မစားရဘူး…"

ဝရန်တာသို့ ရောက်လာသော နွေးကလည်း ဖွဲ့ကို မျက်စေ… လေးချီရင်း ပြောလိုက်တော့ ဖွဲ့လည်း ရယ်ကျဲကျဲလေးလုပ်က…

"နင်တို့ကလေ ငါက ပစ္စည်းဖိုးတွေလည်း စိုက်ရသေးတယ်… ဝင်လည်း လုပ်ပေးရဦးမယ်ဆိုတော့ သိပ်မလွန်ဘူးလား"

"အမလေး နည်းနည်းမှကို ပြောလို့မရတာပါလား၊ ကျွန်တေ… မျိုးမတို့ အားလုံး ပြင်ဆင်ပြီးပါပြီရှင်၊ စားဖို့သောက်ဖို့ပဲ လိုပါတော့တ… ကဲ ကြွတော်မူပါ၊ မွေးနေ့ရှင်မမလေး ဘာမှလုပ်စရာ မရှိတော့ပါဘူး…"

နွေးအသံက တမင်တကာ အော်ကျယ်ကျယ် ဖြစ်အော… လုပ်ပြောနေသောကြောင့် ရယ်ချင်စရာ ကောင်းနေ၏။ ဖွဲ့နှင့် သား… ကလည်း ဟက်ဟက်ပက်ပက် ပြုံးလိုက်ကာ အိမ်ခန်းထဲပြန်ဝင်…





…ထားသော အသားချောင်းများကို အချဉ်ရည်နှင့်တို့စားရင်း သားချစ် …ပြောသော ရယ်မောစရာ ဟာသများနှင့် အချိန်တွေက ကုန်မှန်းမသိ …ကုန်လွန်လာသည်။

နာရီကြည့်လိုက်တော့ ဆယ့်တစ်နာရီထိုးရန် ငါးမိနစ်သာ လို …တော့သည်လေ။

"သားချစ် နင်ပြန်တော့မလား"

"ဘာလဲ နင်နေတာလား"

"မဟုတ်ဘူး မိုးချုပ်နေပြီ"

သူမ စကားကိုကြားတော့ သားချစ်က ခေါင်းကို မော့လှန်ကာ …ယ်မောလိုက်ရင်း

"ဟား ဟား ဟား ဖွဲ့ရယ်၊ ငါက ယောက်ျားလေးပါ၊ ပြီးတော့ …ဆွယ်လည်း ရောက်ပြီးပါပြီ၊ နင်က ဘာတွေစိတ်ပူနေတာလဲ"

"မဟုတ်ပါဘူးဟာ၊ နင့်ကို ငါ ဒီနေ့ ဘာဖြစ်လို့ မျက်နှာလုပ်ချင် …မှန်းကို မသိတော့ပါဘူး ဟင်းဟင်း"

"ဟုတ်တယ်လေ၊ မှန်ကန်တဲ့လူတွေကို မှားနေတဲ့လူတွေက …နာချိုသွေးတတ်ကြတာ သဘာဝပဲဟာ"

"ဘာပြောတယ် သားချစ်"

"ဘာမှမဟုတ်ဘူးလို့ပဲ သဘောထားလိုက်တော့၊ နင့်မွေးနေ့



www.burmeseclassic.com

www.burmeseclassic.com



လေးက တစ်ဝက်တော့ ပျော်စရာကောင်းပါတယ်၊ သွားပြီ ဘိုင့်"

"နင် ဘာပြောတာ "

ဖွဲ့ စကားပင် မဆုံးသေးပါ။ သားချစ်က လက်ပြနှုတ်ဆက်ကာ နောက်လှည့် မကြည့်တော့ဘဲ ထွက်ခွာသွားပေပြီ။ ဖွဲ့မှာသာ သားချစ်ပြောသွားသည့် စကား၏ အဓိပ္ပါယ်ကို အစရှာမရလောက်အောင် ရှုပ်ရှုပ်ထွေးထွေးခံစားလိုက်ရ၏

ဟိုမိန်းမ နှစ်ယောက်လည်း စားသောက်ပြီးသည့် ပန်းကန်ခွက်ယောက်များကို မဆေးကြောနိုင်တော့ဘဲ စုပုံကာ ကိုယ့်အခန်း ထဲကိုယ်ဝင် အိပ်နေကြပေပြီ။ မတရားတွေ စားသောက်ကာ ဗိုက်အင့်လာပြီဆိုဘာအလုပ်မှ မလုပ်ချင်ကြသည့် အကျင့်တစ်ခုကပေ။ သုံးယောက်စလုံးတူတူမို့ ဖွဲ့လည်း ကိုယ့်အခန်းထဲ ကိုယ်ဝင်ခဲ့တော့၏။

ခုတင်ပေါ်တွင် လှဲမည်ပြင်ပြီးမှ စာကြည့်စားပွဲပေါ်မှ ဘူးလေးတစ်ခုကို သတိထားမိသွားသောကြောင့် မလှဲဖြစ်တော့ဘဲ ထိုဘူးလေးကို သိချင်စိတ်နှင့် ဖွင့်ဟလိုက်သည်။

အထဲမှာတော့ ဟန်းမိတ် ပိုက်ဆံအိတ်သေးသေးလေး တစ်လုံး စိမ်းပြာရောင်ပေါ်တွင် နက်ပြာရောင် ထပ်ကွပ်ထားသော ပိုက်ဆံအိတ် ရှည်ရှည်လေးကို ဖွဲ့ သဘောကျသွားမိ၏။ ဒါ ဘယ်သူပေးတာလဲလို့ အထူးတလည်ပင် စဉ်းစားစရာ မလိုတော့ပါ။





ဖူးဖူးက ဖွဲ့အတွက်ဟု ဆိုကာ ဒေါက်ဖိနပ်လှလှလေး တစ်ရံ ယ်ပေးသည်။ နွေးကတော့ ဖွဲ့ သုံးနေကျ ရေမွှေးတစ်ပုလင်း။ ဒါဆိုရင် အခန်းထဲကို ရောက်နေသည့် ပိုက်ဆံအိတ်လေးသည် သားချစ်ပေး ကာလွဲလို့ မည်သူဖြစ်နိုင်ပါ့မလဲ။

ဗိုက်တင်းကာ လှဲချင်နေသည့် စိတ်များပင် မည်သို့ထွက်ပြေး သွားသည်မသိဘဲ သားချစ်ပေးသော ထိုအိတ်လေးထဲသို့ ကိုင်လက်စအိတ် ထဲမှ ပိုက်ဆံများ ပြောင်းထည့်လိုက်၏။

ထိုသို့ လုပ်နေမိသော သူမရဲ့စိတ်တွေသည် ရှိုးသားမှုရှိရဲ့ ားဆိုတာ သူမကိုယ် သူမ သတိမထားမိ။

သေချာနေသည်ကတော့ မောင်ပေးသည့် အရုပ်ကြီးကို မြင်ရ ကာထက် သားချစ်ပေးသည့် ပိုက်ဆံအိတ်လေးကို မြင်ရစဉ်တွင် သူမ မှုစ်သက် ပျော်ရွှင်မိကြောင်းတော့ ကိုယ့်ကိုယ်ကို တိတ်တိတ်လေး ခံလိုက်မိသည်။

ထိုအကြောင်းကို ဖူးဖူးအား ပြောပြလျှင်တော့ မောင့်ကို မယူဘဲ ားချစ်ကိုသာ ယူလိုက်ပါလားဟု ပြောမှာအမှန်ပင်။ သို့သော် သူမ ယ်တိုင်ရဲ့စိတ်ထဲမှာ ခံစားချက်တွေ မည်သို့ပင်ဖြစ်နေစေကာမူ ချစ်ခြင်း ဦးနှောက်ထဲမှာမူ မောင်က သူမရဲ့ ချစ်သူပဲဖြစ်ကာ သားချစ်က တော့ အချစ်ဆုံး သူငယ်ချင်းတစ်ယောက်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူတစ်ယောက်ရဲ့ ရပိုင်ခွင့်မှန်သမျှကို မောင့်ကိုသာ အပ်နှင်းထားသည်မို့ မောင်သည်သာလျှင် သူမရဲ့ ချစ်သူအဖြစ်၊ ချစ်ခြင်းဖွဲ့ရဲ့ လက်တွဲဖော်အဖြစ် ရှိနေမည်သာ ဖြစ်၏။ ထိုနေရာကို မည်သူနှင့်မျှ အစားမထိုးနိုင်တာလည်း အမှန်ပါပဲ။

■ ■ ■

တကယ်ဆို ဒီသတင်းကိုကြားကြားချင်းမှာပဲ သူမအသက်ရှူ မှားခဲ့တာပါ။ တစ်ကိုယ်လုံးမှာ ရှိရှိသမျှသော အင်အားတို့ ကုန်ဆုံးကုန် သည့်နှယ် ကုလားထိုင်ပေါ်မှာ ရုပ်ပျက်ပျော့ခွေကျငိုခဲ့ပေါ့။

ညက ဖွဲ့တို့ဆီမှအပြန် သားချစ်နှင့်မောင်ရန်ဖြစ်ကြသည် တဲ့။ တစ်ယောက်တစ်ခွန်း စကားများကြသည့်ရန်ပွဲမဟုတ်ဘဲ တစ်ယောက်ကို တစ်ယောက် မညှာမတာ ကိုယ်ထိလက်ရောက် ဖြစ်ခဲ့ကြသည့် ရန်ပွဲတဲ့။

အဲဒီရန်ပွဲရဲ့ရလဒ်အဖြစ် သားချစ်က ဆေးရုံရောက်နေကာ မောင်ကတော့ အချုပ်ထဲရောက်နေပြီတဲ့လေ။

ဒီသတင်းတွေကို သယ်လာသူက မနက်စောစော ဈေးသွားယံ သော နွေး။ ဈေးတောင်မရောက်ခင် လမ်းထိပ်မှာပလူပျံနေသော ထိုသ တင်းကို အမောတကောနှင့် အိမ်သို့လာပို့သော နွေးမှာ လက်ထဲမှဈေး





ခြင်းတောင်းပင် မချနိုင်သေးဘဲ။

"ဖွဲ့ ဖွဲ့ရေ ဟဲ့ ဘယ်ရောက်နေလဲ ချစ်ခြင်းဖွဲ့"

ရေအိမ်ဝင်နေသော သူမမှာ မယုံသက်ဖြစ်နေမိသည်။ နွေးက ခုနလေးကတင် ခြင်းတောင်းတစ်လုံးကိုင်ပြီး ဈေးထွက်သွားပြီ မဟုတ် လား။

သို့သော် အိမ်သာတံခါးကို တဒုန်းဒုန်းလာထုကာ ပြောနေသော နွေးအသံကို ကြားလိုက်ရချိန်မှာတော့ ဖွဲ့လည်း တအံ့တသြနှင့်။

တံခါးဖွင့်ပြီးထွက်လိုက်သည်နှင့် မြင်လိုက်ရသော နွေးမျက်နှာက မကောင်းဆိုးဝါးတစ်ယောက်နှင့် ထိပ်တိုက်တွေ့ခဲ့ရသလို သွေးဆုတ်ဖြူ လျော်နေ၏။

"နွေး ဘာဖြစ်နေတာလဲ၊ နင်ဈေးသွားတာ မဟုတ်လား။ အခု ဘာဖြစ်လို့ ပြန်လာတာလဲ၊ ဟဲ့ ပြောလေ၊ ဘာလို့ငါ့ကို ကြောင်ကြည့် နေတာလဲ"

တကယ်တော့ နွေးကဖွဲ့ကို ကြောင်ကြည့်နေခြင်းမဟုတ်။ အသက်ကို လုရှူကာ စကားစရန် အားယူနေခြင်းပင် ဖြစ်သည်။

"ဟဲ့ ပြောပါဆို နွေး ငါလန့်လာပြီနော်"

"ရာ ရာဇဝင် အချုပ်ထဲရောက်နေတယ် တဲ့"

နွေး စကားလည်း ဆုံးရော၊ သူမသွေးတွေ ဦးခေါင်းတစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ဆောင့်တိုးကုန်သလား မှတ်လိုက်မိသည်။ ဘာတွေဖြစ်ကုန်ပြီလဲ

မောင့်အကြောင်းကို သူတို့ ဘယ်လိုသိသွားတာလဲ။

မောင့်ကိုသာ အဲဒီကိစ္စနဲ့ အရေးယူတော့မည်ဆိုလျှင် ဖွဲ့ ဖွဲ့ဘယ်

လိုလုပ်ရမလဲ။

လက်နှစ်ဖက်က နားထင်ကိုဖိကိုင်ကာ ကျောပြင်ကိုနံရံနှင့်ကပ်

ပြီး မှီရပ်လိုက်ရသည်။ အဲဒီလိုမှမဟုတ်ရင် သူမလဲပြိုကျသွားတော့မည်

"သားချစ်ကလည်း ဆေးရုံမှာ လှိုကြားတယ်၊ လူတွေ လမ်းထိ

မှာ ပြောနေကြတာပဲ"

"ဘာ နင်ဘာပြောတာယ်"

ဒီတစ်ခါတော့ အသက်ကိုပါးစပ်နှင့်ရှူသွင်းပြီး အားယူ မြေ

လိုက်ရသည်က ဖွဲ့ဖြစ်လို့နေသည်။ မောင်က မူးယစ်ဆေးဝါးသုံးစွဲ

အချုပ်ထဲ ရောက်သည်ထားဦး၊ သားချစ်က ဘယ်လိုဖြစ်ပြီး ဆေးရုံရော

သွားရတာလဲ။

ဟာ ဘာတွေလဲ။

"ညက ငါတို့အိမ်က သားချစ်ပြန်သွားတဲ့ အချိန်လောက်

လမ်းထိပ်နားမှာ ရာဇဝင်နဲ့ရန်ဖြစ်ကြတာ တဲ့၊ အဲဒါ ရာဇဝင် လက်လွ

သွားလို့ သားချစ်က ဆေးရုံရောက်ပြီး နင့်ရာဇဝင်ကတော့ အချုပ်

ရောက်တော့တာပဲ"





နွေးရဲ့ထိုစကား အဆုံးမှာတော့ သူမမှာအားတင်းပြီး ရပ်တည်

နိုင်တော့ရန်ပင် မဖြစ်နိုင်တော့သလို နံရံကို ကျောနှင့်ပွတ်ဆွဲကာ ကြမ်းပြင်

ပေါ်ဖင်ထိုင်လျက် ခွေခွေလေးကျသွား၏။

"ဟာ ဖွဲ့ ဘာဖြစ်တာလဲ၊ အာ ဒုက္ခပါပဲ၊ အရေးဆို ဖွားဖွားက

လည်းမရှိဘူး"

နယ်မှာနေသော ဖွားဖွား မိဘများက လှူကြွပါးလိုက်သည့် အစား

အသောက်များကို ကျောင်းမသွားခင် စောစောစီးစီးတည်းက သွားယူ

သော ဖွားဖွားက အိမ်မှာမရှိ။

"ရတယ် နွေး ငါ ငါဘာမှမဖြစ်ဘူး"

သူမလေသံက မနည်းနားထောင်မှသာ ကြားရလောက်သော

လေသံမျိုးဖြစ်နေပြီ။ နွေးမှာလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

နောက်ဆုံးတော့ ကြမ်းပြင်တွင်ပျော့ခွေနေသည့် ဖွဲ့ကိုယ်လေးကို

အတင်းဆွဲမကာ ညောင်ခန်းထဲသို့ အရောက် တွဲခေါ်လာခဲ့ခြင်းဖြစ်၏။

ခုတော့ သူမဘာလုပ်ရမည်မသိ။ ဘာတွေက ဘယ်လိုဖြစ်ကုန်

မှန်းလည်း မသိ။ နွေးမှာလည်း တိတ်ဆိတ်စွာ ရှိုက်ငိုနေသော ဖွဲ့ဘေးမှာ

ထိုင်ရင်း ဆွဲခြင်းကိုပင် ဒီတိုင်းကြီး ပစ်ချထားကာ နှစ်ဦးလုံးအသံမထွက်

နိုင်အောင် ဖြစ်နေမိကြ၏။

မိနစ်တဲလေး တစ်ပတ်ပတ်ပြီးလောက်ကြာမှ ဖွဲ့ထံမှတိုးတိတ်



www.burmeseclassic.com

www.burmeseclassic.com



သော အသံလေးထွက်လာ၏။

"သားချစ် ဘာဖြစ်သွားလဲဟင် နွေး"

နွေးက ခေါင်းခါသည်။

"ငါလည်း သေချာမသိဘူး၊ ခေါင်းကိုထိသွားတယ်ဆိုလားပဲ"

သူမမျက်နှာလေး ရှုံ့မဲ့ကာ ငိုပြန်သည်။ သားချစ်တစ်ခုခုဖြ သွားပါက မည်သူ့အတွက်မှ အကျိုးမရှိနိုင်မှာ သေချာသည်။ ဒါ မောင်ဘာကြောင့်များ ဒီလိုအဖြစ်မျိုး ဖြစ်အောင်ဖန်တီးခဲ့တာလဲ။

သေချာတာတစ်ခုကတော့ ဒီကိစ္စဟာ သူမနဲ့သာတိုက်ရိုက်ပတ် သက်နေပါလိမ့်မည်။ ကိုယ့်ပယောဂမကင်းသည့် အတွက်လည်း သားချ ကို ပိုအားနာရ၏။

"ငါတို့သွားကြည့်ရအောင်"

ဖွဲ့က မျက်ရည်စများကို ပွတ်သုတ်ပစ်ကာ ပြောတော့ နွေးက မှိန်ဖျော့သော မျက်ဝန်းများနှင့် ဖွဲ့ကို လှမ်းကြည့်ပြီး

"ဘယ်ကိုလဲ ဖွဲ့၊ စခန်းလား ဆေးရုံလား"

သူမ မတ်တပ် ထရပ်လိုက်သည်။

"ဆေးရုံ"

လေသံပြတ်သားသော်လည်း အနည်းငယ်တုန်ယင်နေမှန်းတော သိသာပါသည်။





သူမ အသံဆုံးသည်နှင့် နွေးလည်း ဖွဲ့နောက်သို့ အမောတကော ပြေးလိုက်ခဲ့ရတော့သည်။ ဆေးရုံရောက်တော့ သားချစ်အား သိပ်မရှာ လိုက်ရပါ။ ဦးနှောက်နှင့်အာရုံကြောဝဒ်သို့ ဒီမနက်ကလွှဲပေးလိုက်ပြီဆို၍ သူမတို့လည်း ထိုဝဒ်သို့လိုက်ခဲ့ကြ၏။

မြင်လိုက်ရသော မြင်ကွင်းက ဘယ်လိုမှကြည့်မကောင်း။ သား ချစ်၏ ခေါင်းတစ်ခုလုံးနှင့် မေးကိုလိုင်းကာ စည်းနှောင်ထားသော ပတ်တီး ဖြူဖြူများကြောင့် ဖွဲ့မျက်ရည်တို့က တားဆီးနေသည့်ကြားမှပင် စီးကျ လာကြပြန်သည်။

သားချစ်ကတော့ သတိရသေးဟန်မတူ။ ငြိမ်သက်စွာ လဲ လျောင်းလျက်။

"နွေးရယ် သားချစ်ဒီလိုဖြစ်ရတာ ငါ့ပယောဂမကင်းဘူးဟ၊ သိလား"

ပြောလည်းပြော ငိုလည်းငိုနှင့် ဖွဲ့မှာဘယ်လိုမှချော့မရအောင် ဖြစ်နေသည်။

"ဘာဆိုင်လို့လဲဟ၊ လူတစ်ယောက်ဟာ ဒီအချိန်မှာ ဒါဖြစ်ရ မယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ဖြစ်မှာပဲ၊ နင်ဘယ်လိုမှတားလို့မရဘူး၊ ပြီးတော့ ခုကိစ္စက နင်လုပ်တာမှမဟုတ်တာ၊ ရာဇဝင်လုပ်တာပဲဟာ"

နွေးရဲ့လေသံမှာကိုက မောင့်အပေါ်တွင် အလိုမကျသည့် ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



သံများ ပျော်ဝင်နေသလိုလို။ သူမရော ဒီကိစ္စနဲ့ပတ်သက်ပြီး မည်သူ့အမှု မည်သူကတော့ အမှားဟုပြောရမှာလဲ။

"မောင်လုပ်တာဆိုရင်လည်း သူ အကြောင်းမဲ့သက်သက်တော့ မလုပ် တာသေချာတယ်၊ အကြောင်းမဲ့သက်သက် မဟုတ်ဘူးဆိုတည်းက ဖြစ်စရာအကြောင်းကလည်း တစ်ခုခုပဲရှိတော့တယ်လေ၊ ငါ့ကြောင့်ကလွဲရင် ဘာများရှိနိုင်သေးလို့လဲ နွေးရယ်"

"နင်က အဆုံးကို လိုက်တွေးကြည့်နေတာကိုး၊ အဲဒီလောက်ထိ တွေးမနေနဲ့ဦး၊ နင်ပါ တစ်ခုခုဖြစ်သွားရင် ငါတို့တွေဘယ်လိုမှကို စိတ် ကောင်းကြတော့မှာ မဟုတ်ဘူးဟာ"

နွေးစကားကြောင့် ဖွဲ့လည်း ဘာမှထပ်မပြောတော့ တကယ် တော့ ငိုရှိုက်ထားရလွန်းလို့ ဘာမှထပ်မပြောနိုင်တော့ဘာပါ။

ဖွဲ့ကတော့ တိတ်ဆိတ်ခြင်းတွေကြားက အသက်ရှူသံတွေထဲမှာ သားချစ်ရဲ့ အသက်ရှူသံပါနေသေးတာကိုပဲ ကျေးဇူးတင်နေမိသေးသည် လေ။

■ ■ ■

သံတိုင်မည်းမည်းနောက်မှ တစ်ညလုံး ငုတ်တုတ်မှိုးလင်းခဲ့ရလို့ လူကကြောင်တောင်တောင်ပင် ဖြစ်နေသည်၊ ပြီးတော့ သူ့အာရုံတွေထဲမှာ





လိုက်လိုက်လှဲလှဲကို ဆာလောင်နေသော အရာတစ်ခုရှိနေသည်လေ။

ဖွဲ့ကို ကတိပေးထားသော်လည်း တစ်ခါတည်းနှင့် ယတိပြတ် ဖြတ်လို့မရသော အရာမို့ နည်းနည်းချင်းသာ မျှင်းဖြတ်ရန် ဆုံးဖြတ်ထားခဲ့ ၏။ ခုတော့ အချိန်ကျလျှင် လူကဇာတိပြချင်လာသည်။

ရှိရှိသမျှသော မျက်လုံးများအောက်မှာ သူအကြောက်ခဲ့ဆုံးအရာ တွေကို သူမြင်နေခဲ့ပြီ။ ကိုယ့်အဖြစ်နှင့်ကိုယ် ရဲများကိုမြင်လျှင်တောင် သွေးပျက်ချင်နေတတ်သော ရာဇဝင်တစ်ယောက်တော့ ကြည့်လေရာ ရာမှာ ထိုယူနီဖောင်းများကိုသာ မြင်နေရသောအခါ စိတ်တို့ကလည်း ဆိုက်ကို ဖောက်ချင်နေကြပြီ။

ပြီးတော့ ဖွဲ့ ဖွဲ့ကရော သူ့အကြောင်းတွေ ကြားပြီးသွားပြီလား။ အမှန်တော့လည်း သားချစ်ကိုထိုသို့ ရန်ပွဲဖွဲ့ရန် ရည်ရွယ်ချက်မရှိရိုး အမှန်ပင်ဖြစ်သည်။

သို့သော် မထင်မှတ်ထားပါဘဲ လှေကားတွင်ရပ်ကာ နှုတ်ဆက် နေသော သားချစ်ငယ်နှင့် ချစ်ခြင်းဖွဲ့ကို တွေ့လိုက်ရသော သူ့စိတ်တို့ သည် မူမှန်မဟုတ်တော့ဘဲ အခုလိုမျိုးဖြစ်ကုန်ရခြင်းဖြစ်၏။

ဒီနေ့ညနေ သူကတွေ့ခွင့်တောင်းသည်ကိုတောင် နိုက်ဂျူတီရှိ ပါတယ်ဟု ပြောသွားခဲ့သော ဖွဲ့ကို ညဆယ့်တစ်နာရီလောက်မှာ သူမတို့ အိမ်လှေကားအောက်၌ မြင်လိုက်ရခြင်းသည် သူ့အတွက် စဉ်းစားရာ



www.burmeseclassic.com

www.burmeseclassic.com



တွေ တစ်ပုံတခေါင်းဖြစ်နေ၏။

ပြီးတော့ ဖွဲ့တစ်ယောက်တည်းဆိုလျှင်တောင် သူ့ဒေါသတွေ ထိုမျှထိဖြစ်ပေါ်လာလိမ့်မည် မထင်။ ဖွဲ့နှင့်တူတူယှဉ်တွဲရပ်ကာ ရယ်ရယ် မောမော စကားပြောနေသော သားချစ်ကြောင့်သာ ဒီလိုမျိုးဖောက်ပြန် တွေ ဖြစ်ကုန်ရခြင်းဖြစ်သည်။

ဖွဲ့ကို ယုံကြည်ချင်ပါသည်။ သို့သော် အနေနီးစပ်မှုကိုတော့ သူမယုံချင်။ အဲဒါသူရဲ့ အကြီးမားဆုံးသံသယသာ ဖြစ်သည်။ သားချစ် ငယ်နှင့်တူတူ မွေးနေ့ပွဲလုပ်ဖို့အတွက် သူ့ကို လိမ်လည်ရလောက်အောင်ထိ ဖွဲ့ရဲ့ဘဝမှာ အဲဒီကောင်က ဘယ်လောက်တောင်အရေးပါနေသလဲ။

သူငယ်ချင်း တစ်ယောက်ဆိုတာထက်တော့ ပိုကိုပိုနေလိမ့်မည် ဟု သူထင်နေ၏။

သူတစ်ယောက်တည်း အတွေးများနှင့် ယောင်တောင်တော ဖြစ်နေစဉ်မှာပဲ ဖြူနုသောလက်လေးတစ်ဖက်က သံတိုင်များကို ဆုပ်ကိုင် ထားသော သူ့လက်များကို လာရောက်အုပ်ကိုင်လိုက်ခြင်းပါ။

သူနှင့်မျက်နှာချင်းဆိုင်ဖြစ်အောင် အချုပ်ခန်းအပြင်ဘက်တွင် ဆောင့်ကြောင့်လေးထိုင်ကာ ပိုမဲ့မဲ့လေးဖြစ်နေသော ဖွဲ့မျက်နှာကို မြင်လိုက် ရတော့ သူ့စိတ်တွေအားတက်သွားတာတော့ မငြင်းနိုင်ပါ။ သို့သော် ဖွဲ့ထံမှကြားရမည့် အပြစ်တင်သံတွေကိုတော့ သူ မကြားချင်မိတာ သေ





ရှာပါသည်။

"မောင်"

ဖွဲ့အသံက တိုးတိုးသက်သက်လေး။ နှစ်ကိုယ်ကြား ကြားနိုင်ရုံ

"ငါကို မင်းညာတယ်"

သူ့မျက်နှာထက်မှာ ခနဲ့ပြုံးတစ်ခုကို ဖန်ဆင်းလိုက်ပြီး အသံက တော့ အဖျားခတ်မာကျောသွားသည်။ ဖွဲ့ကလည်း ခေါင်းလေးကို ငြိတ်ကာ ဆုပ်ကိုင်ထားသော သူ့လက်တစ်ဖက်ကို ဟစ်ချက်ဖျစ်လိုက်ရင်း

"ဖွဲ့တောင်းပန်ပါတယ် မောင်၊ တကယ်ကို မရည်ရွယ်ပါဘဲ တိုက်ဆိုင်သွားတဲ့ လိမ်လည်မှုပါ"

"မင်းက မရည်ရွယ်ပါဘဲ တိုက်ဆိုင်သွားတဲ့ လိမ်လည်မှုလို့ ပြောတယ်နော်၊ တကယ်ဆို ဒီကိစ္စမှာ မင်းငါကို လိမ်စရာအကြောင်းကို မရှိဘူးလေ၊ ကိုယ်ချစ်သူမွေးနေ့ကို ကိုယ့်ကိုမလာစေချင်လို့ လိမ်လိုက်တာ တူမနေဘူးလား"

ရာဇဝင်ရဲ့ ခံစားချက်ကလည်း ထိုသို့ဖြစ်နေပြန်လေတော့ ဖွဲ့မှာ က်ပြင်းလေးကိုသာ အသာချလိုက်ပြီး

"မဟုတ်ဘူး မောင်၊ ဖွဲ့က ဒီသဘောမဟုတ်ဘူး၊ ဒါပေမဲ့ ချစ်နဲ့က ချိန်းပြီးသားကြီးဖြစ်နေတယ်၊ ပြီးတော့ မောင်တို့နှစ်ယောက် မျက်နှာချင်းဆိုင်လို့ ရကြတဲ့လူတွေမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ရာဖဝင်က ဘာမှတော့ပြန်မပြော။ နှုတ်ခမ်းများကိုတော့ တစ် ချက်မဲ့၍ ပစ်လိုက်၏။

ထိုစဉ်မှာပဲ သူမနားသို့ ရဲသားတစ်ယောက်ရောက်လာကာ

"ရာဖဝင့်အိမ်ကလူ စခန်းမှူးကြီးခေါ်နေပါတယ်"

ဖွဲ့က မောင့်မျက်နှာကို လှမ်းကြည့်လိုက်၏။ သူမသွားသင့်ပါရဲ့ လား၊ မောင့်ဖေဖေ့ဆိုတာကရော သူ့သားကို တစ်ချက်လေးတောင် လာမကြည့်ဘူးလား။ ခေါင်းထဲမှာ အတွေးများနှင့် ချာချာလည်နေစဉ်မှာ ပင် ဒုတိယအကြိမ်မြောက် ခေါ်သံကို ထပ်ကြားလိုက်ရ၍ သူမပင်ထသွား လိုက်ရတော့သည်။

စခန်းမှူးရှေ့ရှိ စားပွဲလေးတွင်ဝင်ထိုင်လိုက်တော့

"ဒီက ရာဖဝင်နဲ့ဘာတော်လဲ မသိဘူး"

ရုတ်တရက်မို့ သူမဘာပြောရမည်မသိ ဖြစ်သွားသည်။ နောက်မှ ဖြစ်ချင်ရာဖြစ်တော့ဟု စိတ်ဆုံးဖြတ်လိုက်ကာ

"သူ့ဖနီး ဒေါက်တာချစ်ခြင်းဖွဲ့ပါ"

စခန်းမှူးကြီးက စားပွဲပေါ်တွင် တံတောင်နှစ်ဖက်ထောက်ကာ သူမထံသို့ မျက်လုံးများကို ဝင့်ကြည့်၏။

"ညက ကျွန်တော့်ရဲဘော်တွေ ပတ်တရောင်လှည့်ရင်းနဲ့ ရန်ဖြစ် ကြတာတွေ့လို့ ရာဖဝင်ကို ခေါ်လာခဲ့ရတာပါ၊ ခံလိုက်ရတဲ့ကောင်လေး





...ကိုကို စစ်မေးဖို့ကလည်း လူကြီးမရှိတာရယ်၊ ကာယကံရှင်ကိုယ်တိုင်က ...တိမရ ...ယေးတာရယ်ကြောင့် ကျွန်တော်တို့ သူ့ကို ချုပ်ထားရတာပါ၊ ...မဲ့ သူ့ကိုယ်ပေါ်က ဆေးခြောက်ထုပ်ကိုတွေ့တဲ့အတွက် အမှုက ...အတွန်းက ထင်သလို တစ်မှုတည်းမဟုတ်တော့ဘဲနဲ့ နှစ်မှုဖြစ်နေ ...ယ်၊ မူးယစ်ဆေးဝါးထဲမှာ ဆေးခြောက်မှုက ဘယ်လိုမှ အာမခံမရနိုင် ...ဆိုတာ ဒီကဒေါက်တာချစ်ခြင်းဖွဲ့ သိရဲ့လား"

စခန်းမှူးကြီးက စကားကို ရှည်ရှည်ဝေးဝေးပြောကာ ရှင်းပြ ...ယ်သည်။ တကယ်တော့ အမောဖောက်ကာ အသက်ရှူမမှန်ဖြစ်သူ ...တော့ ဖွဲ့သာလျှင်ဖြစ်သည်။

စခန်းမှူးပြောပုံအရဆိုလျှင် မောင့်ကို ဘယ်နည်းနဲ့မှ လွှတ် ...ခင်လုပ်လို့ မရတော့ဘူးလား။ မောင့်အတွက် လွတ်လမ်းမရှိတော့ဘူး ...။ သူမခေါင်းတွေ ချာချာလည်နေပြီဖြစ်သည်။

မျက်လုံးများပင် ပြာဝေကာ သူ့ကိုတစ်သက်လုံး ကာကွယ်ပေး ...ခဲ့သော မျက်ခွံများကလည်း ဒီတစ်ကြိမ်မှ လေးလံလွန်းနေသည်။

"ဟိတ် လုပ်ပေးကြပါဦး။ ဒီမှာ သတိလစ်သွားပြီ"

စခန်းမှူးကြီးက သူ့ရဲဘော်များကို ပြောလိုက်သံကို ဖွဲ့နားထဲ ...ရွှန်းတစ်စကြားလိုက်မိပြီး အရာအားလုံးသည် မှောင်အတိကျလျက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းဝသို့ အရင်ဆုံးလာရောက်ရိုက်ခတ်သည်က ယဉ်ပါး

လွှမ်းနေသော အနံ့အသက်တစ်ခု။

ဆေးရုံတစ်ရုံရဲ့ အနံ့အသက်ဆိုတာတော့ ဖွဲ့စိတ်ထဲကို အလိုလို လက်ခံပြီးသားဖြစ်သည်။ မျက်လုံးများကို အားယူဖွင့်ကြည့်ဖြစ်တော့ သူမလှဲနေရာ ခုတင်ပေါ်တွင် ခေါင်းတင်ရင်း အိပ်ပျော်နေသော ဖူးဖူးကို တွေ့လိုက်ရသည်။

သူမရဲ့လက်မှာတော့ ပိုက်တန်းလန်းနှင့် အားဆေးတစ်လုံးသွင်း ထားမှန်း သိလိုက်သည်။ သူမ့ရဲ့လှုပ်ရှားမှုကြောင့် နိုးသွားပုံရသော ဖူးဖူးက မျက်လုံးများကို လက်နှင့်တစ်ချက်ပွတ်သပ်လိုက်ရင်း

"ဟင် ဖွဲ့ သတိရလာပြီ၊ ဖွဲ့ရယ် နင့်ကိုကြည့်ရတာ ငါသနား လိုက်တာ"

တကယ့်ကို စိတ်ထဲက အရိုးခံစိတ်လေးနှင့် ကိုယ်ချင်းစာနာကာ ပြောနေသော ဖူးဖူးကိုသူမ ဘာမှပြန်မပြောနိုင်သေး။ ဖျော့တော့သည့် အပြုံးတစ်ခုတော့ ပြန်ပေးမိသည်။

"ငါကျောင်းကလည်း ပြန်လာရော အဖြစ်အပျက်တွေအားလုံး ကိုသိတာနဲ့ နင်စခန်းသွားတယ်ဆိုလို့ လိုက်လာတာ၊ တော်သေးတာပေါ့ ငါရောက်လာလို့"

"အင်း နွေးရော"





"နွေးက သားချစ်ကို သွားကြည့်နေတယ်၊ သားချစ်အမေဆီ ည်း ဖုန်းဆက်ပေးပြီးပြီ၊ ချက်ချင်းပဲ ပြန်လာဖို့လုပ်နေတယ်လေ၊ က်ဖြန်ဖြစ်ဖြစ် ဒီညတွင်းချင်းပဲဖြစ်ဖြစ် ရောက်လာလိမ့်မယ်"

ဖွဲ့က ခေါင်းသာညိတ်ပြလိုက်သည်။ ဘာမှမစဉ်းစားချင်သေး တကတော့ တကယ့်ကို နောက်ကျိနေသော စိတ်ခြောက်ခြားနေပါ။

ဒါတောင်မှ သားချစ်ကို ပူပန်မိသည့် စိတ်လေးက ရှိနေသေး သည်။

"သားချစ်ရော ဘယ်လိုနေလဲ၊ သတိရလာပြီလား"

"မရသေးဘူးဟ၊ ဆရာဝန်ကြီး ပြောပုံအရဆိုရင်တော့ သူက ပြင်ပန်းဒဏ်ရာ ဒီလောက်ထိမပြင်းထန်ဘူး။ ပလက်ဖောင်းနဲ့ ခေါင်း ဆောင့်မိတဲ့ဟာ တစ်ခုပဲရှိတာ၊ ကိုးချက်လောက်တော့ ချုပ်လိုက်ရ ယ်လေ၊ အတွင်းကို ထိခိုက်တဲ့ ရာခိုင်နှုန်းဘယ်လောက်ရှိတယ်ဆိုတာ တော့ ဓာတ်မှန်အဖြေထွက်မှ သိရမှာလေ"

"သူသတိပြန်ရသင့်နေပြီ၊ ဒီလောက်အကြာကြီး သတိလစ်နေ က ကောင်းတဲ့လက္ခဏာတစ်ခုတော့ မဟုတ်ဘူး။ အတွင်းမှာ တစ်ခုခုဖြစ် မှာ စိုးရိမ်ရတယ်"

"နင်အဲဒါတွေ တွေးပူမနေနဲ့၊ နင့်စိတ်ကိုအေးအေးထား။ နင်က လုပ်ပင်ပန်းတဲ့အပြင် ဒီလိုမျိုးကြီး ဆိုးဆိုးရွားရွားတွေ ဖြစ်ကုန်တော့



www.burmeseclassic.com

www.burmeseclassic.com



အားနည်းနေတဲ့ အချိန်လည်းဖြစ်ပြန် အင်း နင်တော့မလွယ်ဘူး ဒါပေမဲ့ ဘာမှမပူနဲ့ အကုန်လုံး အဆင်ပြေသွားလိမ့်မယ်လို့သာ တွေးထားလိုက်"

မောင့်အကြောင်းကိုတော့ ဖူးဖူး သိပြီးဖြစ်ပါလိမ့်မည်။ အထု တလည်လည်း ပြန်လည်ပြီး ပြောပြမနေချင်တော့ပါ။ ဖြစ်နိုင်လျှင် စိတ်ထဲမှာ ဗလာဟင်းလင်းကြီးဖွင့်ထားပစ်လိုက်ချင်၏။

ဘာအပူဘာသောကမှ မဝင်နိုင်သည့် တံခါးကြီးတစ်ချပ်နှင့် စိတ်ကိုပိတ်နှောင်ထားပစ်ချင်သည်။

ပျော်စရာတွေများ သူမဘဝထဲ ရောက်လာတော့မလားလို့ စိတ်ကူးလေးနှင့် ပျော်မည့်ကြံကာရှိသေး ဘယ်အချိန်တည်းက ကွယ်ရ မှချောင်းမြောင်းနေမှန်းမသိသော ဂြိုဟ်ဆိုးကောင်က အတင်းအကြမ် ရသည့်နည်းနှင့် ဖျက်ဆီးပစ်နေပြန်သည်။

မျက်လုံးများကို စုံမှိတ်ပစ်လိုက်၏။ သူမအတွက် အရာရာသည် ဆုံးရှုံးခြင်းဘက်ကို ဦးတည်နေကြပြီ။

အကယ်၍များ အန်တီအေးမေးလာခဲ့လျှင် ဖွဲ့ဘယ်လိုဖြေရမည် မသိ။ အန်တီအေးရဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်သူအဖြစ် စိတ် ဒေါသထွက်နေမလား။ မည်သည့်နည်းနဲ့မှ မဖြေရှင်းနိုင်တော့မှာတော့ သေချာနေပါပြီလေ။

ရှုပ်ထွေး ပုပ်ပွနေသော စိတ်အခြေတို့ကို လေပူတစ်ချက် ပေါ်မှုတ်ထုတ်လိုက်ခြင်းဖြင့် စိတ်ကိုလျှော့ချလိုက်သည်။ အဲဒီ အချိန်မှာပဲ သူမ အိပ်ပျော်သွားခဲ့တာပါ။





■ ■ ■

ဒေါ်မြမြဆင့် သားကိုကြည့်ရင်းမျက်ရည်တို့ တစ်လိမ့်ချင်းလိမ့် ဆင်းကျနေသည်။ တကယ်ဆို သူမကသားကို အလွန်ချစ်ပါသည်ဟု ဆိုခဲ့သော်လည်း တကယ်တမ်းမှာ သားအနားမနေပေးနိုင်ခဲ့ပေ။

အမြဲလိုလို သားရဲ့အဝေးမှာသာ နေခဲ့ရသည်။ သားမလုပ်ချင် သည့် အရာတွေကို သူမရဲ့ဆန္ဒတစ်တည်းနှင့် ဖွတ်အတင်းလုပ်ခိုင်းခဲ့ သည်။ ဆရာဝန်အလုပ်ကို ဝါသနာမပါသော သားအား ချော့တစ်ခါ ခြောက်တစ်ခါနှင့် ကျောင်းပြန်တက်ရန် မြူဆွယ်ခဲ့သည်။

သူမထင်ခဲ့သည်က ကျောင်းပြန်တက်နေရင်းနှင့် ဇာတွေနှင့်အ ကုန်နေပါက သူတကယ်ဝါသနာပါသည့် ဂီတဘက်သို့ မလှည့်နိုင်တော့ ဘဲ သူ့နှလုံးသားထဲတွင် ကိန်းအောင်းနေသော ထိုဗီဇလေးသည်လည်း အလိုလိုကွယ်ပျောက်သွားလိမ့်မည်ဟု။

ခုတော့ သူမထင်ထားသလိုတွေ ဖြစ်မလာခဲ့ပေ။

သားအခန်းထဲမှာ ရှုပ်ပွနေသော သီချင်းစာအုပ်တွေ၊ ဂီတနုတ်



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွေ၊ ပြည်တွင်းရော ပြည်ပကရော အဆိုတော်ပိုစတာတွေနှ
ဂစ်တာတစ်လက်ကသာ ဆေးစာအုပ်ထူထူများအစား နေရာယူထားကြ
သည်။

အဆိုးရွားဆုံးကတော့ ဘယ်တုန်းကမှ ညကြီးသန်းခေါင်အပြင်
မထွက်တတ်သော သားသည် ခုတော့အပြင်ထွက်တတ်နေရုံတင်မက
ရန်ပါဖြစ်ခဲ့သေးသည် တဲ့လေ။

သတင်းလွှတ်ကာ ပက်လက်ကလေးဖြစ်နေသော သားချ
ငယ်ကြောင့် ဒေါ်မြမြဆင့် ဘယ်လိုမှကို စိတ်မထိန်းနိုင်ဘဲ စီးဆင်းနေသော
မျက်ရည်များကို လက်ခုံနှင့် အသာတို့သုတ် ဖယ်ရှားနေရသည်။

"အန်တီရယ် ဒီလောက်လည်း မငိုပါနဲ့၊ သားချစ်ဒဏ်ရာက
မပြင်းပါဘူး၊ ခဏနေရင် သတိရလာလိမ့်မယ်လို့လည်း ဆရာဝန်ကြီ
တွေက ပြောသွားသားပဲ"

နွေးက ဒေါ်မြမြဆင့် စိတ်သက်သာရာရစေရန် အားပေးစကား
ပြော၏၊ ထိုအခါမှ သူမဘေးမှာ ကောင်မလေးတစ်ယောက်ရှိနေပါလားဟု
သတိထားမိသွားပုံရသော ဒေါ်မြမြဆင့်ကတော့ နွေးကို ခြေဆုံးခေါင်းဆုံ
သေချာကြည့်ကာ

"မင်းကဘယ်သူလဲ"

လေသံက မမာကျောသော်လည်း နူးညံ့ခြင်းတော့မရှိ၊ သူသာ





နှင့် ပတ်သက်နေသောကြောင့် စူးစမ်းလိုပုံတော့ရသည်။

"သမီးက နွေးပါ၊ သားချစ်ရဲ့သူငယ်ချင်းလို့ ပြောရင်လည်း
ရပါတယ်"

"ဒါဆို အန်တီ့ကို သမီးနွေးသိသလောက် ပြောပြစမ်းပါ၊
ဒီလိုအဖြစ်မျိုးကို သားဘယ်လိုဖြစ်ပြီး ကြုံခဲ့တယ်ဆိုတာ သမီးသိတယ်
မဟုတ်လား"

ဒေါ်မြမြဆင့်က နွေးကိုခင်မင်ရင်းနှီးသည်တော့ မဟုတ်ဘဲ
သူ့သားအကြောင်းကို သိချင်သောကြောင့်သာ စကားပြောနေရခြင်းမျိုး။
သားချစ် အမေက မိန်းကလေးနှင့် ပတ်သက်လျှင်လည်း သားချစ်အပေါ်
မျက်နှာသာ မပေးတတ်သော သားကို အလွန်အကျွံချစ်သည့် အမေမျိုး
လည်း ဖြစ်သည်။

"ဟုတ်၊ ဖွဲ့ရဲ့မွေးနေ့ပွဲပြီးလို့ သူပြန်သွားတဲ့ အပြန်လမ်းမှာဖြစ်
တာပါ"

"ဩော် ချစ်ခြင်းဖွဲ့ကို ပြောတာလား"

နွေးက ခေါင်းညိတ်ပြလိုက်သည်။ ချစ်ခြင်းဖွဲ့ကိုတော့ ဒေါ်မြမြ
ဆင့် သိနေခဲ့ပါသည်။ သားနှင့်တူတူ တစ်တန်းတည်းတက်နေသော
ကောင်မလေး။ ခုတော့ ထိုကောင်မလေးက ဟောက်စ်ဆာဂျင်ဖြစ်နေ
လောက်ရောပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဲဒီကောင်မလေးက မိန်းကလေးသူငယ်ချင်းတွေနှင့် အိမ်တစ်လုံးထဲမှာ အုပ်ထိန်းသူမရှိဘဲနေတာလည်း သူမသိ၏။ ပုံစံလေးက ဟောဟောရမ်းရမ်း မဟုတ်၍သာ သားသူငယ်ချင်းတစ်ယောက်အဖြစ် သူမ အသိအမှတ်ပြုထားခဲ့ခြင်း ဖြစ်သည်။

"သားကို လုပ်သွားတဲ့ကောင်လေးတွေရော သမီးတို့သိလား"

ထိုမေးခွန်းကိုတော့ အမှန်အတိုင်း ဖြေသင့်မဖြေသင့် နွေး တွေးနေမိသည်။ အမှန်အတိုင်းဖြေလိုက်ပါက ပြဿနာတွေက မီးနိုးကြွက် လျှောက်ဖြစ်ကုန်တော့မှာလည်း စိုးသည်။

"သိပါတယ် အန်တီ၊ ရာဇဝင်ပါ"

"ရာဇဝင် ရာဇဝင် ဒီနာမည်ကို တော်တော်ရင်းရင်းနှီးနှီး ကြားဖူးသလိုပဲ"

"ရှင်"

ဒေါ်မြမြဆင့် စကားကြောင့် နွေးပင်အံ့သြမိသည်။ သားချစ် အမေက ရာဇဝင်ကို ဘယ်တုန်းကကြားဖူးသွားရတာလဲ မသိ။ သူမငြိမ် သက်နေစဉ်မှာပင်

"ရာဇဝင်ဆိုတာ အရင့်မြင့်မြင့် အသားညိုညို ဂုစ်ကန်ကန်ရုပ်နဲ့ ကောင်လေး မဟုတ်လား"

ဒေါ်မြမြဆင့် ပြောလိုက်သည့် ပုံစံက ရာဇဝင်ပုံစံနှင့် ကွက်တိဖြ





နွေးပင် ဒုတိယ အကြိမ်ထပ်၍ အံ့သြသွားမိသည်။ ခေါင်းကိုလည်း ညိတ်ပြီးသားဖြစ်သွား၏။

"အဲဒီကောင်လေးဆိုရင်တော့ အန်တီ သိတယ်လေ၊ သူတို့ အထက်တန်းကျောင်းသား ဘဝတည်းက ပြဿနာတစ်ခါဖြစ်ဖူးလို့တောင် ကျောင်းအုပ်ရုံးခန်း ရောက်ဖူးသေးတယ်"

ဒီကိစ္စကိုတော့ နွေးမသိခဲ့တာ အမှန်ပါပဲ။ နွေးသိခဲ့သည်က သူတို့နှစ်ယောက်က ငယ်စဉ်တုန်းကတော့ တစ်ကျောင်းတည်း တက်ခဲ့ သည် ဆိုတာလောက်သာ သိထားခဲ့ခြင်း ဖြစ်သည်။

"အဲဒါတွေတော့ နွေးမသိပါဘူး အန်တီ၊ သူတို့နှစ်ယောက် တစ်ကျောင်းတည်း တက်ခဲ့တာတော့ နွေးသိတယ်"

"ဟုတ်တယ်၊ အဲဒီတည်းက ရာဇဝင်က သားကို အငြိုးထားခဲ့ တာနဲ့ တူတယ်"

ဒါကိုတော့ နွေးလည်း ဘာမှတ်ချက်မှ ဝင်မပေးတော့ပါ။ ထိုအ ချိန်မှာပဲ သားချစ်ခန္ဓာကိုယ်က လှုပ်လွန့်လာကာ ပါးစပ်မှလည်း ညည်းညူ သံသဲ့သဲ့ထွက်လာ၏။

"ဟင် သား သား သတိရပြီ လုပ်ပါဦး သမီးနွေး၊ ဆရာဝန်ကြီး ကို ခေါ်ပေးပါဦး"

ဆရာဝန်ကြီးက သားချစ်နားသို့ ရောက်လာချိန်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေကတော့ အားလုံးအိုကေပါပဲ စိုးရိမ်စရာမရှိပါဘူး
ဓာတ်မှန်ယဲက အဖြေမှာလည်း ဘာမှဆိုးဆိုးရွားရွား မရှိပါဘူး"

ဆရာဝန်ကြီး စကားကြောင့် ဒေါ်မြမြဆင့်ရော နွေးပါ သက်ပြ
ကြီးချပြီး စိတ်အေးမည့်ကျွန်ကာရှိသေး၊ သားချစ်ပြောလိုက်သော စကာ
လုံးတို့က အားလုံးကို မင်သက်ငေးမောမိစေသည်လေ။

"ကျွန်တော် ဆေးရုံရောက်နေတာလား"

"ဟုတ်တယ်လေ သား၊ သားသတိလစ်နေတာ တစ်ရက်ကျေ
ပြီ၊ မေမေ့မှာ စိတ်ပူလိုက်ရတာ၊ ခုမှပဲ စိတ်အေးရတော့တယ်"

"မေမေ"

"ပြော သား"

"မေမေ"

တကယ်တော့ သားချစ်က ဒေါ်မြမြဆင့်ကို ခေါ်နေခြင်းမဟုတ်
ဘဲ သူဘာသာတစ်ယောက်တည်း ရွတ်နေမိခြင်းဖြစ်၏။

ဒီအမျိုးသမီးကြီးက သူ့ကိုယ်သူ မေမေလို့ သုံးနှုန်းနေပေ
သူကတော့ ထိုမေမေဆိုသော အမျိုးသမီးကို မသိတာ သေချာနေ
သည်။

"မေမေ မေမေဆိုတာ အန်တီလား"

"ဟင်"





ဒေါ်မြမြဆင့်တစ်ယောက် သူ့သားမျက်နှာကို အငေးသားနှင့်
ပြောစရာစကားလုံးတို့လည်း ပျောက်ရှကုန်ကြပုံရသည်။

"သား သားဘာတွေပြောနေတာလဲ၊ မေမေလေ၊ ခမေမေ့ကို
စိတ်ဆိုးနေတာလား"

သားချစ် ခေါင်းခါသည်။ ဒီအန်တီကြီး ဘာတွေပြောနေသည်ဆို
တာတွေကို သူနားမလည်။

"စိတ်တော့မရှိပါနဲ့ဗျာ၊ အန်တီပြောတာတွေကို ကျွန်တော်နားမ
လည်ဘူး"

"မဟုတ်သေးဘူးလေ သားချစ်၊ ဒါနင့်မေမေလေ၊ နင်ဘာလို့
မမှတ်မိတာလဲ၊ ငါ့ကိုရော မှတ်မိလား"

"ဆောရီးဟာ၊ နင့်ကိုလည်း ငါမသိဘူး"

သွားပြီ ဘာတွေဖြစ်ကုန်ပြီလဲ။ ခေါင်းကိုထိသည့် ဒဏ်ရာ
ကြောင့် အတိတ်မေ့သွားပြီလား။ ဒါမျိုးက ရုပ်ရှင်ဇာတ်လမ်းတွေထဲမှာပဲ
ရှိတတ်တာ မဟုတ်ဘူးလား။

"ခဏလေးဗျာ၊ ဒီရောဂါလက္ခဏာတွေက ကျွန်တော့်အမြင်
တော့ **anterograde amenesia** ရဲ့ ပုံစံတွေပဲ"

"အဲဒါ ဘာကိုပြောချင်တာလဲ ဒေါက်တာ"

ဒေါ်မြမြဆင့်က သွေးရူးသွေးတန်းဖြစ်နေသော လေသံနှင့်



www.burmeseclassic.com

www.burmeseclassic.com



မေး၏။ သားချစ်ကတော့ အားလုံးကို ဘာမှနားမလည်နိုင်သော မျက်နှာလေးနှင့် ဒါမှမဟုတ်လည်း စိတ်ရှုပ်ထွေးလှသော အမူအရာတွေနှင့် ငေးမောကြည့်နေ၏။

"အဲဒါက ဘာလဲဆိုတော့ ထိခိုက်ဒဏ်ရာရပြီးနောက်ပိုင်းမှာ အရင်ကဖြစ်ပျက်ခဲ့တဲ့ ကိစ္စအကြောင်းအရာတွေကို မေ့သွားတတ်တဲ့ ရောဂါပဲ"

"ဒါဆို ဒေါက်တာပြောချင်တာက သား သားလေးက အတိတ် မေ့သွားတာပေါ့ ဟုတ်လားရှင့်"

ဆရာဝန်ကြီးက မျက်လုံးများကို မှေးစင်းလျက် ခေါင်းကိုဖြည်းညင်းစွာညိတ်၏။

"အဲဒါ ကျွန်မ ကျွန်မဘယ်လိုလုပ်ရမလဲရှင်၊ ပြောပါဦး"

"သူက နာရီပိုင်းလေးလောက်ပဲ မေ့သွားတာလည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် တစ်ပတ် တစ်လ တစ်နှစ်ပေါ့နော်၊ မေ့နေတတ်တယ် ဒါပေမဲ့ တစ်နှစ်လောက်ထိ မေ့သွားဖို့ဆိုတာကတော့ ကျွန်တော်တို့ ဆေးပညာ အယူအဆအရ ဖြစ်နိုင်ချေသိပ်မရှိပါဘူး၊ အလွန်ဆုံးမေ့ နှစ်လပေါ့၊ ဒီထက်တော့ မပိုနိုင်ဘူးလို့ ထင်ပါတယ်"

"ဒါဆို ဒါဆို အဲဒီရောဂါကို ဘယ်လိုကုသရမလဲဟင် ဒေါက်တာ"





"ဒါဟာ ရောဂါတစ်ခုလို့ သတ်မှတ်ရင်လည်း သတ်မှတ်နိုင်တယ်၊ ဒါပေမဲ့ သူကရောဂါလိုမျိုး ဝေဒနာတစ်ခုခု ခံစားနေရတာတွေတော့ မရှိဘူးပေါ့၊ တစ်ခါတစ်ခါတော့ ခေါင်းတွေဘာတွေ တအားကိုက်ခဲတာမျိုး ရှိလိမ့်မယ်၊ ကျန်တာကတော့ အားလုံးပြဿနာ မရှိပါဘူး"

"ဘယ်လောက်တောင် ကြာအောင် သူဒီလိုဖြစ်နေမှာလဲ ဒေါက်တာရယ်"

"ဒါက တစ်ယောက်နဲ့တစ်ယောက်တော့ မတူညီကြဘူးပေါ့၊ ဒါပေမဲ့ ဘာမှစိတ်ပူစရာ မရှိဘူးလို့သာ မှတ်ထားလိုက်ပါ"

ဆရာဝန်ကြီး ဒေါ်မြမြဆင့်ကို ရှင်းပြပြောဆိုပြီးသွားတော့ အခန်းထဲမှ ပြန်ထွက်သွားတော့၏။ ထိုအခါ ဒေါ်မြမြဆင့်လည်း သားချစ်ကိုကြည့်ရင်း မျက်ရည်များက တရဟောကျဆင်းလာပြန်တော့သည်။

"အန်တီ ကျွန်တော်က အတိတ်မေ့နေတာ ဟုတ်လား၊ ကျွန်တော်က ဘယ်လိုဖြစ်လို့ ဒီဆေးရုံကိုရောက်လာတယ်ဆိုတာလေး ပြောပြပါဦးနော်"

သားချစ်ပုံစံက တောင်းပန်တိုးလျှိုးနေသယောင်။

ထိုပုံစံကို ဘယ်လိုမှ ခံစား နားထောင်ပေးနိုင်စွမ်း မရှိတော့သော ဒေါ်မြမြဆင့်မှာတော့ မျက်နှာကိုလက်နှင့်အုပ်ကာ ငိုရှိုက်ရင်း အခန်းပြင်သို့ ခပ်သုတ်သုတ်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သားချစ်ရဲ့မျက်လုံးများက နွေးထံသို့ အားကိုးတကြီး ကျရောက်လာတော့သည်။ နွေးလည်း သက်ပြင်းကြီးတစ်ခုကို ဟင်းခနဲရ ပစ်လိုက်ပြီး

“ငါပြောပြမယ်နော်၊ သေချာနားထောင်နော် သားချစ်”

သားချစ်ပုံစံက ပါးစပ်မှပြန်ဖြေစရာမလိုအောင် အာရုံစိုက်နား ထောင်နေမှန်း သိသာလှစွာ မျက်တောင်ပင်မခတ်ပဲ ငြိမ်သက်စွာတိတ် ဆိတ်နေ၏။

“ခုနက အန်တီလို့ နင်ခေါ်လိုက်တဲ့ အန်တီကြီးနာမည်က ဒေါ်မြမြဆင့် တဲ့၊ သူကသားချစ်ငယ်ရဲ့ မေမေပေါ့”

“သားချစ်ငယ်”

ဒီလိုမျိုး စိမ်းသက်နေသော လေသံမျိုးကိုသာ ပြန်ရမယ်ဆိုတာ နွေး မျှော်လင့်ပြီးသားပါ။

“ဟုတ်တယ် အဲဒါနင့်နာမည်ပဲ သားချစ်”

သူဘာမှတော့ပြန်မပြောတော့။ ပြန်လည်ငြိမ်သက်ပြီး နား ထောင်နေပြန်သည်။

နွေးက သူဒုက္ခရောက်ခဲ့သည့် အဖြစ်အပျက်တွေကို သေချာပြန် လည်ပြောပြလိုက်တော့ သူကဘာမှစောဒက မတက်ဘဲ ငြိမ်ဆုံးအောင်နား ထောင်နေခဲ့ပြီးမှ





“ရာဇဝင်ဆိုတာက ဘယ်သူလဲ၊ သူကဘာလို့ငါ့ကို ချစ်ခြင်းဖွဲ့ ခွဲရတာလဲ၊ ချစ်ခြင်းဖွဲ့ကရော ငါနဲ့ဘာပတ်သက်လို့လဲ”

နွေးတော်တော်စိတ်ပျက်သွားမိသည်။ သို့သော် သားချစ်ကို အပြစ်တင်၍ မရသောကြောင့် စိတ်ကိုသာပြန်လျှော့ချလိုက်ပြီး

“ချစ်ခြင်းဖွဲ့ဆိုတာ နင့်ရဲ့”

စကားသံမဆုံးသေးခင်မှာပင် အခန်းထဲသို့ဝင်လာသော ခြေသံ များကြောင့် နွေးက နောက်သို့လှည့်ကြည့်လိုက်သည်။

“ဖွဲ့”

နွေးနှုတ်မှ ခေါ်လိုက်သော ဖွဲ့ဟူသည့် နာမည်လေးကြောင့် သားချစ်၏အာရုံတို့ကလည်း အခန်းထဲဝင်လာသည့် ဆံနွယ်ရွှေရွှေများပြန့် ကျဲလျက်ရှိသော အစိမ်းရောင်ကောင်မလေးဆီသို့

သူ့အမြင်မှာတော့ ကောင်မလေးသည် တစ်ချိန်လုံးနီးပါး ငိုကြွေးထားသည့်လူလို မျက်နှာလေးက ပြောင်သလင်းခါလျက် မျက် တောင်ထူထူများအောက်မှာ မျက်ဝန်းညိုတို့ကတော့ နီမြန်းမို့အစ်နေကြ သည်။

“သားချစ် နင်သတိရပြီလား၊ ဝမ်းသာလိုက်တာဟာ”

သူ့ခုတင်ဘေးရောက်လာကာ ဝမ်းသာအားရပြောလိုက်သော ကောင်မလေးကို သူကတော့ ထုံးစံအတိုင်း မျက်လုံးအပြူးသားနှင့်သာ



www.burmeseclassic.com

www.burmeseclassic.com



ငေးကြောင်ကြည့်နေမိတော့သည်။

"သားချစ် ငါ ဖွဲ့လေ"

သားချစ်က သူမကို သေသေချာချာအကဲခတ်နေသလို သူမ မျက်နှာကိုသာ မမှိတ်မသုန်စိုက်ကြည့်နေရင်း ခေါင်းခါပြသည်။

တကယ်တော့ သားချစ်ရဲ့အခြေအနေကို စကြံ့တွင်တွေ့ခဲ့ရသော သားချစ်မေမေက ပြောပြထားပြီးဖြစ်သည်။

သူမ မယုံကြည်ချင်ပါ။ သို့သော် ဒေါ်မြမြဆင့်၏ ပျက်ယွင်းနေသော မျက်နှာနှင့် ပြုံးလဲတော့မလိုဖြစ်နေသော ခန္ဓာကိုယ်ကို ဖွဲ့မြင်လိုက်ရရုံနှင့် ယုံကြည်လိုက်ရခြင်းပါ။

"ချစ်ခြင်းဖွဲ့လေ"

သူမက ကိုယ့်ရင်ဘတ်ကို လက်နှင့်ပုတ်ကာ ထပ်ပြောတော့ သားချစ်က မျက်ခုံးများ မဆိုစလောက်မြင့်တက်သွားပြီး

"ဩော် ခုနက ဒီတစ်ယောက်ပြောပြတဲ့ ချစ်ခြင်းဖွဲ့ဆိုတာလား"

ဖွဲ့က နွေးကိုလှမ်းကြည့်သည်။ နင်ဘာတွေပြောထားတာလဲ ဟူသော အကြည့်မျိုး။ နွေးကလည်း သဘောပေါက်ပါသည်။

"သူက ဘာလို့ဒီလိုဖြစ်ရတယ်ဆိုတာ မေးလို့ ငါကပြောပြထားတာပါ၊ နင့်မွေးနေ့ကိုလာရင်းနဲ့ အပြန်မှာ ရာဇဝင်တို့နဲ့ ရန်ဖြစ်ကြတယ်





ဆိုတဲ့ အကြောင်းပေါ့"

"ဩော်"

"ချစ်ခြင်းဖွဲ့လည်း ရောက်လာပြီဆိုတော့ မင်းကိုယ်တိုင်ပဲ ပြောပြလိုက်တော့လေ၊ မင်းရယ် ရာဇဝင်ရယ် ငါရယ်က ဘယ်လို ပတ်သက်နေတာလဲ"

သူမနည်းနည်းတော့ တွေဝေနေမိသည်။ အမှန်အတိုင်းပြောသင့်မပြောသင့်ကိုပါ။ အမှန်အတိုင်းပြောလိုက်ပါက သားချစ်များ သူမကို နာကျည်းသွားမလားရယ်လို့ တွေးမိသောကြောင့် ဖြစ်သည်။

တကယ်တော့ ဒီရန်ပွဲဟာ သူမရဲ့ပယောဂမကင်းခဲ့ဘူးလေ။ မောင့်ကို လိမ့်ညာမိသောကြောင့် ဒီလိုမျိုးပြဿနာတွေ ဖြစ်ခဲ့ရခြင်းဖြစ်၏။

သို့သော် သူမကိုနာကျည်းမှာစိုးတာလေး တစ်ခုတည်းနှင့်တော့ အမှန်တရားကို မဖုံးကွယ်ချင်တော့ပါ။ မဟုတ်လျှင် သူမဟာ သိပ်ကိုတစ်ကိုယ်ကောင်းဆန်သည့် လူတစ်ယောက်ဖြစ်သွားပါလိမ့်မည်။

"နင်က ငါ့ရဲ့အချစ်ဆုံး သူငယ်ချင်း၊ နင့်အတွက်လည်း ငါက အဲဒီလိုပဲ၊ ရာဇဝင်ကတော့"

သူမတံတွေးကို တစ်ချက်မြိုချလိုက်သည်။

"ငါ့ရဲ့ချစ်သူ"

"နင့်ရဲ့ချစ်သူ ဟုတ်လား၊ အဲဒါကြောင့် နင်နဲ့ငါ့ကို သူကစွပ်စွဲ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့လေ၊ ဒါပေမဲ့ ငါသိချင်တာက သူဘာလို့ ငါ့ကိုနင်နဲ့စွပ်စွဲပြီး ခုလိုဖြစ်အောင် လုပ်ရတာလဲ''

''အဲဒါက တကယ်တော့ ငါ့အမှားပါပဲဟာ၊ ငါလိမ်ခဲ့မိတာပါ''

သူမအသံက ရှိုက်သံစွက်နေတာကို ဝန်ခံရပါလိမ့်မည်။

အဖြစ်အပျက် အစအဆုံးကို နားထောင်ပြီးသွားသောအခါ သားချစ်က မျက်မှောင်ကြီးကျုံ့ထားရင်း

''ဒါဆို နင်နဲ့ငါက တော်တော်ကိုရင်းနှီးတဲ့ သူငယ်ချင်းတွေပေါ့''

''အင်း ဟုတ်တယ်၊ ငါတို့မှာဖုံးကွယ်စရာ ဘာမှမရှိဘူး''

''ဒါနဲ့ ရာဇဝင်ကရော ခုဘယ်မှာလဲ''

''သူလား သူ့အချုပ်ထဲမှာလေ''

မနည်းအားတင်းကာ ခေါင်းကိုငုံ့ချထားရင်း ပြောလိုက်ရသော စကားရယ်ပါ။ ရင်ထဲမှာလည်း တစ်ဆို့မှုကြီး တစ်ခုဖြစ်သည့်လာမိသည်။

တကယ်ဆို ဒီဖြစ်ရပ်မှာ ကာယကံရှင်နှစ်ယောက်ထက် ပိုပြီး ခံစားရသူမှာ ဖွဲ့သာ လျှင်ဖြစ်သည်။ သူတို့က ကိုယ့်အတွက်ကိုယ်သာ ခံစားကြရတာ။ ဖွဲ့မှာတော့ နှစ်ယောက်လုံးအတွက် ခံစားရတာ။

ဘယ်သူ့ကိုမှ မနစ်နာစေချင်တာလည်း အတိတ်ကိုပင်မေ့လျော့ နေခဲ့သည့်သူ ဖြစ်နေပြီ။

ဟုတ်ပါတယ်၊ ဒီအဖြစ်မှာ ရင်အနာရဆုံးက ဖွဲ့ရယ်ပါ။





''ငါသူ့ကို တရားစွဲရမလား ချစ်ခြင်းဖွဲ့''

ခေါင်းငုံ့ငိုရှိုက်နေမိသော သူမကိုယ်လေးပင် ဆတ်ခနဲတွန့် ...သွားမိသည်။ ပြီးနောက် သားချစ်မျက်နှာကို အားတင်းကာ မေးမောလိုက် ...ရင်း

''နင်ဘာဖြစ်လို့ အဲဒီလိုမေးတာလဲ''

''သူကနင့်ရဲ့ ရည်းစားဆို နင်ကငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်း ...ဆိုတော့ ငါကမေးကြည့်တာပါ''

ထိုစကားကြောင့် ဖွဲ့ကနှာနှာကျင်ကျင်လေး ရယ်မောလိုက်ကာ

''နင့်ဘက်က တရားစွဲသည်ဖြစ်စေ မစွဲသည်ဖြစ်စေ သူကတော့ ...ထောင်ကျမှာပဲ''

စိတ်မထိန်းနိုင်တော့တဲ့ သိမ်ဝင်သွားသော အသံတို့က အက်ကွဲ ...သည်။ သားချစ်ကတော့ သူမပြောလိုက်သော စကားကိုအထူးအဆန်း ...ယ်

''ဘာတွေလဲ၊ ငါလိုက်လို့မမီတော့ဘူး''

''တကယ်တော့ နင်သိပြီးသားတွေပါ သားချစ်ရယ်၊ သူက ...သုံးတယ်လေ၊ သူ့ကိုယ်ပေါ်က ဆေးထုပ်ကိုတွေ့တော့ ဖတ်လမ်းက ...ယ်လို့မှရှင်းလို့ မရတော့ပါဘူး''

''ဪ ဒါကြောင့် နင်တော်တော်ခံစားနေရတာယ်နဲ့ တူတယ်''



www.burmeseclassic.com

www.burmeseclassic.com



ငိုမိပါသည်။ ဘယ်သူအတွက်ရယ်လို့ ခေါင်းစဉ်မတပ်ချင်တော့ပါ။ သူမကိုယ်တိုင်အတွက်လည်း ဖြစ်နိုင်ပါသည်။

ခုတော့ သူမရဲ့လက်တွဲဖော်အဖြစ် ရွေးချယ်ထားခဲ့တာ ချစ်သူရော၊ သူမရဲ့ အချစ်ဆုံးသူငယ်ချင်းကပါ ဖွဲ့နှင့်အဝေးဆုံးကို ထွက်သွားဖို့ ဆုံးဖြတ်ခဲ့ပြီးကြပြီနှင့်တူသည်။

တစ်ယောက်ကတော့ လူချင်းဝေးသော်လည်း စိတ်ချင်းနီးနေနိုင်သည်။ ကျန်တစ်ယောက်ကတော့ လူချင်းနီးနေသော်လည်း စိတ်ကအဝေးကြီးမှာ

သူမ ငိုရှိုက်မိတာ မိနစ်ပေါင်း မည်မျှကြာသွားသည်ပင် မသိတော့။ ပခုံးကိုလာပုတ်သော လက်လေးတစ်ဖက်ကြောင့်သာ ခေါင်းမော့ကြည့်လိုက်မိ၏။

"ပြန်ရအောင် ဖွဲ့၊ သူမေမေလည်း ရောက်နေပြီပဲဟာ၊ ငါတို့ မလိုတော့ပါဘူး"

"နင်အဲဒီလိုမပြောပါနဲ့ နွေး ငါ့အတွက် သားချစ်က သံယောဇဉ်အရှိဆုံး သူငယ်ချင်းပါ"

ထိုစကားကို နွေးရှေ့မှာပြောလိုက်ရသော်လည်း သူမစိတ်ထဲ စနိုးစနောက်မဖြစ်မိ။ နွေးတို့ကလည်း သူငယ်ချင်းချင်းတူတူ သားချစ်ကိုမှ သံယောဇဉ်အရှိဆုံးပါဟု ပြောမိတာကို နည်းနည်းလေးမှ ဗွေမယူခဲ့ပါ။





သံယောဇဉ်က ပြောပြနေစရာမလိုအောင် အနိုင်အမာဆုံးဖြစ်နေခဲ့တာ တို့တွေလည်း သိနေခဲ့သည်ပဲလေ။

"ငါက နင့်ကို သနားလို့ပါ၊ နင့်နေရာမှာ ငါသာဆိုလည်း ယ်လိုမှကို စိတ်ထိန်းနိုင်မှာ မဟုတ်ဘူး၊ ပြီးတော့ နင့်ကအားနည်း တာလေ၊ ဆရာဝန်ကို ဆရာပြန်လုပ်တာတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ သက်ကို ဥာဏ်စောင့်တယ်ဆိုတဲ့ စကားကလည်း ရှိသေးတယ် မဟုတ်"

"ငါသိတယ်၊ ဒါပေမဲ့ ငါကသူ့အနားမှာ ရှိနေချင်သေးတာလေး စ်ခုတည်းပါ"

နွေးစိတ်ထဲမှာတော့ ဖွဲ့ရဲ့အပြုအမူတွေဟာ သားချစ်အပေါ်မှာ သံသည်ထက်များ ပိုပြီးဂရုစိုက်နေမိသလားဟု ထင်နေမိ၏။ တကယ် ချိန်မှာ ဖွဲ့ဟာ မျက်ရည်ကျမည် ဆိုလျှင်တောင် ရာဇဝင့်အကြောင်း တွကိုသာ တစိမ့်စိမ့်တိုင်ပြောကာ ငိုကြွေးနေသင့်သည်။

ဒါပေမဲ့လည်း ခုဖြစ်ပျက်ခဲ့သမျှတွေ အားလုံးဟာ ရာဇဝင်ရဲ့ ဖြစ်တွေပဲမို့ ဖွဲ့ဟာ ရာဇဝင်ကိုများ နာကျည်းနေလေသလား။ နွေး တွေးတတ်ပါ။ ကာယကံရှင် ဖွဲ့သာလျှင် အသိဆုံးဖြစ်ပါလိမ့်မည်။

"လာပါဟာ၊ ပြန်ရအောင်၊ သူလည်း အိပ်ပျော်နေပြီပဲဟာ"

ဟုတ်ပါသည်။ သူမငိုကြွေးနေခဲ့သော အချိန်လေးအတွင်းမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



သားချစ်ဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေခဲ့ပါပြီ။

မျက်ခွံများပိတ်ကျကာ ငြိမ်သက်စွာ အိပ်ပျော်နေသော သား
ကို မျက်ရည်ကြားမှ သူမငေးကြည့်လိုက်ပြီး နွေးလက်ကိုတွဲကာ အခန်း
မှ ထွက်ခဲ့လိုက်တော့၏။

■ ■ ■

## အခန်း (၉)

ဒီနေ့တော့ မောင့်ကို မြို့နယ်အချုပ်ကနေ အင်းစိန်ထောင်ဆီ
ကြတော့မည့်နေ့ဖြစ်သည်။ မကြာခင်မှာလည်း ရုံးတင်စစ်ဆေးကြတော့
ည်။

ဖွဲ့မှာမောင့်မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း မျ‹ ါ်ရည်တို့က
ကျဆင်းပြန်၏။ ဒီရက်တွေကတော့ ချစ်ခြင်းဖွဲ့ဘဝမှာ မျက်ရည်နှင့်ငယ
ပေါင်းတွေလို တရင်းတနှီးနေထိုင်ခဲ့ရသော ရက်တွေသာ ဖြစ်သည်။

"ဘာလို့ ငိုရပြန်တာလဲ"

အဲဒီလို မေးလိုက်သော မောင့်အသံတွေက တုန်ယင်နေကြတာ
သိသာလှိုနေသည်။ သူမကတော့ မောင့်ကိုသာ တမေ့တမော ငေးကြည့်
နေ၏။ နှုတ်မှလည်း ဘာမှမပြောနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လျှင် မောင့်လက်ကိုဆွဲပြီး တစ်နေရာရာကို ထွက်ပြေးသွားချင်စိတ် ပေါက်နေသည်။ မောင့်မျက်နှာကို မျက်တောင်မခတ်တမ်း ကြည့်နေချင်သည်။ နှစ်ရက်လောက်လေးအတွင်းမှာ မောင့်မျက်တွင်းတွေ သိသိသာသာ ကျနေသည်။

ဖွဲ့ကြည့်နေရင်းနှင့်ကို မောင့်ကို သနားလာ၏။ မောင်ဘယ်လောက်ပဲ မှားယွင်းစွာ အပြစ်တွေလုပ်ခဲ့ပါစေ၊ မောင်ဟာ ဖွဲ့ချစ်သူသာဖြစ်သည်။ မောင် ကိုယ်တိုင်ကလည်း ဖွဲ့ကို တကယ်ချစ်ခဲ့လိမ့်မည်လို့ ဖွဲ့က ယုံကြည်သည်။

"မောင် ဘာမှအားမငယ်နဲ့နော်၊ မောင်ဘယ်လိုပဲဖြစ်ဖြစ် ဖွဲ့ရှိတယ်"

အဲဒီစကားကို မောင်ကပြုံးလို့ နားထောင်သည်။ အဲဒီစကားဟာလည်း မောင်နဲ့ဖွဲ့ကြားက နောက်ဆုံးစကားသာ ဖြစ်၏။

နောက်ပိုင်းရက်များတွင်တော့ သူမသည် မောင့်အမှုစစ်ရာ တရားရုံးသို့အမြဲမချသည့် တစ်ရက်သာရောက် ဖြစ်ခဲ့သည်။ ဒါကလည်း အဝေးမှသာ ငေးမျှော်ကြည့်ပြီး မျက်ရည်စက်လက်နှင့် အိမ်သို့ပြန်လာခဲ့ရခြင်းပါ။

မောင့်ကိုစကားပြော နှုတ်ဆက်နေပါလျှင် သူမနှလုံးသားက မည်သို့မျှခံနိုင်မည် မဟုတ်တာ သေချာနေသည်လေ။ အဲဒါကြောင့်





အဝေးကသာ ငေးကြည့်ကာ ပြန်လာခဲ့ရ၏။ မောင်နဲ့ခွဲနေရတော့မည့် နှစ်ပေါင်းများစွာအတွက် သူမမှာ ခံနိုင်ရည်မှရှိရဲ့လားလို့ ကိုယ့်ကိုယ်ကိုယ် သံသယ ဝင်လာမိသည်။

ဒါတွေဟာ တကယ်ကိုဖြစ်နေတာမှ ဟုတ်ရဲ့လား ကံကြမ္မာရယ် ဖွဲ့အိပ်မက်မက်နေတာများလား။ အိပ်မက်ဆိုရင်လည်း ရှည်လျားလွန်းသော အိပ်မက်တစ်ခုဖြစ်ကာ နောက်တစ်ကြိမ် ထပ်မမက်ချင်ဆုံး အိပ်မက်လည်းဖြစ်သည်။

ငိုကြွေးရလွန်းသောကြောင့် သူမမျက်ရည်တွေပင် ကျန်မှကျန်ပါသေးရဲ့လားလို့ သံသယဖြစ်မိ၏။ မျက်ရည်များကို အဆုံးမရှိ သွန်ချပေးနေရသော မျက်ဝန်းတို့ကိုလည်း သနားမိလာသည်။

အဲဒီအချိန်မှာပဲ သူမနောက်တစ်ကြိမ် ပြုလဲသွားရခြင်းပါ။

ဘယ်လောက်တောင်မှ အချိန်တွေကုန်ဆုံးသွားသည်မသိ မျက်လုံးများကို ဖွင့်ကြည့်လိုက်တော့ သူမအခန်းထဲရှိ ခုတင်ပေါ်မှ သူမတစ်ယောက်တည်း ပက်လက်ကလေး။ ဘယ်သူမှလည်း အနားရှိမနေကြ။ အချိန်ကာလကတော့ ညဘက်ဆိုတော့ မည်းမှောင်နေသော ကောင်းကင်ကြီးက ကိုယ်စားပြုထား၏။

ဒါဆိုရင် နွေးနွေးပူပူရှိနေရမှာပေါ့။ ဘယ်ရောက်သွားလို့များ အသံတွေဒီလောက် တိတ်ဆိတ်နေရတာလဲ၊ ခုတင်ထက်မှထကာပြတင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဘောင်ကိုမှီရင်း အပြင်လောကကို ငေးမောနေမိသည်။ ခေါင်းထဲ[illegible]တော့ အနည်းငယ်မူးနောက်နောက်ကြီး ဖြစ်ကာ အနှံချင်သလိုလို ပို့ချ[illegible]သလိုလိုနှင့် နေရနည်းနည်းခက်နေမိ၏။

လောကကြီးကတော့ သူ့အလုပ်သူလုပ်ကာ နေ့တစ်လှည့်ညတစ်လှည့် ကူးပြောင်းနေတာပါပဲ။ အရာအားလုံးဟာလည်း ပုံမှန်လည်ပတ်စီးဆင်းနေတာပါပဲ။

အဲဒီထဲမှာမှ သူမတစ်ယောက်တည်းသာ လောကအပြင်ဘက်ရောက်နေသလား မသိ။

"ဟယ် ဖွဲ့ နင်နိုးနေပြီလား၊ ငါဒီမှာ ကြက်ပြုတ်ရည်လေးလုပ်လာပေးကယ်၊ နင်သောက်လိုက်ဦး"

ကြက်ပြုတ်ရည် ပန်းကန်လုံးကိုကိုင်ကာ သူမနားလျှောက်လာသည့် ဖူးဖူးမျက်နှာက ပြုံးနေသော်လည်း ထိုအပြုံးများထဲမှာပဲ နာကျင်နေခြင်းတွေက ကိန်းအောင်းနေသည်ဟု သူမထင်နေမိသည်။

"နွေးရော"

"နွေးက ဆရာဝန်ကို လှေကားအောက်ထိ သွားပြန်ပို့နေတယ်"

"ဪ နင်တို့ဆရာဝန်တောင် ပင့်လိုက်ရတယ်ပေါ့၊ ငါ့အတွက်နဲ့ အလုပ်ရှုပ်ပြန်ပြီ"

"မဟုတ်တာ ဖွဲ့ရယ်၊ နင်ဘာတွေပြောနေတာလဲ၊ ငါတို့က





သူငယ်ချင်းတွေလေ၊ ဒီလောက်လေးနဲ့ပဲ ငါတို့ကအလုပ်ရှုပ်တယ် ဖြစ်ရရောလား"

သူမကတော့ ဖူးဖူးရဲ့ အပြစ်တင်မှုကို ခပ်ပြုံးပြုံးလေးနှင့်သာ နားထောင်နေလိုက်ပြီး

"ဒေါက်တာ ဘာပြောသွားလဲ"

တကယ်တမ်း ဖူးဖူးကြောက်နေမိခြင်းသည်လည်း ထိုမေးခွန်းကိုသာ ဖြစ်သည်။ ခုတော့ ဖွဲ့က မေးလာပြီ။ သူမ အမှန်အတိုင်း ဖြေရပါမည်။ သို့သော် ထိုအမှန်တရားကိုပဲ သူမကြောက်နေမိခြင်းဖြစ်၏။

"ထိုင်လေဟာ၊ ကြက်ပြုတ်ရည်လေးသောက်လိုက်ဦး"

ဖွဲ့ကခုတင်ပေါ်တွင် ဝင်ထိုင်ပြီး ကြက်ပြုတ်ရည်ကို ဇွန်းလေးနှင့် တစ်ဇွန်းခပ်သောက်သည်။

"ငါ့ symptom တွေကတော့ သွေးအားနည်းတဲ့ လက္ခဏာတွေပဲ၊ မဟုတ်လား။ ငါလည်း သိတတ်တော်တော်ချို့တဲ့နေတယ်၊ နင်တို့နောက်နေ့ကျရင် အမဲသားချက်ကျွေးဟာ၊ ဟင်းနုနွယ်ရွက်လေးနဲ့ အရည်သောက်က ပဲကြီးဟင်းလေး၊ မကောင်းဘူလား။ သွားရည်တောင်ကျလာပြီ"

ဖွဲ့မြူးမြူးလေးပြောလိုက်သော်လည်း ဖူးဖူးမျက်နှာကတော့ ပြုံးယောင်သမ်းသွားရုံလောက်သာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပဲ ဖွဲ့က မသက်သာဖြစ်သွား၏။ တကယ်ဆို ဖူးဖူးမျက်နှာက အဲဒီလောက်ထိ ပျက်ယွင်းနေစရာ မလိုပါဘူးလေ။

"ဖူးဖူး အမှန်အတိုင်းပြောဟား နင်ဘာဖြစ်နေတာလဲ"

ဖူးဖူးက ဘာမှပြန်မပြော။ သူ့ကိုသာ တွေတွေကြီးစိုက်ကြည့်နေသည်။ ထိုအချိန်မှာပဲ အခန်းထဲသို့ ဝင်လာသော နွေးက

"နင် ရာဇဝင်နဲ့ ဘာတွေဖြစ်ခဲ့လဲ"

နွေးမေးခွန်းကြီးက တစ်မျိုးကြီးပါလား။ ဘာကိုဆိုလိုတာလဲ။ သူမနဲ့ ရာဇဝင် တစ်ခုခုဖြစ်ခဲ့တယ်လို့ အတပ်ပြောနိုင်နေတာလား။

"နင်ဘာကိုဆိုလိုတာလဲ နွေး"

"ဖွဲ့ ငါတို့သုံးယောက်တူတူနေလာတာ နှစ်တွေလည်းကြာနေပြီ မိသားစုတွေလိုပဲ၊ ပြီးတော့မိန်းကလေး အချင်းချင်း နင်ငါတို့ကိုဘာမှ ဖုံးကွယ်ထားဖို့ မသင့်ဘူး"

ဒီလောက်ဆိုရင်တော့ နွေးဘာကိုဆိုလိုတယ်ဆိုတာ ဖွဲ့ သိလိုက်ပြီဖြစ်သည်။ တမင်တကာ ရည်ရွယ်ချက်နှင့် ဖုံးကွယ်ထားခဲ့ခြင်း မဟုတ်သော်လည်း ဖုံးကွယ်ထားသလို ဖြစ်ခဲ့သည့်အတွက် သူမဘက်က အမှားဖြစ်သွားပြီ။

"မဟုတ်ပါဘူးဟာ ငါက"

တစ်ခုခုဖြေရှင်းချက်ပေးမည်ပြင်ပြီးမှ သူမအတွေးတို့က တစ်စုံ





တစ်ခုကို သွားတွေးမိသောကြောင့် စကားတို့ကလည်း တစ်ဝက်တစ်ပျက်မှာတင် ရပ်တန့်သွားကြသည်။

မိန်းမတို့၏ သဘာဝတရားက သူမထံမှာ မပေါ်လာတာ နှစ်လခန့်ပင် ရှိနေခဲ့ပြီ။ ခုတော့ ဆိုးဆိုးရွားရွားတစ်ခုခုဖြစ်ခဲ့တာ သေချာပါပြီ။

"ဖွဲ့ နင့်မှာကိုယ်ဝန်ရှိနေတယ်"

အို သူမ ... င်ထားခဲ့သ ... ပြင်းပဲ ဖြစ်နေပါပေါ့လား။ မျက်ဝန်းတွင် မျက်ရည်ဥတို့ ပြည့်လျှံ ... မျက်နှာပေါ်မှာလည်း ချောက်ချောက်ချားချား ဖြစ်နေခြင်းက အ ... အရှား။

"နင်ဆရာဝန်တစ်ယောက် ဖြစ်နေပြီးတော့ဟာ၊ တစ်ခုခုကြိုတင်ကာကွယ်ခဲ့ဖို့ ကောင်းတယ်"

နွေးအသံက ကရုဏာဒေါသများဖြင့် ပြည့်နှက်နေသည်။ ဖွဲ့စိတ်ထဲမှာ ကိုယ့်ကိုယ်ကို သွေးအားနည်းပြီး စိတ်ဖိစီးမှုများနေသောကြောင့်ဟု ထင်နေမိခြင်းဖြစ်သည်။

"ဖွဲ့ရယ် ငါကတော့လေ နင့်ကိုသနားပဲ သနားနေမိတော့တယ် သိလား"

ဖူးဖူးက ဖွဲ့ကိုယ်လေးကိုဖက်ကာ ငိုပါသည်။ နွေးကတော့ မျက်ရည်များကျလျက် သူမအခန်းထဲမှ ပြေးထွက်သွား၏။

ဖွဲ့မှာတော့ မျက်လုံးများဖွင့်ထားသော်လည်း မျက်စိရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှမမြင်။ နားထဲမှာလည်း တစီစီမြည်သံများပြည့်နှက်ကာ တခြားဘာဆိုဘာမှမကြားတော့။

■ ■ ■

"သားချစ် နင့်ဒီနေ့ဆေးခန်းသွားပြရမယ်နော်"

ဖွဲ့က သားချစ်နားတွင်ကပ်ထိုင်ကာ သတိပေးလိုက်၏။ သားချစ်သည် ဆေးရုံတွင်တစ်ပတ်မျှနေခဲ့ပြီးသည့် နောက်ပိုင်းတစ်လျှောက်လုံး ဖွဲ့က အချိန်မှန်ရောက်လာကာ သားချစ်နှင့် စကားတွေပြောကြမြဲ။

သားချစ်မမှတ်မိတော့သည့် အတိတ်ကအဖြစ်အပျက်အားလုံးကို ဖွဲ့က မှတ်မိသလောက် ပြန်ပြောသည်။

"နင်ပြောပြဖူးတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ဟာ ငါသိပ်ကြိုက်တာ၊ နင်လည်း အရမ်းကြိုက်လို့ဆိုပြီး ငါ့ကိုပြောပြတာလေ၊ နင်မှတ်မိဦးမလား မသိဘူး"

တကယ်တော့ သားချစ်မှတ်မိမှာ မဟုတ်တာ ဖွဲ့သိပါသည်။ ထို့ကြောင့်ပင်

"ငါတို့ Second year နှစ်မှာ နင်ပြောပြတာလေ၊ အဲဒီတုန်းကလည်း မိုလ်တထောင်ဘုရားဖူးပြီး ကမ်းနားမှာ လေညင်းခံရင်းနဲ့





နင်ပြောပြတာပေါ့၊ အချိန်ကြာပြီဆိုတော့ နင်ဘာယ်မှတ်မိပါတော့မလဲ၊ ငါကပဲ ပြန်ပြောပြမယ်နော်"

သားချစ်က သူမ ဆံပင်များကို လက်လေးနှင့်အသာပွတ်လိုက်၏။ အဲဒီအမူအကျင့်လေးတစ်ခုတော့ သားချစ်ဆီမှာ ကျန်ရှိနေသေးသည့်လေ။

"နင်ဟာလေ တစ်ခါတစ်ခါကျရင် ငါ့ကိုယ်ငါအတိတ်မေ့ပါလားဆိုတာတောင် မေ့သွားအောင်ပြောနိုင်တယ်၊ ငါကပဲ မှတ်ဉာဏ်မကောင်းလို့ မမှတ်မိတော့တဲ့ ပုံစံမျိုး ပြောစမ်းပါဦး၊ ငါကြိုက်ခဲ့တဲ့ ဇာတ်လမ်းလေးက ဘာလဲဆိုတာ သိရအောင်"

"အင်း ပြောပြမယ်၊ ဒါပေမဲ့ ခုတော့မဟုတ်ဘူး၊ ဆေးခန်းကပြန်လာမှ ထ အဝတ်သွားလဲ၊ ဆေးခန်းသွားရအောင်"

သားချစ်လက်မောင်းတစ်ဖက်ကို အတင်းဆွဲထူရင်း သူမက ပြောတော့လည်း သားချစ်ကအခန်းထဲဝင်ကာ အင်္ကျီလဲရပါသည်။

အဲဒီကောင်မလေးကို သူ့စိတ်ထဲမှာ တော်တော်လေး သံယောဇဉ်ဖြစ်နေမိသည်။ အတိတ်မေ့သွားသော်လည်း သံယောဇဉ်တွေကတော့ သူ့အတိုင်းသာ ကျန်နေခဲ့ပုံရ၏။ သူမ မလာတဲ့နေ့များဆိုလျှင် သူတစ်ယောက်တည်း ပျင်းခြောက်ခြောက်နှင့် အခန်းအောင်းနေမိတတ်သည်။

ဟိုတစ်ပတ်ကလည်း ဘာဖြစ်သည်မသိ သုံးရက်လောက် သူ့ဆီသို့ သူမရောက်မလာခဲ့ပေ။ အဲဒီနေ့တွေမှာ သူမကို သတိရနေမိသည်ဆို



www.burmeseclassic.com

www.burmeseclassic.com



ခြင်းထက် လွှမ်းဆွတ်နေမိသည်ဟု သုံးနှုန်းချင်မိသည်။ သူ့စိတ်တွေမရိုး သားတော့ဘူးနဲ့ တူ၏။

တကယ်တော့ ထိုကောင်မလေး၏ ချစ်သူသည် အကျဉ်းထောင် ထဲမှာ အရှင်လတ်လတ်ရှိနေပါသေးသည်။ ထိုကောင်မလေး၏ ချစ်သူပါ လားဆိုသော မျက်နှာတစ်ခုတည်းနှင့် ရာဇဝင့်ကို အမှုဖွင့်ဖို့လုပ်နေ သော မေမေ့ကိုတောင် သူဆန့်ကျင်ဆန္ဒပြခဲ့သည်။

သူ သူ ချစ်ခြင်းဖွဲ့ကို ချစ်မိနေတာလားမသိ။

"ဟဲ့ ကြာလိုက်တာ၊ သားချစ် ငါတို့ ဆေးခန်းသွားမှာနော်၊ ရုပ်ရှင်သွားရိုက်မှာ မဟုတ်ဘူး"

တံခါးနားကပ်ကာ အော်လိုက်သော ဖွဲ့အသံကြောင့် သူကိုယ်သူ မလုံမလဲဖြစ်သွားမိကာ နောက်သို့ပင်လှည့်ကြည့်လိုက်မိသည်။ နိုင်ခန့်လှ သော ကျွန်းတံခါးကြီးက ပိတ်လျက်သားပါ။

ကချင်ပုဆိုး အကွက်စိပ်စိပ်ကို တီရှပ်အနက်ရောင်နှင့် တွဲဝတ် ထားသောကြောင့် သားချစ်ရဲ့ နဂိုဖြူသော အသားက မိန်းမလေးတွေ တောင် မနာလိုချင်စရာ ကောင်းအောင် ဖွေးဆွတ်နေသည်။ ခေါင်းလျှော် ပြီးစ ဘေးခွဲ ဆံပင်ဂုတ်ထောက်များကလည်း တစ်ချောင်းချင်းစီ ရေတွက် ကြည့်လို့ရလောက်အောင် စင်ကြယ်လွန်းနေ၏။

နှစ်နှစ်လိုလိုများ ပြုံးလိုက်လျှင် နီရဲနေသော နှုတ်ခမ်းလေးတွေ





တော့ပျံ့သွားသည်ကအစ အလွန်ကြည့်လို့ ကောင်းလှသည်။

ဖွဲ့ရဲ့ အချစ်ဆုံးသူငယ်ချင်းလေးဟာ အရမ်းချစ်စရာကောင်း လွန်းမှန်း ဖွဲ့အစကတည်းကသိခဲ့ပါသည်။ အဲဒါကြောင့်လည်း အဖြူရောင် ဝန်တိုမှုလို့ သူမကိုယ်တိုင်ခေါင်းစဉ်တပ်ထားသည့် ခံစားချက်တွေ ဖွဲ့ထံမှာ ဖြစ်တည်ခဲ့ရခြင်းပေါ့။

ဒါပေမဲ့ ခုချိန်မှာတော့ အဲဒီလိုခံစားချက်တွေ ထပ်ဖြစ်လာမှာကို တောင် ကိုယ့်ကိုယ်ကိုယ် လန့်နေမိသည်။ ဖွဲ့ရဲ့သူငယ်ချင်းလေး ဖြူစင်သ လောက် ဖွဲ့ကတော့ မသန့်စင်သော ခန္ဓာကိုယ်ကြီးကို ပိုင်ဆိုင်ထားခဲ့ရပြီ မဟုတ်လား။

"ဟဲ့ ဘာတွေငေးကြည့်နေတာလဲ"

သားချစ်က ခပ်ဆတ်ဆတ်ပြောလိုက်တော့မှပဲ ဖွဲ့မှာသတိပြန် ဝင်လာသူလို ဖြစ်သွားပြီး

"ဘာမှမဟုတ်ပါဘူးဟာ၊ နင် ရေမှချိုးထားရဲ့လားလို့ တွေး နေတာ ပါ"

"အောင်မာ ဒီလောက်ရှင်းသန့်နေတာကိုများ ရေချိုးထားရဲ့ လားလို့ သံသယဖြစ်နေသေးတယ်၊ ရေချိုးရုံတင်မကဘူး၊ ခေါင်းပါလျှော် ထားတာ"

သူ့ဆံပင်များကို လက်ညှိုးနှင့်ထိုးကာ ပြောနေသော သားချစ်



www.burmeseclassic.com

www.burmeseclassic.com



လက်ကို ဖွဲ့ကလှမ်းဆွဲလိုက်ရင်း

"တော်ပြီ၊ သိပ်လည်းကြွားမနေနဲ့၊ သွားမှာက ဆေးရုံကိုလို့ ပြောပြီးသွားပြီနော်၊ သွားမယ်"

သူ့လက်ကို ဆွဲကိုင်ထားသည့်အတိုင်း အိမ်ထဲမှ ထွက်ရန် လှပ်နေသော ဖွဲ့ကြောင့် သူမှာအိုးတိုးအမ်းတမ်းကြီး ဖြစ်ကာ ဆုပ်ကိုင်ထားသော ဖွဲ့ လက်များကို စိုက်ကြည့်လိုက်မိသည်။

ထိုအခါမှ ဖွဲ့လည်း ကိုယ့်တာသာပြန်သတိရသွားရပြီး လက်များကိုလွှတ်လိုက်ကာ

"နင်က သိပ်ကြွာတာကိုး"

နောက်မှကျန်ခဲ့သော သားချစ်ကိုလှည့်မကြည့်တော့ဘဲ ရှေ့မှခပ်သွက်သွက်ဆင်းခဲ့မိသည်။ တကယ်ဆို ကိုယ်ကသူ့ရဲ့ဖြူစင်နေတဲ့ လက်တွေ ကိုတောင် မကိုင်သင့်တော့ပါဘူးလေ။

အလိုလိုနေရင်း မျက်ရည်ကဝဲတက်လာပြန်သည်။ သို့သော် ချက်ချင်းပင် မျက်တောင်ရှည်များနှင့် ပုတ်ခက်သိမ်းဆည်းလိုက်၏။ ဘာဖြစ်လို့များ ဝဲတက်လာသော မျက်ရည်များဆိုတာလည်း ဖွဲ့မသိ။ အဲဒီတော့ ကိုယ် မသိသော မျက်ရည်များကို ကြာရှည်လက်ခံထားချင်စိတ်လည်း မရှိ။

ပြီးတော့ သားချစ်တွေ့သွားမှာလည်း ကြောက်ပါသည်။





တက္ကစီပေါ်ရောက်သည်နှင့် သားချစ်က သူ့လက်ထဲတွင် ကိုင်ထားသော အမ်ပီဖိုးလေးကို ထုတ်လိုက်ကာ ဖွဲ့ထံသို့နားကြပ်တစ်ဖက်ကမ်းပေးပြီး ကျန်တစ်ဖက်ကို သူ့နားထဲသို့ ထိုးထည့်လိုက်၏။ ဖွဲ့လည်းဘာမှန်းမသိသေးဘဲ နားကြပ်လေးကို အရင်တပ်လိုက်ရသည်။

ကြားနေရသည်က ဟော်လိုကစ်တာသံသဲ့သဲ့လေးတစ်ခု။ နောက်တော့ သီချင်းချိုချိုလေး

"အရှုံးတွေထဲ ငါလဲပြိုရင်း x x x အတိတ်တို့ထဲ ငါပျောက်ဆုံးချိန် x x x မြင်နိုင်တယ် ငါ့အနာဂတ်တို့ မှေးမှိန် x x x ငါဟာ ကျဆုံးချိန်၊ ငါ့ရဲ့နံဘေးကို မင်းဝင်လာပြီး x x x လဲပြိုကျသူ ငါ့ကိုထူပြီး အဆီအငေါ်မတည့်တဲ့ ငါ့ရဲ့စကားတွေ နင်ဟာ၊ ခွင့်လွှတ်သည်းခံရင်း"

သေချာသည်ကတော့ ဒီသီချင်းဟာ ဖွဲ့နှစ်သက်သော သီချင်းလေးပါပဲ။ ဒါပေမဲ့ ခုကြားနေရတာကတော့ အဆိုတော်လေးဖြူရဲ့အသံမဟုတ်၊ သားချစ်ငယ်ဘာသာ ဂစ်တာတီးကာ ဆိုထားသော အသံဖြစ်သည်။

"တန်ဖိုးများမရှိတော့ဘူးလို့ ငါထင်နေတဲ့ဘဝ ၊မင်းရဲ့လက်မှာငါ x x တစ်ခါပြန်လည်ကာ သက်ဝင်တောက်ပ x x x ဝိုး ဝိုး နင်ဟာ အရှုံးတွေထဲမှာ မျောနေခဲ့သူ ငါ့ကိုဆယ်ရင်း x x x ပျော်ရွှင်ခြင်းကို ပိုင်ရင်ဘတ်မှာ တံဆိပ်လိုကပ်ရင်း x x x နင်ဟာ ငါ့အတွက်တော့ နင်



www.burmeseclassic.com

www.burmeseclassic.com



ဟာငါ့အတွက်တော့ xxx ငွေလမင်း''

သားချစ်ကို ကြည့်မိတော့ ကားနောက်မှီကို ကျောမှီရင်း မျက်လုံးများကို ပိတ်ထားသည်။ သူက ဘာသဘောနှင့် ဖွဲ့ကို သူကိုယ်တိုင် ဆိုထားသော ထိုသီချင်းအား နားထောင်စေရတာလဲ။ ရိုးသားစွာပဲလား ဒါမှမဟုတ်

''အဲဒီအမ်ပီဖိုးကို ငါ့အခန်းထဲက အံဆွဲထဲမှာ ရှာတွေ့တာ ဖွင့်ကြည့်တော့ အဲဒီသီချင်းကို ကြားရတာပဲ၊ အခန်းထဲက ဂစ်တာတွေ ပိုစတာတွေ သီချင်းစာအုပ်တွေကို မြင်တည်းက ငါ့ကိုယ်ငါ နင်ပြောသလို ဆေးကျောင်းသားပါ ဆိုတာကို ယုံလို့မရဘူး ဖြစ်သွားတယ်၊ ခု ဒီသီချင်း ကို နားထောင်လိုက်ရမှပဲ ကိုယ့်အသံကြီး ကိုယ်ပြန်မှတ်မိပြီး ငါ့ကိုယ်ငါ လည်း ဂစ်တာတီးတတ်မှန်း သိတာ၊ အစတည်းကလည်း တီးတတ်မယ် လို့တော့ စဉ်းစားမိထားတယ်လေ၊ ဘယ်လိုလဲ၊ ငါ့အသံမိုက်လား''

သူမ အတွေးပင် မဆုံးသေး။ သားချစ် မျက်လုံးများက ဖျတ်ခနဲ ပွင့်လာကာ ပြောလိုက်ခြင်းဖြစ်သည်။ ကိုယ့်အတွေးတွေကို သူများသိသွား လေမလားလို့ မဖြစ်နိုင်တာကြီးကိုလည်း တွေးပူလိုက်မိသေး၏။

သူမအဖြစ်က ဖြူစင်ရိုးသားသော ကိုယ့်လူငယ်ချင်းလေးအပေါ် မှာ တစ်ဖက်သတ်စွပ်စွဲသလိုများ ဖြစ်သွားပြီလားမသိ။

''ဟဲ့ ငါ့အသံမိုက်တယ် မဟုတ်လားလို့ မေးနေတယ်လေ''





''သြော် အေး မိုက်ပါတယ်၊ လဲပ်ခေါင်းထွက်ခါနီးအသံလေး''

သူမစကားကြောင့် သားချစ်က မျက်နှာပျက်ကျသွားပြီး ဖွဲ့ကို စကားနှင့် တစ်ခုခုပြန်ချေပရန် ပြင်သည်။

''ဘာမှပြောမနေနဲ့၊ ဒီမှာရောက်နေပြီ၊ ဆင်းတော့''

ဆေးခန်းလေးရှေ့တွင် ကားရပ်လိုက်သည်နှင့် သူ့လက်များကို ဆွဲကာ ဆင်းမိမလိုလိုဖြစ်နေသော ကိုယ့်ကိုယ်ကိုယ်ပြန်သတိထားလိုက်ရ ၏။

ထိုအခါ သားချစ်က ကားသေမားကို ပိုက်ဆံထုတ်ရှင်းနေရင်းနှင့် သူမလက်လေးတစ်ဖက်ကို ဆွဲကိုင်ကာ ဆေးခန်းထဲဝင်လိုက်လေသည်။ သူမမှာလည်း ရုန်းထွက်ဖို့မေ့လျော့ပြီး မျက်လုံးလေးအပြူးသားနှင့် သူမ လက်ကိုကိုင်ကာ ရှေ့မှလျှောက်နေသော သားချစ်ကို ကြောင်ကြည့်ကာ ပါလာ၏။

ဆရာဝန်ကြီးရှေ့တွင် ထိုင်ခါနီးမှ သူကလက်လွှတ်ပေးတော့၏။

သူ့အခြေအနေက လူကောင်းပကတိအတိုင်းမို့ ဆရာဝန်ကြီးက ဘာမှစမ်းသက်ခြင်းမပြုတော့။ သူကိုယ်တိုင်လည်း ဘာဝေဒနာမှ ခံစားရ ခြင်းမရှိသည်မို့ ဒေါက်တာနှင့်နည်းနည်းပါးပါး စကားပြောဆိုကာသာ ဆေးခန်းပြန်လာရတော့သည်။

သူမတို့ ဆေးခန်းအပြင်ထွက်ချိန်မှာပဲ မိုးဖွားလေးများက



www.burmeseclassic.com

www.burmeseclassic.com



တစ်ပေါက်ပေါက်ကျဆင်းလာတော့သည်။

တော်သေးတာပေါ့ ဖွဲ့မှာ ထီးပါလာပေလို့။

"ကဲ ပြန်မယ် ကိုယ်တော်"

ဖွဲ့က သူ့ကိုယ်ထက်ကို ထီးလေးဖွင့်ပေးရင်း ပြောလိုက်၏။ သူက ကားတစ်စီးကို လက်ပြကာ တားလိုက်သည်။

"အစ်ကို ဗိုလ်တထောင် ကမ်းနားသွားမယ်"

"ဟဲ့ ဘာတွေလုပ်မလုပ်လဲ၊ မိုးတွေရွာနေတာကို"

"လျှာမရှည်နဲ့၊ တက်"

သူမလက်လေးကို ဖမ်းကိုင်ပြန်ကာ ကားထဲသို့ အတင်းဆွဲသွင်းလိုက်သောကြောင့် ဖွဲ့မှာလည်း ပါသွားရပြန်သည်။

"နင်အဲဒါ ဘာလုပ်တာလဲ သားချစ်ငယ်"

သူမအသံက ဒေါသသံနည်းနည်းပေါက်နေပါလိမ့်မည်။

"ဘာလုပ်တာမှမဟုတ်ဘူးလေ၊ နင်ပဲပြောပြပြီးတော့ ငါတို့နှစ်ယောက်က ဗိုလ်တထောင်ကမ်းနားကို အမြဲသွားတယ်ဆို"

"အေးလေ၊ ဒါပေမဲ့ နင့်ကိုအခုသွားမယ်လို့မှ ငါမပြောမိတာ"

"ဘယ်လိုပဲဖြစ်ဖြစ်ဟာ၊ ခုလည်း အပြင်ရောက်နေတာပဲဟာကို တစ်ခါတည်းသွားလိုက်တော့ မကောင်းဘူလား။ ပြီးတော့ နင်ငါ့ကို ငါပြောပြခဲ့တဲ့ ဇာတ်လမ်းလေးလည်း ပြန်ပြောပြရဦးမယ်လေ"





သားချစ်က သူဖြစ်ချင်တာတွေကိုသာ ဖွတ်ပြောနေသည်။ သူမကတော့ ကျစ်ခနဲစုပ်သတ်လိုက်ပြီး

"ဟာ ဒီလောက်မိုးရွာနေတာကို၊ နင် တကယ်ပဲ သားချစ်ရာ"

ဖွဲ့အသံက စိတ်ပျက်လက်ပျက် ဖြစ်သွားသည့် အသံမျိုးပါ။

"ဘာလဲ၊ နင်ကလုံးဝကို မသွားချင်ဘူးလား၊ ငါကအဲဒီကို ငါတို့ခဏခဏသွားတယ်ဆိုတော့ ငါ့ရဲ့ အတိတ်ကိုများ ပြန်မှတ်မိမလားလို့ပါ"

"အတိတ်ကို မှတ်မိချင်ရင် ကျောင်းကိုပို့သွားသင့်တယ်၊ ကမ်းနားထက် ကျောင်းကိုငါတို့ပိုသွားခဲ့ကြတာလေ"

"အေးဟာ အဲဒီကျောင်းကိုလည်း မနက်ဖြန်သွားမယ်၊ ဒီညနေတော့ ငါကမ်းနားပဲသွားချင်တယ်ဟာ"

သားချစ်ပုံစံက ကလေးတစ်ယောက် ဂျီကျနေသည့်ပုံစံနှင့် ပိုတူလာသလို ဖွဲ့ခံစားလာရသည်။ ထို့ကြောင့်ပင် သားချစ်ဆံပင်လေးများကို တစ်ချက်သပ်တင်ပေးလိုက်မိပြီး

"အေးပါ၊ သွားကြတာပေါ့"

သူမရဲ့ အပြုအမူကြောင့် သားချစ်မှာ အသက်ရှုပင်မှားသွားသလားဟု ကိုယ့်ရင်ဘတ်ကိုယ် ယောင်ယမ်းပြီး စမ်းသပ်မိတော့မလိုတောင် ဖြစ်သွားရ၏။ နှလုံးသားတစ်ခုလုံး လှိုက်ခနဲဖြစ်သွားသော ခံစားမှု

www.burmeseclassic.com



နှလုံးသားကို ဖောက်ထိုးကိုင်ကာ အမြင့်တစ်နေရာမှ အောက်သို့ပစ်ချ လိုက်ရသလို ဟပ်ခနဲ ခံစားလိုက်ရခြင်း။

ထူးခြားပါသည်။ ဆန်းပြားပါသည်။ လုံးဝအသစ်စက်စက်ကြီး ဖြစ်၏။

"ချော် ရောက်နေပြီလေ၊ ငါ့ကိုဘာလို့ ဒီလောက်တောင်ငေးနေတာလဲ"

သူမကိုငေးကြောင်ကြည့်နေမိရင်းနှင့်ပင် သူကားပေါ်မှဆင်း၏။ နောက်တော့ မြစ်ကမ်းနားမှ ခုံတန်းရှည်လေးများသို့

ဒီညနေတော့ မိုးရွာနေ၍ လူရှင်းသည်ဟု ဖွဲ့က တွေးနေမိသည်။

"ငါတို့တော့ ထီးတစ်ချောင်းတည်းနဲ့ ရွှဲနစ်ကုန်မှာပါပဲဟာ"

"ဘာဖြစ်လဲဟ၊ နင်ကလည်း ကြောက်တတ်လိုက်တာ"

သူမဘာမှမပြောတော့။ ခုံလေး၏နောက်မှီတွင် ကျောကိုမှီရင်း စဉ်းစားနေမိသည်။ သားချစ်နှင့်မောင် ရန်မဖြစ်ခင် ညကလည်း သူမနဲ့ သားချစ်တို့ဒီနေရာလေးမှာပဲ လာထိုင်ခဲ့ကြသေးသည်လေ။ အဲဒီညကစပြီး သူမဘဝကမှာ တစ်ယောက်တည်း အထီးကျန်ဆန်ခဲ့ရခြင်းဖြစ်သည်။

"ပြောတော့လေ၊ နင်ကလည်း ဟိုငေးလိုက် ဒီငေးလိုက်နဲ့ သိပ်အချိန်ဆွဲတာပဲ"

"ပြောပြပါမယ်ဟာ၊ ငါကဒီမှာ အရင်တုန်းက နင်နဲ့လာထိုင်ခဲ့တဲ့





အကြောင်းလေးတွေ ပြန်စဉ်းစားမိနေလို့ပါ"

"ဒါနဲ့ ခဏနေဦး၊ ငါတို့က နှစ်ယောက်တည်း လာထိုင်တတ်ကြတာလား"

"အင်း ဟုတ်တယ်၊ မှတ်မှတ်ရရ ဖူးဖူးနဲ့နွေးတို့တော့ တစ်ခါလိုက်ထိုင်ဖူးတယ်၊ ကျန်တဲ့ရက်တွေကတော့ နင်နဲ့ငါနဲ့ပဲလေ၊ နင်ကဂီတာ တီးတယ်၊ သီချင်းတွေဆိုတယ်၊ ငါကလည်း ငါကြိုက်တဲ့ သီချင်းတွေတီးပြရင် စိတ်တိုမယ်"

ထိုအကြောင်းများကို ပြန်ပြောနေမိသော သူမမျက်နှာသည် ပြုံးယောင်သမ်းနေ၏။

"နင်ကျတော့ မှတ်မိပြီး ငါကျတော့ ဘာလို့မမှတ်မိတာလဲ"

"တော်ပြီ၊ မပြောတော့ဘူး။ နင်ဟာလေ လက်ပေါက်ကိုကပ်တယ်"

"ကဲ ကဲ ကျန်တာမပြောချင်နေ ဟိုဇာတ်လမ်းလေးတော့ ပြောပြဦး"

သူမကသူ့ကို မျက်စောင်းထိုးလိုက်၏။ သူမဆံနွယ်ခွေများတွင် ရေစက်လေးများ သီးနေသည်ကိုတောင် သူအနည်းကပ်မြင်နေရပါသည်။

သူရင်တွေများ ခုန်နေသေးသလား မသိ။

"ဒီလိုဟာ သူငယ်ချင်း ကောင်လေးတစ်ယောက်နဲ့ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်ရှိတယ်၊ သူတို့နှစ်ယောက်က အရမ်းချစ်ကြတဲ့ ဘော်ဘော်တွေပေါ့"

"ငါတို့နှစ်ယောက်လိုလား"

သားချစ် မေးခွန်းကြောင့် သူမ ဘယ်လိုပြန်ဖြေရမည်မသိ ဖြစ်သွားသည်။ ဇာတ်လမ်းထဲမှာက သူတို့နှစ်ဦးက တစ်ဦးကိုတစ်ဦး ကြိတ်ချစ်နေကြတာလေ၊

"နားထောင်ဟာ၊ ဖြတ်မမေးနဲ့"

အဲဒီလို ပိတ်ပဟောက်လိုက်တော့မှ သားချစ်က ပြန်လည်ငြိမ်သက်သွား၏။

"ကောင်မလေးက ကောင်လေးကို သစ်ပင်လို့ခေါ်တယ်၊ သူ့ကိုယ်သူကတော့ သစ်ရွက်လေးတဲ့ ၊ သစ်ရွက်လေးရဲ့ သစ်ပင်ကြီးက တခြား မိန်းကလေးတွေနဲ့ အရမ်းကိုပွေရှုပ်တာပေါ့။ ဒါပေမဲ့ ကောင်လေးက သူ့သူငယ်ချင်းမလေးကိုပဲ ရင်ထဲကချစ်နေခဲ့တာပါ၊ ဒါပေမဲ့ သူချစ်နေတာကို ထုတ်မပြဘူး၊ ရင်ထဲမှာသိမ်းထားပြီးတော့ ကောင်မလေးတွေ တစ်ယောက်ပြီး တစ်ယောက်နဲ့ ထည်လဲတွဲခဲ့တယ်၊ သူ တွေးတာက သူ သူငယ်ချင်းမလေးကို ဘယ်လိုပဲထားထား အချိန်တန်ရင်တော့ အဲဒီ သူငယ်ချင်းမလေးက သူ့ရင်ခွင်ထဲကို ရောက်လာလိမ့်မယ်လို့ သူထင်နေခဲ့ တာပေါ့၊ သူ့ကြောင့် ကောင်မလေးကြိတ်ပြီး ငိုနေခဲ့ရတာတွေကိုလည်း





သူ သိနေခဲ့တယ်လေ၊ ဒါပေမဲ့ သူကတော့ အပြုံးမပျက်ခဲ့ဘူး"

ဖွဲ့က သားချစ်စိတ်ဝင်စားမှုမှ ရှိရဲ့လားလို့ သူ့ဘက်လှည့်ကြည့်လိုက်တော့ ကိုယ်တော်က မျက်လုံးများ မှေးစင်းထားသည်ကို မြင်ရ၏။

"ဟဲ့ ငါကတော့ လေကုန်ခံပြီး ပြောပြလို့ နင်ကတော့ အိပ်နေတယ် ဟုတ်လား"

"ဟာ အိပ်နေတာ မဟုတ်ပါဘူးဟာ"

သူမရဲ့ အသံကျယ်ကျယ်ကြောင့် သူ့မျက်လုံးများ ပွင့်လာကာ ပြန်ငြင်းလိုက်ခြင်း။

"ဘာလဲ အိပ်နေတာ မဟုတ်ရင် ငိုက်နေတာလား"

"အာ ငိုက်နေတာလည်း မဟုတ်ပါဘူး၊ နင်ပြောပြတဲ့ဇာတ်ကို ငါခံစားနေတာ"

"ဟုတ်ရဲ့လား သားချစ်ရယ်၊ ငါကတော့ တစ်ယောက်တည်း စကားပြောနေသလို ဖြစ်တော့မှာပဲ"

"ဟုတ်ပါတယ်ဆိုဟာ၊ ဆက်ပြောတော့ ငါစိတ်ဝင်စားနေပြီ"

သူမနှုတ်ခမ်းကို မဲ့ပြလိုက်သည်။ အဲဒီအပြုအမူလေးကိုလည်း သူ့ရင်တွေလှိုက်ခနဲဖြစ်သွားအောင် ရင်ခုန်သွားမိပြန်၏။

"တစ်နေ့ကျတော့ ကောင်လေးက သူ့ရဲ့ဘယ်နှစ်ယောက်မြောက်မှန်း မမှတ်မိတော့တဲ့ ရည်းစားနဲ့ပြတ်ပြီဆိုတာ ကောင်မလေးကို

www.burmeseclassic.com



ပြောပြလိုက်တယ်လေ။ အဲဒါနဲ့တပြိုင်နက်မှာပဲ ကောင်မလေးလည်း သူ့ကောင်လေးတစ်ယောက်ကို အဖြေပေးခဲ့ပြီလို့ ပြောလိုက်တယ်လေ၊ အဲဒီမှာ သစ်ပင် အသည်းကွဲတော့တာပေါ့၊ ဒီလိုနဲ့ သစ်ပင်ကြီးက အဲဒီအချိန်ထိ ဘာကိုမှ ဖွင့်ပြောခွင့် မရလိုက်ဘူးလေ၊ သစ်ရွက်လေးရဲ့ ရည်းစားဖြစ်သွားတဲ့ ကောင်လေးကိုတော့ လေပြည်လို့ နာမည်ပေးလိုက်တယ်''

သူမ စကားကိုခဏရပ်ကာ အမောဖြေ၏။ ဒါကိုသားချစ်က

''ဆက်ပြောလေဟာ၊ နင်ကလေ ကောင်းခန်းရောက်ပြီဆိုရင် အဲဒီလိုပဲ''

''ပြောပါ့မယ်ဟဲ့၊ နည်းနည်းပါးပါးလည်း နားပါရစေဦး''

''ဟွန်း ဒီကနားထောင်ချင်မှန်းသိလို့ တော်တော်ဈေးကိုင်တယ်''

''အဲဒီမှာ လေပြည်က ရင်ဖွင့်တာပေါ့၊ သူက သစ်ရွက်လေးချစ်နေတဲ့သူဟာ သစ်ပင်ကြီးမှန်းလည်းသိတယ်၊ ဒါပေမဲ့ သူ့ရင်ထဲမှာ သစ်ရွက်လေးကို အမြဲစောင့်ကြည့်ပြီး သနားရင်းနဲ့ ချစ်မိသွားတယ်လေ၊ ပြန်မချစ်နိုင်မှန်း သိလျက်နဲ့ သူ ဖွင့်ပြောခဲ့တယ်၊ နှစ်တွေနဲ့ချီပြီးကြာတဲ့ တစ်နေ့မှာမှ သစ်ရွက်လေးဆီက အဖြေကို သူပြန်ရခဲ့တာပေါ့၊ ဇာတ်လမ်းက အဲဒါပဲ''





''ဟင် နင့်ဟာကလည်း သစ်ပင်ကသနားပါတယ်''

''မသနားပါဘူး၊ သူ့ဟာသာကောင်မလေးတွေနဲ့ လျှောက်တွဲပြီး တစ်နေ့ကျရင် ကောင်မလေးကို သူ့ပဲ အပိုင်ရလိမ့်မယ်လို့ တွက်ထားတာလေ၊ ဘယ်လောက်မုန်းစရာကောင်းလဲ၊ ဒါပေမဲ့ အဲဒီဇာတ်လမ်းမှာ နောက်ဆုံးပိတ်မေးခွန်းလေး တစ်ခုပါတယ်''

''ဘာလဲ''

''သစ်ရွက်လေး ကြွေရတာဟာ လေပြည်ကြောင့်လား၊ သစ်ပင်က နေခွင့်မပေးလို့လား တဲ့''

''သစ်ရွက်လေးကြွေရတာဟာ လေပြည်ကြောင့်လား၊ သစ်ပင်ကနေခွင့်မပေးလို့လား ဟုတ်လား''

သားချစ်က သံယောင်လိုက်ကာ ပြောလိုက်ခြင်းပါ။

''အင်း ဟုတ်တယ်၊ နင်ဘယ်လိုထင်လဲ သားချစ်''

ငါကတော့ လေပြည်ကြောင့်လို့ပဲ ထင်တယ်၊ သူသာဝင်မရှုပ်ရင် သစ်ပင်နဲ့သစ်ရွက်က ချစ်ချစ်ခင်ခင်နဲ့ တူတူရှိနေဦးမှာပဲလေ''

ဖွဲ့ကခေါင်းကိုခါသည်။

''ငါကျတော့ သစ်ပင်က နေခွင့်မပေးလို့ဘဲလို့ ထင်တယ်၊ ဘာဖြစ်လို့လဲ ပြန်မမေးနဲ့၊ ငါအဲဒီလို ထင်တယ်ဆို ထင်တယ်ပဲ၊ ဖြေရှင်းချက်မရှိဘူး''



www.burmeseclassic.com

www.burmeseclassic.com



သားချစ်ထံမှ မေးခွန်းတွေ ထွက်ကျလာမှာကို ကြိုမြင်နေသည် မို့ ဖွဲ့က ပိတ်ပြောပစ်လိုက်ခြင်းဖြစ်သည်။

"နေပါဦး၊ အဲဒီဇာတ်လမ်းက ငါထွင်ထားတာလား"

"အားကြီး ဖြစ်ပါလိမ့်မယ်၊ နင်လည်းသူများရေးထားတာကို ကြိုက်လို့ဆိုပြီး ကူးချထားတာ၊ နင့်မှာ ဒီလောက် အိုင်ဒီယာ မရှိပါဘူး သားချစ်ရယ်၊ နင်မေ့နေတဲ့ထဲမှာ အဲဒါလည်း မှတ်ထားလိုက်ဦး၊ သိလား"

သားချစ်က ဖွဲ့ထံ မိန်းမဆန်သော မျက်စောင်းတစ်ခု ထိုးလိုက်၏။ ဖွဲ့ကတော့ ရယ်မော်လို့သာ နေမိပါတော့သည်။

အဲဒီနေ့က သူမတို့နှစ်ယောက် ကမ်းနားမှ ပြန်လာခဲ့ချိန်မှာ တော့ မိုးပင်စဲနေပြီဖြစ်၏။

■ ■ ■



အခန်း (၁၀)

နောက်တစ်နေ့မနက် မိုးလင်းသည်နှင့် ရေမိုးချိုးပြင်ဆင်နေသော ဖွဲ့ကိုကြည့်ပြီး နွေးက

"ဒါကဘယ်သွားဦးမလို့လဲ ဖွဲ့"

"ဘယ်သွားရမှာလဲ၊ သားချစ်နဲ့ချိန်းထားတယ်လေ၊ ဒီနေ့ ငါတို့နှစ်ယောက် ကျောင်းသွားကြမလို့၊ သူတစ်ခုခုကိုများ ပြန်သတိရလာလို ရလာငြားပေါ့"

နွေးက ဖွဲ့ကိုစိတ်ပျက်စွာကြည့်ရင်း ခေါင်းခါသည်။

"နင်ခု ဆေးရုံလည်း သွားစရာ မလိုတော့ဘူး၊ ဟောက်စ်ဆင်းတာလည်း ပြီးပြီ၊ အဲဒါကိုတောင် အိမ်မှာ ငြိမ်ငြိမ်မနေဘဲ လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



နေသေးတယ် ဟုတ်လား''

''အမလေးဟယ် နှင့်လေသံနားထောင်ရတာ ငါကပဲလူမမာကြီး ကျလို့ ဟင်း ဟင်း''

''ရယ်မနေနဲ့၊ နင်ကလူမမာ မဟုတ်ပေမယ့် နင့်ဗိုက်ထဲမှာ ကလေးတ[illegible]ရှိဘယ်ဆိုတာ နင်သိထားလေ''

ရယ်နေသော ဖွဲ့ရဲ့မျက်နှာတို့က ဆတ်ခနဲတည်သွားပြီး

''ဟုတ်လား။ ငါမေ့နေတယ်''

ဖွဲ့ခေါင်းခါပြန်သည်။

''မဟုတ်ဘူး။ ငါ မေ့ထားတာ''

''ဟာ နှင် မဟုတ်ဘူးဟာ၊ ငါဘယ်လိုပြောပြရမလဲ''

''ဘာမှမပြောနဲ့ နွေး၊ ငါကတော့ ရုပ်ရှင်တွေ စိတ်ကူးယဉ်ဝတ္ထုတွေထဲကလို သူ့အဖေ မရှိလည်း ကလေးကို မွေးမယ်တွေဘာတွေ ပြောနေမှာ မဟုတ်ဘူး။ ဒါပေမဲ့ ဖျက်ချတာတွေ ဘာတွေလည်း ငါမလုပ်ပါဘူး၊ ငါ့ဗိုက်ထဲမှာ သူ မရှိသလိုပဲ နေမယ်၊ အရင်ကလိုပဲ စားမယ် သွားမယ် ပျော်မယ်''

သူမ စကားသံတို့က တကယ်ကို အဲဒီလိုမျိုး စိတ်ပိုင်းဖြတ်ထားပုံ။ နွေးမှာတော့ ဖွဲ့ကိုကြည့်ရင်း ကြောက်နေမိသည်။





''ဖွဲ့ နင်ရူးသွားပြီလားဟင်၊ အဲဒါနင့်ရင်သွေးလေ၊ နင်နဲ့ရာဇဝင် တို့ရဲ့ သွေးလေ''

''ဟုတ်တယ်၊ ရာဇဝင်ရဲ့သွေးမို့လို့ပဲ ဒီလိုဖြစ်နေတာပေါ့၊ ငါက သူ့ကလေးကို မွေးထား၊ အဲဒီကလေး အိမ်ထောင်ပြုတော့မယ့် အရွယ် ရောက်မှ သူကထောင်ကလွတ်လာ၊ ကလေးကိုငါက ဒါကတော့နင့်အဖေ ဆေးသမားထောင်ထွက်ကြီးလို့ မိတ်ဆက်ပေးရမှာလား၊ ဖတ်နာလွန်းပါ တယ်ဟာ''

''မဟုတ်သေးဘူးဟာ၊ နင့်အယူအဆတွေ မှားနေပြီ၊ ဒါလူ့ အသက်တစ်ချောင်းဟ''

''ရော် နွေးရယ် နင်ကလေ တော်တော် နားဝေးတာပဲ၊ ငါကအဲဒီ ကလေးကို သတ်ပစ်လိုက်မှာမှ မဟုတ်တာ၊ ငါ ဆရာဝန်တစ်ယောက်ပါ၊ အသက်တစ်ချောင်းရဲ့ တန်ဖိုးကို ကောင်းကောင်းသိပါတယ်၊ အခုငါက သူမရှိဘူးလို့ပဲ သဘောထားမှာ၊ ကိုယ်ဝန်ဘာမှမဖြစ်တဲ့ မွေးလာရင်လည်း ငါက သူ့ကိုရှိမနေဘူးလို့ပဲ သဘောထားဦးမှာပဲ''

''ဘယ်လို ဘယ်လို ဖွဲ့''

''ဟုတ်တယ်၊ အဲဒါရာဇဝင့်ကို မချစ်လို့တော့ မဟုတ်ဘူး၊ ငါသူ့ကိုချစ်တယ်၊ သူ့ကိုချစ်လို့လည်း ဒီကလေးကို အဲဒီလိုသဘောထားရ



www.burmeseclassic.com

www.burmeseclassic.com



မှာ၊ သူ့ကိုမွေးလာခဲ့ရင်တောင် သူ့အမေဟာ ထောင်ထွက်တစ်ယောက် အဖြစ်အသိမခံနိုင်ဘူး၊ အဲဒီတော့ နင်တို့ထဲက တစ်ယောက်ယောက်က သူ့ကိုမွေးစားလိုက်ပေါ့ဟာ၊ အဲဒီတော့မှ တရားသူကြီးရဲ့ကလေးအဖြစ် တက္ကသိုလ်က ပါမောက္ခကြီးရဲ့ ကလေးအဖြစ် သူ့ဘဝလှမှာ''

''နင့်ကလေးဆိုရင်ရော ဆရာဝန်မကြီး ကလေးအဖြစ်နဲ့ ပို တောင်ကောင်းမှာ မဟုတ်ဘူးလား''

နွေးစကားကြောင့် ဖွဲ့က နာနာကျင်ကျင် တစ်ချက်ရယ်သည်။

''အဲဒီဆရာဝန်မကြီးရဲ့ ဘဝမှာ ဆေးသမားတစ်ယောက်နဲ့ ပတ်သက်ခဲ့ဖူးတဲ့ အမည်းစက်ကြီးတစ်ခုရှိတယ်လေ''

ဘယ်လိုမှပြောမရတော့သော ဖွဲ့ကိုနွေးက အလွန်စိတ်ပျက်ကာ ထိုင်ပဲကြည့်နေမိတော့၏။

စီးနေကျအတိုင်း လေးလက်မဒေါက်ဖိနပ်ကို ကျော့ကျော့မော့ မော့လေးစီးပြီး ထွက်သွားသော ဖွဲ့ဆီမှာ တကယ်ပဲ ကလေးနဲ့ပတ်သက် ပြီးတော့ ဘာအပူအပင်မှမရှိဘူးလား။

ကလေးကို ဂရုမစိုက်ဘဲနေခဲ့လျှင် ကိုယ်ဝန်တစ်ခုခုဖြစ်သွားမှာ ကို စိတ်ပူနေရသည်။ ပြောလို့လည်း ရမှာမဟုတ်တာ သေချာ၏။

နိုင်ငံခြားရောက်နေသော အန်တီအေးကို ဖုန်းလှမ်းဆက်ပြီး





အကြောင်းကြားလိုက်ရင်ရော အဲဒီအကြံမဆိုး။

ဒေါ်အေးမြမြကလည်း မြန်မာပြည်ပြန်လာမည်ဆိုကာ သုံးလ ခန့်ကြာမြင့်နေပြီ ဖြစ်သော်လည်း ရောက်မလာခဲ့ပေ။ ဟိုကသူ့အလုပ် ကိစ္စတွေ မပြတ်သေး၍ ဖြစ်မည်။

ဘယ်လိုပဲဖြစ်ဖြစ် ဖွဲ့ကို ချုပ်ကိုင်နိုင်သော လူတစ်ယောက် ယောက်တော့ ရှိမှဖြစ်မည်။

■ ■ ■

ကျောင်းဝင်းထဲသို့ ဝင်လိုက်သည်နှင့် သားချစ်တော့မသိ။ ဖွဲ့ မျက်လုံးထဲမှာတော့ ဆယ်တန်းအောင်ဂ.ဂစ ဆံပင်တိုတိုနဲ့ ကျောပိုးအိပ် လေးလွယ်ထားသော ကောင်မလေးတစ်ယောက်နှင့် ဂျင်းဘောင်းဘီ အပြာလွင်လွင်ကို ကလေးဆန်ဆန် အရုပ်ပုံပါသော တီရှပ်လေးများတွဲ ဝတ်ထားသည့် မျက်နှာချိုချိုကောင်လေး ကစ်ယောက်ပုံတို့က အနေ့းပြ ကွက်တွေလို တစ်ကွက်စီ အစီအရီပေါ်လာ၏။

ဂုဏ်ထူးတွေ တသီတတန်းကြီးနှင့် ဆေးတက္ကသိုလ်ဆိုတာ ကျောင်းကြီးကို ရောက်လာသည်ဆိုတော့ အားလုံးကမြူးနေကြသည့် အချိန်လေ။

ဒီကျောင်းရဲ့ သင်ခန်းစာတွေထဲမှာ နစ်မြုပ်တော့မှာကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်နိုင်အားသေးဘဲ ပျော်မြူးနေခဲ့ကြတာလေ။

သို့သော် သားချစ်ကတော့ ထိုအချိန်တည်းက တမှိုင်မှိုင်

တတွေတွေနှင့် ကျောင်းတက်လာခဲ့ခြင်း ဖြစ်သည်။ ဆရာဝန်လုပ်ဖို့

နည်းနည်းမှ ဝါသနာ မပါကြောင်းလည်း ဖွဲ့ကို ခဏခဏ ဖွင့်ပြော

တတ်၏။

"ကဲ ဘာတွေများမှတ်မိတာရှိလဲ၊ ငါ့ကိုပြောပါဦး"

သားချစ်က သီရေတာဘက်ကို လမ်းလျှောက်ပြီးကြည့်

အဆောင်တွေဘက်လည်း ရောက်ခဲ့ပြီ။ နောက်ဆုံး ကျောင်းသူ နား

ဆောင်ပါမကျန်အောင် လျှောက်ကြည့်ခဲ့ကြပြီးပြီလေ။

ဒါပေမဲ့ သားချစ် မျက်နှာကတော့ ထူးခြားလာခြင်းမရှိ။

"ကိုယ်တော်ရယ် အဲဒါနဲ့ပဲ ငါတို့ကျောင်းဆိုးထွက်တဲ့ ဘောပေါက်

ကို ရောက်တော့မယ်၊ နင်ဘာမှ မမှတ်မိဘူးလား"

သားချစ်က ခေါင်းလည်းမခါ။ ညိတ်လည်းမညိတ်။

ထိုစဉ်မှာပဲ အဆောင်ထဲမှ ထွက်လာသော နှုတ်ရှိဆရာနဲ့ ထိပ်

တိုက်တိုးမိခြင်းပါ။ ဆရာက သူမရော သားချစ်ကိုပါ မှတ်မိနေပါသည်

ဖွဲ့ကအရင် နှုတ်ဆက်လိုက်ပါသည်။ သားချစ်ကတော့ အေး

ကြောင်တောင်တောင်နှင့် ရပ်နေ၏။

"ဆရာ နေကောင်းလား"





"အေး ကောင်းပါတယ်၊ ဒါနဲ့ မင်းတို့နှစ်ယောက်က ကျောင်းကို

ဘာလာလုပ်တာလဲ၊ သားချစ်ငယ်က **anterograde amenesia** ဖြစ်တာ

အိုကေသွားပြီလား"

ဖွဲ့ကခေါင်းခါပြလိုက်သည်။

"မကောင်းဘူး ဆရာ၊ သူ့ခုထိမေ့နေတုန်းပဲ၊ အဲဒါကြောင့်

သူ့ကိုသတိရလာလို့ ရလားဗြား ကျောင်းခေါ်လာခဲ့တာ"

"အေးကွ မင်းဟာက တော်တော်ထူးဆန်းတယ်၊ တကယ်တော့

အဲဒီလို **memory lost** ဖြစ်တဲ့လူတွေက မိနစ်ပိုင်းနာရီပိုင်းလောက်ပဲ

မေ့တတ်ကြတာ၊ အလွန်ဆုံးတစ်ပတ်ပေါ့ကွာ၊ ခုဟာက မင်းကသုံးလ

လောက်တောင် ရှိနေပြီမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ဓာတ်မှန်တွေလည်း ရိုက်ကြည့်တာပါပဲ၊

ဒါပေမဲ့ ဘာမှထူးခြားမလာဘူး"

"အင်း တိုက်ဆိုင်မှုအဖြစ်တွေ များများကြုံလာခဲ့ရင် သတိပြန်

ရနိုင်ပါလိမ့်မယ်၊ သိပ်မကြာခင်မှာ လူကောင်းပကတိအတိုင်း ပြန်ဖြစ်လာ

လိမ့်မယ်လို့ ဆရာမျှော်လင့်ပါတယ်၊ ဆုလည်းတောင်းပေးနေပါ့မယ်ကွာ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဆရာက သူ့ပခုံးကိုလက်နှင့်ပုတ်ကာ အနားမှထွက်သွားသည်။

သူမတို့ နှစ်ယောက်လည်း စကြံတစ်လျှောက်တွင် စီချထား



www.burmeseclassic.com

www.burmeseclassic.com



သော ပလက်စတစ်ထိုင်ခုံလေးများ၌ ထိုင်ချလိုက်ကြပြီး

"ဘာမှတော့ မထူးခြားဘူးဟေ့၊ ခြေထောက်ညောင်းတာပဲ အဖတ်တင်တယ်"

ဖွဲ့က ဒေါက်ဖိနပ်နှင့် တရစပ်လမ်းလျှောက်ထားရသောကြောင့် နာကျင်နေသော ခြေဖဝါးလေးများကို ဖိနပ်ချွတ်ကာ ဆုပ်နယ်နေရင်း ပြောလိုက်၏။

"နည်းနည်းတော့ ထူးခြားတယ်ဟ၊ ငါဒီနေရာကို စိတ်ထဲကနေ ရင်းနှီးနေတယ်၊ ပြီးတော့ ပြီးတော့"

သားချစ်က ပြောသင့်မပြောသင့် ချိန်ဆနေပုံမျိုး။ ဖွဲ့က စိတ်မရှည်တော့ဘဲ

"ပြီးတော့ ဘာဖြစ်လဲ၊ ပြောလေ"

"ပြီးတော့ဟာ ငါဒီကျောင်းမှာပဲ ကောင်မလေးတစ်ယောက်ကို ကြိုက်ခဲ့ဖူးသလားလို့"

သူ့ရင်ထဲမှာ တကယ်ကိုပဲ အဲဒီလိုခံစားလိုက်ရခြင်းဖြစ်၏။ အဲဒီ ကောင်မလေးနဲ့သူနဲ့ ဒီကျောင်းထဲမှာ နေရာအနှံ့လျှောက်သွားဖူးကြသလိုလို ခံစားနေရသည်။

သားချစ်ရင်ထဲမှ တကယ့်ကိုအမှန်အကန်ခံစားချက်ကို ချစ်ခြင်း ဖွဲ့ကတော့ ရယ်မောလိုက်ပြီး





"အမလေး သားချစ်ရယ် ကောင်မလေးတစ်ပေါက်တည်း မဟုတ်ဘူး။ အရေအတွက် လက်ငါးချောင်းနဲ့အထက် နှင်ကြိုက်ခဲ့ဖူးတယ်၊ ဒါတောင် ဒီကျောင်းထဲက ကောင်မလေးတွေကို ပြောတာနော်၊ အပြင်က မပါသေးဘူး"

ပြောနေရင်းနှင့် ဖွဲ့ စိတ်ထဲ နှင်းဆိုသော ကောင်မလေးကို ပြန်မြင်ယောင်လာသည်။ အဲဒီကောင်မလေးကတော့ သားချစ်နှင့်နောက်ဆုံးကြိုက်ခဲ့သော ရည်းစားဖြစ်သည်။

ကမ်းနားမှာ တွေ့ပြီး နောက်ပိုင်းထဲက ကိုယ့်ချစ်သူပါလားဆိုသည့် အသိလေးနှင့်လည်း သားချစ်ကို လာကြည့်သည် မရှိခဲ့။

သားချစ်အကြောင်းကို အဲဒီမိန်းကလေး မကြားတာတော့ မဖြစ်နိုင်၊ ဆေးကျောင်းက နာမည်ကြီး ပရင့်စ်ရဲ့ သတင်းကို မသိသူတော့ ရှိမှာမဟုတ်ပါဘူးလေ။

"ကဲ ပြန်မယ်ဟာ၊ နင်သတိရတာကြီးကလည်း သုံးစားလို့မရဘူး။ နောက်ဆုံးတော့ ဘူးကဘူးပဲ၊ သတိရတာတောင် ကောင်မလေးတွေနဲ့ ကြိုက်ခဲ့တာကို သတိရတယ်၊ ဟွန်း မပြောလိုက်ချင်ဘူး သိလား"

ဖွဲ့က သူ့နှာခေါင်းကို လက်ညှိုးနှင့်လှမ်းထိုးပြကာ ပြောလိုက်ပြီး သတ်ခနဲထရပ်လိုက်စဉ်မှာပင် ခြေထောက်က မရပ်နိုင်လောက်အောင် နာကျင်သွားကာ ချက်ချင်းပင် ခုံပေါ်သို့ဖင်ထိုင်လျက် ပြန်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဘာဖြစ်တာလဲ"

"အား ခြေထောက် ခြေထောက် အကြောနည်းနည်းညှပ်သွားလို့"

"ခါလိုက်လေ၊ ခြေထောက်ကိုခါလိုက်"

ဖွဲ့က သူမ ခြေထောက်လေးကို တဆတ်ဆတ်နှင့် ဆွဲခါရမ်းပစ်လိုက်သည်။ သားချစ်က မတ်တပ်ထရပ်ကာ သူ့လက်တစ်ဖက်ကို ဖွဲ့ရှေ့ ထိုးပေးသည်။

"ဘာလဲ"

"ထ"

ဖွဲ့ကလည်း သူ့လက်ဖဝါးကို ပြန်လည်ဆုပ်ကိုင်ကာ ထရပ်လိုက်သော်လည်း လူကကောင်းကောင်းမရပ်နိုင်သေး၍ သူ့လက်မောင်းရင်းအား ဖမ်းကိုင်လိုက်ရသည်။

ထိုအချိန်မှာပဲ အဲဒီချိန်ခဏလေးအတွင်းမှာပါပဲ

ဖွဲ့တို့မျက်စိရှေ့သို့ ရောက်လာသော အရိပ်လေးတစ်ခု။ နှစ်ယောက်လုံးပြိုင်တူ မော့ကြည့်လိုက်သော်လည်း ထိုအရိပ်ကို မြင်လိုက်ရချိန်တွင် သားချစ်မျက်နှာက ပြောင်းလဲမှု တစ်စုံတစ်ရာ မရှိသော်လည်း ဖွဲ့မျက်ဝန်းတို့ကတော့ ဝိုင်းစက်ပြူးကျယ်သွားကာ နှုတ်ခမ်းလေးများပင် မသိမသာ ပွင့်ဟသွား၏။





"အစ်မတို့ နေကောင်းတယ်နော်"

အသားအရည်လေးများ ဝါဝင်းကာနူးညံ့အိစက်နေသော ကောင်မလေးက စတင် နှုတ်ဆက်သည်။

"နှင်း"

ဖွဲ့နှုတ်မှခေါ်လိုက်ခြင်းပါ။

သို့သော် နှင်းကဖွဲ့ကိုမကြည့်၊ မျက်ဝန်းများက သားချစ်ထံမှာသာ ရှုးရှုးစိုက်စိုက်ဖြစ်တည်နေကြသည်။ ဒါကို သားချစ်ကိုယ်တိုင်ကလည်း သတိထားမိပါသည်။

"ကို နှင်းကို နှုတ်တောင်မဆက်နိုင်တော့ဘူးလား"

"ဗျာ"

နှင်းဆိုသော မိန်းကလေးကို သူမသိပါ။ သို့သော် ထိုမိန်းကလေးက သူ့ကိုရင်းရင်းနှီးနှီး နှုတ်ဆက်နေလေပြီ။

"ဆောရီးကွာ သူ့အကြောင်းကို မင်းလည်းကြားမှာပေါ့၊ သူ memory lost ဖြစ်နေတာလေ"

"ဟုတ် ကြားပါတယ် အစ်မ"

"ဒါဆိုလည်း သူမင်းကိုနှုတ်မဆက်တာကို အပြစ်ကြီးတစ်ခုလို ပြောမနေပါနဲ့၊ အတိတ်ကိုမေ့နေတဲ့သူကို အပြစ်တင်နေမယ့်အစား အကောင်းပကာတိရှိနေလျက်နဲ့ တစ်ချက်ကလေးမှ လှည့်မကြည့်တဲ့သူကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီးအပြစ်တင်သင့်တယ်''

''အစ်မ ဘယ်သူ့ကိုပြောနေတာလဲ''

''လူဆိုတာ ကိုယ့်အကြောင်းကိုယ်သိပါတယ်လေ''

ဖွဲ့နှင့်နှင်းဆိုသော ကောင်းမလေးတို့ပြောနေသော စကားလုံးတွေသည် သားချစ်အတွက်တော့ အထူးအဆန်းတွေ ဖြစ်လို့နေသည်။ သူဘာမှနားမလည်နိုင်တာလည်း အမှန်။ သို့သော် ထိုနှစ်ယောက်ပြောနေကြသော အကြောင်းအရာသည် သူ့အကြောင်းဆိုတာတော့ သိနေ၏။

''မဟုတ်ဘူး အစ်မ၊ အဲဒီအကြောင်းအရာဟာ နှင်းကိုရည်ရွယ်ပြီး ပြောတာဆိုရင်တော့ တော်တော့်ကိုလွဲနေပြီ''

''နှင်းဘာကိုဆိုလိုတာလဲ''

''ဟုတ်နေပါပြီ၊ အစ်မကြည့်ရတာ ဒီဖြစ်ရပ်ကြီးတစ်ခုလုံးကို တော်တော်လွဲလွဲကြီး သိထားတာပဲ၊ အဲဒီတော့ နှင်းကပဲသေချာပြချင်ပါတယ်၊ အဲဒီတော့မှ ကိုလည်း နှင်းကိုသူဘာတွေပြောခဲ့တယ်ဆိုတာ ပြန်ပြီး မှတ်မိလာမှာပေါ့''

''ဘယ်လို ဘယ်လို နှင်း''

''နှင်းလည်းအတန်းပြီးသွားပြီ၊ အဲဒီတော့ နှင်းမှာကားပါလာတယ်၊ မြို့ထဲက ဆိုင်တစ်ဆိုင်ဆိုင်ကိုပဲ မောင်းလိုက်ရမလား''

''ဝေဇယန္တာကိုပဲ မောင်းလိုက်လေ''





''အိုကေ အစ်မ''

ဝေဇယန္တာ ရှော့ပင်းမောလ်ထဲရှိ barkery ဆိုင်လေးတစ်ဆိုင်တွင် ထိုင်မိကြသည်နှင့် နှင်းကပင်စကာ

''ကို ကို့မှာနှင်းနဲ့ပတ်သက်ပြီး ဘာခံစားချက်မှမရှိခဲ့တာ၊ အတိတ်ကိုမေ့ပြီးမှ မဟုတ်ပါဘူး၊ အစကတည်းက မရှိခဲ့တာပါ''

''ဗျာ''

နှင်းဆိုသော ကောင်မလေးကို စတွေ့ချိန်ကစလို့ သူ စကားနှစ်လုံးသာ ပြောရသေးသည်။ ထိုနှစ်လုံးပလုံးကလည်း ဗျာ ခနဲဖြစ်သွားသော အာမေဍိတ်သံများသာ။

''ကို က ကောင်မလေးတွေနဲ့ အရမ်းရှုပ်တယ်ဆိုတာ နှင်းသိနေလျက်နဲ့ ကို့ကို ပြန်ချစ်ခဲ့တာလေ၊ နှင်းနောက်ကွယ်မှာ ဒါမှမဟုတ်လည်း နှင်းနဲ့ ဇာတ်လမ်းကို အဆုံးသတ်ပြီး တခြား တစ်ယောက်ယောက်ကို ရွေးချယ်ခဲ့မယ်ဆိုရင်လည်း နှင်းက ခွင့်လွှတ်ပေးဖို့ ပြင်ဆင်ပြီးမှ ကို့ကို ပြန်ချစ်ခဲ့တာလေ''

''ဒါဆို မင်းက ကိုယ့်ရဲ့''

''ဟုတ်ပါတယ်၊ နှင်းက ကို့နဲ့ချစ်ခဲ့ဖူးပါတယ်၊ ခုတော့ မဟုတ်ပါဘူးလေ''

နှင်းစကားက ဘယ်လိုကြီးလဲဟု ဖွဲ့တွေးနေမိစဉ်မှာပင် နှင်းက



www.burmeseclassic.com

www.burmeseclassic.com



စကားပြန်ဆက်၏။

“ဒါပေမဲ့ နှင်း မထင်ထားတာ တစ်ခုက ကို တကယ်ချစ်နေတဲ့သူဟာ အစ်မ ဖြစ်နေလိမ့်မယ်ဆိုတာပဲ”

“ဟင်”

ဒါကတော့ တကယ့်ကို အူထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲကြီး ဖွဲ့ရွတ်လိုက်မိသော အာမေဋိတ်ပါ။

သားချစ်ကတော့ ထိုစကားကို ကြားလိုက်ရချိန်တွင် သိပြီးသားကိစ္စတစ်ခုကို ကြားလိုက်ရသူလို ငြိမ်သက် တိတ်ဆိတ်နေ၏။

“မဟုတ်သေးဘူးနဲ့ တူတယ်နော်၊ နှင်းက ဒီကိစ္စကို ဘယ်လိုအမြင်တွေနဲ့ ပြောလိုက်တာလဲ”

နှင်းက ဖွဲ့ကိုကြည့်လိုက်ပြီး နာကျင်သံလေးနှင့် ရယ်မောလိုက်၏။

“အ ဟင်း နှင်းကအမြင်နဲ့ပြောတာတွေ မဟုတ်ပါဘူး။ ကိုကိုယ်တိုင် နှင်းရှေ့မှာဝန်ခံခဲ့တာပါ”

ဖွဲ့မှာ ထပ်တစရာ အာမေဋိတ်တွေပဲ ကုန်ဆုံးသွားသလို ခံစားလိုက်ရသည်။

“ဟုတ်ပါတယ်၊ အစ်မ မှတ်မိမှာပေါ့၊ နှင်းတို့ ကမ်းနားမှာဆုံခဲ့တဲ့နေ့ကိုလေ၊ အဲဒီနေ့က အစ်မကို တစ်ယောက်တည်းထားခဲ့ပြီး





နှင်းနောက်ကို ကို လိုက်လာခဲ့တယ်လေ”

“မှတ်မိတာပေါ့ နှင်း၊ အမှန်အတိုင်းဝန်ခံရရင် အဲဒီနေ့က နှင်းကိုတောင် အစ်မစိတ်ထဲနည်းနည်းလေး မခံချင်ဖြစ်သွားမိတယ်”

ဖွဲ့က အမှန်အတိုင်းဝန်ခံလိုက်ခြင်းဖြစ်သည်။

“ကို က အစ်မကို အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုတွေ ပြန်ပြောခဲ့တယ်ဆိုတာ နှင်း မသိခဲ့ရဘူး၊ ဒါပေမဲ့ တကယ့်အဖြစ်အတိုင်း ပြောခဲ့တူးဆိုတာတော့ ခု အစ်မဖြစ်နေပုံကို ကြည့်ပြီး နှင်းနားလည်လိုက်ပါတယ်”

“အစ်မ နားမလည်တော့ဘူး နှင်း”

“နှင်းသိပါတယ်၊ နှင်းပြောပြမှာတွေကိုသာ အစ်မနားထောင်ပေးပါ”

“ဟုတ်ပြီလေ၊ အစ်မနားထောင်ပေးပါ့မယ်”

“ကို နှင်းကိုစိတ်မဆိုးနဲ့နော်၊ ကိုက တမင်ဖုံးကွယ်ထားခဲ့တာတွေလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ဒါပေမဲ့ ကိုဒီလိုမျိုး အတိတ်ကို မေ့နေတဲ့အချိန်မှာ အထောက်အကူဖြစ်မယ်ထင်လို့ နှင်းကပြောပြတာပါ”

သူက သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ရင်း ခေါင်းကိုညိတ်ပြလိုက်၏။

“အဲဒီနေ့က ကို က နှင်းကိုခေါ်ထုတ်သွားပြီး သူ့ကိုခွင့်လွှတ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်တယ်၊ သူအဲဒီနေ့က သိပ်ကိုစိတ်ညစ်နေတယ်လို့လည်း ပြောတယ်၊ ပြီးတော့ သူဘယ်သူ့ကိုမှမညာချင်တော့ဘူးတဲ့ နှင်းကိုလည်း သူတကယ်ချစ်ခဲ့တာ မဟုတ်ဘူးဆိုပြီး ဝန်ခံတယ်လေ၊ နေရာမှာတင် ပစ်လဲသွားချင်လောက်အောင် နှင်းငိုချင်ခဲ့ဟာပါ''

နှင်းက သူမခံစားချက်လေးများကိုပါ ထည့်ပြောနေသောကြောင့် ဖွဲ့မှာမနေတတ်အောင် ဖြစ်နေမိသည်။

''ဒါပေမဲ့ ကိုကို စချစ်မိတည်းက ဒီလိုတွေဖြစ်လာမယ်ဆိုတာ သိပြီးသားပါ။ မထင်ခဲ့တာက သူချစ်တဲ့သူဟာ အစ်မပါလို့ ဝန်ခံလိုက်လိမ့်မယ်ဆိုတာပဲ၊ အဲဒီလိုပြောပြီးတာနဲ့ ကို နှင်းနားကနေ ထွက်သွားတာပါ။ ဒီနောက်ပိုင်းမှာတော့ ကိုသတင်းတွေကို နှင်းကြားခဲ့ပေမယ့် ကိုကိုပြန်မြင်ရရင် နှင်းရဲ့ဝေဒနာတွေ အသစ်ပြန်ဖြစ်မှာစိုးတဲ့ အတွက်လေးတစ်ခုနဲ့ နှင်းမလာဖြစ်ခဲ့ဘူး၊ ဘာကယ်တော့ ဒီကိစ္စတွေကို အစတည်းက နှင်းပြောပြခဲ့သင့်တာပါ၊ နှင်းဘက်က ပြောစရာ စကားတော့ ကုန်ပြီ၊ ကိုရော အဲဒီကိစ္စတွေကို နည်းနည်းမှမမှတ်မိလာဘူးလား''

''ကိုယ်ကတော့ ကျောင်းထဲဝင်လိုက်တာနဲ့ ဒီကျောင်းမှာကိုယ်နဲ့ တူတူ အရမ်းကိုရင်းရင်းနှီးနှီးနေခဲ့တဲ့ ကောင်းမလေးတစ်ယောက်ရှိနေတယ်လို့ ခံစားခဲ့ရတယ်၊ ပြီးတော့ အဲဒီကောင်မလေးကို ကိုယ်ချစ်ခဲ့သလိုပဲ၊ အဲဒီလိုကြီးကွာ ခံစားချက်ကြီးက တစ်မျိုးကြီးပဲ၊ စိတ်ညစ်လာသလို





ဝမ်းနည်းလာသလိုကြီး''

''ဟုတ်မှာပါ၊ အဲဒါ မချစ်ခြင်းဖွဲ့ပဲ ဖြစ်မှာပေါ့''

နှင်းက သူမကို ကြည့်ရင်း ပြောလိုက်၏။ သားချစ်ကလည်း သူမဘက်သို့ မလုံမလဲနှင့် လှမ်းကြည့်သည်။

ထိုတစ်ခဏမှာပဲ ဖွဲ့စိတ်တွေတင်းကျပ်လာကာ ဘာကိုမှန်းမသိ အလိုမကျနိုင်အောင် ဖြစ်သွားမိပြီး 'နေရာမှထထွက်ခဲ့မိတော့သည်။

နောက်ကနေ လှမ်းခေါ်နေသော နှင်းနဲ့သားချစ်တို့ရဲ့ အသံတွေကို သူကရုမပြုမိတော့ဘဲ ရှောပင်းမောလ်ထဲမှာနေ၍ အပြေးထွက်ခဲ့မိသော ဖွဲ့မှာစီးထားသော ဒေါက်ဖိနပ်အရှိန်ကြောင့် ကတ္တရာလမ်းပေါ်တွင် ချော်လဲကျသွားတော့၏။

''ဖွဲ့. ဖွဲ့.''

အနောက်ဘက်ခပ်လှမ်းလှမ်းဆီမှ သားချစ်အသံသဲ့သဲ့ကို ကြားလိုက်ရသည်ဟု သူမထင်သည်။

ဒါမှမဟုတ် သူမ စိတ်ထဲမှထင်မိတာ လည်း ဖြစ်နိုင်ပါသည်။ ဘယ်အရာဟာ အမှန်လည်းဆိုတာကိုတော့ သူမ မသိနိုင်တော့ပါ။

မျက်လုံးများက ပြာဝေလာကာ ဝမ်းဗိုက်ဆီမှ မခံမရပ်နိုင်အောင် နာကျင်မှုတို့သည်သာ သူမ အသိတရားထဲ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ အရာအားလုံး မှောင်မည်းသွားသည်ဟု သူမထင်၏။

သူမ၏အသိတရားတို့သည် သူမ ခန္ဓာကိုယ်နှင့် ဝေးရာသို့ထွက်ပြေးချင်ကြပြီ။

■ ■ ■

မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်နှင့် ခုတင်ဘေးမှာ စိုးရိမ်တကြီး မျက်ဝန်းများဖြင့် ဖွဲ့ကိုငေးကြည့်နေသော အန်တီအေးကို စတွေ့လိုက်ရသည်မို့ ရင်ထဲမှာ အားငယ်ခြင်းတွေနှင့်အတူ ချောက်ချောက်ချားချားလည်း ဖြစ်သွား၏။

"သတိရလာပြီလား ဖွဲ့"

"ဟုတ်၊ အန်တီအေး ဘယ်အချိန်ကရောက်တာလဲ"

"မနက်တည်းကလေ၊ ဖွဲ့ထွက်သွားပြီး အန်တီအေး ရောက်လာတာပဲ"

"ပြန်လာတော့မယ်ဆိုလည်း ဖုန်းလေးဘာလေးတော့ ကြိုဆက်သင့်တာပေါ့"

ဖွဲ့က ထုံဆေးရှိန်မပြေသေးသောကြောင့် စကားကိုအားယူကာ ပြောနေရသည်။





"ဖွဲ့နားလိုက်ပါဦး၊ သားအိမ်ခြစ်လိုက်ရတာက သိပ်မကြီးမားဘူးဆိုပေမယ့် ထုံဆေးကြောင့် မူးနေမှာပေါ့"

"ဘယ်လို သားအိမ်ခြစ်လိုက်ရတယ် ဟုတ်လား"

"ဟုတ်တယ် ဖွဲ့၊ အန်တီအေး အားလုံးသိပြီးပြီ၊ သမီးကိုလည်း အပြစ်မတင်ချင်တော့ပါဘူး။ ဒီလိုအရွယ် မိန်းကလေး တစ်ယောက်ကို ဒီအတိုင်း ပစ်ထားမိတာ အန်တီအေး အပြစ်ပါ"

"ကလေးရော ကလေးရောဟင် အန်တီအေး"

သားအိမ်ခြစ်လိုက်ရသည် ဆိုတည်းက သူမ သိလိုက်ပြီးသား မေးခွန်းရဲ့အဖြေကို ရူးရူးမိုက်မိုက် ထပ်မေးနေမိသေးသည်။

"စိတ်ကိုလျှော့လိုက်တော့ သမီး၊ အဆိုးထဲက အကောင်းလို့ပဲ မှတ်လိုက်ပါတော့"

သူမခေါင်းကို အဆက်မပြတ် ခါရမ်းနေမိသည်၊ မဟုတ်ပါဘူး။ ဒါဖြစ်နိုင်ပါမလား။

"ကောင်းတာပေါ့ဟာ၊ နင်ပဲ အစတည်းက ဒီကလေးကိုမရှိဘူးလို့ သဘောထားမယ်ဆို ခုတော့တကယ်မရှိတော့ဘူးလေ"

ဓာတ်ဘူးကိုင်ကာ အခန်းထဲသို့ဝင်လာသော နွေးကပြောလိုက်ခြင်း။ နွေးရဲ့အသံမှာ ခနဲ့ချင်ရွဲ့ချင်သည့် ဟန်ပေါ်ပါတာကိုတော့ ဖွဲ့ရိပ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး နွေးရယ်၊ အဲဒီလို မဟုတ်ရပါဘူး၊ ငါတမင်လုပ်တာ မဟုတ်ပါဘူး"

"ဟင်း ဟင်း ငါယုံပါတယ်"

"အာ မဟုတ်ဘူးဟာ၊ နင့်လေသံမှာ ငါ့ကိုစွပ်စွဲချင်တာတွေ အများကြီးပျော်ဝင်နေတယ်"

နွေးက ဘာမှမပြောတော့၊ စားပွဲပေါ်တွင် ခေတ်ဘူးကိုတင်ကာ အခန်းထဲမှ ပြန်ထွက်ရန် ပြင်သည်။

သူမ ထထိုင်ရန် ကြိုးစားသော်လည်း လူက မူးနောက်ကာ အားမရှိသောကြောင့် မအောင်မြင်။

မျက်ဝန်းမှ မျက်ရည်တို့ အဆက်မပြတ် စီးဆင်းနေဆဲ။ သူမ တစ်ယောက်တည်း စကားလုံးတွေ ဗလုံးဗထွေးပြောကာ ငိုကြွေးနေမိသည်၊

အန်တီအေးကတော့ သူမ ပခုံးကို ဆုပ်ကိုင်ထားကာ အားပေးနေဆဲ။

သူမရဲ့ဥပေက္ခာစကားတွေကို ကလေးလေးကြားသွားပြီး သူမ ဘဝထဲမှ ထွက်ခွာသွားတာများလား။

ဟုတ်မှာပါ အမေတစ်ယောက်ရဲ့ ခံစားချက်တွေနှင့် ခံစားချက် တွေနှင့် ရက်ရက်စက်စက် သူ့ကိုပစ်ထားခဲ့သည့်အတွက် ကလေးလေး





နာကျည်းသွားတာပဲ ဖြစ်မှာပါ။

မေမေ့ ဥပေက္ခာတွေနဲ့ မင်းလေးနာကျင်ခဲ့ရသလို မေမေလည်း မင်းရဲ့ဥပေက္ခာတွေကြောင့် ရင်ကွဲမတတ်ခံစားနေရပါပြီ။

နောက်ထပ် ဘဝတွေမှာသာ မေမေ့လို မိခင်မျိုးရဲ့ ဝမ်းထဲကို ဘယ်တော့မှ မဝင်စားမိပါစေနဲ့တော့ ကလေးရယ်. . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ငါနင့်ကို လက်ထပ်ပါရစေ ဖွဲ့"

ကိုယ့်နားကိုယ်ပင် မယုံနိုင်လောက်အောင် ဖြစ်သွားမိသောကြောင့် သားချစ်မျက်နှာကို တည့်တည့်ပင်စိုက်ကြည့်လိုက်မိပြီး

"နင်ဘာပြောလိုက်တယ် သားချစ်"

"ဟုတ်တယ် ဖွဲ့၊ ငါအတိတ်တွေအားလုံးကိုလည်း ငါမှတ်မိသွားပြီ"

"အေးလေ၊ အဲဒီတော့ ဘာဖြစ်လဲ"

ဖွဲ့အသံက အေးစက်၏။

"နင့်ကိုငါချစ်ခဲ့တာ သေချာတယ်ဟာ၊ အရင်တည်းက ချစ်ခဲ့





တယ်ဆိုတာလည်း ငါထပ်ဝန်ခံပါတယ်၊ အဲဒါကြောင့် နင့်ကို လက်ထပ်ချင်တယ်၊ ခွင့်ပြုပါ ဖွဲ့"

ဖွဲ့က နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်သည်။

"အဟင့် နင်ကငါ့ကို သနားလို့လား သားချစ်၊ မလိုဘူးနော်၊ ငါဘဝမှာ ငါ့ဟာငါရပ်တည်နိုင်တယ်"

"မဟုတ်ဘူးဟာ၊ နင့်ကို ငါချစ်တယ်ဆိုတာ နင်သိနေသားနဲ့ အဲဒီလိုမပြောပါနဲ့ ဖွဲ့ရယ်"

"ဒါပေမဲ့ နင့်စိတ်ထဲမှာ ငါ့ဘဝမှာ ငါ့ဘဝကို နင် ကယ်တင်မယ်ဆိုတဲ့ အတွေးတွေပဲ ဝင်နေတယ် မဟုတ်လား"

"ဟာ၊ မဟုတ်ဘူးလို့ နင့်ကိုငါဘယ်လိုပြောပြရမလဲ ဖွဲ့ရာ၊ ငါတကယ်နင့်ကိုချစ်တာ၊ ချစ်ခဲ့တာမှ ဟိုးအရင်တည်းက ချစ်ခဲ့တာဟာ၊ နင်နားလည်အောင် ငါဘယ်လိုပြောရမလဲ"

"ဘယ်လိုမှမပြောပါနဲ့တော့ဟာ၊ ငါနားလည်တယ်လို့ပဲ သဘောထားလိုက်တော့ပေါ့"

"မဟုတ်ဘူးဟာ နင်က တစ်သက်လုံး ရာဇဝင်ကို စောင့်ပြီး ဒီလို တစ်ယောက်တည်း နေသွားမှာကို ငါမလိုလားဘူး ပြီးတော့ ပြီးတော့ နင်မရှိ ရင် ငါမနေတတ်တော့ဘူး ဖွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နှင်မှားနေပြီ သားချစ်၊ ငါ ရာဇဝင့်ကိုစောင့်နေတာ မဟုတ်ဘူး။ အစတုန်းကတော့ ငါသူပြန်လာတဲ့အချိန်ထိ သူ့အတွက် ရှိနေပေးမယ်လို့ ကတိပေးခဲ့တယ်၊ ဒါပေမဲ့ သူ့ရဲ့ လုပ်ရပ်ကြောင့်ပဲ ငါတို့ရဲ့ ကလေးလေးကို ငါ့စိတ်ထဲမှာ ဥပေက္ခာပြုချင်စိတ်တွေ ပေါက်လာခဲ့တယ်လေ၊ ကလေး ရဲ့ဘဝ သူ့အဖေရဲ့ အမည်းစက်တွေကြောင့် နာကျင်ရမှာကို မလိုလားခဲ့ဘူး။ ဒီမိဘတွေအစား ကလေးကို တစ်ယောက်ယောက် လက်ထဲထည့်ပေး၊ ပစ်လိုက်ဖို့ထိ ကလေးလေးအပေါ်မှာ ငါ သစ္စာမဲ့ခဲ့တယ်၊ ဒါကြောင့်ပဲ အဲဒါတွေကြောင့် ကလေးလေးက ငါ့ဆီကနေ ထွက်သွားခဲ့တာလေ၊ တကယ်တော့ သူ့ရဲ့မိဘတွေကြောင့်ပဲ သူ သေဆုံးခဲ့ရတာ"

ဖွဲ့အသံက အဖျားခတ်တုန်ကာ သိမ်ဝင်သွား၏။ သူ့မရင်ထဲမှာ အသံတိတ်ငိုရှိုက်မိနေပြီလေ။

"နှင့် အယူအဆတွေမှားနေပြီ ဖွဲ့၊ ဘာမှမဆိုင်ပါဘူးဟာ၊ ဒါလည်းကံတရားပါပဲ၊ ကံတရားက ဒီလိုဖြစ်ရမယ်လို့ စီမံထားလို့ ဒီလိုဖြစ်ရတာပေါ့"

"နှင်ငါ့ကိုတရားမချနဲ့တော့ သားချစ်"

"နှင့်ကိုငါတရားချနေတာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင်လည်း တရားပေါက်နေတာ မဟုတ်ဘူး။ ငါကနှင့်ကိုလက်ရှိ





ဖြစ်ပျက်နေတဲ့ အရာတွေပေါ်မှာ ရိုးရိုးလေးပဲ တွေးကြည့်စေချင်တာပါ"

"မရတော့ဘူးဟာ၊ ငါ့စိတ်ထဲမှာ ဆုံးဖြတ်ပြီးသွားပြီ၊ ငါ့ဘဝမှာ ဘယ်သူ့ကိုမှမစောင့်တော့ဘူး၊ မနက်ဖြန်ဆို အန်တီအေးနဲ့တူတူ ငါ လိုက်သွားတော့မယ်"

"နှင် နှင်တကယ်ပြောနေတာလား"

သားချစ်အသံတို့ တုန်ယင်နေကြပြီ၊ သူ့ဘဝမှာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှုလေးတစ်ခုနှင့် သူ့အချစ်တွေကို မြှုပ်သိပ်ထားခဲ့သည်။

တကယ်တမ်း လက်လွှတ်ဆုံးရှုံးရတော့မည်ဆိုမှ သွေးရူးသွေးတန်းဖြစ်ခဲ့ရတာလေ။

ဒါပေမဲ့ အချိန်တွေက သိပ်ကိုလွန်နေခဲ့ပြီ။

ခုတော့ ကံကြမ္မာက သူ့ကိုမျက်နှာသာပေးခဲ့ပြီလို့ သူထင်ကာ တိတ်တိတ်လေးဝမ်းသာ နေမိသေးသည်။ အမှန်အတိုင်း ဝန်ခံရလျှင် ရာဇဝင် ထောင်ကျနေခြင်းကိုတောင် သူ့မသိစိတ်တို့က ကျေနပ်နေခဲ့သည်လေ။

ကံတရားက သူ့အတွက် အခွင့်အရေး ပေးလာသည်ဟုလည်း သူ တွေးနေမိ၏။ ဖွဲ့ဘယ်လိုကြီးပဲဖြစ်နေပါစေ၊ သူ့အချစ်တို့ကတော့ ပြောင်းလဲမှာ မဟုတ်တာ သေချာသည်။ ဖွဲ့ရဲ့ကလေးလေး ရှိနေသေးရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူကကြည်ဖြူစွာနဲ့ပဲ လက်ခံပြီးချစ်ခင်မိမှာပါ။

"ငါတကယ်ပြောနေတာပါ သားချစ်၊ ငါ့ရဲ့အရိပ်မည်းတွေရှိခဲ့တဲ့ ဒီနေရာမှာ ငါမပျော်တော့ဘူး။ ငါ့စိတ်ကို ထွက်ပေါက်ပေးရတော့မယ်လေ၊ အရာအားလုံးကို အိပ်မက်တစ်ခုမက်ခဲ့တယ်လို့ပဲ သဘောထားလိုက်တော့မယ်၊ အဲဒီလိုစိတ်မျိုးထားနိုင်အောင်လည်း ငါကြိုးစားနေတယ်၊ နင်လည်း ငါ့ကိုတကယ်ချစ်တယ်ဆိုရင် နားလည်ပေးပါဟာ"

သားချစ် ဦးခေါင်းကြီးအောက်သို့ ငုံ့ကျသွားကာ သူ့ခြေတွေမနိုင်ချင်တော့။

နောက်တော့ ဖွဲ့ရှေ့မှာ ဒူးထောက်ချလိုက်မိပြီး ဖွဲ့လက်လေးတစ်ဖက်ကို ဆွဲကိုင်လှုပ်ရမ်းလိုက်ကာ

"ငါ့ကိုနင်နည်းနည်းမှ ဂရုမစိုက်တော့ဘူးလား ဖွဲ့၊ ငါနင့်ကိုတောင်းပန်နေတယ်ဟာ၊ ငါနင့်ကိုလက်ထပ်ခွင့်မရလည်း ငါ့နားကနေတော့ ထွက်မသွားပါနဲ့ဟာ၊ အရင်လိုပဲ ငါ့ခံစားချင်တွေကို မြိုသိပ်ပြီးနေပါ့မယ်"

မျက်ရည်များစီးကျကာ ကလေးတစ်ယောက်လို ငိုပြီးပြောနေသော သားချစ်ကြောင့် ဖွဲ့စိတ်တွေလည်း အရည်ပျော်လုမတတ် ဖြစ်နေပါပြီ။





ထားရှိခဲ့သော သံယောဇဉ်တွေက ဘယ်လိုမျိုးနည်းနဲ့မှ ဖြတ်တောက်ပစ်လို့မရတာကို သူတို့အချင်းချင်းကတော့ နားလည်နေကြသည်လေ။

ဒါပေမဲ့လည်း အဲဒီသံယောဇဉ်ဆိုတာတွေကို ဖွဲ့ကြောက်နေမိပြီ။ အဲဒီသံယောဇဉ်ဆိုတာတွေနဲ့ ဝေးရာကိုလည်း အမြန်ဆုံးထွက်ပြေးချင်နေမိပြီ။

BURMESE CLASSIC .com

ရင်ဘတ်ထဲမှာ ခံစားနိုင်စွမ်းသော နှလုံးသားလည်း မကျန်တော့သလို ငိုကြွေးနိုင်သော မျက်ဝန်းတို့သည်လည်း အသက်ငင်နေကြပါပြီ။

ပူလောင်မှုတွေနဲ့ အဝေးဆုံးကို သူမထွက်ပြေးချင်ပါသည်။ သတ္တိမရှိဘူးလို့ သတ်မှတ်ရင်လည်း သူမကတော့ ခံစားနေတော့မည်မဟုတ်ပါ။

အရာအားလုံးကို သူမနဲ့ မပတ်သက် မသက်ဆိုင်သလိုသာ နေချင်မိသည်။

သူမ ကြိုးစားနေပါသည်။

နောက်ဆုံးအနေနဲ့ သူမ လက်များကို ဆွဲကိုင်ထားသော သားချစ်လက်များအား ခါထုတ်ပစ်လိုက်ကာ ပြန်မကြည့်စတမ်း လှည့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့မိသည်။

တကယ်တော့ လေပြည်မှာလည်း အပြစ်မရှိခဲ့ပါဘူး။

သစ်ပင်ကြီးက နေခွင့်မပေးခဲ့တာလည်း မဟုတ်ပါဘူး။

သစ်ရွက်လေးကသာ သူ့ကိုယ်သူ သေဆုံးစေလိုက်တာပါ။

BURMESE CLASSIC .com

ပရိသတ်အတွက်

အမြဲတမ်း

သျှိုး



www.burmeseclassic.com